
www.burmeseclassic.com

PUBLISHED BY VIEW

ပျိုးကလောင်ခွဲ

# ဝသျှိုး

## ဥသြဆီပြန်မလာတဲ့နွေ




www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၉၉၀၄၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၇၆၀၅၀၉
ထုတ်ဝေသူ
ဦးကျော်ဆန်း (မြ-၀၉၃၂)
(ရဲအောင်စာအုပ်တိုက်)
အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (ရွှေခြေသံ့ပုံနှိပ်တိုက်) (မြ-၀၅၄၁၇)
အမှတ် (၂၂၅)၊ ၃၂-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
Idea_Kyaw
ကွန်ပျူတာစာစီ - ခန့်ခန့်ဆင့်
ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - စိုးမိုးစာပေ

၈၉၅ . ၈၃
သျှိုး
ဥသြဆီပြန်မလာတဲ့နေ့/ သျှိုး ။ - ရန်ကုန်
ရဲအောင်စာပေ၊ ၂၀၀၉
၂၉၉ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ဥသြဆီပြန်မလာတဲ့နေ့

## အခန်း (၁)

"ဒေါ်လေး အိပ်ပျော်နေသလား"

တိုးတိုးလွင်လွင်ကလေး မေးလာသော အသံကြောင့် မီးလင်းဖို အနီးရှိ ဒရင်းဘတ်ပေါ်တွင် မှိန်းနေသော ဒေါ်သူဇာမြိုင် မျက်ဝန်းများ ဖွင့်လာသည်။

အသက်ငါးဆယ်ဆိုပေမယ့် ဒေါ်သူဇာမြိုင်က ချောတုန်းလှတုန်း ပါပဲ။

စောစောစီးစီး ခင်ပွန်းဖြစ်သူဆုံးပါးကာ မုဆိုးမဘဝရောက်သွား သော သမီးလေးကို လက်ဆွဲပြီး 'အင်ကြင်းနွယ်'ကို ရောက်လာတာ ဖြစ်သည်။

သူ့မရှေ့မှာ နွဲ့နွဲ့နှောင်းနှောင်းကလေး ရပ်နေသော ထွေးဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



'မြတ်နိုးရိပ်ထင်'ကို မျက်လွှာပင့်ကြည့်လိုက်ရင်း

"ဆေးသောက်ပြီးလို့ မှိန်းနေတာပါ မြတ်နိုးရဲ့၊ ဒေါ်လေးကို ပြောစရာရှိလို့လား"

ရိပ် ခေါင်းကလေး ညိတ်ပြရင်း ခရင်းဘက်နံဘေးက ခုံပုလေးကို အသာရွှေ့ယူထိုင်သည်။

"မေမေ့ရဲ့ တစ်လပြည့်နေ့ကျရင် ဒံပေါက်မကျွေးဘဲ မုန့်ဟင်းခါး လောက်နဲ့မပြီးဘူးလား ဒေါ်လေးရယ်"

မြတ်နိုးစကားကြောင့် ဒေါ်သူဇာမြိုင် မျက်ခုံးနှစ်ဖက် စုကျုံ့သွားကာ ကျောမှီထားသော ခရင်းဘတ်ပေါ်မှ ခန္ဓာကိုယ်ကို ရှေ့သို့ကိုင်းတိုးလာသည်။

"မဖြစ်နိုင်တာဘဲ သမီးရယ်၊ ဒံပေါက်လောက်တော့ ကျွေးမှပေါ့ အစ်ကိုကြီးရဲ့ဂုဏ်ကလည်း ရှိသေးတယ် မဟုတ်လား။ တော်ရုံတန်းရုံ မိတ်ဆွေမဟုတ်ဘူးနော်၊ လူကြီးလူကောင်း မျက်နှာကြီးတွေဆိုတာ မမေ့နဲ့၊ မုန့်ဟင်းခါးကတော့ ဘယ်လိုမှ မသင့်တော်တာ အမှန်ပဲ"

"မေမေ့အတွက် ဆွမ်းကျွေးကုသိုလ်ပြုတာ အဓိကပါ ဒေါ်လေးရယ်၊ ရိပ် တွက်ကြည့်လိုက်တော့ ဒံပေါက်ကျွေးမယ်ဆိုရင် အနည်းဆုံး နှစ်သိန်းကျော်ကုန်မှာ၊ ရိပ် စာရင်းတွက်ကြည့်ပြီးပြီ၊ ဒါတောင် လူ အများကြီးဖိတ်နိုင်တာ မဟုတ်ဘူး"





"လူ့အထင်သေးမှာစိုးလို့ ဒေါ်လေးပြောနေတာ သမီး မေမေ အပေါင်းအသင်းက များသလို လူကုံထံတွေချည်းပဲနော်၊ မုန့်ဟင်းခါး လောက်နဲ့ လုံးဝမသင့်တာမို့ ဒေါ်လေးပြောနေတာ"

မြတ်နိုးရိပ်က ဒေါ်သူဇာမြိုင်ကို ပင့်သက်မောလေး ချကာ စိုက်ကြည့်ရင်း

"ဒီအချိန်မှာ ပကာသနကိစ္စတွေထက် အရေးကြီးတာ ရိပ်တို့ အခြေအနေနဲ့တတ်နိုင်သလောက်ပဲ လုပ်စေချင်တယ်"

"အင်ကြင်းနွယ်ရဲ့အရှင်သခင် ဦးမြတ်ထင်ကျော် အတွက် တစ်လပြည့်ဆွမ်းကျွေးက အဖြစ်သဘောနဲ့ပြီးသွားတာတော့ မကောင်းပါဘူး သမီးရယ်"

ဒေါ်လေးကိုကြည့်ကာ ရိပ် စိတ်ပျက်မိသည်။ ဘာကြောင့်များ ခုချိန်အထိ ပကာသနအရိပ်တွေကို အဓိကထားနေတာလဲ မသိ။

မေမေဆုံးပြီးကတည်းက ပြောင်းလဲသွားသော အခြေအနေတွေကို ဒေါ်လေး မသိဘဲမှ မဟုတ်ဘဲ။

"မေမေ့ရဲ့အပေါင်းအသင်းတွေဆိုရင် ရိပ်တို့အခြေအနေကို လည်း နားလည်ရမှာပေါ့၊ သူတို့တွေပဲ မေမေ့ကို ဖျက်ဆီးကြတာ၊ သူတို့ ကြောင့်သာ မဟုတ်ရင် ရိပ်တို့ အခုလို အကြွေးပတ်လည်ဝိုင်းမနေဘူး"

"အို သမီးမြတ်နိုး ဒီလို မပြောရဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သူဇာမြိုင် ကသောကမျော လှမ်းတားမြစ်သည်။ ဒါပေမဲ့ ရိပ် စကားတွေက ဘရိတ်အုပ်မရတော့ပါ။

ရင်ထဲက ခံစားချက်တွေက ပြည့်လျှံနေခဲ့တာကြောင့်လား။

"အရှိကို အရှိအတိုင်း ပြောကြရအောင် ဒေါ်လေးရယ်၊ ရိပ်တို့ အခု တကယ်ဆင်းရဲသွားပြီ၊ အထည်ကြီးပျက်လို့ခေါ်မလား၊ ဖေဖေ့ရဲ့ အကြွေးတွေက ကြောက်ခမန်းလိလိဆိုတာ ဒေါ်လေးလည်း အသိပဲ၊ ဟိုတယ်မှာ အပေါင်းအသင်းတွေနဲ့ တစ်ခါစားသောက်ရင် ဖေဖေ သောင်းချီ ကုန်တယ်၊ ဖေဖေ့ရဲ့ကား အကောင်းစားကြီးကိုလည်း ဖေဖေ့မိတ်ဆွေ တစ်ယောက်ပဲ ငှားစီးပြီး တိုက်ပစ်လိုက်တာ ရစရာမရှိဘူး၊ နေ့တိုင်း စားသောက်ဆိုင်မှာ ဖေဖေနဲ့သူ့အပေါင်းအသင်းတွေက တအုပ်တမကြီး ဖေဖေ့ကို မြှောက်ပင့်ပြီး စားသောက်နေကြတာလေ၊ ဆိုင်တွေမှာ ကျွေးရုံနဲ့ အားမရလို့ အိမ်မှာထမင်းဖိတ်ကျွေးဖို့တဲ့ ဦးဟန်စိန်ကို ထမင်းချက်ငှားထားတာကိုပဲ ကြည့်တော့လေ"

"ဩော် သမီးရယ်၊ ကိုဟန်စိန်က တကယ်ကျွမ်းကျင်တဲ့သူလေ၊ အင်းယားလေတ်ဟိုတယ်မှာတောင် စားဖိုမှူးလုပ်ခဲ့သူပဲ"

ရိပ် ဒေါ်သသံလေးသေင့်ကာ ဆိုနေတော့ ဒေါ်သူဇာမြိုင် ဝင်ပြီး ဖာထေးပြောသည်။ ဒါပေမဲ့ ရိပ်ကလည်း ခံစားချက်တွေကို မဖောတမ်း ရင်ဖွင့်လို့ကောင်းနေသည်။





"အင်းလျားလိတ်ဟိုတယ်က လခကောင်းကောင်း ပေးနိုင်တယ်လေ၊ အခု ရိပ်တို့ အိမ်က ဟိုတယ်မှ မဟုတ်တာ၊ အိမ်မှာ မလို အပ်ဘဲ ဖေဖေ့မိတ်ဆွေအပေါင်းအသင်းတွေ ရောင်းတာမို့ အားနာပြီး ဝယ်ထားတဲ့ ပစ္စည်းတွေရော နည်းသလား၊ ကိုယ်ပြန်ရောင်းချင်တော့ ထက်ဝက်ဈေးတောင် မရဘူး၊ ဟောဒီ အင်ကြင်းနွယ်ကြီးက အခွံ သက်သက်ဆိုတာ ဖေဖေ ဆုံးမှပဲ ရိပ် သိရတာ ဝမ်းနည်းမဆုံးဘူး ဒေါ်လေးရယ်"

BURMESE CLASSIC

မျက်နက်ဝန်းလေးအစုံက မျက်ရည်တွေရစ်ဝဲလာကာ ဆိုနေသည့် မြတ်နိုးရိပ်ထင် ကို ဒေါ်သူဇာမြိုင် ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ငေးငေးလေးပဲ ကြည့်နေရှာသည်။

ရိပ်ကတော့ သွားလေသူ ဖခင်နှင့်ပတ်သက်ပြီး ရင်ဖွင့်အံ့လို့ မဆုံးတော့ပါ။

"ရိပ် ဒါတွေကြိုသိရင် မကုန်သင့်တာ မကုန်ရအောင် ခြိုးခြံ ချွေတာစီစဉ်ရမှာပေါ့၊ ဖေဖေက လုပ်ငန်းတွေကို လုံးဝ ပြန်မကြည့်တော့ ဘဲ၊ မျက်နှာလွှဲ ခဲပစ်လုပ်ထားတော့ အားလုံးဆုံးရှုံးမှုတွေချည်းပဲလေ"

"တော် တော်ပါတော့ သမီးရယ်၊ အဲဒါတွေ ဒေါ်လေး သိပါ တယ်၊ တွေးမိတိုင်း ခေါင်းတွေကိုက်လာတာ အမှန်ပဲ"

ဒေါ်သူဇာမြိုင် နားထင်ကို လက်ချောင်းလေးတွေနှင့်ဖိကာ



www.burmeseclassic.com

www.burmeseclassic.com



ညည်းညည်းလေးဆိုတော့ ရိပ်လည်း စိတ်မကောင်းဖြစ်ရသည်။

ဒေါ်လေး နံ့ဘေးအထိ ထိုင်ခုံလေးကို ရွှေ့ထိုင်ရင်း ဒေါ်လေး လက်မောင်းလေးကို ဆုပ်ကိုင်နှစ်သိမ့်ရင်း

"စိတ်မပူပါနဲ့ ဒေါ်လေးရယ်၊ ရိပ်တို့ချွေချွေတာတာ သုံးပြီး အကြွေးတွေကို တတ်နိုင်သရွေ့ ဆပ်မှာပေါ့၊ ဖေဖေ့ရဲ့လောင်းကစား အကြွေးတွေက မနည်းဘူး၊ ရိပ်မှာရှိတဲ့ လက်ဝတ်လက်စားတွေရောင်း ချပြီး ရိပ် တတ်နိုင်သလောက်တော့ ဆပ်ပြီးပါပြီ၊ ဖေဖေ အားလုံးကို ဥပက္ခာပြုပြီး ဒီခြံကြီးကိုကော အိမ်ကြီးကိုပါ မေ့ပစ်ထားတာကို ရိပ် စိတ်မကောင်းတာပါ"

ဒေါ်သူဇာမြိုင် ဘာမှမပြောနိုင်ပါ။ ဟုတ်ပါရဲ့ ဟိုးအရင်က ထည်ထည်ဝါဝါနှင့် ခန့်ညားစွာရှိခဲ့သော အင်ကြင်းနွယ် ခြံဝင်းကြီးနှင့် သုံးထပ်တိုက်ကြီးသည် အခုတော့ ဆေးရောင်မှိန်ပြယ်သော တိုက်အိမ် အိုကြီးလို ဖြစ်နေတာတော့ အမှန်။

"ဒီအိမ်ကြီး အပေါ်ထပ်မှာ ပိတ်ထားတဲ့ အခန်းတွေကို ရိပ် ဖွင့်ကြည့်မှ မိုးယိုထားတာတွေကို မပြင်ထားတာသိတယ်၊ အတော်ကို ဆိုးနေခဲ့တာ အပြင်ဘက်က ကြည့်တာနဲ့ အတော်ရုပ်ဆိုးနေပြီ၊မွေးမြူ ရေးခြံဘက်လည်း ရိပ် သွားကြည့်ပြီးပြီ အရှုံးပေါ်နေတာကို အလုပ်သမား တွေကို သနားလို့တဲ့ ဖေဖေ ဆက်ပြီး လုပ်ကိုင်ခိုင်းထားတာ သိပ်ဆိုးတယ်၊





ရှိသမျှ နွားတွေရောင်းပြီး ဆပ်တာတောင် ကျန်နေသေးတယ် ဒေါ်လေး"

သိပြီးသော ကိစ္စတွေပေမယ့် တွေးမိလျှင် ခေါင်းမူမတတ် စိတ်ထိခိုက်ကာ သွေးတွေတိုးလာတာမို့ ဒေါ်သူဇာမြိုင် မေ့ထားသော အကြောင်းတွေ။ မြတ်နိုးရိပ် ပြန်ပြောတော့ ချက်ချင်းတောင် သွေးတိုး ချင်လာသည်။

"ဟင်း ဒေါ်လေး သိပါတယ်ကွယ်"

"သက်ပြင်းတွေချပြီး ဝေဒနာခံစားမနေနဲ့တော့ ဒေါ်လေး၊ အခု ဒံပေါက်ကျွေးမယ့် အစီအစဉ်ကိုဖျက်ပြီး မုန့်ဟင်းခါးပဲ ကျွေးလိုက်မယ်လို့ ဒေါ်လေးကို တိုင်ပင်တာ"

ဦးတည်ချက်အမှန်ပြန်ရောက်လာတော့ ဒေါ်သူဇာမြိုင် နောက် ထပ် ပင့်သက်ရှိုက်မိပြန်သည်။

အစ်ကိုဖြစ်သူ တစ်လပြည့်ဆွမ်းကျွေးမှာ စီစဉ်ထားတာ ဒံ ပေါက်၊ အခုတော့ မုန့်ဟင်းခါးဆိုတော့ စိတ်ထဲက လက်မခံချင်တာ အမှန်။

တူမလေးပြောသလို ကိုယ့်ဝမ်းနာ ကိုယ်သိပေမယ့် ဆွမ်းကျွေး ကို ရောက်လာမည့် ဧည့်ပရိသတ်ကို တွက်မိကာ သိမ်ငယ်သလို ခံစားရ သည်။

"အင်း သမီးအတွက် ခက်ခဲလွန်းနေရင်လည်း မုန့်ဟင်းခါး



www.burmeseclassic.com

www.burmeseclassic.com



တော့ မလုပ်ပါနဲ့၊ ဟိုလေ ကြက်သားကြာဇံချက်လောက်တော့ လုပ်ပါ”

“အင်း ဒေါ်လေးနဲ့ ခက်တာ တကယ်ပဲ၊ ဖေဖေ့ကို ရိုပ်လည်း ချစ်တာပါပဲ၊ ဒါပေမဲ့ လောကကြီးထဲမှာ မရှိတော့တဲ့ ဖေဖေ့ကို အပြစ်ပုံချတာလည်း မဟုတ်ဘူး။ စားသောက်ဆိုင်က အပြန် အရက်မူးမူးနဲ့ ကားကိုမောင်း၊ လမ်းနံဘေးက သစ်ပင်ကို ဝင်တိုက်ပြီး မသေသင့်ဘဲ သေခဲ့ရတာ ဖေဖေပါ၊ ရိုပ်တို့မှာတော့ ဖေဖေ့အတွက် ဝမ်းနည်းငိုကြွေးခဲ့ကြရတယ်၊ တကယ်တမ်းကျ ဖေဖေ ကံကောင်းပါတယ်၊ ရိုပ်တို့မှာသာ ဒုက္ခတွေ ပတ်လည်ဝိုင်း ရှင်ကျန်ရစ်ခဲ့တာ”

“အို သမီး စကားက မရှိတော့တဲ့သူကို အပြစ်တင်နေသလို ဖြစ်နေပြီကွယ်”

ဒေါ်သူဇာမြိုင် တူမဖြစ်သူကို တားမြစ်သလို ဝင်ပြောသည်။

အစ်ကိုဖြစ်သူ တစ်ကိုယ်ကောင်းဆန်တာကို သူမ ကိုယ်တိုင် သိပါသည်။ ဒါပေမဲ့ မျက်ရည်ကလေး တစမ်းစမ်းနှင့် အစ်ကို့ဘက်က နာမိတော့ အမှန်။

“ဖေဖေရှိရင်လည်း သူ့ကိုယ်သူ ဒီလိုပဲ ဝေဖန်မှာပါ ဒေါ်လေး”

မျက်ဝန်းအိမ်ထဲက သမီး နှုတ်က မပြောသင့်ဘူး။ မပြောပါနဲ့ သမီးရယ်နှင့် ပွတ်သုတ်နေသော ဒေါ်လေးကိုတော့ ရိုပ် သနားမိသည်။

ဖေဖေ့ရဲ့ တစ်ဦးတည်းသော ညီမ။





အိမ်ထောင်ရေးမှာ ကံကောင်းမလှစွာ ခင်ပွန်းလင် ဆုံးတော့ ဒေါ်လေး အသက်နှစ်ဆယ့်ငါးနှစ်ပဲ ရှိသေးသည်။

ချောမောပြေပြစ်သော ရုပ်ရည်နှင့် ကလေးတစ်ယောက် မိခင်ဆိုပေမယ့် လက်ထပ်လိုသူတွေက အများကြီးပါပဲ။

ဒါပေမဲ့ ဒေါ်လေးက ခြောက်နှစ်အရွယ်သမီးလေးလက်ကို ဆွဲကာ အစ်ကိုဖြစ်သူ အရိပ်ကိုပြန်လာခဲ့သည်။ နောက်ထပ်အိမ်ထောင်ရေးကို စိတ်မဝင်စားတော့ဟု ဆိုသည်။

ထိုစဉ်က ရိုပ် အသက်က တစ်ဆယ့်နှစ်နှစ် ခုနစ်တန်းကျောင်းသူ။ မိခင် ကိမ်းပါးပြီး အမိမဲ့ တူမလေးကို ဒေါ်လေးက သမီးရင်းပမာ ချစ်ခင်သည်။

ဒေါ်လေး မေတ္တာကို နွေးထွေးစွာ ပိုင်ဆိုင်ခဲ့ရသလို ချစ်စရာကောင်းသော ညီမငယ်လေးကိုပါ ပိုင်ဆိုင်ခဲ့တာမို့ ရိုပ် ပျော်ရွှင်ကျေနပ်ခဲ့သည်။

မေမေ မရှိတော့ကတည်းက ဖေဖေက ရိုပ်ကို အိမ်ဖော်တွေလက်ထဲမှာ အချိန်ပြည့်ထားကာ အပြင်ထွက်နေတတ်တာမို့ ဖေဖေ့ကို ရိုပ် သိပ်မခင်တွယ်ပါ။ ဒေါ်လေးနှင့် ဝမ်းကွဲညီမလေးကိုပဲ ပိုမို ခင်တွယ်ခဲ့သည်။

“သူဇာ နင်ရောက်လာတာ ငါ့အတွက် အဆင်ပြေတယ်၊ တို့



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက် အင်ကြင်းနွယ်မှာပဲ အတူနေကြတာပေါ့။ နင်လည်း သမီးတစ်ယောက်အမေ မှုဆိုးမ၊ ငါလည်း သမီးတစ်ယောက်အဖေ မုဆိုးဖို၊ ပေါင်းမှ လေးဦးတည်းရှိတာ၊ တို့မောင်နှမ အမွေတွေခွဲနေစရာ မလိုဘူး။ အင်ကြင်းနွယ်နဲ့ ပိုင်ဆိုင်သမျှက ငါ့သမီးနဲ့ နင့်သမီးအတွက် ပေါ့ဟာ''

ဖေဖေ ဆိုခဲ့ဖူးသော စကားကို ရိပ် မှတ်မိကြားယောင်ဆဲပါ။

ဒေါ်လေးကလည်း အစ်ကိုဖြစ်သူ စကားကို ခေါင်းညိတ်ခဲ့သည်။ အခုတော့ ရိပ်တို့ ဒေါ်လေးတို့ မသိဘဲ ဖေဖေ အကြွေးတွေ ဝိုင်းပတ်စွာ ထားရစ်ခဲ့ပြီ။

ဒေါ်လေးကတော့ အစ်ကိုဖြစ်သူကို အပြစ်မမြင်။ ရိပ်မှာတော့ ဖေဖေရဲ့ မဆင်မချင် လုပ်ရပ်တွေအတွက် တွေးရင်းဝမ်းနည်း နာကျင်ရ၏။

''သမီး မိဘဆိုတာ အနန္တဂိုဏ်းဝင်တယ်၊ မှားခဲ့ရင်တောင် အပြစ်မတင်အပ်ဘူး။ သမီး ဒေါ်လေးစကားကို နားထောင်ပါနော်''

''ဖေဖေ့ကို အပြစ်မတင်ပါဘူး ဒေါ်လေး။ အခု လက်ရှိဖြစ်နေတဲ့ အခြေအနေနဲ့ ဖြစ်သင့်တာကို ရိပ် စီစဉ်နေတာပါ။ ဒေါ်လေးဖြစ်ချင်သလို ကြာဖံချက်ပဲ လုပ်တာပေါ့၊ ပြီးရင် ဒီထက်အရေးကြီးတဲ့ကိစ္စတွေ ရိပ် ဘာလုပ်သင့်သလဲ စဉ်းစားရဦးမယ်၊ ကဲပါလေ ဒေါ်လေး ဘာမှမတွေး





နဲ့တော့ အကောင်းဆုံးကို ရိပ် စီစဉ်ပါ့မယ်''

သူမ ပခုံးလေးကို ဆုပ်ကိုင်ကာ အပြုံးယဲ့ယဲ့ကလေးနှင့် မြတ်နိုး နှစ်သိမ့်ထွက်သွားခဲ့သည်။

ပန်းနုရောင် ချိုင်းပြတ်အင်္ကျီခါးတိုလေးနှင့် ဒူးဖုံးရုံမျှ ဂါဝန် အဖားကလေးကို ဝတ်ဆင်ထားသော မြတ်နိုးရိပ်ထင် ကို ဒေါ်သူဇာမြိုင် ငေးငေးလေးလိုက်ကြည့်နေမိသည်။

တံခါးဝအရောက်မှာ ချုံးကွေ့ပျောက်ကွယ်သွားပေမယ့် တူမ ချောအရိပ်က မျက်ဝန်းထဲမှာ အရိပ်ထင်ကျန်ရစ်ခဲ့သည်။

ဘာမှမတွေးပါနဲ့တော့ ဟု နှစ်သိမ့်သွားပေမယ့် သူမအတွေး တွေက ရစ်ဆိုင်းပစ်လို့မှ မရဘဲလေ။

မြတ်နိုးလေး ပြောသွားသမျှတွေက အမှန်တရားတွေချည်းပါပဲ။ သူမ ဘဝမှာဘာကိုမှ မမက်တွယ်ခဲ့ပါ။ အစ်ကိုကြီး ကိုမြတ်ထင်ကျော် နှင့် တူမလေး မြတ်နိုးရိပ်ထင်၊ ပြီးတော့ သမီးလေး ပန်းပွင့်အိမ်နှင့် ဖွဲ့စည်းသော မိသားစုအသိုင်းအဝိုင်းလေးကိုပဲ မက်တွယ်ခဲ့သည်။

မိဘတွေ ချန်ထားရစ်သမျှ အစ်ကိုနှင့် သူမပဲ ဆက်ဆိုင်သည်။ အချိန်တန်လျှင် တူမလေးနှင့်သမီးလေး အနာဂတ်အတွက်။

လက်ရှိမွေးမြူရေးခြံနှင့်အခြားသော စီးပွားရေးလုပ်ငန်းတွေကို အစ်ကိုကြီး ဦးဆောင်စီမံနေတာမို့ သူမ ဘာမှဝင်မစွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းအသင်းတွေနှင့် အပျော်ရှာတတ်တာ၊ ညစဉ် ယမကာနှံ့လေး တသင်းသင်းနှင့် ပြန်လာတတ်တာကိုလည်း စာနာပေးခဲ့သည်။

အစ်ကိုခမျာ ငယ်ငယ်ရွယ်ရွယ်နှင့်ချစ်ရသော ဇနီးကိုစွန့်လွှတ်ခဲ့ရသည်ပဲ။ ဒီအချက်မှာတော့ သူမတို့ မောင်နှမ ကံဆိုးသည်ဟု တောင်စဉ်းစားမိခဲ့သေးသည်။

ကိုယ်တိုင်ခံစားခဲ့ရသော ဘဝမို့ အစ်ကိုကြီးကို စာနာနိုင်သည်။

စိုးရိမ်ကာ သူမ တားမိတာ တစ်ခုပဲ ရှိ၏။ သမီးလေး မြတ်နိုးမျက်နှာကို ထောက်ထားပြီး အိမ်ထောင်ထပ်မပြုဖို့ဘဲ ဖြစ်သည်။

"ဒီအတွက် စိတ်ချစမ်းပါ ညီမလေးရယ်၊ ငါ ဘယ်တော့မှ နောက်အိမ်ထောင် မပြုဘူး၊ သမီးအတွက် မိထွေးမရှိစေရဘူး၊ ငါ မရှိတော့ရင်တောင် နင့်သမီးရှိနေတာပဲ၊ သမီးလေး တစ်ကောင်ကြွက်ကျွန်ရစ်ခဲ့မှာမှ မဟုတ်တာဘဲ"

ပေးခဲ့သော ကတိအတိုင်း အစ်ကိုကြီး နေခဲ့သည်။ တည်ခဲ့သည်။ ဒါပေမဲ့

အပေါင်းအသင်းတွေ မင်လွန်းသော အစ်ကိုကြီး အပေါင်းအသင်းတွေ နှိပ်စက်လွန်း၍ ရှိသမျှကုန်ကာ အကြွေးတွေ ဝိုင်းနေခဲ့တာ ဆုံးပါးမှပဲ သိရတော့သည်။

အခိုင်အမာ စာချုပ်တွေပြပြီး အကြွေးလာတောင်းသူတွေက





အစ်ကိုကြီး အလောင်းမြေချပြီးသည်နှင့် ရောက်လာ၏။ ရက်လည်ထိစောင့် မစောင့်နိုင်ခဲ့ကြတာ အံ့သြစရာ။

စီးပွားရေးလုပ်ငန်းတွေ ရှုံး၊ အကြွေးတွေ နစ်ပြီး အစ်ကိုကြီး မြစ်ချင်တိုင်း ဖြစ်နေခဲ့တာ သူမ မသိခဲ့ပါ။

ရန်ကုန်မှာ ကျောင်းတက်ပြီး ကျောင်းပိတ်ရက်မှ အိမ်ပြန်ရောက်တတ်သော မြတ်နိုးလေး မသိနိုင်တာ အပြစ်တော့ မဟုတ်ရှာပါ။

စီးပွားရေးတက္ကသိုလ်က ဘွဲ့တက်ခုပိုင်ဆိုင်ခဲ့ပြီး အင်ကြင်းနွယ်ပြန်ရောက်သည့်ရက်ပိုင်းမှာ ဖခင်ရဲ့ အဖြစ်ဆိုးနှင့်အတူ စိတ်ဒုက္ခရောက်ရော အခြေအနေတွေကို ရင်ဆိုင်လိုက်ရရှာသည့် တူမလေးကို သူမ စာနာသနားမိသည်။

လက်ရှိအခြေအနေက အင်ကြင်းနွယ်သည် သောကပူတွေနှင့် အိမ်အိုဟောင်းကြီးဖြစ်နေသည်။

သူမလည်း ဒီပြဿနာနဲ့ထဲက ရုန်းမထွက်တတ်။ သွေးတိုး၊ နှလုံးရောဂါတွေနှင့် အိမ်ထဲမှာပဲ နနရွရွလေး နေခဲ့ရသူ။

ပြီးတော့ အခုမှ တက္ကသိုလ် ဒုတိယနှစ်တက်နေသော သမီးရှင်း ပန်းပွင့်အိမ် လေးဆိုတာလည်း ကလေးသာသာအရွယ်။

ဒုက္ခပြဿနာ အားလုံးသည် တူမလေး ခေါင်းပေါ်မှာပဲ ရှုံးသွားခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို တူမလေး ဘယ်လိုရှင်းမည်မသိ။

သူမမှာတော့ တွေးမိတာနဲ့တောင် ခေါင်းတွေမူးကာ ချွေး(…)က တိုးချင်ချင်။

မျက်ဝန်းတွေ အသာမှိတ်ကာ ဒရင်းဘတ်မှာ မြန်မှိန်းနေလိုက်ရ၏။ ခေါ်အရှိန်ကြောင့်လား။ အတွေးမောတွေကြောင့်လား မသိ။

မေ့ခနဲ အိပ်ပျော်သွားတာတော့ အမှန်။

■ ■ ■



## အခန်း (၂)

အခန်းထဲမှာ ရိပ်တစ်ယောက်တည်း စာရင်းတွေ စစ်ဆေးတွက်ချက်ပြီးတော့ ရင်ထဲမှာ မောဟိုက်ချင်သလိုလို ဖြစ်သွားတာ အမှန်။

အခြေအနေအားလုံးက ထင်မှတ်ထားသည့်ထက်တောင် ဆိုးသွားနေခဲ့တာ ဖြစ်သည်။ မဖြစ်မနေ ရင်ဆိုင်ရမည့်အကြွေးစာရင်းတွေက သိန်းဂဏန်း နှစ်ဆယ်အထက်မှာ ရှိနေသည်။

ဒါတွေကို ရင်ဆိုင်ရမှာ စိတ်မောစရာကောင်းသည်။

လက်ရှိကျန်ရစ်ခဲ့သော လုပ်ငန်းတွေ အခြေအနေကလည်း အားရစရာ တစ်ခုမှရှိမနေခဲ့ပါ။

ပွဲရုံလုပ်ငန်းက ရပ်ဆိုင်းလုမတတ် ဖြစ်နေသည်။

ဖေဖေတို့ ဘိုးစဥ်ဘောင်ဆက်လုပ်ဆောင်ခဲ့သော မြေပြုရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းကလည်း အရှုံးဘက်ကို ပြနေသည်။

နို့စားနွားမတွေက အရင်က ရာချီအောင် ရှိခဲ့သည်။ အခု တော့ ခြံကျယ်ကြီးထဲမှာ အကောင် ငါးဆယ်တောင် မပြည့်တော့ပါ။

ရှင်းရမည့် အကြွေးတွေ၊ ပြီးတော့ ရိပ်တို့ ကျန်ရှိနေရသော မိသားစု သုံးယောက်အတွက် စားဝတ်နေရေး။

တွေးကြည့်လိုက်သည်နှင့် ရင်လေးစရာကောင်းပါသည်။

စိတ်ထဲမှာ မောဟိုက်လွန်းလာတာမို့ ရိပ် စားပွဲရှေ့က ဆောာ ပြတင်းတံခါးဆီ လှမ်းခဲ့သည်။

အရောင်လွင့်နေသော ခန်းဆီးစ အပြာနုရောင်က မှိန်ဖျော့ ဖျော့။

ရိပ် ခန်းဆီးစကို စိတ်မသက်မသာစွာ ဆွဲဖယ်ပြီး ခြံဝင်းထဲက မြင်ကွင်းတွေဆီ အာရုံပြောင်းဖို့ ကြိုးစားမိသည်။

သည် အိမ်ကြီးအကြောင်းတွေးလျှင် လိုအပ်ချက်တွေက အများ ကြီး ခေါင်းထဲဝင်လာတတ်သည်။

ရိပ် ရောက်နေသော ပြတင်းတံခါးက ဒုတိယထပ်၏ပြတင်း ပေါက်မို့ ခြံဝင်းထဲကို အပေါ်စီးမှ မြင်ရသလို ရှိသည်။

ပင့်သက်မောတွေ ရိပ် နှုတ်ခမ်းလေး ပွင့်ဟာလွင့်စေပြန်ရဲ့။

တကယ့်ကို စိတ်ပျက်စရာကောင်းတဲ့ မြင်ကွင်းတွေချည်းပါပဲ။





ရိုင် နှစ်သက်စွာ ထယုတယ စိုက်ပျိုးခဲ့သော နှင်းဆီပန်းအိုးတွေက ခြောက်သွေ့လို့ အတန်းလိုက်ရှိနေသည်။

ရေလောင်းပေါင်းသင် ပြုစုမည့်သူ မရှိတော့ ပန်းပင်တွေ လည်း ညှိုးခြောက်နေသည်။

ဖေဖေ မဆုံးခင် တစ်လလောက်ကတည်းက ခြံစောင့် မာလီ ငှားနိုင်တော့တာမို့ မရှိတော့ပါ။ ဒါပေမဲ့ ရိပ်တို့ သိခွင့်ရခဲ့တာက လက်ရှိ ခြံစောင့် မာလီက ရွာပြန်ချင်တာမို့ အလုပ်ထွက်ခွင့်တောင်းသွားတာဟု ဖေဖေက ညာခဲ့သည်။

နောက်ထပ် မာလီ အသစ်ရှာပေးမည်ဟုတောင် နှစ်သိမ့်ခဲ့ သေးသည်။

အခုတော့ နှစ်လလောက် ပစ်ထားခဲ့သော ခြံဝင်းကျယ်ကြီး သည် စိတ်ပျက်အကျည်းတန်စရာ မြင်ကွင်းတွေနှင့် ပြည့်နှက်နေသည်။

ပန်းပင်တွေသာမက ပုဏ္ဏားရိပ်တွေကလည်း ထိုးထိုးထောင် ထောင်နှင့် ခြုံနွယ်တွေလို ဖြစ်နေသည်။

ဒေါ်လေးကို မတွေ့ပါ။ မီးဖိုခန်းထဲဝင်ကာ ထမင်းချက် အသစ် ခေါ်ကြည့်မှုနှင့်ရှိနေသည်ထင်၏။

ဖေဖေ ခေါ်ထားသော စားဖိုမှူး ဦးဟန်စိန်ကို လခ မတတ်သာ တာမို့ ရိပ်ကိုယ်တိုင် တောင်းပန်ပြီး အလုပ်က ထုတ်ခဲ့ပြီးပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကို မြို့ရဖို့ အတွက်တော့ မနန်းငွေ ဆိုသည့် မိန်းကလေးကိုတော့ မဖြစ်မနေ ခေါ်ထားရသည်။ ဒေါ်လေးရဲ့အနှံ့အတာ မှန်သမျှ မနန်းငွေက သည့်ခံသည်။

ရေချိုး သနပ်ခါးသွေးတာကအစ ဒေါ်လေး အချိန်မှန် ဆေးသောက်၊ ခြံထဲဆင်းလမ်းလျှောက်ဖို့ကအစ နန်းငွေက အားကိုးရသည်။

အင်ကြင်းနွယ်မှာ နန်းငွေနှင့်ဒေါ်ကြည်မြတို့ကတော့ မဖြစ်မနေ လိုအပ်သည်ဟု ရိုပ် ဆုံးဖြတ်ခဲ့သည်။

အခု ခြံထဲကို ကိုယ်တိုင် အသေအချာ လျှောက်ကြည့်မိတော့မှပဲ ရိုပ် ထင်နားလည်မိသည်က ခြံစောင့် မာလီ တစ်ယောက်တော့ ငှားမှဖြစ်တော့မည်။

ကြည့်လေ ဝန်းခတ်ထားသည့် အုတ်တံတိုင်းမှာ ခြုံနွယ်တွေ ရှစ်ခွေနေတာက မြန်လိုက်တာ။

မြက်ခင်းလွင်ပြင်က မရိတ်ဘဲထားသော မြက်ခင်းတွေက ကြာရင် တောရိုင်းကြီးဖြစ်သွားမလား ထင်ရသည်။

ရိုပ် ဟိုးအရင်က ကစားနေကျ ကြက်တောင်ကစားကွင်း မြေသားပြန့်ပြန့်မှာတောင် အမှိုက်သရိုက်တွေ ဖုံးလွှမ်းနေသည်။

ခြံဝင်းထဲက စိတ်ပျက်စရာ မြင်ကွင်းတွေကို ကျောခိုင်းကာ အိမ်ကြီးကို ရိုပ်မော့ကြည့်မိတော့လည်း အတူတူပါပဲ။





အပြာနုရောင် ဆေးသားတွေ စိမ်းစိုနေတဲ့ တိုက်နံရံတွေက အခုတော့ ညစ်ထေး အကျည်းတန်နေလိုက်တာ စိတ်ပျက်စရာပါပဲ။

လိုအပ်ချက်တွေ အများကြီးနှင့် အင်ကြင်းနွယ်ကို ရိုပ် ဘယ်လို မြန်ပြီး ထူမတ်ရမည်လဲ။

"မြတ်နိုး"

ခေါ်သံကြောင့် ရိုပ်လှည့်ကြည့်တော့ ဘယ်အချိန်ကတည်းက ရောက်နေသည်မသိသော ဘုန်းသက်မော်။

"ခြံဝက ဘဲလ်က ပျက်နေတာ ထင်တယ်၊ ကိုယ် ဘဲလ်နှိပ်သေးတယ်၊ ဘယ်သူမှ ထွက်မလာတဲ့အဆုံး တံခါးကိုကြည့်မှ သော့ ပိတ်မထားလို့ ဝင်ခဲ့တာ၊ အနှောင့်အယှက်ဖြစ်သွားရင် တောင်းပန်ပါတယ်နော်"

ရိုပ် မျက်နှာပေါ်က အရိပ်တွေကို မြင်ကာ တစ်မျိုးထင်မှတ်သွားသည်လား မသိပါ။ ကိုဘုန်းက တောင်းပန်နေတာမို့ ရိုပ် အားနာသွားရသည်။

"တောင်းပန်ဖို့ မလိုပါဘူး ကိုဘုန်းရဲ့၊ ရပါတယ်၊ ရိုပ်လည်း မမြင်လိုက်ဘူး၊ ခြံထဲကို လျှောက်ကြည့်နေလို့"

"မြတ်နိုးတို့ ခြံကြီးကို ဒီအတိုင်းပစ်ထားတော့မှာလား နေပြောစရာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဒါတွေကိုကြည့်ပြီး ရိုပ် အတော်စိတ်ညစ်နေတာ၊ လုပ်ရမှာတွေက အများကြီး၊ ရှင်းရမယ့် ပြဿနာတွေကလည်း အများကြီးလေ"

"မြတ်နိုး စိတ်ညစ်နေတာ ကိုယ် မကြည့်ရက်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ မြတ်နိုးကို ကိုယ်တာဝန်ယူချင်တယ်"

ကိုဘုန်းစကားကြောင့် ရိုပ် မျက်နက်ဝန်းလေးပင့်ကာ ကြည့်မိသည်။

အပြာနုရောင် ရှပ်လက်တိုနှင့် ဘောင်းဘီနက်ကို ဝတ်ဆင်ထားသော ဘုန်းသက်မော် အသွင်က ရှင်းသန့်ကြည်လင်နေသည်။

ဘယ်အချိန်ကြည့်ကြည့် အမြဲတမ်း သပ်ရပ်ခန့်ညားနေတတ် ဝတ်စားတတ်သော ဘုန်းသက်မော်ဆိုတာ ရိုပ်တို့နှင့်ခြံခြင်းကပ် ခြေရင်းခြံက ဖြစ်သည်။

ရိုပ်တို့လို လွိုင်ကော်ဇာတိ မဟုတ်ပေမယ့် လွိုင်ကော်က သည်ခြံသည်ဝင်းကြီးကို ဝယ်ယူပြောင်းရွှေ့လာတာ မိခင်ဖြစ်သူ၏ ကျန်းမာရေးကြောင့်ဟု ကိုဘုန်းက ပြောဖူးသည်။

ဖခင်က ကိုဘုန်း အသက်တစ်ဆယ့်ခြောက်နှစ်သားလောက်မှာ ကွယ်လွန်သွားခဲ့သည်။ မိခင်ဖြစ်သူ၏ အုပ်ထိန်းမှုအောက်မှာ လူလားမြောက် ရှင်သန်ခဲ့ရသော ကိုဘုန်းက တစ်ဦးတည်းသောသား။





အမေကို ချစ်သော သားဆိုတာ ရင်းနှီးကျွမ်းဝင်လာလေလေ ရိုပ် ပိုပြီးသိလာရလေလေ ဖြစ်သည်။ သချ်ာအစိကနှင့် ဘွဲ့ရထားသူ လက်ရှိမှာတော့ လွိုင်ကော်မှာ ပွဲရုံကြီးတစ်ခု တည်ထောင်ထားသည်။

ဒါပေမဲ့ ပွဲရုံလုပ်ငန်းတွေမှာလည်း ကိုဘုန်း ဘာမှဦးဆောင်လုပ်စရာ မလိုခဲ့ပါ။ လူယုံတော်တွေ၊ ကျွမ်းကျင်သူတွေကို ကိုဘုန်းမိခင်က ရှာဖွေပြီး ဦးဆောင်စီမံပေးသည်။

မိခင်ရဲ့ စေရာအတိုင်း ကိုဘုန်းက နာခံစီမံကွပ်ကွဲပေးရုံမျှသာ ဖြစ်သည်။

အမြဲတမ်း အမေစကားကို နားထောင်သော သားလိမ္မာတစ်ယောက်အဖြစ် ကိုဘုန်းက အစဉ်ရှိတတ်သည်။

မြတ်နိုးရိုပ်ထင် ဆိုသော မိန်းမတစ်ယောက်ကို အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ခဲ့တာတောင် ကိုဘုန်းက မိခင်ကို အရင်ဆုံးတိုင်ပင်ခဲ့သည်တဲ့။

"ကိုယ့်ဘဝမှာ ဘယ်မိန်းမကိုမှ မချစ်ခဲ့ဖူးဘူး၊ အမှန်ဝန်ခံရရင် ကိုယ် လေးစားတန်ဖိုးထား မြတ်နိုးတဲ့သူက အမေတစ်ယောက်ပဲ ရှိခဲ့တာ၊ မြတ်နိုးနဲ့ဆုံတော့မှ သူစိမ်းမိန်းမတစ်ယောက်ကို ကိုယ်ပထမဆုံး ချစ်တတ်သွားခဲ့တာပါ၊ မြတ်နိုးရဲ့ အဆင့်အတန်း၊ ဂုဏ်အသိုင်းအဝိုင်းကို အမေကလည်း လက်ခံတယ်လေ၊ ကိုယ် မြတ်နိုးရဲ့ မေတ္တာကို



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက် တောင်းခံတာပေါ့''

နောက်ဆုံးနှစ် စာမေးပွဲ မဖြေခင် ရိပ် အင်ကြင်းနွယ်ကို ပြန်ရောက်တော့ အိမ်နီးချင်း မိတ်ဆွေ အဆင့်ထက်ပိုမိုသော ဝန်ခံစကားနှင့် ရိပ် အချစ်ကို ကိုဘုန်း တောင်းဆိုလာခြင်းဖြစ်သည်။

''မြတ်နိုး''

ညင်သာတည်ငြိမ်သော သူ့ခေါ်သံကို ထပ်ကြားတော့မှ ရိပ် လွင့်မျောပြေးသွားသော အတွေးတို့ကို ပြန်စုစည်းမိကာ ကိုဘုန်းကို မော့ကြည့်သည်။

''ကိုယ်ပြောတဲ့ စကားအတွက် မြတ်နိုး စဉ်းစားနေတာလား ဟင်''

ပင့်သက်မှျင်းမှျင်းကို ရိပ် တိတ်တခိုးရှိုက်မိသည်။ ရိုးသားစွာ ဝန်ခံရလျှင် ကိုဘုန်း အပေါ်မှာ မိတ်ဆွေတစ်ယောက်ဆိုတာထက် ရိပ် နှလုံးသားက ပိုမိုလှုပ်ခတ်လို့ မရတာ အမှန်ဖြစ်သည်။

ဒါပေမဲ့

အနေတည်သော ကိုဘုန်းသက်မော်သည် ရိပ်အတွက် ငြင်းပယ်စရာ အပြစ်မရှိသော ယောကျ်ားတစ်ယောက် ဆိုတာတော့ သိပါသည်။

မိန်းမသားတစ်ယောက်ရဲ့ အနာဂတ်အတွက် အချစ်ဆိုသော





အရာကို မေ့လျော့ ဥပက္ခာပြုထားနိုင်ခဲ့လျှင်တော့

''အမှန်ဝန်ခံရရင် ရိပ်ခေါင်းထဲမှာ အဲဒီအရာထက် အရေးကြီးနေတဲ့ ဖေဖေ့ရဲ့ ရက်လည်ကိစ္စတွေ ပြီးတော့ နောက်တစ်ပတ်ကျ တစ်လပြည့်ဆွမ်းကျွေးကိစ္စနဲ့ တခြားရှင်းစရာပြဿနာတွေ အများကြီး ရှုပ်ထွေးနေခဲ့တယ် ကိုဘုန်း''

''ကိုယ်လည်း သိသင့်သလောက် သိထားပါတယ် မြတ်နိုး၊ မြတ်နိုးကို အဲဒီ စိတ်ညစ်စရာကောင်းတဲ့ ဒုက္ခတွေထဲက ကိုယ်ခွဲထုတ်သွားချင်တာ အမှန်ပါ''

''ကျေးဇူးတင်ပါတယ် ကိုဘုန်း။ လတ်တလောတော့ ဖေဖေ့ရဲ့ တစ်လပြည့်ကိစ္စကို ရိပ် အရင်ရှင်းပါရစေဦးနော်၊ ပြီးမှ ကိုဘုန်းနဲ့ရိပ် အေးဆေးတိုင်ပင် ဆွေးနွေးချင်ပါတယ်''

''ကောင်းပြီ မြတ်နိုး ကိုယ် နားလည်ပါတယ်၊ မြတ်နိုး အဖေ့ကိစ္စကို အရင်စီစဉ်ပါဦး ပြီးမှ ကိုယ်တို့ ဆုံကြရအောင်နော်''

နှုတ်ဆက်ပြီးလှည့်ပြန်သွားသော ကိုဘုန်းကို ရိပ် ငေးငေးလေး ရပ်ကြည့်နေမိသည်။

မြင့်မားသော အရပ်အမောင်းနှင့် ဝင်းနုဖြူညက်သော အသားအရည်ကြောင့် ကိုဘုန်းအသွင်သည် နပို့ကာရှိရင်းစွဲ အသက်ထက် ပိုငယ်နုသလို ထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ရိုပ်နှင့်အသက်ကွာလှသည်မဟုတ်။ လပိုင်းမျှသာ ကိုဘုန်းက ကြီးသည်။

တိုတိုကပ်ကပ် ညှပ်ထားသော ဆံပင်ကို အမြဲတမ်း သပ်ရပ်စွာ ဖီးသင်ထားသော ကိုဘုန်း မျက်နှာနုနုဖတ်ဖတ်က မိန်းမချောချောသည်ဟု ဆိုရမည်ထင်သည်။

ရုပ်ရည်၊ အဆင့်အတန်းနှင့် တစ်ဦးတည်းသော သားဆိုသော ဂုဏ်ပုဒ်တွေအပြင် ပြည့်စုံချမ်းသာသော ကြွယ်ဝမှုကလည်း ကိုဘုန်းအတွက် မိန်းကလေးတိုင်းက မက်မောမျှော်လင့်စရာ ယောကျ်ားတစ်ယောက်ပါပဲ။

ဒါပေမဲ့ ဘာကြောင့်များ ရိပ် ကိုယ်တိုင်က ရင်ခုန်မလှုပ်ခတ်မိတာလဲ။ စဉ်းစားမိတော့ အဖြေက ထင်းခနဲ ပေါ်သည်။

အချစ်ဆိုသော အရာကြောင့်ပဲပေါ့။

အချစ်ဆိုတာ နှလုံးသားရဲ့ သီးသန့်ခံစားချက်တစ်ခုပဲလေ။ ဦးနှောက်နဲ့ရွေးချယ်လို့ ရနိုင်တဲ့ အရာမှ မဟုတ်ဘဲ။

မြတ်နိုးရိပ်ထင်ရဲ့ နှလုံးသားမှာ အချစ်ရဲ့ ခြေရာလေးတွေ ထင်ကျန်ရစ်ခဲ့ဖူးတော့လည်း . . ။

■ ■ ■



## အခန်း (၃)

"ဘာ ဘာရယ် သမီး။ မောင်ဘုန်းနဲ့ လက်ထပ်ဖို့ စဉ်းစားနေတာလား ဟင်"

ဒေါ်လေး အသံက သဘောမတူသလို အရိပ်ထင်နေတာ ထင်ရှားသည်။ ဇရာရဲ့အရေးအကြောင်းတွေ ဝန်းရံထားသော မျက်ဝန်းကျဉ်းကျဉ်းလေးတွေကလည်း ရိပ်ကို စူးစိုက် အကဲခတ်နေပုံက ရင်ထဲကို ထွင်းကြည့်နေသလိုမျိုး။

"ရိပ်အတွက် တစ်ခုခု စဉ်းစားရတော့မှာ အမှန်ပဲ ဒေါ်လေး။ လက်ရှိ အခြေအနေအားလုံးက အဲဒီကို တွန်းပို့နေကြတယ်လေ"

"အဲဒီကိစ္စတွေနဲ့ သမီးရဲ့အိမ်ထောင်ရေးကို ရောထွေးမပစ်ပါနဲ့ သမီးရယ်၊ အဲဒါ သမီးအနာဂတ် ဘဝရှည်ကြီးအတွက်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရိပ် သိပါတယ် ဒေါ်လေး၊ ဒါပေမဲ့ မရောတွေးလို့မှ မရနိုင်တာဘဲ၊ အင်ကြင်းနွယ်ရဲ့ အခြေအနေတွေက ရိပ် မစဉ်းစားဘဲ နေလို့မရတော့ဘူး။ ဖေဖေ့ရဲ့ အကြွေးတွေက ဒီအတိုင်း ငြိမ်နေကြမှာမှ မဟုတ်တာဘဲ၊ မဖြစ်မနေ ရှင်းရမှာ လက်ရှိလည်း ရိပ်မှာရှိတဲ့ လက်ဝတ်ရတနာတွေကုန်ပြီ၊ နားကပ်လေးတစ်ရံနဲ့ လက်စွပ်လေးတစ်ကွင်းကိုပဲ မေမေရဲ့ အမှတ်တရ အမွေပစ္စည်းလေးအဖြစ် ရိပ် သိမ်းထားခဲ့တာပါ"

ဒေါ်သူဇာမြိုင် ဘာမှမပြောနိုင်အောင် ဖြစ်ရပြန်သည်။ သမီးလေး မြတ်နိုး စကားကလည်း မမှားခဲ့ဘဲလေ။ သူ့ခမျာ ရှိသမျှ လက်ဝတ်လက်စားတွေ ရောင်းချကာ အကြွေးပူတွေ ရှင်းခဲ့ရရှာသည်။

နောက်ထပ် အကြွေးတွေကို ရှင်းဖို့ဆိုတာက

"နည်းလမ်းတစ်ခုပဲ ရှိတယ် ဒေါ်လေး၊ အင်ကြင်းနွယ် ခြံကြီးကို ရောင်းချပစ်မလား၊ ရိပ်တော့ အဲဒီကိစ္စ စဉ်းစားတိုင်း အရမ်းနာကျင်ခံစားရတယ်၊ ရိပ်တို့ ဘိုးစဉ်ဘောင်ဆက် နေထိုင်ခဲ့တဲ့ အိမ်ကြီးကို စွန့်လွှတ်ပစ်ရမှာ သိပ်ကြေကွဲဖို့ကောင်းတဲ့ကိစ္စ"

သမီး မြတ်နိုး တွေးသောအတွေးမျိုးလည်း သူမ တွေးကြည့်ဖူးပါသည်။ ရင်ထဲမှာ ခံစားရသည့်ဝေဒနာက ပြင်းပြင်းပြပြ ခံစားခဲ့ရသည်။

အင်ကြင်းနွယ် ဆိုသော ခြံကျယ်ကြီးမှာ အဖေ၊ အမေနှင့် သူမရယ် အစ်ကိုကြီးရယ် နေထိုင်ပျော်ရွှင်ခဲ့ဖူးသော နေ့ရက်များက





ရွှန်းမောဖွယ်ချည်းဖြစ်သည်။

သည်ခြံကြီးထဲမှာ သူမတို့ မောင်နှမ ကစားခဲ့ဖူးသည်။ ပျော်ရွှင်ခဲ့ကြဖူးသည်။ မှတ်မှတ်ရရ အဖေနှင့်အမေ ရှိစဉ်က သည်ခြံထဲမှာ သူမရဲ့ မွေးနေ့ပွဲနှင့်အစ်ကို မြတ်ထင်ကျော်ရဲ့ မွေးနေ့ပွဲကို နှစ်စဉ်လုပ်ပေးခဲ့တာလည်း မှတ်မိသည်။

ရောက်လာသည့် ဧည့်ပရိသတ်တွေ အားလုံးကလည်း အင်ကြင်းနွယ်ရဲ့ ခမ်းနားထည်ဝါမှုကို ချီးကျူးမဆုံး ရှိခဲ့သည်။ အဖေနှင့် အမေကလည်း အင်ကြင်းနွယ်၏ဘိုးစဉ်ဘောင်ဆက် ရာဇဝင်ကို ပြောပြတာ ဂုဏ်ယူမဆုံးရှိခဲ့ကြသည်။

အစ်ကိုကြီးကတော့ လူ့လောကထဲက ထွက်သွားခဲ့ချိန်ထိ အင်ကြင်းနွယ်ရဲ့အရိပ်မှာ နေထိုင်ခွင့်ရခဲ့တာ ကောင်းပါသည်။

သူမကတော့ အင်ကြင်းနွယ် အရိပ်က ဖယ်ခွာပေးရတော့မည်လား။ တူမဖြစ်သူနှင့် သမီးဖြစ်သူ လက်ထက်အထိ အင်ကြင်းနွယ်ကို ဆက်ခံနိုင်အောင် မစွမ်းသာတော့သည့်ဘဝက

"ရိပ်ကို ကိုတုန်း လက်ထပ်ခွင့်တောင်းတာ ကြာပါပြီ၊ မနေ့ကသူ ထပ်ပြီးတောင်းဆိုတယ် ဒေါ်လေး"

တူမဖြစ်သူ အသံကြားမှ ဒေါ်သူဇာမြိုင် အတွေးတွေ ပြန့်ကျဲသွားမိ၏။ ပြတင်းတံခါးဝမှာ ရပ်နေသော တူမချော မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေမိဆဲ။

အလင်းရောင် ဖြာကျနေသော နက်မှောင်သော မျက်တောင်ကော့ရှည်ကြီးတွေ ဝန်းရံထားသော မျက်နက်ဝန်းလေးတွေက မိခင်ဖြစ်သူရဲ့ အမွေကို ပိုင်ဆိုင်ထားခြင်းဖြစ်လျှင် နှာတံစင်းစင်း ချွန်မြမြနှင့် ပိရိဖူးငုံ့ဖိုသော နှုတ်ခမ်းတွေက ဖခင်ရဲ့အမွေဟု ဆိုနိုင်သည်။

ဝါနုညက်သော အသားအရည်၊ ကျစ်လျစ်ပြေပြစ်သော ခန္ဓာကိုယ် အချိုးအဆစ်နှင့် အရပ်အမောင်းက တူမလေး မြတ်နိုးရိပ်ထင်ရဲ့ အလှကို တုနှိုင်းမမီအောင် ပေါ်လွင်စေတာ မငြင်းနိုင်ပါ။

သမီး ရင်းချာ ပန်းပွင့်အိမ်ကလေးတောင် တူမ အလှနှင့် ယှဉ်လိုက်ရင် ညှိုးမှိန်သွားတာ သူမသိသည်။

အရောင်အသွေး စိုလဲ့သော ပန်းပွင့်လွှာတို့ အလှပခိုးမှုးပွင့်နေသော ပန်းပွင့်လေးလို လှပသောအလှ၊ အသက်ဆယ့်နှစ်နှစ်ဆိုသော အရွယ်ထက် နုပျိုလှပသော တူမလေးကိုတော့ သူမ သဘောမကျသော ယောကျ်ားတစ်ယောက်လက်ထဲကို မထည့်ရက်တာ အမှန်။

"ရိပ်တို့ဘဝ အခြေအနေကို ကိုဘုန်းလည်း သိပါတယ်၊ ရိပ်ရဲ့ ဒုက္ခတွေကိုလည်း ကယ်တင်ချင်တယ်တဲ့၊ ရှိပ် ဖေဖေရဲ့တစ်လပြည့်ကိစ္စပြီးရင် စကားပြောဆွေးနွေးမယ်လို့ ပြောလိုက်တယ်"

"ဘုန်းသက်မော်ကို ယူရင် သမီး စိတ်ချမ်းသာမယ် ထင်လို့





လား"

သူမ အမေးစကားကြောင့် မြတ်နိုး တစ်ချက်လှည့်ကြည့်သည်။ မျက်နက်ဝန်းလေးတွေက ဒေါ်လေးဖြစ်သူကို ငေးငေးလေးကြည့်သည်။ အဖြေစကားတို့က နှုတ်က ထွက်မလာဘဲ အတန်ကြာ တိတ်ဆိတ်နေခဲ့သည်။

ပြီးမှ အကြည့်တို့ကို လွှဲဖယ်ရင်း ခြံဝင်းထဲဆီသို့ ပြန်ငေးသွားရင်း

"အဆင်တော့ ပြေမယ်လို့ ထင်ပါတယ် ဒေါ်လေးရယ်၊ ဒါပေမဲ့ သူ့ကို ရိပ် စကားတော့ ပွင့်ပွင့်လင်းလင်း ပြောချင်သေးတယ်၊ အဓိကက အင်ကြင်းနွယ်ကို အဆုံးရှုံးမခံနိုင်တဲ့ကိစ္စနဲ့ ဖေဖေ့ရဲ့အကြွေးကိစ္စပေါ့"

"မိန်းမသားဆိုတာ သျှောင်နောက် ဆံထုံးပါရတဲ့ အမျိုးသမီးပါ သမီးရယ်၊ မောင်ဘုန်းက သူ့အမေကို ခွဲနိုင်မယ် ထင်လို့လား၊ သေချာတာက သမီး သူတို့အိမ်ကို လိုက်နေရမှာပါ၊ သူတို့မှာလည်း သားအမိ နှစ်ယောက်ပဲရှိတာကိုး"

"ဒါကိုတော့ သမီး နားလည်ပါတယ်၊ ဒေါ်လေးရယ် အင်ကြင်းနွယ်မှာ မနေဘဲ သူတို့အိမ်လိုက်နေရမယ်ဆိုလည်း ပြဿနာ မရှိပါဘူး၊ သူတို့တိုက်က အကျယ်ကြီးပဲ၊ ဒေါ်လေးနဲ့ ညီမလေးပန်းတို့ လိုက်နေချင်လည်း အဆင်ပြေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မြွက်နီးစကားကြောင့် ဒေါ်သူဇာမြိုင် အာရုံထဲမှာ ဒေါ်နန်းသက်ထား မျက်နှာက အရိပ်ထင်လာသည်။

ရွှေကိုင်းမျက်မှန်အောက်က ရူးရူ မျက်ဝန်းတွေထဲမှာ မာနအရိပ်တွေ တောက်ပလက်ဖြာနေတာကို ထင်းခနဲ မြင်သည်။ အိုမ်နီးချင်းပါပေမယ့် သိပ်ပြီး ခင်မင်ရင်းနှီးစွာတော့ မနေဘူး၊ မပေါင်းသင်းဘူးပါ။

ဒါပေမဲ့ သူမတို့ အိမ်တက်မင်္ဂလာပွဲတုန်းက တစ်ခါ၊ ဝါဆိုသင်္ကန်းကပ်အလှူ လုပ်တုန်းက တစ်ခါ။ နှစ်ကြိမ်တော့ အိမ် ရောက်ဖူးသည်။

တိုက်ကြီးက ထည်ဝါခမ်းနားသလို အိမ်ထဲမှာလည်း ထည်ဝါမှုတွေက သူတို့ကြွယ်ဝမှုကို မှန်းဆနိုင်သည်။

သည့်နောက်ပိုင်းမှာ မြို့က အထက်တန်းလွှာတို့၏ပွဲလေး ငါးပွဲမှာ သူမ ထပ်ဆုံတွေ့ဖူးသည်။

ရှမ်းသွေးစပ်သော ဒေါ်နန်းသက်ထား၏ မျိုးရိုးအစဉ်အဆက်က ပေါ့သေးသေး မဟုတ်။ ဆွေတော်ကြီး၊ မျိုးတော်ကြီး အနွယ်ဝင်တွေဟု သိရသည်။ မောင်ဘုန်း လူပို့ပေါက်မှာ တိမ်းပါးသွားသော ဖခင်ဘက်က ပိုင်ဆိုင်ရရှိသော အမွေဥစ္စာတွေကလည်း နည်းနည်းနောနော မဟုတ်ပါ။

အတိအကျ မသိနိုင်ပေမယ့် ဖခင်နှင့်မိခင်ဘက်က ပိုင်ဆိုင်မှုတွေနဲ့တင် မောင်ဘုန်းအတွက် ဆယ်သက်စားမကုန်နိုင်သော ဥစ္စာဂုဏ်





နဲ့ထည်ဝါသည်။

သားအပေါ်မှာ ဒေါ်နန်းသက်ထားကလည်း နိုင်နင်းစွာ ဦးဆောင်နိုင်သူဖြစ်သော်လည်း မိဘစကားကို နာခံသော မယယ်ရှားဝံ့သော သားလိမ္မာတစ်ယောက်လို ပုံစံသွင်းနိုင်၏။

ဒါပေမဲ့ ဒေါ်သူဇာမြိုင် စိတ်ထဲက ဒေါ်နန်းသက်ထားကို မနှစ်မြို့လှတာ အမှန်။ မာနအရောင်တွေ လက်ဖြာနေသော မျက်ဝန်းတွေက တစ်ဖက်သားကို အထင်အမြင်သေးသလို ကြည့်တတ်တာ အဆိုးဆုံး။

သည်လို မိန်းမတစ်ယောက်နှင့် တစ်အိမ်တည်း အတူနေဖို့ဆိုတာ တွေးမိရုံနှင့်တောင် စိတ်ကျဉ်းကျပ်လှသည်။

"မောင်ဘုန်း အမေအိမ်ကိုလိုက်နေဖို့ဆိုတာ ဒေါ်လေးအတွက် မဖြစ်ပါဘူး သမီးရယ်"

"ဒေါ်လေး မနေချင်လည်း အင်ကြင်းနွယ်မှာပဲနေပေါ့၊ ကိုဘုန်းတို့ ရိပ် လက်ထပ်မှာက အခြေအနေ အားလုံး ပြေလည်သွားစေချင်လို့ပါ"

"ဒါဆို သမီးက အိမ်ထောင်ရေးကို အချစ်မပါဘဲ တည်ဆောက်မှာလား"

"ဩော် ဒေါ်လေးရယ် ဘဝအတွက်ရွေးချယ်တဲ့ကိစ္စမှာ မိန်းအလေးအနက်ဆုံးဖြတ်မှာ၊ နလုံးသားရဲ့ဆန္ဒထက် ဦးနှောက်အသိနဲ့ ရွေး



www.burmeseclassic.com

www.burmeseclassic.com



တာ မှန်ကန်ဆုံးဖြစ်မှာပေ့ါ''

တကယ့်ကို ရင့်ကျက်တည်ငြိမ်သော မိန်းမတစ်ယောက်အသွ
လေးနှင့်ဆိုနေသော မြတ်နိုးကိုကြည့်ကာ ဒေါ်သူဇာမြိုင် ခေါင်းကို ခါရမ်
မိသည်။

''ဦးနှောက်နဲ့ရွေးချယ်တိုင်း မမှန်ကန်ပါဘူး သမီးရယ်၊ ဒေ
လေး ထင်မြင်ချက်ပြောရရင် မောင်ဘုန်း သမီးကိုချစ်မြတ်နိုးတာ မှ
ချင်မှန်မယ်၊ ဒါပေမဲ့ သူ့အမေက သူ့အပေါ် ဩဇာလွှမ်းတယ်၊ မော
ဘုန်းကလည်း အမေ သေဆိုသေ၊ ရှင်ဆိုရှင် ခေါင်းညိတ်မယ့်သူနေ
ဂုဏ်အဆင့်အတန်းမှာ သမီးက သူလက်ခံနိုင်တယ်၊ ဒါကြောင့် သူ့သာ
ချစ်နေတဲ့ မိန်းကလေးကို ခေါင်းညိတ်တာလေ၊ အခု ဥစ္စာနေပိုင်းမှ
သမီးဘက်က ကျဆင်းသွားတာ သူသိမှာပဲ၊ အင်ကြွင်းနွယ်အတွက်
သမီးဘက်က အကူအညီတောင်းရင် သမီးကို သူတစ်သက်လုံး အနိုင်
နိုင်သွားမှာပေ့ါ''

ဒေါ်လေး စကားများကိုလည်း ရိပ်သိသည်။ ဒေါ်လေးတွေ
သလို ရိပ်လည်း တွေးမိပြီးသားပါပဲ။ ဒါပေမဲ့ ရိပ်မှာ ရွေးချယ်စရာ
မရှိတော့။

''ရိပ် တွေးမိပါတယ် ဒေါ်လေး၊ ဒါပေမဲ့ ခုချိန်မှာ ရွေးချယ်စရ
မရှိဘူးလေ၊ ကိုဘုန်းအမေ နားမလည်နိုင်ပေမယ့် ကိုဘုန်းကတော





နားလည်မယ်လို့ ရိပ်ထင်ပါတယ်၊ ရိပ် သူနဲ့ဆွေးနွေးကြည့်ရမှာပဲ''

''ဒေါ်လေးကတော့ ကိုဘုန်းထက်စာရင် မောင်တိုင်းစက်နွယ်
နဲ့ ပိုပြီးသဘောတူချင်တယ် သမီး''

ဒေါ်လေး စကားကြောင့် ရိပ် ရင်ထဲမှာ လှုပ်လှုပ်ခတ်ခတ်
ဘာလေး ဖြစ်ရသည်။ မေ့ပစ်ဖို့ ကြိုးစားခဲ့သည့်တိုင် ရင်ထဲမှာ ထင်ကျန်
ရစ်ဆဲ စက် ပုံရိပ်က အလွယ်တကူ ပျောက်ကွယ်နိုင်ခဲ့တာမှ မဟုတ်ဘဲ။

တွေတွေငေးငေးလေး ဖြစ်သွားသော တူမ မျက်နှာအရိပ်
အကဲကို မြင်သိမိသည့် ဒေါ်သူဇာမြိုင်က တိုက်တိုက်တွန်းတွန်းလေး
ထပ်ပြောသည်။

''မောင်တိုင်းစက်နွယ်က ယောကျ်ားပီသတယ်၊ စိတ်ဓာတ်က
လည်း တကယ်ကောင်းပြီး သမီးကို တကယ် သံယောဇဉ်ရှိရှာတဲ့သူပါ''

ဒေါ်လေး စကားတွေက ရင်ထဲက ဝေဒနာဟောင်းကို ပြန်တူး
ဖော်သလို ခံစားရသည့် ရိပ် နှုတ်ခမ်းလေးတွေ တွန့်ကွေးပြုံးရင်း

''တော်ပါတော့ ဒေါ်လေးရယ်၊ ပြီးခဲ့တာတွေ ပြီးဆုံးသွားပြီ၊
လေးနှစ်နီးပါးတောင် ကြာခဲ့ပြီပဲ''

''ကိုကိုစက် နိုင်ငံခြားက ပြန်ရောက်နေပြီ မမရိပ်ရဲ့''

အသံနှင့်အတူ အခန်းထဲ လှမ်းဝင်လာသူက ပန်းပွင့်အိမ်
ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရိုပ် မယုံနိုင်သလို မျက်ဝန်းလေးတွေ ဝိုင်းစက်ပြီး ပန်းပွင့်အိမ်
ကို လှည့်ကြည့်မိသည်။

ရင်ဘတ်ပေါ်မှာ ကာတွန်းအရုပ်ကလေးပါသော ပန်းနုရောင်
တီရှပ်လေးနှင့် ကာကီရောင် ဘောင်းဘီတိုပွပွလေးကို ဝတ်ဆင်ထား
သော ပန်းပွင့်အိမ်အသွင်က ရိုပ် မျက်ဝန်းထဲမှာ ကလေးဆန်ပြီး ချစ်စရာ
ကောင်းနေသည်။

"အိမ်နဲ့ကိုကိုစက် မနေ့က တွေ့တယ်၊ သူ ပြန်ရောက်တာ
နှစ်ရက်ပဲရှိသေးတယ်တဲ့၊ မြန်မာပြည်ကို အပြီးပြန်လာတာတဲ့၊ မမရိုပ်
ဆီကို လာခဲ့ဦးမယ်လို့ အိမ့်ကို ပြောတယ်"

စကားကို မနားတမ်းကလေး ပြောကာ ကြည်နူးရိပ်တွေ ဖြာ
ဝေနေသော အိမ်အသွင်က ဟန်ဆောင်မှုကို ကင်းစင်နေသည်။

ရိုပ်မှာသာ တလှပ်လှပ်တုန်ခါသွားသော ရင်ခုန်သံကို ချုပ်ထိန်း
ရင်း

"နေ နေပါဦး အိမ်ကလေးနဲ့ သူ ဘယ်လိုတွေ့ကြတာလဲ"

"မနေ့ညနေက အိမ်နဲ့သတိုးတို့ လမ်းလျှောက်ထွက်တုန်း
ကိုကိုစက်နဲ့ ဆုံကြတာပဲ၊ အိမ်တို့အနားကို ထိုးရပ်လာတဲ့ Mark II
ကားကြီးပေါ်က တံခါးဖွင့်ဆင်းလာတာ ကိုကိုစက်ဖြစ်နေတော့ အိမ်
အရမ်း အံ့သြသွားတာပဲ၊ ကိုကိုစက်က အသားတွေဖြူဝင်းပြီး ပိုပြီး





ချောလာတာ သိလား မမရိုပ်"

"မောင်စက်က နဂိုကတည်းက ခန့်ပြီးသားပဲ သမီးရဲ့"

"ကိုကိုစက်က အခုပိုပြီးတော့တောင် စတိုင်မိလာသေးတယ်
မေမေ၊ မမရိုပ်ကို သတိရသေးရဲ့လားလို့ အိမ် မေးတော့ အမြဲတမ်း
ရင်ထဲမှာရှိပါတယ်တဲ့"

"ဟဲ့ အိမ်ကလေး"

ရှက်သွေးလွှမ်းသွားသော ရိပ်မျက်နှာလေးက ရဲရဲနီသွားသည်။
ပန်းပွင့်အိမ်က ပခုံးလေးတွန့် မျက်နှာကလေး ရှုံ့လိုက်ရင်း

"အိမ်တော့ ကိုကိုစက်နဲ့ပဲ မမရိုပ်ကို သဘောတူချင်တယ်
သိလား"

ညီမငယ် ပန်းပွင့်အိမ်ကလည်း ဒေါ်လေးနှင့် တစ်စိတ်တစ်ဝမ်း
တည်း ရှိသည်။ ဒါပေမဲ့ ရိပ် အသိက ကိုယ့်ထက် ခြောက်နှစ်ကျော်
လောက်ငယ်တဲ့ အိမ်ကလေးတို့လို ရင်ခုန်လှုပ်ခတ်ရမယ့် အရွယ်မှ
မဟုတ်တော့တဲ့လေ။

"အိမ်လေး အားလုံးကြားတယ် မမရိုပ်၊ ကိုဘုန်းသက်မော်
ကြီးနဲ့တော့ မမကို မယူစေချင်ပါဘူး"

"အိမ်ကလေး ဘာမှမသိပါဘူးကွယ်"

"အိမ် သိပါတယ်၊ မမရိုပ်လည်း အဲဒီလူကြီးကို သဘောချေ



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး၊ မမရိပ်နဲ့ ကိုကိုစက်က''

''အိမ်ကလေး ခေါ်တော့ ဘာမှထပ်မပြောနဲ့ မင်း ဘာမှမသိပါဘူးကွယ်၊ လောကကြီးအကြောင်းကို မင်းထက် မမရိပ်ပိုသိတာပေါ့''

ပန်းပွင့်အိမ် နှုတ်ခမ်းကလေး စူကာ ရိပ်ကို မကျေမနပ်ကလေး စိုက်ကြည့်သည်။ ပြီးမှ

''အိမ်ကလေး စကားဆိုရင် မမရိပ်က အလေးမထားဘူး။ တော်ပါပြီ အိမ် ဘာမှမပြောတော့ဘူး သိလား''

စကားအဆုံး အခန်းထဲက ပန်းပွင့်အိမ် ချာခနဲ လှည့်ထွက်သွားခဲ့သည်။

''ဟဲ့ သမီး ခြောက် ဒီကလေးနှယ်''

ဒေါ်လေးက အိမ်ကလေး အပြုအမူအတွက် လှမ်းအော်ငေါက်မာန်မဲတော့ ရိပ် ဒေါ်လေးကို လက်ကာတားရင်း

''နေပါစေ ဒေါ်လေး ရိပ် နားလည်ပါတယ်၊ အိမ်ကလေး ငယ်ပါသေးတယ်၊ သူ ဖြစ်ချင်တာပဲသိတာပေါ့၊ ကဲ ဒေါ်လေး နားနားနေနေ နေပါ၊ ရိပ်လည်း ခဏလောက် နားလိုက်ဦးမယ်နော်''

ဒေါ်လေးကို နှုတ်ဆက်ပြီး ရိပ် ပါအခန်းထဲက လှည့်ထွက်ခဲ့သည်။

ရင့်ကျက်ခဲ့ပြီထင်သော နှလုံးသားက ဘာကြောင့်များ ပြန်ပြီး





လှုပ်ခတ်ချင်ရတာလဲ မသိပါ။ စက် သတင်းကိုကြားလိုက်ရုံနှင့် တည်ငြိမ်နေခဲ့ပြီဖြစ်သော ရင်ခုန်သံတွေက ပြန်ပြီးအသက်ဝင်လာတာ ကိုယ်တိုင်ပဲ အသိဆုံး။

လေးနှစ်ကျော်ကာလသည် ရင်ခုန်သံတွေကို အေးစက်ခဲ့ပြီဆိုပေမယ့် . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

တစ်ခါတုန်းက အတိတ်နေ့ရက်များစွာမှာတော့ စက်နှင့်အတူ ပျော်စရာနေ့ရက်များစွာကို ရိုပ် ပိုင်ဆိုင်ခဲ့ဖူးပါသည်။

ထိုစဉ်တုန်းက ရိုပ်တို့ အင်ကြင်းနွယ် မြို့ကြီးနှင့်မဝေးလှသော သုံးလမ်းကျော်လောက်မှာ တိုင်းစက်နွယ်တို့၏ မြို့ကြီးကလည်း ခန့်ခန့် ထည်ထည် ရှိခဲ့သည်။

စက်ရဲ့ ဖေဖေနှင့် ရိုပ် ဖေဖေကလည်း မိတ်ဆွေတွေမို့ သက်တူ ရွယ်တူ စက်နှင့်ရိုပ်တို့သည်လည်း ငယ်ပေါင်းကြီးဖော် သူငယ်ချင်း ရင်းချာ တွေဖြစ်ခဲ့သည်။

ကျောင်းသွားအတူ၊ ကစားအတူ ရှိခဲ့သော သံယောဇဉ်က အထက်တန်း စာမေးပွဲအောင်သည့်နေ့မှာပဲ နှစ်ဦးရင်မှာ ပွင့်အံကာ





ချစ်သူဘဝကို ရောက်ခဲ့ကြသည်။

မှတ်မိသေးသည်။ ဆယ်တန်းအောင်စာရင်း ကြည့်ဖို့အတွက် ရိုပ် တစ်ညလုံး အိပ်မပျော်ခဲ့သော ည။

ရိုပ်တို့မြို့နှင့်ကျောင်းက အတန်အသင့်တော့ အလှမ်းဝေးတာမို့ မိုးမလင်းခင် ဝေလီဝေလင်း ရိုပ် တစ်ယောက်တည်း ထကြည့်ဖို့ဆိုတာ သေင့်တော်သလို ကြောက်လည်း ကြောက်မိသည်။

"စက် နင် ငါ့ကို လေးနာရီလောက် လာခေါ်နော်၊ ငါ တစ်ယောက်တည်း မသွားရဲလို့"

"အေးပါ ငါလာခေါ်မှာပါ"

မနေ့ညနေကတည်းက စက်ကို အကြိမ်ကြိမ် ကတိတောင်းကာ မနက်လေးနာရီအထိ ရိုပ် မျှော်ရသည်။

တကယ်တမ်းကျတော့ သန်းခေါင်ကျော်ကတည်းက လမ်းမ ပေါ်က ဟစ်အော်နေသော ကျောင်းသားတွေရဲ့အသံတွေကို ကြားကာ ရိုပ် အိပ်မပျော်နိုင်ခဲ့တာ ဖြစ်သည်။

နာရီကိုကြည့်တော့ တစ်နာရီကျော်ပဲ ရှိသေးသည်။ သည်အချိန် လောက်ဆို ရိုပ်တို့ အထက ကျောင်းဝင်းရှေ့မှာ ကျောင်းသား ကျောင်း သူတွေ စုဝေး စုဝေး ဖြစ်နေမှာ မြင်ယောင်မိတော့ ရိုပ် ဖင်ပေါက်ကြွကြွ ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရိပ် အိပ်မပျော်တာမို့ ဝရန်တာလေးကထွက်ကာ စက်ကို မျှော်မိသည်။ ချိန်းထားတာက လေးနာရီ။ ဒါပေမဲ့ သန်းခေါင်ကျော်တစ်နာရီလောက်ကတည်းက ကြားနေသော စက်ဘီး ဘဲလ်သံ၊ အော်သံတွေကြောင့် ရိပ် စိတ်တွေ လောနေမိခြင်းသာဖြစ်သည်။

တစ်ယောက်တည်းလည်း အပြင်ကို မထွက်ရဲတာမို့ စက်လာ ခေါ်ချိန်ထိပဲ စောင့်ရသည်။

သုံးနာရီကျော်လောက်မှာ စက်ဘီးဘဲလ်သံကို ကြားရသည်။

"စက် စက်ဘီးသံလား မသိဘူး"

ရိပ် နူတ်က တီးတိုးလေး ရေရွတ်မိကာ ဝရန်တာလေးဘက်က သုတ်သုတ်လေး ပြေးထွက်ကြည့်မိပြန်သည်။

အမှောင်ရိပ်ကြီးစိုးနေဆဲ ခြံတံခါးဝမှာ လက်နှိပ်ဓာတ်မီးရောင်ကို ဖွင့်ချီ ပိတ်ချီသုံးကြိမ် မြင်လိုက်ရသည်။

သေချာသည်။ ဒါ စက်နှင့်ရိပ်တို့ သိထားသည့် အချက်ပြမှုပဲ ဖြစ်သည်။ မီးလင်းနေသော ဝရန်တာမှ ရိပ်ကိုတော့ စက်မြင်မှာ သေချာသည်။

ညဝတ်ဂါဝန်အကျီအနီလေးပေါ်မှာ ဂျင်းခါးရှည်ပွ ဂျက်ကက် အနက်ရောင်ကို ကြယ်သီးမတပ်ဘဲ ရိပ် ဖောက်ဝတ်လိုက်သည်။

ဖြီးသည်နှင့် ရိပ် အပေါ်ထပ်အိပ်ခန်းထဲက ကသုတ်ကရိုက်





တလေး ဆင်းခဲ့သည်။ အိပ်ပျော်နေသော ဖေဖေနှင့် ဒေါ်လေးတို့ကို မနိုးဖြစ်တော့ပါ။ ညေ့ခန်းသံဘာဂျာတံခါးကို သော့ဖွင့်။ ပြီးတော့ အပြင်ထု သော့ပြန်ခတ်ထားလိုက်သည်။

ရိပ် ပြန်လာချိန်အထိ နိုးကြဦးမှာ မဟုတ်ဘဲ။ နိုးလျှင်လည်း နောက်ဖေးတံခါးပေါက်က ဖွင့်ထွက်ချင် ထွက်ကြစေတော့။

"ငါက နင် အိပ်ပျော်နေတုန်းပဲ ထင်နေတာ၊ တော်သေးတာ ပေါ့"

"ဘယ်လိုလုပ် အိပ်လို့ရမှာလဲ၊ သန်းခေါင်လောက်ကတည်းက လမ်းမပေါ်က အသံတွေ ကျောင်းဘက်က အော်သံတွေကြားနေတာ၊ ငါ တစ်ယောက်တည်း မထွက်ရဲလို့ နင့်ကိုစောင့်နေတာ စက်ရဲ့"

"တို့ပြောထားတာ လေးနာရီလေ အခု သုံးနာရီနစ်ဆယ်ပဲ ရှိသေးတယ်"

"ကျောင်းရှေ့မှာ ကျောင်းသားတွေတော့ အများကြီးရောက် နေမှာ သေချာတယ်၊ ငါတို့တော့ အတော်တိုးဝှေ့ပြီး ကြည့်ရမယ့်ပုံနော်၊ ကဲ နင်းလေ နင့်စက်ဘီးနဲ့ပဲ သွားကြမယ်"

စက်ဘီးနောက်ကယ်ရီခုံမှာ ရိပ် ဝင်ထိုင်တော့ စက် တိတ်ဆိတ်စွာပဲ နင်းသည်။

"ငါ ရင်တွေတုန်လိုက်တာ စက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ အောင်စာရင်းကြည့်ရမှာ အတွက်လား။ ဒါဆို နင်ဘာမှ မပူနဲ့တော့ ရိပ်၊ နင် တူးဒီနဲ့အောင်တယ်"

"ဘာရယ် စက် နင် နင်ကြည့်ပြီးပြီပေါ့ ဟုတ်လား"

ရိပ် အံ့ဩမယုံနိုင်သော လေသံနှင့် အနောက်က သူ့ပခုံးကို လှုပ်ကိုင်မေးတော့ စက်ဘီးက ဟန်ချက်ပျက်ကာ ယိမ်းယိုင်သွားသည်။

"ဟ ဖြည်းဖြည်းလုပ်ပါဟ စက်ဘီး မှောက်တော့မယ်"

သတိပေးရင်း သူ့ခြေနှင့်ထောက်ကာ စက်ဘီးကို ထိန်းရပ်တော့ ရိပ်ကလည်း အလိုက်သင့် ခုန်ဆင်းသည်။

"နှစ်နာရီကတည်းက ဇော်သန်းတို့ သီဟတို့ အိမ်လာခေါ်လို့ ကျောင်းရှေ့ကို တစ်ခေါက်လိုက်သွားတာ၊ အောင်စာရင်းတွေကြည့်ဖို့ ကျောင်းဝင်းတံခါးဖွင့်ပေးနေတာနဲ့ တိုးဝှေ့ကြည့်ခဲ့တာ၊ ငါလည်း အောင်တယ်၊ သရီးဒီ ပါတယ်"

စက် စာတော်တာ ရိပ် သိပါသည်။ စက်က ရိပ်ထက် ဉာဏ်ကောင်းသည်။ ဒီနှစ်ဘာသာလောက် ပါအောင် ရိပ်မှာ အတော်ကြိုးစားခဲ့ရတာ။

မျှော်လင့်ထားသည့်အတိုင်း ပါတာမို့ ဝမ်းသာလွန်းပေမယ့် အတူသွားကြဖို့ ပြောထားသည့်ကြားက စက့်က ကြိုသွားခဲ့တာမို့ မကျေမနပ်စိတ်လေးက ရိပ် ရင်ထဲဝင်လာသည်။





"နင် ပေးထားတဲ့ကတိကို ဖျက်တာပဲ စက်၊ ငါတို့ အတူသွားကြည့်ဖို့ ပြောထားရက်နဲ့"

"ဟိုကောင်တွေ လာခေါ်တာ အချိန်မတော်ကြီးဟ"

"ငါမှ မအိပ်သေးတာ နင် ဝင်ခေါ်သင့်တယ်"

"ဟာ နင်မအိပ်သေးတာ ငါမှမသိတာပဲ ရိပ်ရဲ့၊ ပြီးတော့ ငါတို့သွားကြမှာ ယောကျ်ားလေးတွေ၊ နင်တစ်ယောက်တည်း မိန်းကလေး ဘယ်သင့်တော်မှာလဲ"

"ဘာဆိုင်လို့လဲ နင်ပါတာပဲ၊ ပြီးတော့ ဇော်သန်းတို့ သီဟတို့ ဆိုတာကလည်း ငါနဲ့သူငယ်ချင်းတွေပဲ"

စာမေးပွဲအောင်၊ ဒီပါတာကို ဝမ်းသာတာက သပ်သပ်၊ စက်ဘက်က ဖျက်ခဲ့သော ကတိအတွက် ပြဿနာ တမင်ရှာနေမိတာက ရိပ်။

တိုင်းစက်နွယ် ဆိုသော သူငယ်ချင်းအကြောင်းလည်း ရိပ် သိပါသည်။ သူမှန်သည်ထင်လျှင် အမြဲတမ်း ခေါင်းမာစွာနှင့်ဆန့်ကျင်တတ်သူလေ။ ဒါပေမဲ့ ရိပ်ဆိုတဲ့ မြတ်နိုးရိပ်ထင်ကလည်း အလွယ်တကူ အလျှော့ပေးတတ်တာ မဟုတ်လေတော့။

"ခုကိစ္စမှာ နင်မှားတယ်လို့ ဝန်ခံစမ်းပါ စက်ရာ၊ ငါနဲ့နင် အတူသွားကြမှာကို နင့်ဘက်က ဖောက်ဖျက်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးမီးတိုင်က အလင်းမီးရောင် မှိန်ဖျော့ဖျော့အောက်မှာ အခြယ်အသ ကင်းစင်သော ရိပ် မျက်နှာဝင်းမွတ်မွတ်ကို စက် မျက်မှောင်ကုပ်ကာ စိတ်ပျက်သလို စိုက်ကြည့်၏။

အပြစ်ဆိုလို့ မြူတစ်မှုန် မထင်အောင်လှတဲ့ ကောင်မလေး။ အမြဲတမ်း သူ့ကို ကန့်လန့်တိုက် ဂျစ်ကန်ကန်လုပ်တာတော့ စိတ်ပျက်စရာ။

ခုလည်းကြည့် စေတနာကိုနားမလည်ဘဲ အပြစ်တင်နေလိုက်ပုံက ဆိုးသည်။ တစ်ညလုံး အိပ်မရသေးဆိုတာတော့ ဖြစ်နိုင်သည်။ မျက်ကွင်းလေးတွေ ချောင်ကျလို့ မျက်ဝန်းအစုံက ပိုပြီး လှပထင်ရှားပေါ်လွင်လာသလို ထင်ရသည်။

"ကဲ နင်ဝန်ခံတယ် မဟုတ်လား စက်"

"ငါ မမှားဘူး။ ဝန်မခံနိုင်ဘူး ရိပ်၊ ဘာလို့လဲဆိုတာ ထပ်ပြောရရင် သီဟဆိုတဲ့ကောင်ပါလာလို့ နင့်ကိုငါ တမင်ကိုဝင်မခေါ်တာ"

"ဘာရယ် ဘာဆိုင်လို့လဲ"

"ဆိုင်တယ် ဒီကောင်ကနင့်ကိုကြိုက်နေတာ"

"ဟင်"

"ဒီထက်ဆိုင်တာ ပြောရရင် နင့်ကိုဘယ်သူမှ နှစ်သက်တာကို ငါ မမြင် မကြားချင်ဘူး၊ ဘာလို့လဲဆိုတော့ နင့်ကို ငါ့ဘဝအတွက် ရည်ရွယ်ပြီး ငါ့နှလုံးသားထဲမှာ နေရာပေးထားလို့ပဲ"

"အို"

ရိပ် မျက်နှာလေး ပန်းသွေးလွှမ်းသွားတာထက်တောင် နီမြန်းထွေးနေမှာ သိပ်သေချာသည်။

စက် မျက်ဝန်းတွေကို ရင်မဆိုင်ရဲတော့တဲ့ မျက်နှာလွှဲ ခေါင်းငုံ့နေတာကို အခွင့်ကောင်းယူကာ စက် ရိပ် နဖူးလေးကို ဖျတ်ခနဲ နမ်းသည်။

"အို စက် နင်"

နောက်ထပ် ကြွေကျလာသော အနမ်းတစ်ပွင့်က ညာဘက်ပါးပြင်လေးပေါ် နွေးခနဲ။

"အို"

"နင် စိတ်ဆိုးသွားလား ရိပ်၊ ငါ တကယ် စိတ်မထိန်းနိုင်လို့ပါ။ ငါ ဒီနေ့ ဆယ်တန်းအောင်စာရင်းထွက်တာကို ရင်မခုန်ဘူးသိလား၊ ဒီနေ့ နင့်ကို ငါ့ရင်ထဲက ခံစားချက်တွေ ဖွင့်ဟဖို့အတွက်ပဲ ငါ ရင်ခုန်နေခဲ့တာ"

ကြည့်စမ်း စက်က အကြံအစည်တွေနဲ့ ကြိုတင်စီစဉ်လာခဲ့တာပေါ့။ ရိပ် ဘယ်လိုမှ ထင်မှတ်မထားမိပါ။

ဒေါသတွေထက် ရင်တွေလှုပ်ခတ်နေတာက ပိုပြီး လှိုက်ခုန်နေ





ဖျူးတာပေ

www.burmeseclassic.com

www.burmeseclassic.com



တာမို့ ရိပ် နှုတ်က တုံ့ပြန်စကားတို့ ဆွံ့အသေဆုံးနေခဲ့သည်။

အောင်စာရင်းတောင် သွားမကြည့်ဖြစ်တော့ဘဲ စက်နှင့်အတူ လမ်းလျှောက်ပြီး အိမ်ပြန်ခဲ့တာကို မှတ်မိသည်။

နံဘေးမှာ စက်ဘီးကိုတွန်းလိုက်ပို့ရင်း စက် ပြောသောစကား တွေကိုလည်း ရိပ် ကြားတစ်ချက် မကြားတစ်ချက်။

ရိပ်ကို သံယောဇဉ်ရှိတာတွေလည်း ပါသည်။ လေးနက်မြတ်နိုး တာတွေလည်း ပြောသည်။

အိမ်ထဲဝင်ခါနီးမှ ပြောသော စကားတစ်ခွန်းအတွက်တော့ ရိပ် ရင်တွေတုန်ယင်ကာ မမေ့နိုင်ခဲ့။

"ရိပ် ငါတစ်နေ့ကျရင် လက်ထပ်မယ့်မိန်းကလေးဟာ မြတ်နိုး ရိပ်ထင် ဆိုတဲ့ နင်ပဲဖြစ်ရမယ်"

ရိပ် ရင်ထဲအထိ စွဲကျန်ရစ်ခဲ့သော စကားကို စက် ဆိုခဲ့သည်။

သည့်နောက်ပိုင်း တစ်ပတ်လောက် စက်ကို ရှောင်နေခဲ့မိပေမယ့် ရိပ် အပြင်ထွက်ချိန်ကို တမင်စောင့်နေခဲ့သော စက်နှင့်ပြန်ဆုံတော့ လည်း

ငယ်သံယောဇဉ်နှင့် မဆွတ်ခင်က ညွှတ်နေမိသော ရိပ် စက်ရဲ့ မေတ္တာကို မငြင်းနိုင်ခဲ့ပါ။

ဒါပေမဲ့ ထိုချစ်ခြင်းအားလုံးတို့သည် ..။



## အခန်း (၅)

ဖေဖေ့အတွက် တစ်လပြည့်ဆွမ်းကျွေးပွဲကို ညေ့ခန်းထဲမှာပဲ ကျွေးဖို့ ရိပ် စိတ်ကူးမိသည်။

ညေ့သည်တွေ ရောက်လာလျှင် အဆင်ပြေကျယ်ဝန်းစေဖို့ အတွက် ရိပ် ကိုယ်တိုင် ဦးဆောင်ကာ ညေ့ခန်းကို ရှင်းလင်းစီမံရသည်။

နန်းငွေနှင့်ဒေါ်ကြည်မြကလည်း အားကိုးရ၏။ စားပွဲတွေကို အခန်းနံရံဘက်ကပ်ပြီး အခန်းတစ်ခုလုံး သန့်ရှင်းရေးလုပ်ပြီးတော့ ရိပ် တောင် ချွေးကလေးစို့သွားသည်။

ခဏနားပြီး ရေမိုးချိုးပြီးတော့မှ ရိပ် ညေ့ခန်းထဲ ပြန်လာခဲ့ သည်။ သေသေသပ်သပ် ရှင်းသန့်သွားသော ညေ့ခန်းအပြင်အဆင်ကို ရိပ် ကိုယ်တိုင်ပြန် တစ်စိမ့်စိမ့်ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



နံရံပေါ်က ဓာတ်ပုံတွေကို အကြည့်ရောက်သည်။ နုနုနယ်နယ်

နှင့်ရှင်းသန့်ချောမောနေသော မေမေ့ဓာတ်ပုံကိုမြင်တော့ ရိပ် ကိုယ်တိုင်

ရေရေရာရာ မမှတ်မိနိုင်သော ကလေးဘဝကို ပြန်တွေးကြည့်မိသည်

မေမေ ရှိစဉ်တုန်းကတော့ မိသားစုဘဝလေးသည် တကယ်

ပျော်စရာ ေကာင်းခဲ့သည်။ မေမေ့ကို ချစ်သော ဖေဖေသည် မိသားစု

ချစ်သော ယောကျ်ားတစ်ယောက် ဖြစ်ခဲ့၏။

အင်ကြင်းနွယ်သည် မိသားစု သုံးယောက်တည်းနှင့် ပျော်စရ

ကောင်းသော သုခဘုံလေးပမာရှိခဲ့သည်။

မေမေသည် ရုပ်ရည်ပြေပြစ်ချောမောသလို စကားပြောလည်

ကောင်းသည်။ မိန်းမပီသပြီး ခင်ပွန်းအပေါ် အားကိုးချစ်ခင်မှုအပြည့်

သော မေမေ့ကို ပိုင်ဆိုင်ခွင့်ရသည့် ဖေဖေသည် အမြဲတမ်း ကျေနပ်

ဂုဏ်ယူတတ်သူဖြစ်သည်။

ပျော်စရာကောင်းသော ရိပ်တို့မိသားစုဘဝလေးကို သေခြင်း

တရားက စောစီးစွာ ခွဲခွာဖို့ ဖန်တီးလာမည်ဟု ဖေဖေမျှော်လင့်ထား

မရခဲ့ပါ။

မထင်မှတ်ဘဲ မေမေ ဆုံးပါးတော့ ဖေဖေသည် အတော်

ခံစားသွားခဲ့ရပုံရသည်။ ဖေဖေ့ရဲ့မျက်ရည်တွေကို ရိပ် မမြင်ခဲ့ရပေမယ့်

ဖေဖေ့ရဲ့အသွင်ကတော့ တကယ့်ကို သူစိမ်းပြင်ပြင်နှင့် အပျော်အပြုံး





ထင်းစင်သွားခဲ့တာတော့ သေချာသည်။

အရက်တွေသောက်၊ လောင်းကစားလိုက်ဖြင့် ဖေဖေ အားလုံး

ပြောင်းလဲသွားခဲ့တာကို ရိပ် မသိခဲ့ပါ။ အသက် တစ်ဆယ့်နှစ်နှစ် အရွယ်

မျှသာ ရှိသေးသော ရိပ်က ကလေးသာသာအရွယ်မျှသာ ဖြစ်သည်။

ရိပ်ကိုလည်း ဖေဖေ ဂရုမစိုက်နိုင်ခဲ့တာ သေချာသည်။ မနက်

ဖေဖေ အိမ်ကထွက်ချိန်မှာ ရိပ် အိပ်ရာက မနိုးသေး။

ညဘက် ဖေဖေ အိမ်ပြန်ချိန်မှာ ရိပ်က အိပ်ပျော်နေတတ်ပြီ။

အင်ကြင်းနွယ်ကို ဒေါ်လေး သူဇာမြိုင်နှင့်ညီမလေး ပန်းပွင့်

အိမ်တို့ ရောက်လာမှ ရိပ်ဘဝလေး ပြန်ပြီး ပျော်စရာကောင်းခဲ့တာ

ဖြစ်သည်။

ရိပ် နှောင်တွယ်ခဲ့သည်က ဖေဖေကို မဟုတ်တော့ဘဲ ဒေါ်လေး

နှင့်ချစ်စရာကောင်းသော ညီမဝမ်းကွဲ အိမ်ကလေး အပေါ်မှာပဲဖြစ်သည်။

ဒေါ်လေးက အမိမဲ့ ရိပ်ကို သမီးရင်းချာလို ဂရုစိုက်သည်။

ချစ်ခင်ယုယသည်။ သည်အခြေအနေကပဲ ရိပ်ကို ဖေဖေ ဂရုစိုက်စရာ

မလိုအောင် အခြေအနေဖြစ်သွားခဲ့သည်ထင်သည်။

ဖေဖေက ရိပ်ကို ဒေါ်လေးနှင့်ပဲ ယုံကြည်စိတ်ချသွားခဲ့သည်။

ဖေဖေ့ရဲ့ယုယကြင်နာမှုကို မပိုင်ဆိုင်ရသော ရိပ်ကလည်း ဒေါ်လေးကို

ဖေဖေ့ထက်ပိုပြီး သံယောဇဉ်ကြီးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရိပ်ထက် ခြောက်နှစ်ခန့်ငယ်သော ညီမလေးကို ရိပ် ချိုးကစား ရတာကို ကျေနပ်သည်။

ဖေဖေ တိမ်းပါးတော့ အင်ကြင်းနွယ်နှင့်ကျဆင်းဆုံးရှုံးနေသော စီးပွားရေးတွေကိုပဲ ရိပ် ချောက်ချားမယုံနိုင်စွာ သိလိုက်ရတော့သည်။

သမီးကို အချိန်မပေးနိုင်အောင် ဖေဖေ့အလုပ်တွေထဲမှာ နစ်မြုပ်နေခဲ့သည်ဟု ရိပ် ထင်ထားခဲ့သမျှ အမှားတွေချည်းမှန်းသိခဲ့ရ သည်။

မန္တလေးတက္ကသိုလ်အထိ သွားရောက်ကာ ကျောင်းတက်နေခဲ့ သော ရိပ် ဖေဖေ့အကြောင်း ဘာမှမသိခဲ့၊ ကျောင်းပိတ်ရက် အင်ကြင်း နွယ်ကို ရိပ် ပျော်ရွှင်စွာပြန်ခဲ့တာ ဒေါ်လေးနှင့်ညီမလေးတို့ကို သတိရ လွမ်းဆွတ်တာက ပိုသည်။

"သမီး ဖေဖေက သမီး မေမေကို သိပ်ချစ်တာ၊ သမီးမေမေ ဆုံးတော့ သူ အတော်ခံစားသွားရတယ်၊ အဲဒီ ဝေဒနာနဲ့အရာရာကို ဥပက္ခာပြုပြီး အစ်ကိုကြီး အမှားတွေ ဆင့်မှားခဲ့တာပေါ့"

ဒေါ်လေးက အစ်ကိုဖြစ်သူဘက်က ခံစားပြီး ဖြေရှင်းပေမယ့် ရိပ် လက်မခံနိုင်ပါ။

"မေမေ့စိတ်နဲ့ ရိပ်တို့ကိုဖေဖေ ဥပက္ခာပြုခဲ့တာပေါ့၊ ရိပ်တို့ အနာဂတ်အတွက် ဘာတစ်ခုမှ မစဉ်းစားတော့ဘဲ အင်ကြင်းနွယ်ကြီးပါ





ဆုံးရှုံးအောင် လုပ်ခဲ့တာပေါ့ ဟုတ်လား ဒေါ်လေး"

"သမီးရယ် ဒီလိုမပြောပါနဲ့ကွယ်၊ အဖေဆိုတာ အနန္တဂိုဏ်းဝင် တွေ"

"ဖေဖေ့ကို သမီး နာကျည်းစော်ကားနေတာ မဟုတ်ဘူး ဒေါ်လေး၊ ဖေဖေ ဆင်ခြင်ဉာဏ်မဲ့စွာ လုပ်ခဲ့တာတွေအတွက် သမီး အံ့သြတာ၊ နားမလည်နိုင်ဖြစ်နေခဲ့တာပါ ကျန်ရစ်ခဲ့တဲ့ သမီးတစ်ယောက် နဲ့ မုဆိုးမ ဒေါ်လေးတို့သားအမိ မျက်နှာကိုတောင် ဖေဖေ့ဥပက္ခာပြုတာ တော့ မဟုတ်သေးပါဘူး"

"ကဲပါ သမီးရယ် လောကကြီးထဲမှာ မရှိတော့တဲ့သူကို အပြစ် မဖွဲ့ပါနဲ့တော့ကွယ်နော် သမီး"

ဒေါ်လေးရဲ့အစ်ကိုအပေါ်ခွင့်လွှတ် နားလည်နိုင်မှုကတော့ ကြီး မားပါသည်။ တကယ်ဆို အင်ကြင်းနွယ်သည် ဖေဖေနှင့်ဒေါ်လေးတို့ နှစ်ဦးအမွေဆက်ခံရမည့် ပိုင်ဆိုင်မှုဖြစ်သည်။

အခုတော့ ပတ်လည်ဝိုင်းနေသော အကြွေးတွေ၊ ရပ်ဆိုင်းမ တတ်ဖြစ်နေသော လုပ်ငန်းတွေနှင့်ဆုံးရှုံးလုမတတ် ဖြစ်နေသော အင် ကြင်းနွယ် ခြံကြီးပေါ်မှာ ရိပ်တို့ မိန်းမသားသုံးယောက်တည်း ကျန်ရစ် ခဲ့ရမည့် အနာဂတ် အရှုပ်ကြီးကို မျှော်ကြည့်လိုက်တိုင်း

ရိပ် နှုတ်က ပင့်သက်မောတောင် အဆုံးမသတ်သေးခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းထဲကို အပြေးတစ်ပိုင်းလေးဝင်လာသူက ပန်းပွင့်အိမ်။

"ဟာ ဒီလိုဆိုတော့လည်း ညည့်ခန်းက ရှင်းသန့်သွားတာပဲ၊ မမ ရိပ် ရှင်းနိုင်းလိုက်တာလား ဟင်"

"ဟုတ်တယ် အိမ်ကလေး မမရိပ်နဲ့ နန်းငွေတို့နှစ်ယောက် ဒီမနက်ပဲ ဝိုင်းရှင်းလိုက်ကြတာ၊ စောစောကမှ ပြီးတယ်"

"မမရိပ် ညည့်ခန်းရှင်းမယ်ဆို အိမ့်ကို ကြိုပြောရောပေါ့၊ အိမ် မသိလို့ အပြင်ထွက်လည်နေတာ"

အပြစ်ရှိသူတစ်ယောက်လို အိမ်ကလေး ခေါင်းကလေးကုတ်ကာ ဆိုတော့ ရိပ် ပြုံးပြုံးကြည့်ရင်း

"ရပါတယ်၊ ညီမလေးရယ်၊ ဖေဖေ့ရဲ့ တစ်လပြည့် ရက်လည်ကျရင် ညည့်သည်တွေကို ညည့်ခံဖို့ ပြင်ဆင်နေတာပါ"

"အိမ်လည်း သတိုးကိုပြောခဲ့သေးတယ်၊ မနက်ဖြန်ကျရင် သတိုးက သူ့အဖေ မွေးမြူရေးခြံထဲက အလုပ်သမားတွေခေါ်လာပြီး ခြံထဲမှာ လာကူရှင်းပေးမယ်တဲ့ မမရိပ်ရဲ့"

"အားနာစရာကွယ်"

"အို ဘာအားနာစရာရှိလို့လဲ မမရိပ်ကလည်း သတိုးပဲ ဥစ္စာ"

"သတိုးလေးမှာလည်း သူ့အလုပ်တွေနဲ့သူလေ အိမ်ရဲ့၊ ခြံထဲက အလုပ်သမားတွေမါ လာဝိုင်းလုပ်ပေးရမှာဆိုတော့"





"အစ်ယောက်တစ်လက် ဝိုင်းလုပ်လိုက်ရင် တစ်မနက်လောက်နဲ့ ခြံထဲက ရှင်းလင်းသွားမှာပေါ့ မမရိပ်ရဲ့၊ ခြံရှင်းဖို့ အိမ်တို့မှာ ယောက်ျား သားမှမရှိတာ၊ သတိုးက နားလည်ပါတယ်၊ သူကိုယ်တိုင် ကူညီချင်နေ တာ အဟင်း"

အိမ်ကလေးကတော့ ကလေးပီပီ ဘာမှမလေးအနက်မထားဘဲ မြူးမြူးလေးပြောနေသည်၊ ရိပ် ဘာမှမပြောတော့ဘဲ ခေါင်းညိတ်လက်ခံ လိုက်ရင်း

"သတိုးတို့ မနက်ဖြန်လာကူကြမယ်ဆိုရင် ဒေါ်ကြင်မြကို မနက် စာတော့ ချက်ပြုတ်ထားခိုင်းရမှာပေါ့၊ ဘယ်နှစ်ယောက် လာကြမှာလဲ ညီမလေး"

"အလုပ်သမား ငါးယောက်လောက် သတိုး ခေါ်လာမယ်တဲ့ မမရိပ်"

"အေး အေး ဒါဆို မမရိပ် စီစဉ်ထားလိုက်မယ်၊ ညီမလေး အဝတ်အစားလဲတော့လေ၊ မမတို့ ထမင်းအတူစားရအောင်"

"ဟုတ်"

ခါးတိုတီရှပ်ဖြူလေးနှင့် ဂျင်းပြာစကပ်လေးကို ဝတ်ဆင်ထား သော အိမ်ကလေး လိပ်ပြာလေး ပျံဝဲသလို အခန်းထဲက ပြေးထွက်သွား ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်တော့ ရန်ကုန်တက္ကသိုလ်အထိ ကျောင်းသွားတက်ချင်သော အိမ်ကလေး ဆန္ဒကို ဒေါ်လေးက ခွင့်မပြုချင်ပေမယ့် ရိပ်က အလိုလိုက်ကာ ခွင့်ပြုပေးဖို့ ကြားကဝင်ကူပြောပေးခဲ့သည်။

မြို့က အဖော်အသင်းမရှိသော ကိစ္စအတွက် အိမ်ကလေးက သူနှင့်အတူ တက်မည့် သတိုးခကို ဘယ်လိုစည်းရုံးလိုက်သည်မသိပါ။

သတိုးခ ဆိုသည်က အိမ်ကလေးနှင့်ရွယ်တူ ကျောင်းနေဘက် သူငယ်ချင်း ဖြစ်သည်။

သတိုးခ မိဘတွေက မွေးမြူရေးခြံနှင့်စိုက်ပျိုးရေးခြံလုပ်ငန်းတွေကို လုပ်ကိုင်ကြသည်။ တစ်ဦးတည်းသောသား သတိုးခရဲ့ပညာရေးကိုလည်း အလေးထားသည်။

မိဘတွေ၏လုပ်ငန်းအမွေကို ဆက်ခံဖို့ ရည်ရွယ်သော သတိုးခက ရန်ကုန်မှာပဲ တိရစ္ဆာန်ဆေးကု ဆရာဝန်ဖြစ်ဖို့ ရည်ရွယ်ထားသည်။

ရွယ်တူတွေဖြစ်ပေမယ့် အိမ်ကလေးထက်စာလျှင် သတိုးခက ရင့်ကျက်တာ ရိပ် သိနေသည်။ ဒါပေမဲ့ ရိပ် စိုးရိမ်မိတာတစ်ခုမဲ ရှိသည်။

ညီမလေးနှင့်သတိုးခတို့ အနာဂတ်ကိုဖြစ်သည်။ ငယ်သံယောဇဉ်ဆိုသော အခြေအနေနှင့်သူတို့လေးတွေ နှလုံးသားနီးစပ်နေတာတော့ ရိပ် ရိပ်မိပါသည်။

ရန်ကုန်မှာ အတူကျောင်းတက် ခုလို နွေကျောင်းပိတ်ရက်





ပြန်လာတော့လည်း တစ်နေ့မတွေ့ရ မနေနိုင်ဖြစ်နေပုံက တော်ရုံ သံယောဇဉ်တော့ မဟုတ်နိုင်။

စိုးရိမ်သည်က သူတို့လေးတွေ ပညာရေးမဆုံးခင် ဘဝတစ်ခု ထည်ထောင်ဖို့ ကြံစည်သွားမှာကိုပဲဖြစ်သည်။

"ဟာ မမရိပ်ကလည်း အဲဒီအတွက် မပူပါနဲ့။ သတိုးက သိပ်ရည်ရွယ်ချက်ကြီးတာ၊ သူက တိရစ္ဆာန်ဆရာဝန်တွဲ့ရတာနဲ့ သူ့မိဘတွေရဲ့ မွေးမြူရေးခြံကို တာဝန်ယူမှာတဲ့၊ ပြီးမှ ကျန်တဲ့ဘဝကိစ္စတွေ စဉ်းစားမှာ"

ရိပ် ပွင့်လင်းစွာမေးတော့ အိမ်ကလေး ဖြေသည့်စကားကြောင့် စိတ်တော့အေးရပါသည်။ ညီမအရင်းအချာ မဟုတ်ပေမယ့် အိမ်ကလေးသည် ရိပ်အတွက် ညီမအရင်းအချာတစ်ဦးလိုပါပဲ။

ဒုတိယနှစ်တက်တော့မည့် အင်္ဂလိပ်စာမေဂျာ အမ်မိကဲ ကျောင်းသူကြီးဖားဖား ဖြစ်နေပေမယ့် ညီမလေးသည် ခုချိန်ထိ ကလေးဆန်နေဆဲ။ ထင်ရာစိုင်းချင်သည့် ညာဉ်ကလေးရှိနေဆဲ။

သံယောဇဉ်ဆိုတာကို နှောင်တွယ်မိသည့်ရိပ်အတွက်ကတော့ ရင်ဆိုင်နေရသမျှသည် ရင်မောစရာတွေချည်းပါပဲလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကိုယ့်ခြံဝင်းကို စေတနာနှင့် လာရောက်ကူညီရှင်းလင်းပေးမည့် သူတွေဆိုတော့ ရိပ်ကလည်း တာဝန်ကျေအောင် စီစဉ်ရသည်။

သတိုးခနှင့်အတူ ပါလာမည့် အလုပ်သမားက ငါးယောက်ဟု ဆိုသည်။ ပိုပိုမိုမို ချက်ပြုတ်ဖို့အတွက် ဒေါ်ကြည်မြကို ရိပ် ဈေးမသွား ခင်မှာကြားသည်။

"ဒေါ်ကြည် ထမင်းစားကြမှာ. ခြောက်ယောက် ဆိုပေမယ့် လောက်ငအောင် စီစဉ်မှဖြစ်မှာနော်၊ ဝက်သားဟင်းနဲ့ ငါးပိကြော် ကြော် မယ်၊ ပြီးတော့ အရည်သောက်ဟင်းအတွက် ကင်ပွန်းရွက်ချဉ်ဟင်းလေး ချက်ပေး၊ ဝက်သားမစားတဲ့သူအတွက် အဆင်ပြေအောင် ငါးဟင်းလေး နှပ်ချက်နော်၊ တို့စရာလေးနဲ့အသီးအနှံကြော်လေးပါ ဖွယ်ဖွယ်ရာရာလေး





တော့ စီစဉ်ပေးဦးနော်"

"စိတ်ချ သမီးလေး။ ဒေါ်ကြည် အဆင်ပြေအောင် ချက်ပြုတ် ပေးပါ့မယ်"

ချက်ပြုတ်ရေးကိစ္စအတွက် ဒေါ်ကြည်မြနှင့်အတူ နန်းငွေကိုပါ မီးဖိုဝင်ကူနိုင်းမည်စိတ်ကူးပြီးမှ မဖြစ်သေးတာကို သတိရသည်။

မနန်းငွေက ဒေါ်လေးရဲ့ဝေယျာဝစ္စတွေနှင့် သိပ်အားလပ်တာ မဟုတ်ပါ။ သည်တော့ မီးဖိုထဲကို ရိပ်ကိုယ်တိုင် ဝင်ကူညီဖို့ပဲ ဆုံးဖြတ် လိုက်၏။

"ဒီမနက် မောင်သတိုးခတို့ ခြံရှင်းဖို့လာကူကြမယ်ဆို ဟုတ် လား သမီး"

အိပ်ရာက နိုးလာသော ဒေါ်လေးက ရိပ်ကိုမေးသည်။

"ဟုတ်တယ် ဒေါ်လေး။ ဒေါ်ကြည်မြကိုတောင် ဈေးသွားခိုင်း လိုက်ပြီ၊ သတိုးက ခြံက အလုပ်သမားတွေနဲ့လာကြမှာဆိုတော့ ချက်ပြုတ် ကျွေးမွေးမလို့လေ"

"အင်း ကောင်းပါတယ်၊ မကြည်နဲ့နန်းငွေတို့ ဝိုင်းဝန်းချက်ပြုတ် လိုက်ရင် အဆင်ပြေတာပေါ့"

"ဒေါ်ကြည်ကို ရိပ် ကူပါ့မယ်၊ နန်းငွေက ဒေါ်လေး ခိုင်းစရာ ရှိရင် ခိုင်းဖို့ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး ဘာမှခိုင်းစရာမရှိပါဘူး။ ဒီမနက်နေလို့ထိုင်လို့ အဆင်ပြေပါတယ် သမီးရဲ့၊ သမီးအသော ခြံထဲမှာ လိုတာခိုင်းဖို့ နေပေး လိုက်သိ၊ နန်းငွေနဲ့မကြည်တို့ကို ဒေါ်လေးတောင် ဝင်ကူလို့ရသေးတယ်"

အမြွတမ်း သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါဝေဒနာတစ်ခုခု ကြောင့် လန်းလန်းဆန်းဆန်း မရှိတတ်သည့် ဒေါ်လေးသူဇာ ဒီမနက် တော့ ရွှင်ရွှင်လန်းလန်း ရှိနေပုံရသည်။

"ဒေါ်လေး နေသာရဲ့လား"

"နေကောင်းပါတယ် နန်းငွေကို ဒေါ်လေး မလိုပါဘူး"

"ဒါဆို ရိပ် ခြံထဲမှာပဲ ဝင်ကူလိုက်မယ်နော်၊ ဒေါ်လေး သက် တောင့်သက်သာ နေပါ၊ မီးဖိုထဲဝင်ကူစရာ မလိုပါဘူး"

ဒေါ်လေး ခေါင်းညိတ်ပြကာ ရေချိုးခန်းဘက် လှမ်းသွားသည်။ ထိုအခိုက်မှာပဲ ခြံထဲမောင်းဝင်လာသော ကားဆီမှ ဟွန်းသံကြောင့် ရိပ် ညှိခန်းဘက် လှမ်းခဲ့သည်။

ညှိခန်းထဲရောက်တော့ ဆင်ဝင်အောက်အထိ ရောက်ကာ ရပ်နေသော ပန်းပွင့်အိမ်ကို တွေ့ရသည်။ ခြံတံခါးဆီသို့ ရိပ် လှမ်းကြည့် တော့ မောင်းဝင်လာသည့် ကားက အနက်ရောင်ဖိတ်ဖိတ်တောက် ပြောင်နေသော Mark II ကားကြီးဖြစ်နေသည်။

"မမရိပ်ရေ သတိုးတို့အဖွဲ့လာနေပြီ"





ရိပ် ညှိခန်းထဲ မရောက်သေးဘူးထင်ကာ အိမ်ကလေးက လှမ်းအော်နေသေးသည်။

ခြံရှင်းဖို့လာသည့်ကားကတော့ တကယ့်ဖိမ်ခံကားကြီးနှင့်မို့ မိုးမျက်နုံးလေးတွေတော့ တွန့်ကွေးသွားရသည်။

ကားလေးက ဆင်ဝင်အောက်မှာ ထိုးရပ်သွားခဲ့သည်။

တံခါးဖွင့်ဆင်းလာသူက သတိုးခ။

နောက်ခန်းတံခါးဖွင့်ဆင်းလာသူတွေက သတိုးခ ခြံမှအလုပ် သမားတွေ ဖြစ်သည်။ ရိပ် ညှိခန်းတံခါးဆီ လှမ်းခဲ့တော့မှ တစ်ဖက် အားရှေ့တံခါးပွင့်သွားပြီး ဆင်းလာသူက

"ဟင်"

ရိပ် မျက်ဝန်းတွေ မယုံနိုင်အောင် ပိုင်းစက်သွားရသည်။ ခြေ လှမ်းတွေလည်း တွန့်ခနဲဖြစ်ကာ ရပ်တန့်သွားခဲ့သည်အထိ။

အနက်ရောင် ရှပ်အင်္ကျီကွက်နှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင် ထားသောသူ အရပ်အမောင်းက အားလုံးထက် ခေါင်းတစ်လုံးသာနေ သည်။

လှိုင်းတွန့်ဆံပင်တွေကို အနက်ရောင်ရောင်မျက်မှန်ကို ချွတ် လိုက်တော့ ရိပ် ကျွမ်းဝင်ရင်းနှီးခဲ့ဖူးသော မျက်ဝန်းညိုတွေကို မြင်လိုက် ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေက ချက်ချင်းနဖတ်ရှင်သန်လာသလိုပါပဲ။

စိမ်းညို့တန်းသော မျက်ခုံးတွေအောက်မှ စက် မျက်ဝန်းတွေ မှာလည်း ဟိုးအရင်တုန်းအတိုင်း ကျွမ်းဝင်သော အပြုံးတွေ အခိုင် ထင်နေဆဲ။ အစက်အပြောက်ကင်းသော မျက်နှာပေါ်က စိမ်းမြသော မှတ်ဆိတ်၊ နှုတ်ခမ်းမွှေးရာတွေကြောင့် ယောကျ်ားပီသခန့်ညားသော ရုပ်အသွင်က စွဲဆောင်မှုပြည့်နေဆဲ။

"မမရိပ် ကိုကိုစက် လေ"

အိမ်ကလေးက သတိပေးသလိုနှင့် ရိပ်ကို လှမ်းပြောသည်။

သည်တော့မှ တလုပ်လုပ်ခုန်သွားသော ရင်ခုန်သံကို ပြန်ချု ထိန်းရင်း ရိပ် ခြေလှမ်းတို့ကို ဟန်မပျက်ဆက်လှမ်းခဲ့သည်။

"မမရိပ် ခြံရှင်းဖို့အတွက် နောက်ထပ် အလုပ်သမားတ ယောက် ကျွန်တော် ထပ်ခေါ်လာတယ် အဟင်း ဟင်း"

သတိုးခက ရယ်မောရင်းဆိုသည်။ တိုင်းစက်နှယ် နှုတ်ခမ် လဲ့လဲ့တွေ နှစ်လိုဖွယ်ရာ ပြုံးရယ်သွားရင်း

"ရိပ် နေကောင်းတယ်နော်"

အခေါ်အဝေါ်တွေက မပြောင်းလဲသေးသလို၊ လေးနှစ်ဆိုသော ကာလအတွင်းမှာ စက်သည် ဟိုးအရင်ကအတိုင်း ခင်မင်နှစ်လိုဖွယ် ကောင်းဆဲဟု ရိပ် အကဲခတ်မှတ်ချက်ပြုမိသည်။





"ကောင်းပါတယ် စက်၊ ဘယ်ကဘယ်လို သတိုးတို့နဲ့ ဆုံလာခဲ့ကြတာလဲ"

"မနေ့ကတည်းက ဒီနေ့ ရိပ်တို့ခြံကို သတိုးတို့လာမှာသိလို့ ချိန်းပြီး ကိုယ်ခေါ်လာတာ၊ ကိုယ်လည်း ရိပ်တို့အိမ်လာဖို့ အစီအစဉ်ရှိထားတယ်လေ"

"ဟုတ်တယ် မမရိပ်၊ နို့မို့ ခြံထဲက ထော်လာဂျီနဲ့လာရမှာ အတောင်းချင်တော့ ကိုကြီးစက်ရဲ့ကားကြီးနဲ့လိုက်ခဲ့ရတာလေ၊ ကဲ ကိုကြီးစက်တို့ စကားပြောကြဦး၊ ကျွန်တော်တို့ အလုပ်စလိုက်ဦးမယ်"

"အိုကေ သတိုး၊ ခဏနေရင် ကိုယ်လည်းလာခဲ့မယ်"

"ရပါတယ် ကိုကြီးစက် လွတ်လွတ်လပ်လပ်နေပေါ့"

သတိုးခက အလုပ်သမားငါးယောက်ကို ဦးဆောင်ကာ ခြံဝင်းထဲ လှမ်းထွက်သွားတာမို့

"သတိုး မင်းတို့ကော်ဖီသောက်ကြဦးမလား"

"စားခဲ့ပြီးပြီ မမရိပ်၊ နေမပူခင် လုပ်စရာတွေလုပ်ထားမလို့ရတယ်၊ မမရိပ်တို့ အေးအေးဆေးဆေးစကားပြောကြပါ"

"သတိုးတို့နဲ့ အိမ်ပါလိုက်ကူပေးမှာပေါ့"

အိမ်ကလေးကလည်း တမင်ရှောင်ထွက်သွားခဲ့သည်။ ရိပ်နှင့် စက်တို့နှစ်ဦးတည်း ဧည့်ခန်းထဲမှာ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရိပ် ငါမြန်မာပြည်ပြန်ရောက်တာ သုံးရက်ပဲရှိသေးတယ်၊ နင့်ဆီကို အရင်ဆုံးလာခဲ့ချင်တာ အရေးကြီးတဲ့ကိစ္စတွေ လိုက်ရှင်းနေလို့ ဒီနေ့မှပဲ ငါလာနိုင်တယ်ဟာ၊ အန်ကယ်အတွက်တော့ ငါ တကယ် စိတ်မကောင်းပါဘူးဟာ"

စ.ဂ် လေသံ၊ စက် အမူအယာတွေက အခုချိန်ထိ တရင်းတနှီး ကျွမ်းဝင်နေဆဲပေမယ့် ရိပ် စိတ်ထဲမှာတော့ မဝံ့မရဲဖြစ်နေခဲ့သည်။

လေးနှစ်ဆိုသော ကာလနှင့်သည်လို ပြန်ဆုံနိုင်မည်ဟု ရိပ် စိတ်က ဘယ်တုန်းကမှ မျှော်လင့်မထားမိတာ အမှန်။

"အထဲဝင်ထိုင်ပါဦး စက်"

အခုမှပဲ ဧည့်ခန်းထဲကို ရိပ် ဖိတ်ခေါ်ရတော့သည်။ စက်က ရိပ် ဖိတ်ခေါ်မှုကို ခေါင်းညိတ်ကာ ဧည့်ခန်းထဲလိုက်ဝင်ခဲ့သည်။

ဆိုဖာထိုင်ခုံတွေမှာ ထိုင်မိတော့ စက် မျက်ဝန်းတွေက ရိပ် တစ်ကိုယ်လုံးခြုံ၍ အကဲခတ်ကြည့်ရင်း မျက်ဝန်းတွေထဲအထိ ရောင်စဉ် ဖြာလဲ့အောင် ပြုံးသည်။

"ရိပ် နင်က အရင်ကအတိုင်းပဲနော် မပြောင်းလဲဘူး"

"နင် ထင်လို့ပါ၊ အားလုံးပြောင်းလဲသွားကြတာပါ၊ လေးနှစ်ဆိုတဲ့ကာလက လေးရက်မှ မဟုတ်ဘဲ"

"ငါ့အတွက်တော့ ဘာမှမပြောင်းလဲဘူး ရိပ်၊ အင်ကြင်းနွယ်





ကြီးတော့ နင်ကော ငါ ဟိုနိုင်ငံမှာ တွေးမြင်ထားတဲ့အတိုင်းပဲ"

"နင် ထွက်မသွားခင်တုန်းက ဖေဖေရှိသေးတယ်၊ ပြီးတော့ ဒီ အင်ကြင်းနွယ်ကြီးက ခန့်ခန့်ညားညားလေ၊ အခုတော့ နင့်မျက်မြင်ပဲ ဖေဖေ မရှိတော့ဘူး၊ အင်ကြင်းနွယ် ခြံကြီးလည်း ယိုယွင်းနေပြီ၊ သတိုးခေါင် လာရှင်းလင်းပေးနေရပြီ"

"ပြီးရင် နဂိုအတိုင်း လှပခန့်ညားသွားမှာပါ၊ အန်ကယ် အတွက်တော့ သေခြင်းတရားက ဘယ်သူမှရှောင်လွှဲမရနိုင်ဘဲဟာ"

နစ်သိမ့်စကားတွေလား။ ရိပ် ရင်ဆိုင်နေရတဲ့ ဒုက္ခတွေကိုမှ စက် မသိနိုင်လေတော့ နှုတ်ဆိတ်ခြင်းနှင့်ပဲ ရိပ် ငြိမ်သက်နေလိုက်ပါသည်။

"ဒေါ်လေး သူဇာ နေကောင်းတယ် မဟုတ်လား ရိပ်၊ အိမ်ကလေးနဲ့ ငါဆုံတာ နင်ကြားမှာပေါ့"

"အင်း ညီမလေး ပြောပြပါတယ်၊ နင့်အဖေကော ဟိုမှာ ကျန်းကျန်းမာမာပဲလား စက်"

"ဒယ်ဒီ ကျန်းမာပါတယ်၊ ငါအခု မြန်မာပြည်ကို အပြီးပြန်လာတာ ရိပ်၊ ဒယ်ဒီက နောက်တစ်လလောက်ဆို ပြန်လာလိမ့်မယ်၊ ငါတို့ ဟိုမှာ ရှယ်ယာဝင်ထားတဲ့ ကုမ္ပဏီက လုပ်ငန်းကိစ္စတွေ အပြီး အပြတ်ရှင်းပြီးရင် ဒယ်ဒီ ဒီကိုပြန်လာပြီး အေးအေးချမ်းချမ်း နေတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့"

လှိုင်ကော်က ခြံနှင့်အိမ်ကို အပြီးအပိုင်ရောင်းချပြီး ရေခြား မြေခြားကို ထွက်သွားခဲ့သော စက်တို့သားအဖ မြန်မာပြည်ကို အပြီး ပြန်လာတာကြောင့် ရိပ် အံ့ဩသလိုတော့ ဖြစ်ရသည်။

"ကဲ ခြံထဲမှာ ငါ သတိုးတို့နဲ့ ပိုင်းကူလိုက်ဦးမယ် ရိပ်၊ နင်နဲ့ ငါ နောက်မှ စကားအေးဆေးပြောကြတာပေါ့"

"မဟုတ်တာ နင် ခြံထဲမှာ ဘာလုပ်မလို့လဲ၊ မလုပ်ပါနဲ့ သတိုး ခြံက အလုပ်သမားတွေ ရှိပါတယ်"

"သတိုးတို့နဲ့အတူ နင့်ခြံကိုပိုင်းကူရှင်းပေးမလို့ ငါလာတာလေ နင် လုပ်စရာရှိတာ လုပ်ပါ၊ ငါ သတိုးတို့နဲ့ ခြံထဲမှာရှိမယ်"

ဒီလို ဖွတ်တရွတ်နိုင်လှတာက စက်ရဲ့အမူအကျင့်ပဲဖြစ်သည်။ ခုချိန်အထိ မပြောင်းလဲသေးသော စက်ကတော့ ရိပ်ကို နှုတ်ဆက်ကာ ခြံထဲဆင်းသွားခဲ့သည်။

တစ်မနက်လုံး သတိုးတို့အဖွဲ့နှင့်အတူ သူ ခြံထဲမှာပဲ ရှိနေခဲ့ သည်။ ကိုင်းခုတ်မားကိုကိုင်ကာ ခြံထဲက ခြုံနွယ်တွေရှင်းတော့လည်း စက် ဝင်ပါသည်။ ခြံထဲက ပန်းအိုးတွေ ရှင်းလင်းတော့လည်း စက် ဝင်ကူသည်။

အပေါ်အင်္ကျီချွတ်ကာ စွပ်ကျယ်ချိုင်းပြတ်နှင့် ခြံအလုပ်တွေ





ဦးဆောင် လုပ်ကိုင်ပေးနေသော စက်က ဟိုးလေးနှစ်ကျော်ကာလမှာ နိုင်သီသော တိုင်းစက်နွယ်သည့် အခုတော့ ရိပ် မျက်စိရှေ့မှောက်မှာ ယောကျ်ားပီသခန့်ညားသော ယောကျ်ားကြီးတစ်ဦးအသွင် ပြောင်းလဲ နေခဲ့တာတော့ အသေအချာ။

ကျစ်လျစ်သန်မာသော ကိုယ်ခန္ဓာ အချိုးအဆစ်နှင့် မြင့်မား ထွားကျိုင်းသော စက်ကိုကြည့်ကာ ရိပ် ဟိုးငယ်စဉ်က ဘဝလေးကို ပြန်ပိုင်ဆိုင်သွားခဲ့သလိုပါပဲ။

ရိပ်နှင့်အိမ်ကလေးတို့ကလည်း တတ်စွမ်းသ၍ ပိုင်းဝန်းကူညီ ရင်း တစ်ယောက်တစ်လက်နှင့် အင်းကြင်းနွယ်ခြံကြီး ကြည့်ပျော်ရှုပျော် ဖြစ်သွားခဲ့တာတော့ အမှန်။

"ကဲ အားလုံးပြီးရင် မနက်စာ စားရအောင်၊ မမရိပ်က အားလုံး အတွက် ဒေါ်ကြည့်ကိုစပါယ်ရှယ် ချက်ခိုင်းထားတာနော်"

အိမ်ကလေးက မြူးမြူးလေးဆိုရင်း အားလုံးကိုဖိတ်ခေါ်သည်။

ရိပ်တို့မိသားစုသုံးယောက်နှင့် သတိုးတို့ခြံ အလုပ်သမားအုပ်စု အပြင် စက်ပါဝင်သော မနက်စာထမင်းဝိုင်းလေးကို ဆင်နွှဲရင်း ထိုတဒင်္ဂ လေးမှာ ရိပ် ဒုက္ခတွေကို မေ့လျော့ပျော်နေခဲ့တာတော့ သေချာလေသည်။

■ ■ ■

စားသောက်ပြီးကြတော့ ခြံဝင်းထဲက သစ်ရိပ်အောက်မှာ အချို့



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းနှင့်ဝိုင်းဖွဲ့ထိုင်ကြသည်။

ဒေါ်သူဇာမြိုင်ကလည်း တိုင်းစက်နွယ်ပါရောက်နေသဖြင့် ကိုယ့်မှာရှိသော ရောဂါဝေဒနာတွေ မေ့လျော့ကာ ခြံထဲအထိ ဆင်းကာ လာထိုင်သည်။

"ကဲ ကိုကြီးစက်တို့ လူကြီးတွေ စကားပြောကြဦး၊ ကျွန်တော်တို့ ခြံထဲက ရှင်းစရာလေးတွေ ရှင်းလိုက်ဦးမယ်"

"ငါပါ ဝိုင်းကူမှာပေါ့ သတိုးရာ၊ ဖြည်းဖြည်းပေါ့"

"ကိုကြီးစက် အေးအေးဆေးဆေး ထိုင်ပါဦး၊ ဘာမှရှင်းစရာမှ မကျန်တော့တာ၊ ရပါတယ်၊ အမှိုက်တွေ မီးရှို့တာလောက်ပဲ ဥစ္စာ ကျွန်တော့်လူတွေနဲ့တင်ရပါတယ်"

သတိုးက သူ့ခြံက အလုပ်သမားတွေနှင့်အတူ ခြံထဲက လုပ်စရာတွေ လုပ်ကိုင်ဖို့ ထွက်သွားကြသည်။ ခြံထဲက အချိုဝိုင်းမှာ ကျန်ရစ်ခဲ့ကြသည်က ဒေါ်လေးနှင့်ရိပ်တို့နှစ်ဦးသာ။

အိမ်ကလေးက သတိုးနှင့်အတူ ခြံထဲလိုက်သွားခဲ့သည်။

"မောင်စက် ပြန်ရောက်နေတယ် ကြားကတည်းက ဒေါ်လေးက တွေ့ချင်နေတာ"

"ကျွန်တော်လည်း လာချင်နေတာကြာပြီ ဒယ်ဒီ နိုင်းလိုက်တဲ့ ကိစ္စတွေ လိုက်လုပ်နေရလို့ ဒေါ်လေးမြိုင်"





စက်က ဟိုးအရင်ကတည်းက အင်ကြင်းနွယ်မှာ စားအိမ်သောက်အိမ်လို ဝင်ထွက်နေသူမို့ ဒေါ်လေးက ခင်မင်သည်။

ပြီးတော့ ရိပ်နှင့်စက်ကို ကြည်ဖြူသူမို့ အခုလို စက် ရောက်လာတော့ ဒေါ်လေးမြိုင် ဝေဒနာမေ့ကာ ပျော်နေတာဖြစ်သည်။ နို့မို့ ဒေါ်လေးသည် တစ်နေ့တစ်နေ့ သူ့ဝေဒနာတွေ ညည်းတွားရင်းနဲ့ အချိန်တွေကုန်လွန်တတ်သူဖြစ်သည်။

"သမီးပြောတော့ မောင်စက် မြန်မာပြည်ကို အပြီးပြန်လာတာဆို"

"ဟုတ်တယ် ဒေါ်လေးမြိုင် ဒယ်ဒီကလည်း မြန်မာပြည်မှာပဲ အေးအေးချမ်းချမ်း ပြန်နေချင်ပြီလေ၊ ဒါကြောင့် ဒီမှာပြန် အခြေချမလို့ စီစဉ်နေတာ"

"မင်းတို့ လှိုင်ကော်မှာပဲနေကြမှာလား"

"ကိုယ်တွယ်တာတဲ့နေရာမှာပဲ အသားကျအောင်နေမှာပေါ့ ဒေါ်လေးမြိုင်၊ အခု ကျွန်တော် ဒီမှာ ခြံတစ်ခြံဝယ်ဖို့ ရှာနေတယ်"

"အင်း ကောင်းတယ် ကောင်းတယ်"

ဒေါ်လေး စကားကောင်းနေတုန်း နန်းငွေရောက်လာကာ

"အမေမြိုင် ဆေးသောက်ဖို့မေ့နေသလားဟင်၊ အချိန်ကျော်နေပြီ အမေမြိုင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ်ပါရဲ့၊ ဒေါ်လေး ဆေးသောက်ရဦးမယ်၊ အင်… တစ်နေ့တစ်နေ့ ဝေဒနာအတွက် သောက်နေရတဲ့ ဆေးတွေက တမျော… ပဲ မောင်စက်ရေ၊ ဒီဆေးက သောက်ပြီးရင် မူးရိပ်ရိပ်ဖြစ်လို့ ခဏလေ… အိပ်ရသေးတယ်၊ ကိုင်း ဒေါ်လေးကို ခွင့်ပြုဦး မောင်စက်ရေ"

"ဟုတ်ကဲ့ ဒေါ်လေးမြိုင်"

ဒေါ်လေး နန်းဆွေနှင့်ပါသွားတော့မှ စက်အကြည့်တွေ ရိပ်… ဆီပြန်ဦးလှည့်လာရင်း

"ဒေါ်လေးမြိုင်ကတော့ တို့အပေါ်လုံးဝ မပြောင်းလဲဘူးနော်… ရိပ် နင်ကကော ငါ့အပေါ်ပြောင်းလဲနေပြီလားဟင်"

အကြည့်တွေ ရိပ်တစ်ကိုယ်လုံးဆီ လွှမ်းခြုံလာရင်းမေးသည်… စက် အမေးကို မဖြေနိုင်ခင်မှာဘဲ ခြံထဲကိုလှမ်းဝင်လာသော ကိုဘုန်းကို… ရိပ် မြင်လိုက်ရသည်။

ရိပ် အကြည့်တွေ ဦးတည်ရာကို လိုက်ကြည့်နေသော စက်… ကလည်း ဘုန်းသက်မော်ကို မြင်တွေ့သွားသည်မို့ လှမ်းကြည့်ရင်း မျက်… မှောင်ကုပ်သွားသည်။

ဖြူနွဲ့သော အသားအရည်၊ မြင့်မားသော အရပ်အမောင်းနှင့်… စပို့ရှပ်ဖြူနှင့် ဘောင်းဘီနက်ကို ဝတ်ဆင်ထားသော ယောကျ်ားတစ်… ယောက်။





ရိပ်နှင့်ဘယ်လို ဘယ်ပုံပတ်သက်နေသည်ကိုတော့ မသိပါ။ ထိုယောကျ်ားရဲ့မျက်ဝန်းအကြည့်တွေက ရိပ်အနီးမှာထိုင်နေသော သူ့ကို ရိုက်အကဲခတ်ကြည့်လာတာတော့ သေချာသည်။

"ဩော် ကိုဘုန်း လာလေ ထိုင်ပါဦး"

ရိပ် နှုတ်ဆက်ဖိတ်ခေါ်မှ ထိုသူရိပ်နှင့်အနီးဆုံး ထိုင်ခုံမှာ ဝင်ထိုင်ရင်း

"မြတ်နိုးတို့ ခြံထဲမှာ အလုပ်သမားတွေ ရှင်းလင်းနေတာ တွေ့လို့ ကိုယ် ဝင်လာခဲ့တာ"

"ဟုတ်တယ် ဖေဖေ့ရက်လည်မတိုင်ခင် ရှင်းရှင်းလင်းလင်း လေး ဖြစ်အောင် စီစဉ်နေတာပါ"

"ခြံရှင်းချင်တာများ မြတ်နိုးရယ် ကိုယ့်ကိုပြောပေါ့၊ ကိုယ် အားလုံး စီစဉ်ပေးမှာပေါ့၊ ကိုယ့်အလုပ်သမားတွေ လွှတ်ပေးရုံရှိတာပဲ"

"ရိပ် ဘာမှမစီစဉ်ရသေးဘူး၊ အိမ်ကလေးနဲ့ သတိုးတို့ စီစဉ် လိုက်တာပါ၊ သတိုးခြံက အလုပ်သမားတွေနဲ့ ဟောဒီက ကိုတိုင်းစက်နွယ် ပါ လာကူညီပေးနေတာ"

စက်ကို ရည်ညွှန်းကာ ရိပ်ဆိုတော့ ဘုန်းသက်မော် မျက်ဝန်း အကြည့်တွေ စက်ထံပြန်ဦးလှည့်လာသည်။

"စက် ဒါ ကိုဘုန်းသက်မော်တဲ့ ရိပ်တို့ခြေရင်းခြံကပေါ့ ကိုဘုန်း



www.burmeseclassic.com

www.burmeseclassic.com



သူက တိုင်းစက်နွယ်တဲ့"

စက်က ထိုင်ခုံမှထရပ်ကာ ဘုန်းသက်မော်ထံ လက်ကမ်းပေး တော့ ဘုန်းသက်မော် စိတ်မပါသလို ထရပ်ရင်း လက်ဆွဲနှုတ်ဆက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုဘုန်းသက်မော်"

"ဟုတ်ကဲ့ ဩော် ဒါနဲ့ မြတ်နိုး အဖေအတွက် ဘာတွေလိုသေး သလဲ၊ လိုတာရှိရင် ကိုဘုန်းကိုပြောနော်၊ ဘာတွေစီစဉ်ထားသလဲ"

ဘုန်းသက်မော်က စက်ကို အဖက်လုပ်စကားမပြောချင်သလို နှင့် ရိပ်ကိုပဲလှည့်မေးနေသည်။ တကယ်ဆို အရင်ရက်တွေက ဘာမှ ထိုကိစ္စအတွက် မေးခဲ့တာမဟုတ်တာမို့ ရိပ် သတိထားမိတာဖြစ်သည်။

"ဘာမှမလိုတော့ပါဘူး ကိုဘုန်း။ တစ်လပြည့်ဆွမ်းကို ကြာ ချက်လောက်ပဲ စီစဉ်ထားတယ်"

"ဟာ ကြာဇံချက်လောက်နဲ့ ဘယ်သင့်တော်မှာလဲ မြတ်နိုး ဒံပေါက်ဖြစ်ဖြစ် တစ်ခုခုတော့ စီစဉ်ပါ၊ အန်ကယ်ရဲ့အသိုင်းအဝိုင်း သိကျွ တွေ ဘာတွေရှိသေးတယ်"

"ဟင့်အင်း ပကာသနတွေ မလိုဘူး ကိုဘုန်း။ ရိပ်ဘက်က တတ်နိုင်သလောက်နဲ့ပဲ ကုသိုလ်ပြုချင်တယ်"

"အိပ်ကောင်းတာပေါ့ ရိပ်၊ ရိပ် ဖေဖေအတွက် ရိပ်တို့တတ် နိုင်တဲ့ကုသိုလ်ပြုတာ အကောင်းဆုံးပေါ့၊ ကိုယ်တော့ သဘောကျတယ်"





ကြားထဲက ဝင်ပြောလာသော တိုင်းစက်နွယ်ကြောင့် ဘုန်း သက်မော် မကျေမနပ်လှည့်ကြည့်သည်။

စက်က ဂရုမစိုက်သလို တစ်ချက်လေးပြန်မကြည့်ဘဲ ရိပ်ကိုပဲ ငေးကြည့်နေသည်။

"ခင်ဗျားက မြတ်နိုးတို့ရဲ့အဆင့်အတန်း ဂုဏ်အသိုင်းအဝိုင်း တို ဘာမှမသိဘူးထင်တယ် ကိုတိုင်းစက်နွယ်"

ဘုန်းသက်မော် အသံက တိုင်းစက်နွယ်ကို မကျေနပ်တာ သိသာထင်ရှားသည်။ တိုင်းစက်နွယ်က ဘုန်းသက်မော်ကို ပြန်ငေးကြည့် ရင်း ယဲ့ယဲ့လေးပြုံးနေသည်။ ကြားထဲက ရိပ် မနေနိုင်ဘဲ ဝင်ပြောရသည်။

"ကိုဘုန်း စက်က ရိပ်တို့နဲ့ ဟိုးငယ်ငယ်ကတည်းက ငယ် သူငယ်ချင်းတွေပါ၊ ဟို ရိပ်ဖေဖေနဲ့ စက်ဖေဖေကလည်း မိတ်ဆွေတွေ ပဲ၊ လွန်ခဲ့တဲ့ လေးနှစ်လောက်ကမှ စက်တို့သားအဖက အမေရိကားကို ပြောင်းသွားတာပါ၊ စက်က ဒီမှာမွေး၊ ဒီမှာကြီးပြင်းခဲ့တာလေ"

ရိပ် ဝင်ပြောမှ ဘုန်းသက်မော် နှုတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ တိုင်းစက်နွယ်ဆီမှ အကြည့်တို့ကို ပြန်ရုပ်သိမ်းသွားခဲ့ရင်း

"ကိုယ်က မြတ်နိုးနဲ့ဒေါ်လေးသူဇာတို့ ဆန္ဒကိုမေးတာပါ၊ အန်ကယ် တစ်လပြည့်မှာ ဒံပေါက်ကျွေးချင်တယ်ဆိုလည်း ကိုယ် စီစဉ် ပေးမလို့ပါ မြတ်နိုး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် ကိုဘုန်း ဘာမှမပူပါနဲ့တော့ ရိပ်နဲ့ဒေါ်လေးတို့ ညှိနှိုင်းပြီးစီစဉ်လိုက်တာပါ၊ အားလုံး အဆင်ပြေပါတယ် ကိုဘုန်း"

"အင်း ဒါဆိုလည်း ကောင်းပါပြီ၊ လိုတာရှိရင်တော့ မြတ်နိုး ကိုယ့်ကို အချိန်မရွေးပြောနော်"

"စိတ်ချပါ ကိုဘုန်း"

"ဒါဆို ကိုယ့်ကိုခွင့်ပြုပါဦး၊ မာမီကို ဒီညနေ ပါတီပွဲတစ်ခု လိုက်ပို့စရာရှိလို့"

ကိုဘုန်း နှုတ်ဆက်ကာ ထရပ်သည်။ ပြီးမှ တိုင်းစက်နွယ်ကို တစ်ချက်လှည့်ကြည့်ရင်း

"ခွင့်ပြုပါဦး ကိုတိုင်းစက်နွယ်"

"ကောင်းပါပြီ ကိုဘုန်းသက်မော်၊ မကြာခင် ပြန်ဆုံတွေ့ကြရ မှာပေါ့ဗျာ"

တိုင်းစက်နွယ်စကားကြောင့် ဘုန်းသက်မော် နှုတ်ခမ်းတွေ တစ်ချက်တွန့်ကွေးပြီးရင်း ခေါင်းညိတ်သည်။

"ဆုံချင်ဆုံဖြစ်ကြမှာပေါ့ဗျာ၊ မြတ်နိုး ကိုယ်တို့ အန်ကယ် တစ်လပြည့်ကိစ္စပြီးရင် သီးသန့်ဆုံကြရအောင်နော်"

"စိတ်ချပါ ကိုဘုန်း၊ ရိပ် ကိုဘုန်းနဲ့ ဆွေးနွေးတိုင်ပင်စရာတွေ အများကြီးရှိနေပါတယ်"





"အိုကေ မြတ်နိုး ကိုယ့်ခေါင်းထဲမှာ အလေးအနက်ထည့်ထား ပါတယ်"

နှုတ်ဆက်ထွက်သွားသော ဘုန်းသက်မော်ကို ခြံဝအထိ တိုင်းစက်နွယ် လိုက်ငေးကြည့်နေလိုက်သည်။ ပြီးမှ ရိပ်ဘက် စက်လှည့်ကြည့် ရင်း

"ရိပ် သူကနင်နဲ့ ဘယ်လိုပတ်သက်နေတာလဲ"

"ငါ့ကို လက်ထပ်ခွင့်တောင်းဆိုထားတဲ့သူ၊ ပြီးတော့ ငါ့ဘက် ကလည်း ခေါင်းညိတ်ဖို့ စဉ်းစားထားတဲ့သူဆိုပါတော့"

"ဘုန်းသက်မော်ဆိုတဲ့ ယောကျ်ားကို နင့်ဘဝအတွက် စဉ်းစား နေတယ်ဆိုရင် ငါ့ကိုပါ နင်ထည့်စဉ်းစားပေးထားပါ ရိပ်"

"ဟင်"

"ဟုတ်တယ် တိုင်းစက်နွယ်ဆိုတဲ့ ငါက နင့်ရဲ့အချစ်ဦးလေ၊ နင့်ရဲ့အချစ်ကို ပိုင်ဆိုင်ထားခဲ့သလို နင့်ကိုပိုင်ဆိုင်ချင်လို့လည်း ငါ ဒီကို အရောက်ပြန်လာခဲ့တာ ရိပ်"

စကားအဆုံးမှာ စက် ထိုင်ခုံက တည်ငြိမ်စွာပဲ ထရပ်သည်။ ပြီးမှ သစ်ပင်တို့ရှိရာဆီသို့ တစ်လှမ်းချင်း လျှောက်ထွက်သွားခဲ့ လေသည်။ ရိပ် ရင်ထဲမှာ လှုပ်ခတ်ကျန်ရစ်ခဲ့သည်က အသေအချာ၊ စက် နှုတ်က ဒီစကားတွေကြားရလိမ့်မည်ဟု ထင်မှတ်မထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ။

အခုတော့

စက်ရယ် တကယ်ပဲ နှင့်ရင်ထဲမှာငါရှိနေတုန်းပဲလား။

■ ■ ■



အခန်း (၇)

"ဘာတွေဖြစ်ကုန်မယ်ထင်သလဲ သတိုး"

"မပြောတတ်ဘူးလေ အိမ်ရဲ့၊ ဒီလောက် နှစ်တွေကြာမှ ကိုကြီး
တ် မြန်မာပြည်ကို အပြီးပြန်လာတော့ အတော် အံ့သြစရာကောင်း
သယ်"

"သတိုး အံ့သြနေလို့လား။ အဲဒါ အိမ် ကြိုက်တာလေ ခစ်
ခစ်"

ပန်းပွင့်အိမ် သဇောဘကျသလို ကိုယ်လုံးကလေးလှုပ်ကာ ရယ်
သည်။ သတိုး မျက်ဝန်းတွေ ပြူးကျယ်သွားကာ ပါးစပ်ကလေး အာ
ာင်းသားဖြစ်သွားသည်အထိ။

ရယ်မောနေသော အိမ်ကို မျက်ခုံးတူတူတွေ တွန့်ကုပ်[illegible]ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း

"အိမ် ဘာပြောလိုက်တယ်၊ အိမ် ကြံလိုက်တာ ဟုတ်လား"

"အင်းပေါ့ အင်ကြင်းနွယ်နဲ့ မမရိပ်တို့အကြောင်းတွေကို ကိုကို

စက် သိအောင် အိမ်ပဲ စာရေးအကြောင်းကြားလိုက်တာ"

"ဟာ ဂျီွင်ပဲ မမရိပ်သိရင်တော့ ပြဿနာပဲ၊ သိလည်း သိမှာပဲ

ဘာတွေလျှောက်လုပ်နေတာလဲ အိမ်ရာ"

"အမှန်တွေ လုပ်တာပေါ့၊ လုပ်သင့်လုပ်ထိုက်တာကို အိမ်

လုပ်တာ"

သူ့လုပ်ရပ်အတွက် သူဘာသာ ကျေနပ်ဂုဏ်ယူနေပုံက အိမ်

မျက်နှာပေါ်မှာ အထင်းသားပေါ်လွင်နေသည်။ သတိုး စိတ်ပျက်သ

ခေါင်းကိုခါရမ်းရင်း

"ပြောစမ်းပါဦး ဘာအတွက်ရေးရတာလဲ နှင့်ဦးနှောက်ကတော့

စံပါပဲ အိမ်ရာ၊ ဗရုတ်ဗရက်တွေတွေးပြီး ထင်ရာလုပ်တော့တာပဲ"

"သတိုးကလည်း ကိုယ့်အစ်မနဲ့တစ်ခါက ချစ်ကြိုက်ဖူးတဲ့

ဆီကို စာရေးတာ ဘာဖြစ်သလဲလို့ ကိုကိုစက်ဆီကို အိမ် အဆက်အသွယ်

ရနေတာ ကြာပြီ"

"ဟင် ငါတောင် ဘာမှမသိပါလား"

"တမင်မပြောတာ ပြောရင်မဖြစ်ဘူး၊ သတိုးက နှုတ်မလုံ





...ရိပ်ကို လျှောက်ပြောမှာစိုးလို့၊ ပြီးတော့ မပြောဘဲနေနိုင်တယ်ထားဦး၊

...ရိပ်ရှေ့ရောက်ရင် သတိုး စိတ်မလုံသလို ဖြစ်နေမှာသေချာတယ်၊

...ကြောင့် မပြောဘဲ ထားတာပေါ့"

သည်လောက် ရင်းနှီးနေသည့် ချစ်သူ သူငယ်ချင်းတွေချင်း

...တောင် သိုဝှက်ထားတာတော့ သတိုး စိတ်ဆိုးမိသည်။ ဒါပေမဲ့ စိတ်ဆိုးရ

...ည်း ခက်ခက်ပါပဲ။

အိမ် ပြောပြအသိပေးလာရင်တောင် သူ သိုဝှက်နေဖို့ဆိုတာ

...တော်ခက်သည်။ ကိုယ်သိထားသောကိစ္စကြီးကို မမရိပ်ရှေ့မှာ မသိချင်

...ဟန်ဆောင်နေရမှာကြီးက နေလို့ရမှာမဟုတ်။

အိမ်က ဒီလိုကျတော့လည်း သိုဝှက်လွန်းလိုက်တာ။

"ကဲ ထားပါတော့ အိမ်ရယ်၊ ကိုကြီးစက် ဆီကို နင်က ဘာ

...ရေးခဲ့တာလဲ အိမ်၊ မဟုတ်မမှန် လံကြုပ်တွေပါသေးသလား"

သတိုးစကားကြောင့် အိမ် နှုတ်ခမ်းလေးစူကာ မကျေမနပ်

...တိုးကို ကြည့်ရင်း

"ဘာလံကြုပ် ဖာတ်လမ်းမှ မပါဘူး၊ ကိုကိုစက်ဆီကို ရှင်းရှင်း

...ပဲ ရေးလိုက်တာပါနော်၊ မမရိပ်က ကိုဘုန်းဆိုတဲ့လူကို လက်ထပ်

...မယ်၊ ဒါပေမဲ့ အဲဒီလူကို မမရိပ် မချစ်တာ သေချာတယ်ဆိုတဲ့

...ကြောင်း၊ အင်ကြင်းနွယ်နဲ့ပတ်သက်သမျှ သိအောင်ရေးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အတွင်းရေးမှန်သမျှ အကုန်ဖွင့်ချတာပေါ့၊ ကိုကြီးစက်

ဘယ်လိုကူညီနိုင်မှာမို့လဲ"

"မမရိပ်နဲ့သူက သိပ်ချစ်ကြတဲ့ ငယ်ပေါင်းချစ်သူတွေ

ကိုကိုစက်က အိမ့်ကိုလည်း ညီမလေးလို ချစ်ခဲ့၊ အလိုလိုက်စောင့်ရှော

ခဲ့တာ"

"အဲဒါတွေ ကိုယ်သိပါတယ်၊ ကိုကြီးစက်က ဟိုးအရင်ကတည်

က အိမ့်ကို ချစ်ခဲ့ အလိုလိုက်ခဲ့တာ သိတယ်"

"ဒါဆို သတိုး မသိတာ ကိုကိုစက် မြန်မာပြည်က ထွက်သွ

တော့ အရေးကြီးကိစ္စရှိရင် အကြောင်းကြားဖို့ မှာခဲ့တာတွေ မသိ

မဟုတ်လား၊ ပြီးတော့ ကိုကိုစက်က လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်း

ဆက်သွယ်လို့ရမယ့်လိပ်စာ အိမ့်ကိုပေးထားတယ်"

"နင် တော်တော်ဆိုးပါလား နင် စာရေးလိုက်လို့ ကိုကြီး

ပြန်လာတာပေါ့"

"သေချာတာပေါ့၊ ကိုကိုစက်က အမေရိကားကို ထွက်သွား

စီးပွားရှာချင်လို့၊ သူ့ဒယ်ဒီရဲ့အစီအမံကြောင့်ပါ၊ မမရိပ်ကို မချစ်

ခွဲသွားတာမှ မဟုတ်တာ၊ ပြီးတော့ မမရိပ်ကလည်း ကိုကိုစက်

သံယောဇဉ်ကြီးတာ အိမ် သိတယ်၊ ဘုန်းသက်မော်ဆိုတဲ့ လူကြီးကိုချစ်

ယူမှာမှ မဟုတ်ဘဲလေ"





"မမရိပ်က ကလေးမှမဟုတ်တာဘဲ အိမ်ရယ်၊ ဖြစ်သင့်တာကို သူ ရွေးချယ်တာပါ၊ ဘာပဲဖြစ်ဖြစ် ကိုဘုန်းကလည်း မမအတွက်တော့ ထိုက်သင့်တဲ့ ယောကျာ်းပါ"

"တော်စမ်းပါ၊ အလကားလူကြီး၊ အိမ်တော့ လုံးဝကြည့်မရဘူး ကိုဘုန်း အမေကြီးက ပိုဆိုးတယ်၊ လူကို မတူမတန်သလို ဆက်ဆံပုံက ခံရခက်တယ် သိလား"

"ကိုဘုန်းတို့ အမျိုးအနွယ်တွေက တကယ့်ဂရိတ်တွေကိုး"

"အဲဒါနဲ့ပဲ ကျန်တဲ့လူကို မတူသလို ဆက်ဆံရသလား၊ ပြီးတော့ ငွေရှိတယ်၊ ဂုဏ်ရှိတယ်ဆိုပြီး မောက်မာလွန်းတယ်၊ အရင်က အိမ်တို့ အခြေအနေနဲ့ ယှဉ်နိုင်ပေမယ့် အခုအခြေအနေက အတော်ကွာခြားနေပြီ မမရိပ်ကို သူတို့အနိုင်ကျင့်မှာသေချာတယ်"

"ဟာ အိမ် ထင်ကြေးနဲ့ မပြောနဲ့လေ၊ ကိုဘုန်းက တကယ်ချစ်လို့ လက်ထပ်ခွင့်တောင်းတာဖြစ်မှာပါ"

"နင် မသိပါဘူး သတိုးရယ် တစ်ခါတလေကျ နင်က အရမ်းတုံးတယ်သိလား၊ အခုတောင် မမရိပ်က အင်ကြင်းနွယ်အတွက် အားကိုးနေတာ၊ အဲဒီ ကိုဘုန်းက သူ့မာမီအိမ်ကိုခေါ်နေတယ်၊ မမရိပ်က အိမ်တို့သားအမိပါလိုက်ခဲ့တဲ့၊ ဆောရီးပဲ ဒီသားအမိနဲ့ မဖြစ်မှာသေချာတယ်"

အိမ်ကတော့ ထင်မြင်သည့်အတိုင်း ပွင့်လင်းစွာပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ့် စကားတွေများသည်ဟုလည်း သတိုး မပြောရဲပါ။

"အင်ကြင်းနွယ်နဲ့ အခြေအနေတွေကြောင့် ကိုတုန်းကို မရိုပ် ရွေးချယ်ရတာဆိုရင်တော့ အကောင်းဆုံးနည်းက ကိုကိုစက် ကူညီနိုင် တယ်လို့ အိမ် ယုံတယ်၊ ဘာတွေဖြစ်လာမလဲ သတိုး စောင့်ကြည့်ပေါ့"

အိမ်က ဝံ့ဝံ့ရဲရဲကလေး စိန်ခေါ်သလို ပြောသည်။

သတိုးခ ဘာမှပြန်မပြောနိုင်ပါ။ ထင်ရာကို လုပ်တတ်သော မှန်တယ်ထင်လျှင် ဘယ်သူတားတား မရသော ပန်းပွင့်အိမ်ဆိုသည့် ကောင်မလေး အကြောင်း သူအတွင်းသိ အဆင်းသိပါ။

ငယ်ငယ်ကတည်းက ခင်မင်ပေါင်းသင်းလာသည့် သူငယ်ချင်း လေး။

ချစ်သူရည်းစားဘဝမှာလည်း သူ အမြဲတမ်း အလျှော့ပေးတတ် ခဲ့ရသူ။ ဒီတစ်ခါမှာလည်း

နံဘေးက စောင့်ကြည့်ပြီး အကြံပေးထိန်းသိမ်းရုံကလွဲလို့ ဘာတတ်နိုင်မှာတဲ့လဲ။

■ ■ ■



## အခန်း (၈)

ဖေဖေ့အတွက် တစ်လပြည့်ရက်မှာ ဆွမ်းကျွေးအလှူလုပ်တော့ အစောဆုံးရောက်လာသူတွေက စက်နှင့်သတိုးခတို့ပဲ ဖြစ်သည်။

စက် ကိုယ်တိုင် ပင့်ဖိတ်ထားသည့် သံဃာတော်ဆိုးပါးကို ကားဖြင့်ကြိုပို့စီစဉ်ပေးသည်။

ဆွမ်းကပ်အမျှဝေ တရားနာ တစ်ချိန်လုံး ဝိုင်းဝန်းကူညီပေး သည်။ ဖိတ်ထားသည့် လူတွေရောက်လာတော့လည်း ဧည့်ခံကျွေးမွေး ရေးကိုပါ တာဝန်ယူသည်။

ခြံထဲက အလုပ်သမားလေးနှစ်ယောက်နှင့်အတူ စက်နှင့်သတိုး တို့ပါ ဝိုင်းဝန်းပြီး ကြာဇံချက် ချိုချဉ်တွေခွဲကာ ဧည့်ခံပေးသည်။

ဖေဖေ့ရဲ့မိတ်ဆွေတွေ တဖွဲဖွဲ ရောက်လာပြီး ဧည့်သည် ကျဲပါး



www.burmeseclassic.com

www.burmeseclassic.com



သွားတော့မှ ကိုဘုန်း တစ်ယောက်ရောက်လာသည်။

ဆင်ဝင်အောက်မှာ ဘေးကပ်ရပ်ထားသော စက်၏ Mark II ကားနက်ကြီးနံဘေးကို ဘုန်းသက်မော်၏ ကြက်သွေးရောင် Land Cruiser ကားကြီးက ငြိမ့်ခနဲ ထိုးရပ်သည်။

ရိပ် အံ့သြသွားမိတာတော့ အမှန်။ ခြေလှမ်းဆယ်လှမ်းလောက် လှမ်းလိုက်လျှင်ပင် ရောက်နိုင်သည့်နေရာကို ကိုဘုန်းက အဖိုးတန်ကားကြီးစီးပြီးရောက်လာတာက မဟုတ်သေး။

ပြီးတော့ စက်ရဲ့ကားနဲ့ယှဉ်ကာ ရပ်လိုက်တာက တမင်ပဲ ပါဝါထုတ်ယှဉ်ပြိုင်တာလား တွေးစရာ။

ကားပေါ်က ဆင်းလာသည့် ကိုဘုန်းက Police မျက်မှန်နက်ကို ဟန်ပါပါချွတ်သည်။ ပြီးတော့ ညှော်ခန်းထဲကို တစ်ချက်ဝေ့ကြည့်သည်။ ညှော်ပရိသတ်ရှင်းလင်းနေချိန်မို့ အားလုံးက ကိုဘုန်းကို သတိထားမိကာ လှမ်းကြည့်သည်။

စားပွဲဝိုင်းတစ်ဝိုင်းမှာ ထိုင်ကာကြာဇံချက် စားသောက်နေသော စက်က တစ်ချက်ပဲ ဝေ့ကြည့်ပြီး ငုံ့စားနေသည်။

အစဉ် ထိုင်နေသော သတိုးခနှင့်ပန်းပွင့်အိမ်က တံတောင်နှင့်တွက်ကာ မျက်နှာကိုရှုံ့မဲ့ပြသည်။

ရိပ်ကတော့ ညှော်ခန်းဝမှာရပ်ကာ ဘုန်းသက်မော်ကို အပြုံးနှင့်ကြိုဆက်ရင်း

"ထိုင်လေ ကိုဘုန်း နောက်ကျနေတော့ မအားလို့ မလာတော့ဘူးထင်နေတာ"

"မာမီက ခေါင်းနည်းနည်းမူးနေလို့ ကိုယ်ပဲလာခဲ့တာ မြတ်နိုး။ အားလုံးအဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် ကိုဘုန်း။ သတိုးတို့ စက်တို့ အစောကြီးကတည်းက ရောက်ပြီးဝိုင်းကူနေကြတာလေ၊ ကဲ ကြာဇံချက်လေး စားကြည့်ဦးလေ"

"နေ နေ မြတ်နိုး၊ ကိုယ် မကြိုက်လို့ မစားတော့ဘူး"

"ဒါဆိုလည်း ကော်ဖီတော့သောက်ပါ၊ ထိုင်ပါဦး ကိုဘုန်းရဲ့"

ကော်ဖေအညိုတွေ ခင်းကျင်းထားသော ညှော်ခန်းစားပွဲဝိုင်းထွတ်မှာ ဘုန်းသက်မော် ဝင်ထိုင်သည်။

ဒေါ်သူဇာမြိုင်က ဘုန်းသက်မော်ကိုမြင်တော့ လျှောက်လာရင်းနှုတ်ဆက်သည်။

"မောင်ဘုန်း မနန်းမပါဘူးလားကွဲ့"

"မာမီ ခေါင်းမူးလို့ နေရစ်ခဲ့တယ် ဒေါ်လေး သူဇာ"

"ဪ အင်း အင်း ထိုင်ဦးနော်"

ဒေါ်သူဇာမြိုင် ထိုမျှလောက်သာပြောပြီး စက်တို့ရှိရာဝိုင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။ ဘုန်းသက်မော်ဝိုင်းမှာ ရိုပ် တစ်ယောက်တည်း ကျ
ရစ်ခဲ့သည်။

"ဘယ့်နှယ်လဲ မောင်စက်၊ ကြာဇံချက် စားလို့ကောင်းရဲ့လား"

"ကောင်းတယ် ဒေါ်လေးမြိုင်၊ ကျွန်တော် စားလိုက်တာ နှ
ပန်းကန်တောင် ဆနွင်းမကင်းလေး စားချင်လို့ နေရာလွ[illegible]ထားတာ"

စက် မြူးမြူးလေးပြောရင်း ပန်းကန်ထဲက ဆနွင်းမကင်းတုံ
လေးကို လှမ်းယူစားသည်။

အချိုဝိုင်းအတွက် ဆနွင်းမကင်းက ဒေါ်သူဇာမြိုင်ကိုယ်တိုင်
ညွှန်ကြားစီမံပြီး ထိုးထားတာမို့ ကျေနပ်စွာပြုံးရင်း

"အဲဒါ ဒေါ်လေးမြိုင် လက်ရာလေ၊ မောင်စက်ရဲ့"

"ကျွန်တော် သိတာပေါ့၊ ဟိုးအရင်ကတည်းက ဒေါ်လေးမြိုင်ရဲ့
လက်ရာတွေကို ကျွန်တော် စားဖူးတာပဲ၊ ကျွန်တော်ကြိုက်တဲ့ မလေးရှ
ခေါက်ဆွဲကြော်ဆို အမြဲသတိရတယ်"

"ဟုတ်တယ် ကိုကိုစက် ပြောမှ မလေးရှားခေါက်ဆွဲကြေ
မစားရတာ အတော်ကြာပြီ မေမေ တစ်ရက်လောက် လုပ်စားရအော
နော်"

ဟိုးအရင်က အင်ကြင်းနွယ်မှာ သည်လိုပဲ မိသားစု စုံညီစွ
စားစရာတစ်ခုမဟုတ်တစ်ခု လုပ်စားနေကျဖြစ်သည်။ ဒါကြောင့်လည်





အိမ်ကလေးက သတိတရ တောင်းဆိုခြင်းဖြစ်သည်။

ဒေါ်သူဇာမြိုင်က ခေါင်းညိတ်သဘောတူချင်ပေမယ့် လက်ရှိ
အခြေအနေက ဟိုအရင်လိုမဟုတ်တာကို သတိရသွားမိ၍ ရိုပ်ကို လှမ်း
ကြည့်၏။

ဘုန်းသက်မော်နှင့်စားပွဲဝိုင်းမှာ နှစ်ယောက်တည်း ထိုင်နေသော
ရိုပ်ကလည်း စက်တို့ဝိုင်းက စကားသံတွေကို ကြားပြီး အာရုံရောက်နေ
တာမို့ လှည့်ကြည့်ရင်း

"ဖေဖေ့ရဲ့တစ်လပြည့်အတွက်တောင် မနည်းစီစဉ်လုပ်ရတာ
အိမ်ကလေးရဲ့၊ အိမ်ကလေး စားချင်ရင်နောက်မှစားနော်၊ မမရိုပ် စီစဉ်ပေး
မယ်"

ရှိနေကြသူတွေက အကြောင်းသိလူရင်းတွေပဲမို့ ရိုပ် ပွင့်လင်းစွာ
ပဲ ပြောသည်။ မေ့လျော့ထားမိသော ကိုယ့်မိသားစု အခြေအနေကို
သဘောပေါက်သွားသည့် အိမ်ကလေး မျက်နှာလေး ငယ်ကာ နှုတ်ဆိတ်
သွားသည်။

"ဒီလိုလုပ်ပါလား ဒေါ်လေးမြိုင်၊ အခု ဒီကိုပြန်လာတဲ့ အထိမ်း
အမှတ်အဖြစ် ကျွန်တော် ပွဲလေးလုပ်ချင်တယ်၊ တခြားဘယ်သူမှ မပါဘူး
ရင်းနှီးတဲ့ လူတွေပဲလေ၊ မိသားစု သဘောလေးပေါ့၊ ကျွန်တော် ကျွေးမွေး
ချင်တယ်၊ မလေးရှားခေါက်ဆွဲကြော်နဲ့ ဆယ့်နှစ်မျိုးဟင်းချိုရေ ကုန်ကျ



www.burmeseclassic.com

www.burmeseclassic.com



စရိတ်အားလုံး ကျွန်တော် တာဝန်ယူမယ်၊ လက်ရှိ ကျွန်တော့်မှာနေစရာ အိမ်ပိုင်မြေပိုင်မရှိတော့ အင်ကြင်းနွယ်မှာပဲ လုပ်ချင်တယ် ဖြစ်မလား"

"အို ဖြစ်တာပေါ့ ကိုကိုစက်ရဲ့၊ ဒီမှာပဲလုပ် ဒါပေမဲ့ ကိုကိုစက်ရဲ့ ပွဲပေါ့ နော် မေမေ"

"ဒေါ်လေးမြိုင် သဘောတူပါတယ်၊ အဲ သမီးမြတ်နိုးကော"

ဒေါ်သူဇာမြိုင်က ရိပ်ဘက်လှမ်းကြည့်ကာ ပြောသည်။ အားလုံး အကြည့်တွေက ရိပ်ဆီမှာ

"ဒေါ်လေးနဲ့ညီမလေးတို့ ဆန္ဒရှိရင်လုပ်ပါ"

"ဟေး ဒါဆို မလေးရှားခေါက်ဆွဲကြော်တော့ စားရပြီပေါ့၊ ကိုကိုစက် ဘယ်တော့လုပ်မှာလဲဟင်၊ မနက်ဖြန်လုပ်မလား"

"တနင်္ဂနွေနေ့လောက်မှ လုပ်ပါ အိမ်ကလေးရဲ့၊ ဒီပွဲအတွက် အားလုံးပင်ပန်းထားကြတာ နားပါစေဦး"

"ဟုတ်ပြီ ဒါဆို လာမယ့် ဆန်းဒေးကို အတည်ပြုလိုက်ပြီ၊ သတိုး အဲဒီနေ့အတွက် ခုကတည်းက ဝမ်းနှုတ်ထားတော့ဟေ့"

ပန်းပွင့်အိမ်က ဝမ်းသာမြူးမြူးလေး ဟစ်အော်သည်။ စက်က တည်တည်ငြိမ်ငြိမ်လေးပြုံးပြီး ဘုန်းသက်မော်ကို လှမ်းကြည့်သည်။

သူ့ကို မျက်ဝန်းစိမ်းစိမ်းတွေနှင့် စိုက်ကြည့်နေသော ဘုန်းသက်မော် မျက်ဝန်းတွေနှင့်ဆုံမိသည်။





"ကိုဘုန်းသက်မော် အဲဒီနေ့ကျရင် ခင်ဗျားပါ လာခဲ့ဖို့ ဖိတ်ပါတယ်"

"ကျေးဇူးတင်ပါတယ် ကိုတိုင်းစက်နွယ် ကျွန်တော်လာဖြစ်ဖို့ သွယ်ဘူး၊ အပျော်အပါးတွေ မသွားတတ်လို့ပါ"

"ဒါဆိုရင်တော့ စိတ်မကောင်းစရာပဲဗျာ၊ အဲဒီနေ့ကျ ကျွန်တော် ဒီမှာ သူစိမ်းတွေမပါဘဲ ပျော်ပျော်ပါးပါး ဆင်နွှဲကြမှာဗျ၊ ခင်ဗျား မလာနိုင် တော့လည်း ရပါတယ်၊ ကျွန်တော်ကတော့ မျှော်လင့်စွာနဲ့ကြို့ဆိုနေမှာပါ"

စက် စကားကြောင့် ကိုဘုန်း မျက်နှာကွက်ခနဲ ပျက်သည်။ စက် စကားအဓိပ္ပါယ်က ခြိမ်းခြောက်သလို၊ စိန်ခေါ်သလို အဓိပ္ပါယ်မျိုးမို့ ရိပ်လည်း မျက်မှောင်လေးကုပ်ကာ စိုက်ကြည့်မိသည်။

တိုင်းစက်နွယ်က ရိပ်ကို တစ်ချက်ပြုံးကြည့်ပြီး အကြည့်လွှဲသွားသည်။ ဒါတောင် နှုတ်ခမ်းတွေမှာ အပြုံးရိပ်တွေ မပြယ်သေးပါ။

တစ်ဖက်သားကို မခံချင်အောင် ပြောတတ်၊ ပြုမူတတ်သည့်နေရာမှာတော့ စက်သည် နဂိုအတိုင်း မပြောင်းလဲသေးပါလား။

ရိပ် စိတ်ထဲကပဲ မှတ်ချက်ပြုလိုက်မိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဘာရယ် မြတ်နိုး မြတ်နိုးတို့ရဲ့ စီးပွားရေးတွေက အဲဒီလောက် အထိတောင် ကျရှုံးနေပြီလား"

ဘုန်းသက်မော် မယုံနိုင်သလို ရေရွတ်ရင်း မေးသည်။ ရိုပ် ပင့်သက်ရှိုက်ရင်း

"ဟုတ်တယ် ကိုဘုန်း ဒီအခြေအနေအားလုံးကို ဖေဖေ ဆုံး တော့မှ ရိုပ်တို့သိခဲ့ရတာ၊ စီးပွားရေးလုပ်ငန်းတွေ ကျရှုံးတာတင်မကဘူး ဖေဖေ့မှာ ပတ်လည်ဝိုင်းနေတဲ့ အကြွေးတွေကလည်း အများကြီးဖြစ်နေ တာ"

"ဒေါ်လေး သူဇာက ဒါတွေ မသိဘူးလား မြတ်နိုး"

"ဖေဖေ့ကို ဒေါ်လေးသူဇာက အကြွင်းမဲ့ယုံတယ်၊ ဖေဖေက





ဘာကိုမှ အိမ်မကပ်ဘဲ သွားလာနေကျဆိုတော့ ဒီလောက်အထိ ဆုံးရှုံးနေမှန်း ဒေါ်လေး မသိရှာဘူး၊ ရိုပ် အသေအချာ လှလာစုံစမ်းကြည့်မှ ဖေဖေ့ရဲ့ အပေါင်းအသင်းတွေက ဖေဖေ့ကို ဒုက္ခပေးသွားမှန်းသိတယ်၊ ဖေဖေက လောင်းကစားနွံထဲမှာ နစ်ခဲ့တာ၊ ဖေဖေ့ရဲ့ပျော့ညံ့စိတ်ကိုသိကြတော့ မြှောက်ပင့်ပြီး ဖျက်ဆီးခဲ့ကြတာ"

"ကိုယ် လုံးဝ မထင်ထားဘူး မြတ်နိုး အဖေက အတော်ဆိုး တာပဲ"

"ရိုပ်လည်း ဖေဖေ့ကို စိတ်ဒေါသဖြစ်မိတယ်၊ ဒေါ်လေးကတော့ စားလည်ဖြေသိမ့်နိုင်တယ်၊ အခု ဖေဖေ့ရဲ့အကြွေးတွေကို ရိုပ် မှာရှိသမျှ ဆက်ဝတ်လက်စားတွေရောင်းပြီး ဆပ်ခဲ့တယ်၊ နောက်ထပ်ကျန်တာတွေကို ရိုး ဖြေရှင်းရမယ်၊ ပြီးတော့ ရိုပ် ဖြစ်ချင်တာက အင်ကြင်းနွယ်ခြံကြီးကို ပဲ"

"ပြောလေ မြတ်နိုးက ဘာဖြစ်ချင်တာလဲ"

"အင်ကြင်းနွယ်ဆိုတာ ရိုပ်တို့ဘိုးဘွားအစဉ်အဆက် ပိုင်ဆိုင်ခဲ့ တဲ့ ခြံကြီးမို့ ရိုပ် ဆုံးရှုံးမခံနိုင်ဘူး၊ လက်ရှိဒီခြံကြီးကလည်း အတော်ကို ဆိုးယွင်းနေတယ်၊ ရိုပ် ဘာလုပ်မှန်းမသိအောင် ဖြစ်နေတယ် ကိုဘုန်း"

"မြတ်နိုး ဖေဖေရဲ့အကြွေးတွေက ဘယ်လောက်ရှိနိုင်သလဲ"

"ကျန်ရစ်သေးတာ သိန်းနှစ်ဆယ်ကျော်တယ် ကိုဘုန်း၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ငွေတွေ ရှင်းရမယ်၊ ပြီးတော့ အင်ကြွင်းနွယ်ခြံကိစ္စ''

ဘုန်းသက်မော် တွေတွေလေးငေးသွားသည်။ ရိပ်ရဲ့အပူတွေက သူ့အတွက် ကြီးမားနေခဲ့သည်လား။

"ကိုဘုန်းကို ရိပ် တိုင်ပင်တာပါ၊ ရိပ် ဘာလုပ်သင့်တယ် ထင်သလဲ''

"အင်း ကိုယ်စဉ်းစားနေတာပါ မြတ်နိုး၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စ ကိုတော့ မာမီကိုတော့ တိုင်ပင်မှဖြစ်မယ်''

ကိုဘုန်း အဖြေအတွက် ရိပ် မျှော်လင့်ပြီးသားပါပဲ။ သားအမိ နှစ်ယောက်တည်းရှိသည့် ကိုဘုန်းအတွက် တိုင်ပင်ဖော် တိုင်ပင်ဖက်ဆို တာ သူ့မိခင်ကလွဲလို့ ဘယ်သူဖြစ်နိုင်ဦးမှာလဲ။

"ကိုဘုန်း အမေကိုလည်း ပြောပြလိုက်ပါ၊ လတ်တလောမှာ ရိပ် တကယ် စိတ်ညစ် စိတ်ရှုပ်နေတာ အမှန်ပဲ''

"မြတ်နိုး ရင်ဆိုင်နေရတာတွေကို ကိုယ်စာနာနိုင်ပါတယ် ဒါကြောင့်လည်း မြတ်နိုးကို ကိုယ် လက်ထပ်ခွင့်တောင်းနေမိတာပါ၊ အဲဒီအတွက် မြတ်နိုး အဖြေတစ်ခုတော့ ကိုယ့်ကိုပေးထားပါလားကွာ''

"ရိပ်မှာ ရှင်းစရာ ကိစ္စတွေရှိနေတယ် ကိုဘုန်း၊ လက်ရှိ ပြဿနာတွေ ရှင်းလင်းပြီးရင် ရိပ် ဆုံးဖြတ်ထားတဲ့ အတိုင်းလုပ်မှာပါ''

"ကိုယ့်အတွက် သေချာမှုတစ်ခုတော့ မြတ်နိုး ပေးပါ၊ ရိပ်ဆီ





က အဖြေရတာနဲ့ မာမီဆီက ကိုယ်ခွေးနွေးတိုင်ပင်သင့်တာ တိုင်ပင်ရဦး မှာ''

တစ်ခါတစ်ခါမှာတော့ ကိုဘုန်းကို ရိပ် စိတ်ပျက်မိတာ ဒါ ကြောင့်ပဲဖြစ်သည်။ ကိုဘုန်းသည် အမြဲတမ်း အမေဖြစ်သူရဲ့ဆုံးဖြတ်ချက် နှင့် ရှင်သန်နေခဲ့သည်လားမသိ။

ဒါပေမဲ့ ဘုန်းသက်မော်ဆိုသော ယောကျ်ားသည် မိန်းမ တစ် ယောက်အတွက် မငြင်းပယ်သင့်သော မိန်းမတစ်ယောက်ဆိုတာ ရိပ် သိပါသည်။

ရိပ် အခြေအနေ၊ ရိပ် ဘဝအတွက် ကူညီပေးနိုင်သူကလည်း ကိုဘုန်းကလွဲလို့ ဘယ်သူမှမဖြစ်နိုင်။

"မြတ်နိုး ခုချိန်မှာ မြတ်နိုးကို အလောတကြီး မပြောချင် ပေမယ့် ကိုယ်ပြောမှ ဖြစ်မယ်၊ တိုင်းစက်နွယ်ဆိုတဲ့သူက မြတ်နိုးနဲ့ ဘယ်လိုပတ်သက်နေသလဲဟင်''

ဘုန်းသက်မော် စကားကြောင့် ရိပ် ဖျတ်ခနဲ မော့ကြည့်သည်။ အမှန်တရားတစ်ခုကိုတော့ ရိပ် သိဝှက်မထားချင်တာ အမှန်။ အထူး သဖြင့် မကြာခင် လက်ထပ်ဖြစ်တော့မည့်ယောကျ်ား တစ်ယောက်အပေါ် မှာ ရိပ်ရဲ့ အတိတ်ကို သိဝှက်ထားတာမျိုး မရှိစေချင်ပါ။

"စက်နွယ်နဲ့ပတ်သက်ပြီး ကိုဘုန်းကို ရိပ် အသိပေးထားချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရိုဝ် တစ်ခါပြောပြဖူးတဲ့ ရိုပ်မှာ ချစ်သူရှိခဲ့ဖူးတယ်ဆိုတာ ကိုဘုန်း မှတ်မိပါတယ်နော်”

“မှတ်မိပါတယ် မြတ်နိုး၊ အဲဒီသူက တိုင်းစက်နွယ်လား”

“ဟုတ်တယ် ကိုဘုန်း”

“အင်း ကိုယ်ထင်တော့ ထင်ပါတယ်၊ အခု သူဒီမြို့ကို ပြန်ရောက်လာတာ မြတ်နိုးကြောင့်ပဲ ထင်တယ်”

“ဒါတော့ ရိုပ် မသိဘူး။ အမေရိကားကို ထွက်သွားကတည်းက သူနဲ့ရိုပ်နဲ့ အပြီးအပိုင် ပြတ်စဲသွားခဲ့တာ အခု မထင်မှတ်ဘဲ သူ ပြန်ရောက်လာတယ်”

“မြတ်နိုးကို သူကြည့်တဲ့ မျက်ဝန်းတွေကို ကိုယ်သိနေတယ်၊ မြတ်နိုးဘက်က တိုင်းစက်နွယ်ကို”

“သူ ထွက်သွားကတည်းက နှင်နဲ့ငါ သံယောဇဉ်ပြတ်ပြီလို့ ပြောခဲ့ပြီးပြီ ကိုဘုန်း၊ အခု ဒီအကြောင်းတွေကို ပြန်ပြောပြနေတာက ကိုဘုန်း သံသယကင်းစေချင်လို့”

“ကိုယ် စိုးရိမ်မိတာတော့ အမှန်ပဲ မြတ်နိုး”

“ကိုဘုန်းကို မြတ်နိုး လက်ထပ်မယ်လို့ ကတိပေးပြီးပြီပဲ၊ ဒါဆို ကိုဘုန်း လက်ခံနိုင်ပြီလား”

“ဝမ်းသာလိုက်တာ မြတ်နိုးရယ်၊ ကိုယ် အကြားချင်ဆုံးက





မြတ်နိုး နှုတ်က အဖြေစကားပဲလေ၊ ဒါဆို ကိုယ်တို့ကိစ္စကို ဘယ်တော့လောက် စီစဉ်ကြမှာလဲ ဟင်”

“လတ်တလော ဖြေရှင်းရမယ့်ကိစ္စတွေ ပြီးပြတ်တာနဲ့ ရိုပ် လက်ခံပါတယ်”

“ဒါဆို ဘာမှမပူနဲ့ မြတ်နိုး၊ ဒီပြဿနာကို ကိုယ်ရှင်းနိုင်ပါတယ်၊ အားလုံး မြတ်နိုး ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ်”

ဘုန်းသက်မော် ရဲရင့်စွာပဲ ကတိပြုစကားဆိုသည်။ ရိုပ် ရင်ခုန်လှုပ်ခတ်တာမျိုး မဟုတ်ပေမယ့် ရင်ထဲမှာလေးပင်နေသော ပြဿနာ တစ်ခု ပေါ့ပါးသွားရတာမို့ ကျေနပ်မိတာ အမှန်။

အင်ကြင်းနွယ်အတွက် ရိုပ်မှာ ရွေးချယ်စရာ အခြားမရှိပါ။

စက် ပြန်ရောက်လာသည့်အတွက် ရိုပ် ဆုံးဖြတ်ပြီးသော ကိစ္စ တစ်ခု ပြောင်းလဲသွားတာမျိုးတော့ မဖြစ်သင့်ဟု ထင်သည်။

နှလုံးသားရဲ့ ခံစားချက်ကို ဦးနှောက်အသိဖြင့် ချုပ်ထိန်းနိုင်ခဲ့ပြီဟု ရိုပ်ကို ရိုပ် ထင်ထားခဲ့ပေမယ့် စက်နှင့်ဆုံမိတိုင်း ဟိုးအရင်တုန်းက အဝလေးကို ပြန်တွေးရင်ခုန်မိတာ ကိုယ်တိုင်ပဲ အသိဆုံး။

“မြတ်နိုး တိုင်းစက်နွယ်ရဲ့ပွဲကို အင်ကြင်းနွယ်မှာ ကျင်းပဖို့ လက်ခံလိုက်တာတော့ မဖြစ်သင့်ဘူးထင်တယ်”

“ဪ အဲဒါအတွက် ကိုဘုန်း သံသယမရှိပါနဲ့၊ စက်က



www.burmeseclassic.com

www.burmeseclassic.com



ဟိုအရင်ကတည်းက အင်ကြင်းနွယ်ကို ဝင်တွက်နေတဲ့သူ၊ ဒေါ်လေးနဲ့ ခင်မင်သလို ညီမလေးနဲ့လည်း ခင်မင်တဲ့သူမို့ သူတို့ဆန္ဒကို ရိပ် ခွင့်ပြု ခဲ့တာပါ''

''တိုင်းစက်နွယ်နဲ့ ပန်းပွင့်အိမ် ရင်းနှီးလွန်းနေတာလည်း မကောင်းဘူးထင်တယ်''

''အိမ်ကလေးက စက်ကို အစ်ကိုကြီးတစ်ယောက်လို ချစ်ခင်တာပါ။ ပြောရရင် အိမ်ကလေးကို ရိပ်နဲ့စက်တို့ပဲ စောင့်ရှောက်ထိန်းကျောင်းလာတာ''

ဘုန်းသက်မော် ခွန်းတုံ့မပြန်ဘဲ နှုတ်ဆိတ်သွားခဲ့သည်။ ပြီးမှ ရိပ်ကိုငေးစိုက်ကြည့်ရင်း

''အိမ်ကလေးကိစ္စတော့ ထားလိုက်ပါတော့၊ မြတ်နိုးကိုတော့ တစ်ခုတော့ သတိပေးချင်တယ်၊ သူ ဒီမြို့ကိုပြန်ရောက်လာတာ အကြံအစည်တစ်ခုတော့ ရှိမှာသေချာတယ်၊ မြတ်နိုး သတိတော့ထားပါ''

ရိပ် တကယ်ပဲ စိတ်ပျက်မိသည်။ တိုင်းစက်နွယ် စိတ်ကို ရိပ်အသိဆုံးလေ၊ ကိုဘုန်းရဲ့သံသယတွေနှင့် ဝေဖန်မှုတွေက ပြင်ဘက်တစ်ဦးဆိုသောအသိနှင့် နှိမ်ချနေတာမျိုးထင်သည်။

''ရိပ်ကို ရိပ် ဆင်ခြင်နိုင်စွမ်းရှိတာ ကိုဘုန်းယုံပါ''

''အင်းလေ ကိုယ်ယုံပါတယ်၊ စိုးရိမ်လို့ပါ တိုင်းစက်နွယ်ရဲ့



ပွဲနေ့ကျရင်တော့ ကိုယ်အရောက်လာခဲ့ဦးမယ်''

ဖိတ်ခေါ်တုန်းက မလာနိုင်ဟု အကြောင်းပြငြင်းသော ကိုဘုန်းစိတ်က အခုတော့ ဘာကြောင့် ပြောင်းသွားသည်မသိ။

ရိပ် ဘာမှမပြောချင်တော့ပါ။

ဘဝတစ်ခုလုံးအတွက် ရွေးချယ်ခဲ့မိသော ကိုဘုန်းအပေါ်မှာတော့ နားလည်အောင် အတော်ကြိုးစားရဦးမည်ထင်ရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

တိုင်းစက်နွယ်၏ပွဲလေးက ထင်မှတ်ထားသည်ထက် စည်စည်ကားကား ဖြစ်သွားခဲ့ရသည်။

အားလုံး အလျှံအပယ်ဖြစ်အောင် တိုင်းစက်နွယ်က စီစဉ်ထားသည်မို့ လိုလေသေးမရှိခဲ့ပါ။

သတိုးခတို့မိသားစု၊ ရိပ်တို့ မိသားစုနှင့် အရောက်လာခဲ့မည်ဟု ရိပ်ကိုပြောခဲ့သော ကိုဘုန်းပါ ရောက်လာခဲ့သည်။

စားသောက်ပြီးတော့ သတိုး မိဘတွေက နှုတ်ဆက်ပြီး ပြန်ဖို့ စီစဉ်သည်။

"ခဏလေးစောင့်ဦး အန်ကယ်၊ ခြံထဲက အလုပ်သမားတွေ စားဖို့ ထည့်ပေးလိုက်ချင်လို့"





သတိုးခတို့ခြံထဲက အလုပ်သမားတွေအတွက်ပါ ရည်ရွယ်ပြီး စီစဉ်ထားတာမို့ လေးဆင့်ချိုင့်ကြီးနှစ်ချိုင့်နှင့်ထည့်ကာ ကားပေါ်တင်ပေးလိုက်ကြသည်။

စားပွဲဝိုင်းမှာ မနန်းငွေတို့ သိမ်းဆည်းနေတော့ ဧည့်ခန်းမှာ အချို့ပွဲတွေက အသင့်။

"ကိုဘုန်း အချိုဝိုင်းလေး သုံးဆောင်ပါဦးဗျာ၊ ကျွန်တော့ပွဲကို ရောက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"လာရတာပေါ့ဗျာ၊ ခင်ဗျားက မြတ်နိုးရဲ့ မိတ်ဆွေဆိုတော့ ကျွန်တော့်ရဲ့မိတ်ဆွေပဲလေ၊ ကျွန်တော်တို့ မင်္ဂလာပွဲကျရင်လည်း ခင်ဗျားတို့တော့ မဖြစ်မနေ ဖိတ်ကြားရလိမ့်မယ် ကိုတိုင်းစက်"

ဘုန်းသက်မော် စကားကြောင့် ရိပ် မျက်နှာနီသွားသည်။ ဒီစကားကို သူပြောလိမ့်မည်ဟု ထင်မထားမိတာ အမှန်။ မနေ့က ရိပ်ဆီက အဖြေစကားကို ကိုဘုန်း တောင်းဆိုခဲ့တာ ဒါကြောင့်လား စဉ်းစားချင်စရာ။

"ခင်ဗျားနဲ့ရိပ် လက်ထပ်ဖြစ်ပြီဆိုရင်တော့ အရောက်လာပြီး ချီးမြှောက်ရမှာပေါ့ဗျာ"

စက် အပြုံးမပျက် မျက်နှာနှင့်ပြန်တုံ့ပြန်သည်။

ကိုဘုန်း မျက်နှာ ညှိုခနဲ ဖြစ်ကာ တစ်ခုခုတုံ့ပြန်ပြောဖို့ကြံရွယ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးမှ နှုတ်ဆိတ်စွာ ငြိမ်သက်သွားသည်။

ဒေါ်သူဇာမြိုင်နှင့်သတိုးတို့နှစ်ဦးက ရိုဝ် မျက်နှာကို အကဲခတ်သလို ကြည့်နေသည်။

အိမ်ကလေးက စက် စကားကို သဘောကျ အားပေးသလို ခေါင်းလေးညိတ်ပြီး ပန်းသီးတစ်စိတ်ကို ကောက်ယူစားသည်။

"ဒါနဲ့ မောင်စက် ဒီမှာ ခြံတစ်ကွက်ပြန်ပြီး ဝယ်မလို့ဆို"

ဒေါ်သူဇာက ငြိမ်သက်နေသော စကားဝိုင်းကို ပြန်ပြီး အသက်သွင်းဟန်နှင့်မေးသည်။ တိုင်းစက်နွယ်က ခေါင်းညိတ်ပြရင်း

"ဟုတ်တယ် ဒေါ်လေးမြိုင် အမေရိကားကို သွားကတည်းက ဒီက ခြံကြီးကို ကျွန်တော် မရောင်းစေချင်ဘူး၊ ဖေဖေက ဆုံးဖြတ်စီစဉ်တာဆိုတော့ မငြင်းသင့်ဘူးလေ"

"အင်း မောင်စက်တို့ ဟိုမှာပဲ အပြီးအပိုင် နေလိုက်ကြတော့မှာလို့ ဒေါ်လေးက ထင်မှတ်လိုက်တာ"

"မေမေဆုံးတော့ ဖေဖေက ဒီမှာ မနေချင်တော့ဘူး၊ အမေရိကားက သူ့အစ်ကိုကလည်း ဟိုကိုလာခဲ့ဖို့ခေါ်နေတာနဲ့ သွားဖို့ဆုံးဖြတ်လိုက်တာလေ၊ ဒါပေမဲ့ ဖေဖေလည်း ဟိုမှာ မပျော်ပါဘူး၊ ကျွန်တော့် ပညာရေးပြီးဆုံးတော့ မြန်မာပြည်ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်"

"အင်း မောင်စက်တို့သားအဖ ပြန်ရောက်လာတာ ဒေါ်လေး





တော့ အရမ်းဝမ်းသာတယ် တကယ်၊ မြတ်နိုး ဖေဖေသာ ရှိရင်လည်း ဝမ်းသာကြိုဆိုမှာ သေချာတယ်"

"အန်ကယ် ဆုံးပြီဆိုတဲ့ သတင်းကြားကတည်းက ကျွန်တော် ပြန်လာချင်နေတာ၊ ဖေဖေလည်း အတော်စိတ်မကောင်း ဖြစ်သွားတယ်၊ အခု ကျွန်တော်နဲ့ ဖေဖေ တစ်ခါတည်းပြန်လိုက်ချင်ပေမယ့် ဦးလေးရဲ့ တုမ္ပဏီမှာထည့်ဝင်ထားတဲ့ ရှယ်ယာကိစ္စတွေ ရှင်းရဦးမှာမို့ နေခဲ့တာလေ"

"ကိုကိုစက်တို့ ဟိုမှာ စီးပွားတွေပါ ဖျက်ခဲ့တာဆိုတော့ ဒီမှာပဲ စီးပွားတစ်ခု အခြေချတော့မလို့ပေါ့နော်"

အိမ်ကလေးက နားထောင်နေရာမှ ဝင်မေးသည်။

"အင်း ကိုကိုတို့ဒီမှာ စီးပွားတစ်ခုတော့ တည်ဖြစ်မှာပါ၊ ဖေဖေ ရောက်မလာခင် ကာလလေးမှာ အခြေချနေထိုင်ဖို့ ခြံတစ်ကွက်တော့ ဝယ်ရမယ်၊ အဲဒါကြောင့် ကိုကို ရှာနေတာပေါ့"

စကားဝိုင်းထဲ မပါဝင်ဘဲ နားထောင်သူသက်သက် ဖြစ်နေသူတွေက ရိုဝ်နဲ့ ကိုဘုန်းတို့ပဲဖြစ်သည်။ သတိုးက ငြိမ်သက်နေပေမယ့် တစ်ခွန်းစ နှစ်ခွန်းစ ဝင်ပြောသေးသည်။

နောက်ဆုံး တစ်ယောက်တည်း အူတူတူ ထိုင်နေရတာကို စိတ်ညစ်လာပုံရသည့် ကိုဘုန်းက

"ကဲ ကိုယ့်ကိုပြန်ခွင့်ပြုဦး မြတ်နိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ပြန်တော့မလို့လား ကိုဘုန်း၊ ကျွန်တော်တို့ အေးအေး စကားပြောကြရမယ်လို့ ထင်နေတာဗျ"

"ကျွန်တော့်မှာ ကိစ္စလေးတွေရှိသေးလို့ပါ ကိုတိုင်းစက်"

"ကောင်းပါပြီဗျာ ဒါဆိုလည်း နောင်ဆုံမှာပေါ့"

"အင်း ဆုံကောင်းဆုံဖြစ်မှာပေါ့ ကိုတိုင်းစက်"

"ကိုဘုန်း အင်ကြင်းနွယ်ကို ရောက်ရင်ဆုံဖြစ်မှာ သေချာပါတယ်ဗျ။ အဟင်း ကျွန်တော့်အတွက် အင်ကြင်းနွယ်ဆိုတာ ကိုယ့်အိမ် ကိုယ့်ခြံလို ဖြစ်နေတော့ အမြဲရောက်ဖြစ်နေတာကိုး"

စက် စကားကြောင့် ကိုဘုန်း မျက်နှာကြီးနီမြန်းသွားသည်။ ဒါကို မမြင်ဟန်ပြုရင်း စက် အကြည့်တွေ ရိပ်ဆီလွင့်လာသေး၏။

"ဟုတ်တယ် ဟိုးအရင်ကလို အိမ်နဲ့သတိုး အနိုင်ကျင့်ပိုလ်ကျဖို့ ကိုကိုစက် ပြန်ရောက်လာတာ အိမ်တော့ အရမ်းပျော်နေတယ် အဟင်း"

အလိုက်ကမ်းဆိုးမသိ အိမ်ကလေးကပါ ဝင်ပြောတော့ ကိုဘုန်း မျက်နှာနီရတာ ညိုညစ်လာပြီမို့ ရိပ် အခြေအနေကို ဝင်ထိန်းကာ ကိုဘုန်းကို ပြန်ပို့ဖို့ ထရပ်မိ၏။

"ကိုဘုန်း ရိပ်တို့ တစ်ရက်ဆုံကြတာပေါ့"

"အင်း ကိုယ်ပြန်မယ် မြတ်နိုး"

ရိပ် အလိုက်တသိနှင့်ခြံတံခါးဝအထိ လိုက်ပို့ပေးဖို့ ကိုဘုန်း





နောက်လိုက်ခဲ့သည်။

စက် ဘာပြောလိုက်သည်မသိ။ သဘောကျစွာ ရယ်လိုက်သော အသံတွေကို ကြားလိုက်ရသေးသည်။ အိမ်ကလေး ရယ်သံက အကျယ်ဆုံး။

ကိုဘုန်းကို အမြင်မကြည်သော အိမ်ကလေးနှင့်တော့ ကြာရင် တကယ်မလွယ်ပါလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

စက်ကတော့ ကိုဘုန်းကို ပြောခဲ့သည့်အတိုင်း အင်ကြင်းနွယ်သို့ တစ်ရက်မပျက် ရောက်လာတတ်သည်။

ရောက်လာတိုင်းလည်း အိမ်ကလေးနှင့်အတူ ခြံထဲမှာ အလုပ်တွေ ရှုပ်ထွေးနေတတ်သည်။

"အိမ်ကလေးမှာလိုက်တဲ့ ပန်းပျိုးပင်တွေ ကိုကို ယူလာတယ်၊ သတိုးခြံက ကားကိုတောင် ထုတ်ဆွဲခဲ့ရတယ်ကွ"

"သတိုးကိုပါ တစ်ခါတည်း ခေါ်လာရောပေါ့ ကိုကိုစက်ရာ"

"ဘာလဲ ပန်းအိုးတွေသယ်ဖို့ မဟုတ်လား သိတယ် သိတယ် နင်က ငါ့ဆို အမြဲတမ်း ခိုင်းဖို့တွေးနေတာ မဟုတ်လား"

ကားနောက်ခန်း ပန်းအိုးတွေကြားထဲမှာ ပါလာသော သတိုးက





ကားပေါ်က ခုန်ဆင်းရင်း ဆိုသည်။

"ဘာလိုဖြစ်တာလဲ ကားနောက်က ပုန်းလိုက်လာတာလား"

"ပန်းအိုးတွေ ကွဲမှာစိုးလို့ဟ၊ ဒါတောင် တစ်အိုးတော့ ကွဲသွားသေးတယ်၊ ခြံထဲက ပန်းအိုးဟောင်းမှာ ပြောင်းစိုက်ပေးမယ်"

သုံးယောက်သား ကားပေါ်က ပန်းအိုးတွေချကာ ခြံထဲမှာ နေရာချပြင်ဆင်နေတာမြင်တော့ ရိပ် မနေနိုင်တော့ဘဲ ဆင်းခဲ့ရသည်။

"ဟာ မမရိပ် လာကြည့်ပါဦး၊ ဒီမှာ ကိုကိုစက် ဝယ်လာပေးတဲ့ ပန်းအိုးတွေ အများကြီးနော်၊ မမရိပ် ကြိုက်တဲ့ ကစ်မီကွစ်တွေလည်း ပါတယ်"

"အိမ်ကလေး မှာလိုက်တာလား"

"အိမ်ကလေးမှာလိုက်တာထက် အင်ကြင်းနွယ်ထဲမှာ ပန်းပင်တွေမရှိဘဲ အလှမဲ့နေတာတွေ့လို့ ငါ တမင်ဝယ်လာတာပါ ရိပ်ရဲ့"

"ဒီလောက် အများကြီး နင်ဘာလို့ ဝယ်လာရတာလဲ စက်၊ ငါ့မှာပေးဖို့ ပိုက်ဆံမရှိဘူးနော်"

"ငါက နင့်ဆီက တောင်းနေလို့လား ရိပ်ရဲ့"

"ဟုတ်သားပဲ မမရိပ်ကလည်း ကိုကိုစက်က စေတနာနဲ့ဝယ်လာတာကို"

ခက်တော့ ခက်သည်။ အိမ်ကလေးက စက်အပေါ် ဟိုးအရင်



www.burmeseclassic.com

www.burmeseclassic.com



က အတိုင်း ဆက်ဆံနေပေမယ့် ရိပ် စိတ်က ချုပ်ထိန်းနေမိတော့ မလွယ်။

"နောက်ဆို နင် ဒီလိုဝယ်မလာပါနဲ့ စက်"

"ဘာလဲ ရိပ် ငါ့အပေါ်နင့် ဆက်ဆံရေးက ကျဲလှချည်လား"

"ဟိုတုန်းက အခြေအနေနဲ့ အခုလက်ရှိအခြေအနေက မတူဘူး စက်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါတို့ အခြေအနေက အတော့်ကို နိမ့်ပါးသွားပြီ အင်ကြင်းနွယ် ဆိုတာလည်း နင်မြင်တဲ့ အတိုင်းပဲ"

"ငါ သိတယ် ရိပ်၊ ဒီအကြောင်းတွေကို ဟိုမှာကတည်းက ငါ သိနေပြီးသားပါ"

"ဘာရယ်"

"ဟုတ်တယ် မမရိပ် ကိုကိုစက်နဲ့ အိမ် အမြဲတမ်း စာအဆက်အသွယ် ရှိတယ်"

"ဟင်"

ပန်းပွင့်အိမ် နှုတ်က ဝန်ခံလိုက်သော စကားကြောင့် မျက်စိမျက်နှာပျက်ဖြစ်သွားသူက သတိုးပဲဖြစ်သည်။

"အိမ် ဒီအကြောင်းတွေ မမကို ဘာလို့မပြောတာလဲ၊ ပြီးတော့ ဘာကြောင့် ကိုယ့်အိမ်တွင်းရေးတွေကို သူများကိုလျှောက်ပြောရတာလဲ"

"အိမ် သူများကိုလျှောက်ပြောတာမှ မဟုတ်ဘဲ၊ ကိုကိုစက်





တစ်ယောက်ကိုပဲ ပြောတာ"

"ဟုတ်တယ် ရိပ်၊ ကိုယ်ဒီက မသွားခင်ကတည်းက အိမ်ကလေးကို မှာခဲ့ပြီးသား။ အင်ကြင်းနွယ်မှာ ဘာအရေးကြီးကိစ္စပဲ ပေါ်ပေါ် ကိုယ့်ဆီအကြောင်းကြား စာရေးဖို့ မှာခဲ့တယ်"

"နေပါဦးစက်၊ နင်ဘာလို့ မှာခဲ့ရတာလဲ၊ တကယ်ဆို ငါနဲ့ ဘာမှမသက်ဆိုင်တော့ဘူးလေ"

"အဲဒါ နင့်ဘက်က ဆုံးဖြတ်သတ်မှတ်တဲ့ကိစ္စပဲ၊ ငါ့ဘက်ကတော့ နင်နဲ့အင်ကြင်းနွယ်ဆိုတာ ရင်ထဲမှာအမြဲရှိတယ်"

"စက် တော်တော့ နင် ဘာတွေပြောနေတာလဲ"

"ငါ အမှန်အတိုင်းပြောနေတာပဲလေ၊ နင့်အဖေနဲ့ ငါ့အဖေဆိုတာ သူငယ်ချင်းမိတ်ဆွေတွေပဲ၊ နင်တို့ဒုက္ခရောက်ရင် ငါကူညီရမှာပေါ့"

"မလိုဘူး စက်၊ ငါ့ပြဿနာကို ငါရှင်းနိုင်တယ်"

"နင် ရင်ဆိုင်နေရတဲ့ အခက်အခဲတွေအတွက် နင်ဖြေရှင်းမယ် ဆိုတာ ဘာလဲ ရိပ်၊ ဘုန်းသက်မော်ကို လက်ထပ်လိုက်မှာနဲ့ ပြေလည်သွားမယ်ထင်လို့လား"

"အဲဒါ ငါ့ကိစ္စပါ၊ နင် ဘာမှဝေဖန်စရာအကြောင်း မရှိဘူး စက်"

"နင့်ကိုငါ မဝေဖန်ပါဘူး ရိပ်၊ ဒါပေမဲ့ ကိုတုန်းကို နင် တကယ်



www.burmeseclassic.com

www.burmeseclassic.com



ပဲချစ်သလား ငါသိချင်တယ်''

ရိပ် မျက်နှာနီမြန်းနေတာ ဒေါသတွေကြောင့်လား။ စက် ကို စူးစူးရဲရဲ ကြည့်ရင်း

''စက် အချစ်ဆိုတာကို ငါ့နှလုံးသားက မခံစားတတ်ခဲ့တာ ကြာပြီ၊ ငါ ကိုဘုန်းကိုပဲ လက်ထပ်မယ်၊ အဲဒါ ငါ့ဆုံးဖြတ်ချက်ပဲ''

စကားအဆုံးမှာ ရိပ် ချာခနဲ လှည့်ထွက်သွားခဲ့သည်။ စက် ပခုံးတစ်ချက်တွန့်ရင်းပြုံးယဲ့ယဲ့ ။

''အိမ် နင်တော်တော်ခက်တာပဲ၊ ဘာလို့ မမရိပ် ဒေါသထွက်အောင်လျှောက်ပြောလိုက်ရတာလဲ''

''အမှန်အတိုင်းပြောတာလေ၊ မမရိပ်က သူ့လူကြီးကိုပဲ အားကိုးယုံကြည်နေတာကို။ စောင့်ကြည့် ငါတော့ မထင်ဘူး''

''အခု သူသိသွားတာ ကောင်းပါတယ် သတိုးရာ၊ အိမ်ကလေးလည်း ဘာမှ ကလန်ကဆန်မလုပ်နဲ့၊ ခုချိန်မှာ ရိပ် စိတ်တွေညစ်ညူးနေတာ ကိုကို သိတယ်''

''အိမ်ကလေး မမရိပ်ကို ဟိုလူကြီးနဲ့ လုံးဝ မနီးစပ်စေချင်ဘူး။ ကိုကိုစက်''

''ဒါတော့ ရိပ်ရဲ့ဆုံးဖြတ်ချက်ပဲ အိမ်ရယ်''

''မဟုတ်ဘူး အိမ့်သဘောက ကိုကိုစက်နဲ့ပဲ သဘောတူတယ်''





ကလေးဆန်စွာ ဖြစ်ချင်တာကိုပဲ ပြောနေသည့်အိမ့်ကို ကြည့်ကာ တိုင်းစက်နွယ် သဘောကျစွာ ရယ်သည်။ ပြီးမှ

''လေးနှစ်အတွင်းမှာ သူ့အာရုံက တခြားရောက်နေပြီပဲ၊ အိမ်ကလေးရာ၊ ကိုကို့မှာ မရှိတဲ့ အရည်အချင်းတွေ အားလုံး ကိုဘုန်းမှာ ရှိတယ်၊ ပြီးတော့ ရိပ် စိတ်ကို ကိုကို သိတယ်၊ ဖေဖေနဲ့ အမေရိကား လိုက်မသွားခင်ကတည်းက သူ ယတိပြတ်ပြောခဲ့တာ''

''နေဦး ကိုကြီးစက်၊ မမရိပ်နဲ့ကိုကြီးစက် သိပ်ချစ်ကြရက်နဲ့ ဘာလို့ လမ်းခွဲလိုက်ကြတာလဲဟင်''

''ကိုကြီးတို့ ဆယ်တန်းအောင်တော့ ချစ်သူတွေဖြစ်ခဲ့တယ် သတိုး၊ မန္တလေး တက္ကသိုလ်မှာ ကျောင်းအတူတက်ကြဖို့လည်း တိုင်ပင်စီစဉ်ထားကြတယ်၊ ဒီကာလမှာ ဖေဖေက အမေရိကားကို ပြောင်းဖို့ စီစဉ်တယ်၊ ဒါကို ရိပ်သိတော့ လက်မခံဘူး။ ကိုကြီးတို့ အပြီးအပိုင်သွားမှာဆိုရင် သူ့ကိုပါ သံယောဇဉ်ဖြတ်နိုင်းတယ်''

''အဲဒါ မမရိပ် မတရားတာပေါ့''

ပန်းပွင့်အိမ်က ဝင်ပြောသည်။ သတိုးက မျက်မှောင်ကုပ်ကြည့်ရင်း

''ခဏလေး နားထောင်စမ်းပါ အိမ်ရယ်၊ ကိုကြီးစက်က ဘာပြောလိုက်လဲ ပြောပါဦး''



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တစ်နေ့မြန်မာပြည်ကို ပြန်လာမှာ၊ အဲဒီကျရင် ရိပ်ကိုပဲ လက်ထပ်မယ်လို့ ပြောတာပေါ့၊ ရိပ်ကတော့ လုံးဝခါးခါးသီးသီးပဲ၊ တကယ်တို့ သံယောဇဉ်ပြတ်တာ လေယာဉ်ကွင်းသွားတော့ လိုက်မပို့ဘူး"

"ဒါပေမဲ့ မမရိပ် ချစ်သူရည်းစား မထားဘဲ ဒီအချိန်အထိ ရှိနေခဲ့တာ ကိုကိုစက်ကို ချစ်လို့ပါနော်"

အိမ်က မနေနိုင်ဘဲ ရိပ်ဘက်က ဝင်ပြောပြန်သည်။ သတိုးက ကြားက ဝင်ပြောနေသည့် အိမ်ကို စိတ်မရှည်သလိုကြည့်ရင်း

"ချစ်လို့ဆိုရင် အခု ဘာလို့ ကိုကြီးစက်ကို ခါးခါးသီးသီး ငြင်းနေရတာလဲ အိမ်ရဲ့"

"ဒါတော့ မမရိပ်က လူတစ်ချိုး သတိုးရဲ့ ကိုဘုန်းကို လက်ထပ်မယ်လို့ သူဆုံးဖြတ်ပြီးပြီ၊ ကြည့်ရတာ စကားတွေကျွံပြီးပြီထင်တယ်၊ ကိုဘုန်း အားလုံးရှေ့မှာ အသားယူပြောသွားတာပဲ ကြည့်လေ"

စက် ပင့်သက်မောကို ဖြည်းဖြည်းရှိုက်ရင်း

"ရိပ် ဘယ်သူ့ကိုယူယူ ကိုယ် လက်ခံပါတယ်၊ လေးနှစ်ဆိုတဲ့ ကာလမှာ အားလုံး ပြောင်းလဲနိုင်တာပဲကွာ"

"ကိုကိုစက်က မပြောင်းလဲပါဘူး၊ မမရိပ်ကို ချစ်နေလို့ ပြန်လာတာ မဟုတ်လား"





"အဲဒီလိုတော့ တရားသေ မပြောနဲ့လေ အိမ်ကလေးရဲ့၊ ဟိုးအရင်ကတည်းက အမေရိကားကို ကိုကိုသွားချင်တာ မဟုတ်ဘူး၊ မိဘဖြစ်တဲ့ ဖေဖေ့ရဲ့အစီအစဉ်ကြောင့်လေ"

"ဟုတ်ပါတယ် ဒါပေမဲ့ အခု ပြန်လာပြီး ဒီမှာပဲ အခြေချဖို့စီစဉ်နေတာ မမရိပ်ကို သံယောဇဉ်မကုန်သေးလို့ဆိုတာ အိမ်သိတယ်"

"အင်ကြင်းနွယ်နဲ့ ရိပ်တင်မကပါဘူး အိမ်ကလေးတို့ သားအမိနဲ့ ဒီမြို့လေးကိုပါ ကိုကို သံယောဇဉ်ရှိလို့ ပြန်ခဲ့တာပေါ့ကွာ"

"ဒါဆို ဘာမှတွေးမနေနဲ့ မမရိပ်ကိုပဲ ရအောင်ယူ"

"လာပြန်ပြီလား အိမ် နင်က ဖြစ်ချင်တာချည်းပြောနေတယ်၊ အရေးကြီးတာ မမရိပ် ဆုံးဖြတ်ချက်လေ"

ပန်းအိုးတွေကို နေသားတကျ စီနေရာမှ သတိုးက ဝင်ပြောတော့ အိမ် မကျေမနပ် မျက်မှောင်စုကျုံ့ကြည့်ရင်း

"နင် ဘာမှမသိပါဘူး သတိုးရယ်၊ မမရိပ်နဲ့ ကိုဘုန်းကို ငါ သဘောမတူသလို မေမေကလည်း လက်မခံချင်ဘူး၊ ဒါပေမဲ့ မမရိပ်က လက်ရှိ ဒုက္ခအခြေအနေတွေကြောင့် ကိုဘုန်းသက်မော်ကို လက်ထပ်မှာ မမရိပ် နှုတ်က ပြောနေတာ ကြားတယ်"

"ဒါဆိုလည်း ကိုကြီးစက်ကိုပဲ လက်ထပ်ပေါ့၊ ကိုကြီးစက်လည်း ဒီပြဿနာတွေ ရှင်းပေးနိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ မမရိပ်က ကိုဘုန်းကို စကားတွေကျွံလွန်ပြီးနေပြီ။ ဟား မမရိပ်က ရှုံ့ချည် နှပ်ချည်လုပ်ပါ့မလား"

"ဒါဆိုလည်း နင်ဘာမှပြောမနေတော့နဲ့ အိမ်၊ ကံစီမံရာ အတိုင်း ဖြစ်လာတာကို စောင့်ကြည့်ပေါ့"

သတိုးက ယတိပြတ်ပြောသည်။ အိမ်က ခေါင်းကို မသက်မသာ ခါရမ်းရင်း

"ဟင့်အင်း အဲဒီလိုတော့ ကံကိုလွှဲမချချင်ဘူး။ မမရိပ် တကယ် မချစ်တဲ့သူနဲ့လက်ထပ်မှာ အိမ် မမြင်ချင်ဘူး။ တကယ်ဆို အင်ကြင်းနွယ် နဲ့ပေးရမယ့် အကြွေးတွေက မမရိပ် ခေါင်းထဲရောက်နေတာပါ၊ အင်ကြင်း နွယ်ကို မမရိပ် သံယောဇဉ်တွယ်မနေဘဲ ရောင်းပစ်ပြီး အကြွေးတွေ ဆပ်ရင်တောင် အများကြီးပိုဦးမယ်"

"မမရိပ်က နင်တို့သားအမိကိုလည်း ငဲ့ကွက်နေပုံပါ အိမ်၊ ဘာပဲဖြစ်ဖြစ် ကွန်ခြွေမပျက် ဟန်မပျက်ရှိစေချင်လို့ သူ ဆုံးဖြတ်လိုက်တာ ထင်တယ်"

"အင်း သတိုး ပြောသလိုပဲ ဖြစ်မှာပါ"

အိမ်နှင့်သတိုးပြောနေတာကြည့်ရင်း စက် အာရုံထဲမှာ ရိပ် မျက်နှာလေးကို မြင်မိသည်။

ရင့်ကျက်ခဲ့ပြီ ဆိုပေမယ့် ရိပ်သည်နုပျိုဆဲ၊ လှပဆဲ မိန်းမသား





တစ်ဦးပဲဖြစ်သည်။ အရွယ်နှင့်မမျှ ထမ်းပိုးထားရသော ရိပ်ရဲ့ဒုက္ခတွေကို လည်း သူ စာနာသနားသည်။

ဒါကြောင့်လည်း အင်ကြင်းနွယ်ကို သူအမြဲရောက်တာ ရိပ်ကို အရိပ်ကြည့် အကဲခတ်နေခဲ့တာ ဖြစ်သည်။

ရင်ဆိုင်နေရသော ပြဿနာတွေကို ရိပ် နှုတ်ကဖွင့်ဟတိုင်ပင် တာ သူကြားချင်ပေမယ့် ရိပ်က ဖွင့်မပြော။

ငယ်ပေါင်းကြီးဖော်တွေမကာ ချစ်သူအဖြစ် နှောင်တွယ်မှုသည် သူ့ထက် ဘုန်းသက်မော်ကို အလေးပေးနေတာတော့ သူ့စိတ်ထဲမှာ ဘဝင်မကျနိုင်ပါ။

အရင်တုန်းကလို သူနှင့်မာနပြိုင်နေတာလား။

ရိပ်ရယ် နင့်ကိုငါ မပြိုင်တော့ပါဘူး။ အမြဲတမ်း အရှုံးပေးဖို့ ငါ့စိတ်ဓာတ်တွေက ကျိုးနွံနေခဲ့တာ နင် သိစေချင်တယ်။

နင့်ကို မမြင်တွေ့နိုင်တဲ့ လေးနှစ်လုံးလုံး အိမ်ကလေးရဲ့ စာ လေးတွေမှတစ်ဆင့် လွှမ်းခဲ့ရတဲ့ ငါ့နှလုံးသားက မာနတွေကိုလည်း ရိုက်ချိုး ပစ်ခဲ့ပြီးပြီ။

ငါ မြန်မာပြည်ကို ပြန်လာတာ နင့်ကိုချစ်တဲ့စိတ်ကြောင့်။ အင်ကြင်းနွယ်အနားမှာ မခွာနိုင်ဖြစ်နေတာ နင့်ကို မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



စုံမက်တဲ့စိတ်ကြောင့်ဆိုတာ

နှင့်နှလုံးသားနဲ့ မြင်ကြည့်လှည့်စမ်းပါ ရိုဝ်။

■ ■ ■

## အခန်း (၁၂)

"စကားပြောတာ တကယ်ရင့်တဲ့ကောင်ပဲ၊ ပြီးတော့ အားမနာ ပါးမနာ မြတ်နိုးတို့ ခြံထဲဝင်ထွက်နေတာ ကိုယ်တော့ လုံးဝသဘောမကျဘူး"

ဘုန်းသက်မော် မကြေမချမ်း ဖြစ်နေသည်။ တိုင်းစက်နွယ်ဆိုသည့်ကောင်ကို မြင်ကတည်းက ကြည့်မရခဲ့။

ရိုဝ်နှင့်ချစ်သူတွေဖြစ်ခဲ့သည်ဆိုတော့ ပိုဆိုးသည်။ ဆုံလိုက်တိုင်းလည်း သူ့ကိုစကားနှင့်နှိပ်စက်တတ်သည့် တိုင်းစက်နွယ်ကို လုံးဝမကျေနပ်နိုင်။

ခက်သည်က ဒီကောင့်ကို မြတ်နိုးရိုဝ်ထင်က မပြတ်သားသည့်ဒေါ်သူဇာမြိုင်နှင့်ပန်းပွင့်အိမ်တို့သားအမိကပါ အရေးပေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြီးလွှမ်းနေသည်။

*ပန်းပွင့်အိမ်ရဲ့ချာတိတ် သတိုးခလည်း အတူတူပါပဲ။*

"အိမ်လာတာကတော့ အရင်ကတည်းက မိတ်ဟောင်းဆွေဟောင်းတွေမို့ လာလည်တာပါဆိုတာ လက်ခံနိုင်ပေမယ့် မြတ်နိုးနဲ့ ပတ်သက်ဖူးတော့ ကိုယ် သဝန်တိုတာ မလွန်ပါဘူးနော်"

"အဲဒါ ကိုဘုန်း အပိုင်းပဲလေ၊ ရိပ်ဘက်ကတော့ စက်ကို သူငယ်ချင်းတစ်ယောက်လို ခင်မင်တယ်၊ ဒါပဲ အခုလည်း သူက ဒီမှာ သူစိမ်းမှမဟုတ်တာဆိုတော့ တစ်မြို့လုံးနဲ့သိကျွမ်းတယ်၊ ရိပ်တို့ဆီတင် မကဘူး သတိုးတို့အိမ်လည်း သူ ဝင်ထွက် စားသောက်နေတာပဲ"

"အဲဒါ ကိုယ်သိတယ်၊ ဒီကောင်က ဟိုတယ်မှာ ရက်ရှည်တည်းခိုပြီးနေနေတာ ခြံဝယ်မလို့ဆို"

"အင်း အဲဒီလို ကြားတာပဲ၊ သူ့အဖေ ရောက်မလာခင် ခြံတစ်ခြံဝယ်မယ်တဲ့၊ ပြီးရင် ဒီမှာပဲ အခြေချမှာဆိုတော့ ကိုဘုန်း မတွေ့ မမြင်ချင်လည်း မြင်တွေ့နေရဦးမှာပေါ့"

ဆုံမိတိုင်း စက်အကြောင်းတွေချည်းပြောနေတာမို့ ရိပ် စိတ်ပေါက်ပေါက်နှင့် တမင်ပြောပစ်လိုက်သည်။

ကိုဘုန်း မျက်နှာရှုံ့မဲ့သွားရင်း

"ဆုံတော့လည်း ကိုယ်ခင်မင်ချင်မှ ဖြစ်တဲ့ကိစ္စပဲလေ၊ ဒါပေမဲ့





သူခြံဝယ်မယ်ဆိုတဲ့ ကိစ္စတော့ ကိုယ်စိတ်ဝင်စားတယ်"

"ဘာလို့လဲ ကိုဘုန်းနဲ့ ဘာပတ်သက်စရာရှိလို့လဲ"

"ရှိတယ်လေ ဒီကောင် မြတ်နိုးတို့ရဲ့ အင်ကြင်းနွယ်ကို သဘောကျနေရင် အဲဒီခြံကြီးကို သူ့ကိုရောင်းမလားလို့"

"ဟင် ဘယ်လို ကိုဘုန်း"

"ဟုတ်တယ် မြတ်နိုး ရင်ဆိုင်နေတဲ့ ဒုက္ခတွေနဲ့ အခက်အခဲတွေကို မာမီနဲ့ကိုယ် တိုင်ပင်ဆွေးနွေးပြီးပြီ၊ မာမီက အကောင်းဆုံး အကြံပေးတာပေ့ မြတ်နိုး"

ကိုဘုန်း နှုတ်က ထွက်ကျလာမည့် စကားတွေကို ရိပ် အသေအချာပဲ နားစိုက်ထားမိသည်။

"လက်ရှိ မြတ်နိုးရင်ဆိုင်နေရတဲ့ အကြွေးကိစ္စက ဘာမှပြဿနာ မရှိပါဘူးတဲ့၊ မာမီက ခဏစိုက်ရှင်းပေးမယ်တဲ့၊ အရေးကြီးတာ အင်ကြင်းနွယ်ခြံကိစ္စပဲ၊ အဲဒီခြံကို ပြန်ပြုပြင်မယ့်အစား လိုချင်တဲ့သူလက်ထဲ အပြီးအပိုင်ရောင်းချလိုက်တဲ့"

"အို မဖြစ်နိုင်တာ၊ အင်ကြင်းနွယ်ကို ရိပ်က ဘာလို့ရောင်းရမှာလဲ၊ ဒါ ရိပ်ရဲ့ ဘိုးဘွားစဉ်ဆက်က အမွေလေ ကိုဘုန်းရဲ့"

"မြတ်နိုး စဉ်းစားကြည့်လေ၊ အဲဒီ ခြံကြီးက မြတ်နိုး တစ်ယောက်တည်း ပိုင်ဆိုင်တာမှ မဟုတ်တာ၊ ဒေါ်သူဇာမြိုင်တို့ရောအမိပါ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်တာ မဟုတ်လား"

"အင်းလေ ဒေါ်လေးတို့သားအမိနဲ့ ရိပ်တို့ပိုင်ဆိုင်တဲ့ အမွေပေါ့"

"အဲဒါကြောင့်ပြောတာပေါ့၊ ကိုယ်နဲ့မြတ်နိုး လက်မထပ်ခင် ဒီကိစ္စကို အပြတ်ရှင်းမှဖြစ်မယ်၊ ဒီခြံကြီးနဲ့အိမ်ကြီးကို ပြင်ဆင်ရင် ထပ်ကုန်ကျမယ့်ငွေတွေကို ဘာကြောင့်အကုန်အကျခံမှာလဲ ကိုယ်ပဲ ဆုံးရှုံးပြီး အိတ်စိုက်ရမယ့် ကိစ္စကြီး၊ ဒီတော့ ရောင်းလိုက်၊ ရတဲ့ငွေကို ဒေါ်သူဇာ မြိုင်တို့သားအမိအတွက် တစ်ပုံပေးလိုက်၊ ကျန်တာ မြတ်နိုးယူ ပြီးပြီပေါ့"

"ဟင့်အင်း ရိပ် မျှော်လင့်တာ အဲဒါမျိုး မဟုတ်ဘူး ကိုဘုန်း။ ငွေကြေးကို ရိပ် မမက်မောဘူး။ ဘိုးဘွားပိုင် အမွေတစ်ခုဆုံးရှုံးသွားမှာပဲ ကြောက်တာ"

"အခိုပ္ပါယ်မရှိတာ မြတ်နိုးရယ်၊ ဒီအတိုင်းပစ်ထားတော့ ပိုပြီး ပျက်ဆီးမှာပေါ့၊ ပြင်ဆင်ရအောင်လည်း မြတ်နိုး တစ်ဦးတည်းပိုင်တာ မဟုတ်ဘူးလေ၊ ရောင်းပြီး ရသင့်တာယူ၊ မြတ်နိုးအတွက် စိုက်ဆပ်ထားတဲ့ အကြွေး မာမီကို ပြန်ဆပ်၊ ကျန်တာ မြတ်နိုး စိတ်ကြိုက်သုံး။ ဘာမှမဖြစ်ဘူး ကိုယ်လက်ခံတယ်"

နားထောင်ရင်း ရိပ် အသားတွေ တဆတ်ဆတ်တုန်လာသည် အထိ ဒေါသထွက်ရသည်။





ရိပ် မျှော်လင့်ထားသည်နှင့် တကယ့်ကို တလွဲစီပါလား။

သူနှင့်လက်မထပ်ခင်မှာဘဲ ရိပ်က အင်ကြင်းနွယ်ကို လက်လွှတ် ဆုံးရှုံးခံရတော့မည်။ ပြီးတော့ ဒေါ်လေးနှင့်အိမ်ကလေးတို့ကို အပြီးအပိုင် သံယောဇဉ် ဖြတ်ရမည့်အခြေအနေ။

"ဒီမှာ ကိုဘုန်း။ ဒေါ်လေးက ရိပ်ရဲ့ တစ်ဦးတည်းသော အဒေါ် ဖေဖေ့ရဲ့ညီမဆိုပေမယ့် ရိပ်ရဲ့အမေရင်းလို သတ်မှတ်ထားတဲ့သူပါ၊ အင်ကြင်းနွယ်ကိုရောင်းချပြီး အမွေခွဲပေးစရာမလိုဘူး။ အင်ကြင်းနွယ်ကို ဒေါ်လေး လက်ထဲထည့်ပေးဖို့လည်း ရိပ် မနှမြောဘူး၊ ဆုံးရှုံးသွားမှာပဲ ရိပ် ကြောက်တာ"

"ဘာမဟုတ်တဲ့ ခြံပျက် အိမ်ပျက်ကြီးကို မြတ်နိုး သံယောဇဉ် တွယ်နေပြန်ပါပြီ၊ ကဲ ထားတော့ အင်ကြင်းနွယ်ကို မြတ်နိုး အမွေမို့ မြတ်နိုးတယ်ထား။ သူတို့စားဝတ်နေရေးကို ဘယ်သူတာဝန်ယူမှာလဲ၊ ကိုယ်ကပဲ တာဝန်ယူရမလို ဖြစ်နေတယ်"

"ရှင့်ကို ရိပ် ဒီလောက်အထိ မတောင်းဆိုပါဘူး ကိုဘုန်းသက်မော်"

ဒေါသလှိုင်း သင့်နေသော ရိပ်အသံကြောင့် ကိုဘုန်း၏ မျက်စိ မျက်နှာပျက်ဖြစ်သွားသည်။ ရိပ်ကို လက်တကာကာနှင့် တောင်းပန်ရှင်း

"ဆောရီး ဆောရီး ကိုယ်က သဘောပြောတာ၊ ဒေါ်လေးလို



www.burmeseclassic.com

www.burmeseclassic.com



အိုကြီးအိုမကို ကိုယ်တာဝန်ယူနိုင်ပေမယ့် ဟိုကောင်မလေးနဲ့တော့ မဖြစ်ဘူး။ မြတ်နိုးတောင် မနိုင်ချင်တဲ့ ကောင်မလေး၊ ပြီးတော့ သတိုးခဆိုတဲ့ ချာတိတ်နဲ့ ကြိုက်နေတာလည်း မြတ်နိုးအသိပဲ''

''ရိပ် သိတယ်၊ သတိုးခက ညီမလေးအတွက် ကောင်းပါတယ်၊ ဒါပေမဲ့ သူတို့ငယ်ရွယ်သေးတယ်''

''ဟုတ်ပါပြီ ကိုယ်က ဖြစ်သင့်တာကို ပြောတာ၊ မြတ်နိုးက ဆွေမျိုးရင်းချာတွေမို့ သံယောဇဉ်ကြီးနေတာပါ၊ ဒီကောင်မလေး အိမ်ထောင်ရက်သားကျသွားရင် ပိုင်ဆိုင်မှုအတွက် တောင်းဆိုလာမှာပဲ၊ ဒီတော့ စောစောစီးစီး စာရင်းရှင်းတာ ကောင်းမလားလို့ပါ''

''ရိပ် သဘောပေါက်ပြီ ကိုဘုန်း၊ ဒါတွေက ကိုဘုန်း မေမေ ပြောတဲ့ စကားတွေပဲ မဟုတ်လား''

''မာမီက ဖြစ်လာမယ့် အနာဂတ်ကိုတွက်ပြီး ပြောပြတာပါ မြတ်နိုးရယ်''

ဖြစ်လာမယ့် အနာဂတ်တဲ့။ ဟုတ်ပါရဲ့ ဘာကြောင့်များ ရိပ် ဒါကို မစဉ်းစားခဲ့မိပါလိမ့်။

ရိပ် ရင်ဆိုင်နေရသည့် ဒုက္ခတွေကို ကာယတင်နိုင်မည့်သူအဖြစ် ကိုဘုန်းကို အားကိုးမိသည်။ တိုင်ပင်မိသည်။

အားလုံး အဆင်ပြေသွားမည်ဟုလည်း ယုံခဲ့သည်။ အခုတော့





အဖြေက ရှင်းနေသည်။

ရိပ်နှင့်ကိုဘုန်း မာမီက ဘယ်လိုမှ မဖြစ်နိုင်တာ သေချာနေသည်။ သူတို့အကူအညီတွေက တစ်ချိန်မှာ ရိပ်ကို တစ်သက်လုံး အနိုင်ယူသွားမည့် အကူအညီတွေပဲ ဖြစ်လာနိုင်သည်။

''ကိုယ်ပြောတာ မြတ်နိုး စဉ်းစားကြည့်ပါ၊ သံယောဇဉ်တွေကိုပဲ ဦးစားမပေးနဲ့၊ ဖြစ်သင့်တာကို စဉ်းစားကြည့်၊ အကောင်းဆုံးက အင်ကြင်းနွယ်ကို ရောင်းပစ်လိုက်၊ ခွဲသင့်တာကို ခွဲ၊ ပြီးရင် မြတ်နိုး ကိုယ်တို့အိမ်လိုက်ခဲ့ပါ၊ မြတ်နိုးက ကိုယ့်အိမ်ရှင်မဖြစ်သွားပြီ၊ အချိန်တန်ရင် အိမ်ကလေးလည်း သတိုးခ အိမ်ရောက်သွားမှာပဲလေ၊ အင်ကြင်းနွယ်က ဘာများ မက်မောစရာရှိသလဲ''

ကိုဘုန်း ပြောသမျှ ရိပ် နှုတ်ဆိတ်ခြင်းနှင့်ပဲ ငြိမ်သက်စွာ နားထောင်နေခဲ့သည်။

နှုတ်ဆက်ပြန်ခဲ့တော့ ရင်ထဲမှာ မွန်းကြပ်သွားရတာ အမှန်။

ကိုဘုန်းကို ရိပ် လက်ထပ်ဖို့ ရွေးခဲ့တာမှားပြီလား။ အခုမှ ငြင်းပယ်လိုက်လျှင်တော့ သူတို့အကူအညီတွေ မရလို့ ရိပ် ငြင်းတာဟု ဒေါ်နန်းသက်ထားက အပုပ်ချအတင်းဆိုဦးမည်လား။

ကျုံမိသော စကားအတွက် နောင်တတော့ရမိတာ အမှန်။

ကိုဘုန်းကို အားကိုးယုံကြည်မိခဲ့သမျှ ဖြစ်မလာတော့[illegible]



www.burmeseclassic.com

www.burmeseclassic.com



တို့တောင် ပြိုလဲကျမတတ်ဖြစ်ရသည်။

ဆေးရောင်မှိန်မှိန်ဖျော့နေသော အင်ကြင်းနွယ် အိမ်ကြီးကိုမြင်တော့ ရင်ထဲမှာ ဝမ်းနည်းချင်လာသည်။

ခြံဝင်းထဲမှာတော့ ခြုံနွယ်ပိတ်ပေါင်းတွေ ရှင်းလင်းသွားတာမို့ ကြည့်ပျော် ရှုပျော်ရှိသည်။ စက် ဝယ်လာသော ပန်းအိုးတွေက အခက်အလက်တို့ဝေဆာနေသော ပန်းပိုးပင်တွေတောင် ဝေဝေဆာဆာ ဖြစ်နေသည်။

နေ့စဉ်ရောက်လာပြီး စက်ကိုယ်တိုင် ပေါင်းသင်ရေလောင်း မြေဩဇာကျွေးနေလို့ ရှင်သန်နေခြင်းပါ။

ရိပ် အခြေအနေက မာလီခြံသမားတစ်ဦး ငှားဖို့တောင် မလွယ်သည့် အခြေအနေဆိုတော့။

ကြာရင် သည်ခြံကြီး နဂိုအတိုင်း ခြုံနွယ်ရစ်ပတ်ကာ ခြောက်သယောင်းသွားမှာ သေချာသည်။

မနိုင်သောဝန်ကို ရိပ် ထမ်းနေသလို ဖြစ်နေတာတော့ တွေးရင်းမှ တရေးရေးပေါ်လာသည်။

ကိုတုန်းပြောသလို အင်ကြင်းနွယ်ကိုပဲ ဆုံးရှုံးခံရတော့မည်လား။

ဝဲတက်လာသော မျက်ရည်တွေကိုထိန်းရင်း ရိပ် ပင့်သက်မောကို ရှိုက်မိသည်။





ဒီအကြောင်းတွေ ဒေါ်လေးကိုလည်း မသိစေချင်။ ညီမလေးအိမ်ကိုလည်း မခံစားစေချင်ပါ။

ဒါပေမဲ့

အဖြေတစ်ခုကိုတော့ ရိပ် ပြတ်သားစွာ ဆုံးဖြတ်ရတော့မည်။ ကိုတုန်းတို့ သားအမိနှင့် အင်ကြင်းနွယ်ကြားမှာ ဘာအကူအညီမှ မရှိစေချင်တော့တာလည်း ရိပ် ဆုံးဖြတ်ပြီးပြီ။

ကိုတုန်းနှင့်လက်ထပ်ဖြစ်ခဲ့လျှင် ကျေးဇူးတရားဆိုသော ကြိုးတွေနဲ့တော့ ရိပ် နှောင်တုပ်မခံနိုင်ပါ။

ဒါက ရိပ်ရဲ့ခိုင်မာသော ဆုံးဖြတ်ချက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ဖောင်း"

"ဟာ ဘီးပေါက်ပြီ"

ကားဘီးပေါက်သံနှင့်အတူ ဒရိုင်ဘာ ကိုမိုး၏အော်သံက စက်အတွေးတွေကို ပြိုကွဲသွားစေသည်။

တည်းခိုရာ ဟိုတယ်ကအထွက်ကတည်းက ရိပ်နှင့်ပတ်သက်သည့် အတွေးတွေ လွင့်ပျံ့ရင်း သူ ငေးမောလိုက်ခဲ့တာ ဖြစ်သည်။

"တော်သေးတာပေါ့ ဆရာ၊ အင်ကြင်းနွယ်ကို ရောက်ခါနီးနေပါပြီ၊ ဆရာ လမ်းလျှောက်သွားလို့ ရမလား"

ကိုမိုးက ကားကို ဘရိတ်နင်းရပ်ရင်း စက်ကိုလှည့်မေးသည်။

"ဘီးပေါက်မှတော့ လမ်းလျှောက်ရမှာပေါ့ကွာ၊ မင်းတစ်ယောက်





တည်း ဘီးအပိုလဲလို့ ဖြစ်မလား"

"ဖြစ်ပါတယ် ဆရာ၊ ကျိုက်လည်းပါတယ်၊ အားလုံးအသင့်ပဲ၊ ကျွန်တော် ဘီးလဲပြီး မောင်းခဲ့ပါ့မယ်"

ကိုမိုးဆိုတော့ သူ ခေါင်းညိတ်ပြီး ကားတံခါးဖွင့်ဆင်းလိုက်သည်။ အင်ကြင်းနွယ်ကို ရောက်ဖို့ သိပ်မဝေးတော့တာမို့ ကားနှင့် ကိုမိုးကို ထားရစ်ခဲ့ကာ တစ်ယောက်တည်း ဆက်လျှောက်ခဲ့သည်။

ရုတ်တရက် ကားတစ်စီးငြိမ့်ခနဲ သူ့ဘေးမှာရပ်လာသည်။ ကြက်သွေးရင့်ရောင် Land Cruiser ကားကိုမြင်လိုက်ကတည်းက ဘုန်းသက်မော်ကားဟု ချက်ချင်းသိသည်။

ကားတံခါးက မှန်နက်တွေ လျောကျလာကာ ကိုဘုန်း မျက်နှာကို မြင်ရသည်။

"ကိုတိုင်းစက် ကားဘီးပေါက်သွားတာ မဟုတ်လား"

"ဟုတ်တယ် ကိုဘုန်း တွေ့ခဲ့မှာပေါ့"

"တွေ့ပါတယ် ကဲ ကားပေါ်တက်၊ ကျွန်တော့်ကားနဲ့လိုက်ခဲ့ပါဗျာ"

တရင်းတနှီးဖိတ်ခေါ်နေတာမို့ စက် မငြင်းတော့ဘဲ ရှေ့ကပတ်သွားကာ ကိုဘုန်း နံဘေးကို တံခါးဖွင့်တက်ထိုင်သည်။

ဘုန်းသက်မော် ကားလေးကို မောင်းထွက်ရင်း သူ့ကိုတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ငုံကြည့်သည်။

"အင်ကြင်းနွယ်ကို သွားမလို့လား ကိုတိုင်းစက်"

"ဒီဘက်လာမှတော့ အဲဒီပဲ သွားစရာရှိတာပဲဗျာ"

ဘာသဘောနဲ့မေးတာလည်း မသိပေမယ့် စက် တမင်ပဲ ဖြေပစ်လိုက်တော့ ကိုဘုန်း နှုတ်ခမ်းတွေ တွန့်ခနဲ ပြုံးသည်။

အပြုံးရိပ်တို့က မပြယ်သေးတဲ့ တိုင်းစက်နွယ်ဘက် ဦးလှည့်ကာ

"အင်ကြင်းနွယ်မှ မဟုတ်ပါဘူးဗျာ ကျွန်တော့်အိမ်ကိုလည်း လာလည်စမ်းပါ၊ အခုလမ်းကြုံတုန်း လိုက်ခဲ့ဗျာ၊ စကားလေးဘာလေး ပြောရတာပေါ့"

ဖိတ်ခေါ်နေသော စကားတို့က ချိုသာသည်။ အပြုံးရိပ်သဲ့သဲ့ အရိပ်ထင်သော မျက်ဝန်းတွေက ဘာတွေလျှို့ဝှက်ထားသည်မသိ။ ဒါပေမဲ့ စက် မငြင်းဆိုဘဲ ခေါင်းညိတ်သည်။

"အိုကေ ရောက်ဖူးတယ်ရှိအောင် လိုက်ခဲ့တာပေါ့ဗျာ"

စက် အဖြေကြောင့် ဘုန်းသက်မော် ကျေနပ်သွားသလို ပြုံးရင်း ကားလေးကို အင်ကြင်းနွယ် မရောက်ခင် သူတို့အိမ်ခြံဝင်းထဲ မောင်းဝင်ခဲ့သည်။

ဆင်ဝင်အောက်အထိ ပေါက်သော ကွန်ကရစ်လမ်းလေးအတိုင်း ကားလေးမောင်းဝင်လာတော့ စက် မျက်ဝန်းတွေက ခြံဝင်းထဲကို





လှေ့လာအကဲခတ်ပြီးဖြစ်သည်။

သစ်ပင်ပန်းပင်တို့နှင့် စိမ်းမြမြ မြက်ခင်းလွင်ပြင်ကို မြက်ရိတ်စက်ကလေးတွန်းကာ ပြုပြင်နေသော ခြံမာလီယောကျ်ားကြီးတစ်ယောက်ပါ ရှိနေသည်။

အင်ကြင်းနွယ် ခြံလောက် မကျယ်ဝန်းပေမယ့် ထည်ဝါခန့်ညားမှုကတော့ ရှင်းသန့်ငြိမ်းချမ်းသည်။ ဒါပေမဲ့ စက် စိတ်ထဲမှာတော့ အင်ကြင်းနွယ်ခြံကြီးလောက် စိတ်ဝင်စားစရာမကောင်းဟု ထင်သည်။

အင်ကြင်းနွယ်ကြီးကိုသာ ပြုပြင်လိုက်လျှင် သည့်ခြံကြီး၏ လှပခန့်ညားမှုက မှေးမှိန်သွားမှာ သေချာသည်။

"ကျွန်တော့် မာမီကလည်း ခင်များကိုတွေ့ချင်နေတာ၊ မိတ်ဆက်ပေးချင်လို့ပါဗျ"

ဆင်ဝင်အောက်မှာ ကားလေးထိုးရပ်ရင်း ကိုဘုန်းဆိုသည်။ စက် ကားတံခါးဖွင့်ဆင်းတော့ အိမ်ဖော်မိန်းကလေးက ဧည့်ခန်း သံဘာဂျာတံခါးကို ဖွင့်ပေးသည်။

"မိနော် ဧည့်သည်အတွက် တစ်ခုခု စီစဉ်ခဲ့စမ်း"

"ဟုတ်ကဲ့ အစ်ကိုလေး"

အိမ်ဖော် မိန်းကလေးက ရိုကျိုးစွာ ခေါင်းကလေးငုံ့လို့ မျှော်ဘက်အခန်းထဲ လှမ်းဝင်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာ ကိုတိုင်းစက် ထိုင်ဗျာ"

ကော်ဖောနီကြီး အပြည့်ခင်းထားသော ဧည့်ခန်းထဲမှ မြင်ကွင်းတွေကို စက် တဒင်္ဂလေးမှာပဲ လှေလာအကဲခတ်ကြည့်မိသည်။

ဂတ္တီပါအနီရောင် ဆိုဖာထိုင်ခုံကြီးတွေနှင့် အလူမီနီယံ ရှိုးကေ့စ်ကြီးတွေက ဧည့်ခန်းထဲမှာ ခန့်ခန့်ထည်ထည် ရှိသည်။

ပန်းပုရုပ်ထုတွေ ပန်းအိုးကြီးတွေက ဧည့်ခန်းထောင့်တွေမှာ နေသားတကျ။

နံရံထက်မှာတော့ ရှေးခေတ်မြန်မာ့ နန်းဝတ်နန်းစားနှင့်အမျိုးသမီးကြီးတစ်ဦး၏ ပုံတူပန်းချီကားကြီးက ခန့်ညားစွာ။

"ဒါ ကျွန်တော့်အဘွားလေ၊ ကျွန်တော့်အဘွားရဲ့အဖေက မြို့စားအနွယ်ဝင်ပေါ့"

ဘုန်းသက်မော် လေသံက ဂုဏ်ယူဝင့်ကြွားဟန်အပြည့်နှင့် ဖြစ်သည်။ စက် ခေါင်းညိတ်အသိအမှတ်ပြုရင်း ဘုန်းသက်မော်နှင့် ယှဉ်တွဲရိုက်ထားသော မိန်းမကြီးဓာတ်ပုံကို ငေးကြည့်မိသည်။

ပိန်ပိန်ပါးပါးပေမယ့် ဥပမိရုပ်က ကိုဘုန်းနှင့်အတော် ဆင်တူသည်။ မျက်ခုံးသေးသေးတန်းတန်းအောက်က မျက်ဝန်းတွေမှာ မာနရိပ်တွေက အရောင်ဖြာနေသလားထင်ရသည်။

ပိရိသေသပ်သော နှုတ်ခမ်းတွေကလည်း ဩဇာအာဏာ အ





ပြည့်အဝသိုဝှက်ထားသည့်ဟန်။

"အဲဒါ ကျွန်တော့်မာမီ ဒေါ်နန်းသက်ထား"

ကိုဘုန်းက ပြောရင်း စက်နှင့်မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်သည်။

"ကျွန်တော်တို့ ဒီခြံကိုဝယ်တာ လေးနှစ်လောက်ပဲရှိသေးတယ်ဗျ။ နဂိုအိမ်ကို ဖျက်ပြီး အသစ်ပြန်ဆောက်ထားတာလေ"

"အင်း ကျွန်တော်ရှိတုန်းက ဒီခြံနဲ့အိမ်က ဝန်ထောက်ဟောင်းကြီး ပိုင်တာဗျ။ ခြံထဲက အိမ်ကြီးက ရှေးလက်ရာအိမ်ကြီးဆိုတာ မှတ်မိတယ်"

"ဟုတ်တယ် နေထိုင်သွားတဲ့သူက အဆင့်အတန်း မနိမ့်လို့လည်း မာမီက ဝယ်ဖို့ဆုံးဖြတ်လိုက်တာဗျ။ အိမ်ကြီးကလည်း ရှေးဆန်ပြီး အိုမင်းနေတော့ မကြိုက်ဘူး၊ ဒါကြောင့် ဖြိုချပြီး စိတ်ကြိုက်ဆောက်ခဲ့တာပေါ့"

လေသံနှင့် အပြောကို နားထောင်ရုံနှင့် စက် အမြင်ကပ်ချင်လာသည်။ တော်တော်ကို ကိန်းကြီးသည့် အမျိုးတွေပါလား။ ဒီလို လူစားမျိုးကိုမှ ရိပ်က အိမ်ထောင်ဖက်အဖြစ် ရွေးတာ ဘာကြောင့်လဲ။

ပိုင်ဆိုင်ချမ်းသာမှုကြောင့်လားဟု စက် တွေးနေမိသည်။

"ကိုတိုင်းစက် ဒီမှာခြံဝယ်မလို့ဆို ဒါဆိုရင် အင်ကြင်းနွယ်ကို



www.burmeseclassic.com

www.burmeseclassic.com

စိတ်မဝင်စားဘူးလား''

ကိုဘုန်း အမေးကြောင့် စက် အံ့သြသွားရသည်။ မော့ကြည့်တော့ ကိုဘုန်းက အပြုံးရိပ်လွှမ်းထားသော မျက်ဝန်းတွေနှင့်ကြည့်ရင်း

''ခြံကြီးကလည်းကျယ်၊ တိုက်ကြီးကလည်း ထည်ဝါပါတယ်၊ ပြုပြင်လိုက်ရင်တော့ အတော် ထည်ဝါသွားမှာဗျ''

''ကျွန်တော် သိပါတယ်၊ လွန်ခဲ့တဲ့ လေးနှစ်ကျော်ကာလတွေကဆို အင်ကြင်းနွယ်ခြံထဲမှာ ကျွန်တော့်ခြေရာတွေ ထပ်နေတာပေါ့ဗျာ''

တမင် အမြင်ကပ်စိတ်နှင့် စက် ပြောလိုက်တော့ ကိုဘုန်းမျက်နှာကြီးရဲရဲနီသွား၏။ ဖြူသောမျက်နှာမှာ နီမြန်းနေသည့် သွေးရောင်တွေက ဝန့်တိုစိတ်ကြောင့်ထင်သည်။

သည်မျက်နှာကြီးကိုပဲ စက် မျက်တောင်မခတ်ဘဲ ပြုံးယဲ့ယဲ့အရသာခံကြည့်နေတော့ ဘုန်းသက်မော် ချက်ချင်းဣန္ဒြေဆယ် သိုဝှက်ရင်း

''အင်း မြတ်နိုးတို့အိမ်ကို ခင်ဗျား ဝင်ထွက်ဖူးနေတော့ သိမှာပေါ့ဗျာ၊ အင်ကြင်းနွယ်ကို ပြုပြင်ရမှာ အပြင်ပိုင်းလောက်ပါ၊နည်းနည်းပါးပါး သနပ်ခါးလိမ်းလိုက်ရင် အတော့် ခန့်ညားသွားပြီ''

''ဒါလား သနပ်ခါးလိမ်းလို့ရမှာ ဦးလေး ဦးမြတ်ထင်ကျော်လက်ထက်ကတည်းက ပစ်ထားခဲ့တာကြီးပါဗျာ၊ ကျွန်တော် အမေရိကား





မသွားခင်ကတည်းက ပျက်စီးစပြုနေတာ ကျွန်တော် သိတာပေါ့''

ဘုန်းသက်မော် ရည်ရွယ်ချက်ကို သိတာမို့ စက် တမင်နှိပ်ကွပ်ပြောပစ်လိုက်သည်။

ဘုန်းသက်မော် ချက်ချင်း ဘာစကားမှပြန်မဆိုနိုင်ဘဲ စကားလုံးတွေ တုံ့ပြန်ဖို့ ရှာနေတုန်းမှာ အိမ်ဖော် မိန်းကလေး ကော်ဖီလင်ပန်းကို ကိုင်ကာ ဝင်လာသည်။

အနောက်မှာကပ်ပါလာသော ရွှေကိုင်းမျက်မှန်နှင့်မိန်းမကြီးကဒေါ်နန်းသက်ထားဟု စက် သိလိုက်သည်။

ထိုင်နေသော ဘုန်းသက်မော် ချက်ချင်းထသွားကာ လျှောက်လာသော မိန်းမကြီးကို အပြေးတစ်ပိုင်း လက်ခွဲတွဲခေါ်သည်။

''မာမီနဲ့မိတ်ဆက်ပေးရဦးမယ်၊ ကိုတိုင်းစက်နွယ်ဆိုတာ သူပေါ့''

မိန်းမကြီးမျက်ဝန်းတွေက စက်ကိုလှမ်းကြည့်ရင်း အကဲခတ်တာမို့ စက် ထိုင်ခုံက အသာထရပ်ရင်း

''တွေ့ရတာ ဝမ်းသာပါတယ် အန်တီ''

ဒေါ်နန်းသက်ထား နှုတ်ခမ်းပါးလေးတွေ လှစ်ခနဲ ပြုံးသည်ဆိုရုံမျှပြုံးပြီး ခေါင်းညိတ်ရင်း

''မောင့်အကြောင်း သားနာမည်ပြောထားဖူးလို့ သိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ပါ မောင်တိုင်းစက်နွယ်''

စက် ထိုင်ခုံမှာပြန်ထိုင်မှ ကိုတုန်းတို့သားအမိ မျက်နှာချင်းဆိုင် ဆိုဖာခုံကြီးမှာ ဝင်ထိုင်သည်။ ဒေါ်နန်းသက်ထား အကြည့်တွေက တိုင်းစက်နွယ်ကို ခြုံငုံအကဲခတ်ရင်း

''မောင်တိုင်းစက်နွယ်က ဒီမြို့ ဒီဇာတိဖွားပဲဆို''

''ဟုတ်ပါတယ် အန်တီ၊ အန်တီတို့ပြောင်းလာတော့ ကျွန်တော်တို့သားအဖ အမေရိကားကို ထွက်သွားချိန်ဖြစ်နေလိမ့်မယ် ထင်ပါတယ်''

''ဟုတ်မယ် အန်တီတို့က လေးနှစ်လောက်ပဲရှိသေးတယ်၊ အေးအေးချမ်းချမ်း ကျန်းမာရေးအတွက် သင့်တော်တဲ့ ဒီမြို့ကို ပြောင်းခဲ့တာ၊ မန္တလေးမှာတော့ အန်တီ ဘိုးဘွားပိုင် အိမ်ကြီးရှိသေးတယ်၊ ခြံစောင့်နဲ့ ထားရစ်ခဲ့တာပေါ့ကွယ်''

''ဟုတ်ကဲ့ ဒီမြို့က နေလို့ကောင်းပါတယ် အန်တီ၊ ဒါကြောင့် ကျွန်တော့် ဖေဖေတောင် ဒီမြို့မှာပဲ ခြံဝယ်ပြီးနေဖို့ မကြာခင် ပြန်လာတော့မှာပါခင်ဗျာ''

''မောင်တိုင်းစက်နွယ် ဖေဖေအကြောင်း အန်တီ သိထားပါတယ်၊ ဒီမြို့မှာ တစ်ချိန်က အထင်ကရတွေပဲ၊ ဝမ်းသာပါတယ်ကွယ်၊ အန်တီကတော့ မျိုးရိုးကို အလေးထားတယ်၊ လူမှာအမျိုး ကြက်မှာ အရိုးဆိုတဲ့ စကားရှိတယ်လေ''





ဒေါ်နန်းသက်ထားက ဘုန်းသက်မော် အမေဟု ပြောစရာမလိုအောင် တူလွန်းသူမှန်း စက် တခဏလေးနှင့်သိလိုက်သည်။

သူမတို့ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် မြင့်မြတ်ကြီးကျယ်ခဲ့ပုံတွေကို မြိန်ရေယှက်ရှည် ပြောဆိုနေသည်။ စက် မကောင်းတတ်၍ နားထောင်နေရပေမယ့် နားထဲမှာ အဝင်မလှတာတော့ အမှန်။

''ဒါကြောင့် အန်တီတို့မျိုးရိုးထဲမှာ မျိုးရိုးမသန့်တဲ့သူတွေ ရောက်လာမှာ သိပ်စိုးတယ်ကွဲ့''

''ဟုတ်ကဲ့''

အလိုက်သင့် ဟုတ်ကဲ့နေရပေမယ့် ကြားရတာ စက် နားငြီးလာသည်။ သည်လို မိန်းမကြီးနှင့်ရိပ် ဖြစ်ပါ့မလား။ ပန်းပွင့်အိမ်နှင့်တော့ ဘယ်လိုမှ မတည့်မှာတော့ သေချာသည်။

''အန်တီမှာ ဒီသားတစ်ယောက်ပဲ ရှိတယ်၊ ဒါကြောင့် သားနဲ့ ပတ်သက်လာမယ့် မိန်းကလေးကိုလည်း အန်တီ ဂရုစိုက်ရတယ်လေ''

''မြတ်နိုးကိုတော့ ကျွန်တော့ မာမီက သဘောတူတယ်လေ ကိုတိုင်းစက်''

တစ်ချိန်လုံး ငြိမ်နေသော ဘုန်းသက်မော်က ဝင်ပြောသည်။ သူ့ရှေ့မှာမို့ ရိုပ်နှင့်ပတ်သက်ပြီး တမင်အသိပေးမှန်း သိနေသော စက် မျက်နှာတစ်ချက် မပျက်ဘဲ ပြုံးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုပဲ ဘယ်လိုထင်သွားသည်မသိသော ဒေါ်နန်းသက်ထားက တစခန်းထလာပြန်သည်။

"မြတ်နိုးရိပ်ထင်တို့ မျိုးရိုးက အန့်တီတို့နဲ့ယှဉ်ရင်တော့ အဂုံကြီးနိမ့်ပါတယ်၊ ဒါပေမဲ့ ဂုဏ်သရေရှိ မျိုးနွယ်တွေပါပဲ၊ အဲ သူ့ရဲ့ အဖေကတော့ ခြွင်းချက်ပေါ့"

"မြတ်နိုး ဖေဖေက အပေါင်းအသင်းတွေ နိုင်စက်လို့ပါ မာမီ"

"ဟုတ်ပါပြီလေ၊ ဒါကို မာမီ လက်ခံနားလည်ပေးပါတယ်၊ ဒါပေမဲ့ သားကို မာမီ သဘောတူခဲ့စဉ်က အခြေအနေနဲ့ အတော်ကို ကွာခြားသွားတာတော့ ဝန်ခံရလိမ့်မယ်"

ကိုဘုန်း မျက်နှာကို စေ့စေ့ကြည့်ရင်း ဒေါ်နန်းသက်ထား ဆိုတော့ ကိုဘုန်း နှုတ်ဆိတ်စွာ ခေါင်းညိတ်လိုက်တာလား ခေါင်းငုံ့လိုက်တာလား မသိ။

"ထားပါတော့လေ ငါ့သား နှစ်သက်တွယ်တာနေတာထက် မာမီရဲ့ နှုတ်က ကျုံပြီးသွားတဲ့ စကားအတွက် မာမီ တည်တံ့ပါတယ်၊ မာမီ အိမ်ပေါ်ရောက်လာမယ့် မိန်းမတစ်ယောက်ကို သားနဲ့ထိုက်တန်တဲ့ ဖနီးကောင်းဖြစ်အောင် မာမီ ပြုပြင်ယူရမှာပေါ့၊ ဒါကိုတော့ မြတ်နိုး နားခံတတ်ဖို့လိုတယ် သား။ မောင်တိုင်းစက်ကို စဉ်းစားကြည့်လေ၊ ဒေါ်သူဇာ မြိုင်ရဲ့သမီး ပန်းပွင့်အိမ်ဆို လှသာငယ်တယ်၊ တကယ့် ဂျစ်ပေပေလေး





နော်၊ မြတ်နိုးတို့က မဆုံးမ မပဲ့ပြင်တော့ ဆိုးချင်တိုင်းဆိုးနေတာပေါ့၊ ထားပါလေ အဲဒီ မိန်းကလေးက အန့်တီနဲ့ဆက်နွယ်စရာမရှိတော့ မဝေဖန်ချင်ပါဘူး၊ မြတ်နိုးကတော့ အန့်တီပုံစံသွင်းရလိမ့်မယ်၊ ဒါမှ သားအတွက် ထိုက်တန်တဲ့ ဇနီးလိမ္မာလေး ဖြစ်လာတော့မှာပေါ့"

ကိုယ့်ရှေ့မှောက်မှာ ရိပ်ကို ဝေဖန်ပြောဆိုနေတာ ကြားတော့ စက် မျက်မှောင်ကုပ်ကာ နှုတ်ခမ်းတွေ တင်းခနဲစေ့ထားမိသည်။

ဒီထက် စကားလုံးတွေ ကျွံထွက်မလာခင် တုံ့ပြန်ဖို့တော့ လိုသည်ထင်ရဲ့။ ရင်ထဲက ဒေါသတွေကို မျိုသိပ်ထိန်းကာ စက် တည်တည်ငြိမ်ငြိမ်နှင့်ပဲ တုံ့ပြန်သည်။

"အန့်တီက တကယ် လူကြီးဆန်ပါတယ်၊ အန့်တီ့သားကိုလည်း အတော်ချစ်တာပဲနော်"

"အင်း သားကို ချစ်လို့ မြတ်နိုးကို လက်ခံဖို့ အန့်တီ အတော်စဉ်းစားခဲ့ရတာပေါ့ကွယ်၊ ဒီကလေးရဲ့ အခုလက်ရှိဘဝအခြေအနေက သဘောတူစရာမရှိဘူး၊ အန့်တီ့သား အဆင့်အတန်းနဲ့ဆို သူ့ထက် အစစသာတဲ့ မိန်းမ ခေါင်းခေါက်ယူနိုင်တယ်၊ ဒါပေမဲ့ ငွေကြေးနေက အန့်တီအတွက် မလိုပါဘူး၊ မြတ်နိုးရိပ်ထင်ကို လက်ခံလိုက်တာ သားအတွက်၊ ပြီးတော့ အန့်တီ အရိပ်ရောက်မှ ပြုပြင်မယ်ဆိုတဲ့စိတ်နဲ့လေ"

ဖြစ်နိုင်လျှင် ရိပ်ကို လက်ဆွဲခေါ်ပြီး ဒေါ်နန်းသက်ထားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တိုက်ဆုံတွေ့ပေးလိုက်ချင်သည်။ ဒါပေမဲ့ ဘုန်းသက်မော် အမြင်မှာ သူ ကတုံးကတိုက်ပြုသည်ဟု အထင်မခံနိုင်။

ရိပ်တို့ နှိမ်ချနေသော စကားတွေအတွက်တော့ သူ တုံ့ပြန်ဖြစ်အောင် တုံ့ပြန်လိုက်မိသေးသည်။

"အင်း ကျွန်တော် သိထားသလောက်တော့ အန်တီတို့ဘက်ကသာ စီမံကိန်းတွေချမှတ်နေတာ မြတ်နိုးရိပ်ထင်က ကိုဘုန်းကို လက်ထပ်ပါ့မယ်လို့ တရားဝင်မပြောသေးဘူးဆို"

ကိုဘုန်း မျက်နှာကြီး နီမြန်းသွားသလို ဒေါ်နန်းသက်ထားနှုတ်ခမ်းပါးတွေလည်း မဲ့ခနဲ ဖြစ်သွားသည်။

"အဲဒါ အန်တီသား မိုက်မဲတာပေါ့၊ မြတ်နိုးကလည်း ဆင်ခြင်တုံတရား မရှိတဲ့ မိန်းကလေးပဲ၊ သူ့မှာအဒေါ်နဲ့ ညီမဝမ်းကွဲကလွဲလို့ ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်၊ ဒါနဲ့တောင် သားနဲ့လက်ထပ်ဖို့ သူကပဲ ရက်ရွှေ့နေ့ရွှေ့လုပ်နေသတဲ့၊ အန်တီ့သားနဲ့လက်ထပ်ပြီး အန်တီတို့ အမျိုးထဲဝင်ခွင့်ရတာ သူ့အတွက် ဂုဏ်ယူစရာပါ၊ ဒါကိုမှ ငြင်းနေသေးရင်တော့ ဘယ်လိုလူစားမျိုးနဲ့ ရမလဲစောင့်ကြည့်ပေါ့ကွယ်"

"ကျွန်တော့်အနေနဲ့တော့ ရိပ်ကို အဖိုးတန်ရတနာလေးလို့ပဲ သတ်မှတ်ထားတယ် အန်တီ"

"ကိုတိုင်းစက် ပြောတာ အမှန်ပဲ မာမီ၊ မြတ်နိုးရောက်လာရင်





သားတို့ အိမ်အတွက် ကျက်သရေရှိသလောက် ရှိလာမှာပါ၊ မြတ်နိုးက မာမီမှာ ရှိတဲ့ ရှေးစိန်ပွင့်တွေလိုပဲ မြတ်နိုးစရာကောင်းပါတယ်"

စက် စကားကို ဖြတ်ကာ ကိုဘုန်း ဝင်ပြောသည့်စကားတွေကြောင့် စက် ဟားတိုက်ရယ်ချင်စိတ်ကို မျိုသိပ်ထားရသည်။

စိန်နှင့်လူသားကို နှိုင်းယှဉ်တန်ဖိုးဖြတ်ပြနေသည့် သားနှင့် အဆင့်အတန်း ဂုဏ်တွေကို ချိန်ခွင်ပေါ်တင်ချင်နေသော အမေ လိုက်လည်းလိုက်ပါသည်။

ကြာလျှင် သူနှင့်ဖြစ်တော့မှာ မဟုတ်တာမို့ စက် ထရပ်ရင်း

"ကဲ အန်တီ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး၊ ကိုဘုန်း နောက်မှပဲ ဆုံကြစို့ဗျာ"

နှုတ်ဆက်ပြီး စက် ပြန်ခဲ့သည်။

ခြေလှမ်းတွေက အင်ကြင်းနွယ်ဘက်ကို ဦးတည်ခဲ့ရင်း အတွေးထဲမှာ ရိပ်ပဲရှိနေသည်။

ကိုဘုန်းကိုသာ ရိပ် လက်ထပ်ဖို့ ခေါင်းညိတ်လျှင် ကြုံတွေ့လာမည့် အခြေအနေတွေကို သူမှန်းဆနိုင်ခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် ရိပ်ကိုတော့ သူ ဒီအသိုင်းအဝိုင်းထဲ ပစ်မထည့်လိုက်နိုင်ပါ။

ဒါကို ရိပ် နားလည်အောင် သူ ဘယ်လိုပြောရမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းထဲမှာ အတွေးတွေ ချာလည်ရင်း။

■ ■ ■



## အခန်း (၁၄)

နံနက်စောစောထ၍ လမ်းလျှောက်တတ်သည်မှာ ရိပ်ရဲ့အလေ့အကျင့်။ ဟိုတုန်းကဆို မနက်တိုင်း တစ်ရက်မပျက် ရိပ် လမ်းလျှောက်တတ်သည်။

ဖေဖေ့ရဲ့ကိစ္စတွေ ရှုပ်ထွေးရင်း လမ်းမလျှောက်ဖြစ်တာ ကြာပြီ။ အခုတော့ မနက်အိပ်ရာက စောစောထကာ ရိပ် လမ်းလျှောက်ဖြစ်တာ တစ်ပတ်ကျော်ပြီ။

စလျှောက်သည့်နေ့တွေကတော့ ရိပ် နန်းငွေကို အဖော်ခေါ်သွားသည်။ သို့ပေမယ့် လမ်းလျှောက်ပြီးပြန်လာမှ နန်းငွေခမျာ လုပ်စရာအိမ်အလုပ်တွေကို အပြေးအလွှား လုပ်ကိုင်ရတတ်တာမို့ နောက်ပိုင်းမှာ ရိပ် အဖော်မခေါ်ဖြစ်တော့ပါ။


www.burmeseclassic.com

www.burmeseclassic.com



မြူနှင်းတို့ ရစ်သိုင်းသော လမ်းကလေးအတိုင်း လမ်းလျှောက်လာရတာ ပျော်စရာတော့ ကောင်းသည်။ အေးချမ်းလှပသော မြင်ကွင်းတွေနှင့်ရှင်းသန့်သောလေနုအေးကို ရှူရှိုက်ရတာ ရိုပ် စိတ်ကိုလန်းဆန်းစေသည်။

ဂျင်းဘောင်းဘီ အဖြူ ဗွယ်တာ ပန်းရင့်ရောင်ကလေးဝတ်ကာ Adidas ဝေါ့ကင်းရှူးဖိနပ်အနီရောင်လေးစီးထားသော ရိုပ် အသွင်က ကျစ်ကျစ်လျစ်လျစ် ခန္ဓာကိုယ်လေးနှင့်တစ်မျိုးတော့ ကြည့်ကောင်းနေသည်။

ဖေဖေဆုံးပါးပြီးနောက်ပိုင်းမှာ ရိုပ် စိတ်တွေညစ်ညူးစရာတွေ ဖြစ်ခဲ့၏။ ရင်ဆိုင်ရမည့် ပြဿနာတွေ၊ စိတ်ဆင်းရဲစရာတွေက အများကြီး။

အားလုံးကို ရင်ဆိုင်ရှင်းဖို့ ရိုပ် ဆုံးဖြတ်ခဲ့တာတွေကလည်း အမှားတွေချည်းဖြစ်ခဲ့သည်။ အသေအချာ ပြန်တွေးကြည့်တော့ ရိုပ် အဖြစ်က မနိုင်ဝန်တွေထမ်းပိုးချင်မိတာမျိုးဖြစ်ခဲ့သည်။

ပြီးတော့ ထိုပြဿနာတွေအတွက် ကိုဘုန်းကို အားကိုးရှင်းနိုင်းတာလည်း၊ ရိုပ် မှားယွင်းမှန်းသိလာသည်။

မကြာမီ လက်ထပ်ဖို့ ရိုပ် ရည်ရွယ်ထားသည့် ယောကျ်ားတစ်ယောက်ဆီက အကူအညီရယူချင်တာ မဟုတ်သေးပါ။ ရိုပ် တကယ်စမ်း လုပ်သင့်တာ လက်ရှိပြဿနာတွေကို ဖြစ်သည့်နည်းနှင့်ရှင်းလင်းဖို့ဖြစ်သည်။

စိတ်ရှုပ်စရာတွေကို မေ့မြူထားသလိုဖြစ်နေတာ ပိုဆိုးသည်ပေါ့။

အင်ကြင်းနွယ်ကို မြတ်နိုး နှောင်တွယ်ပေမယ့်လည်း မိုးပေါ်က လမင်းသာနေတာကို တောင့်တလိုချင်သလို ဖြစ်နေတာမျိုးတော့ မဟုတ်သေးပါ။

ဘိုးဘွားပိုင်အမွေမို့ ရိုပ် မက်မောသည်ဆိုသော်လည်း

"ဟိတ်"

ရုတ်တရက် သစ်ပင်တစ်ပင်ရှေ့အရောက်မှာ ခြောက်လှန့်သံနှင့်အတူ ရိုပ်ခနဲပေါ်လာသော လူရိပ်ကြောင့် ရိုပ် ထိတ်ခနဲ ဖြစ်သွားရသည်။

"လန့်သွားသလား ရိုပ်"

အပြာနုရောင် လက်ရှည်တီရှပ်နှင့် ဂျင်းပင်န်ပြာကို ဝတ်ဆင်ထားပြီး အနက်ရောင်လျှာထိုးဦးထုပ်လေးကို ဆောင်းထားသော စက်ရယ်ကျဲကျဲနှင့် ရိုပ်ကို ကြည့်နေသည်။ အတွေးတွေပြတ်ကာ တုန်ခါသွားသော ရင်ကို ချုပ်ထိန်းရင်း

"နင် ဘာယ်လိုလုပ်လိုက်တာလဲ စက်၊ နင့်ကိုနင် ကလေးများ





ဗျူးစာပေ

www.burmeseclassic.com



မှတ်နေသလား။ နင် ခြောက်လှန့်ပုံက သိပ်ကလေးကလား ဆန်လွန်းတယ်''

''ဆောရီး ရိပ် မနက်စောစော လမ်းထလျှောက်ရင်း ဟိုးငယ်ငယ်ကအကြောင်းတွေ ပြန်တွေးမိနေတုန်း နင် လျှောက်လာတာမြင်တော့ နောက်ပြောင်ချင်လို့''

စက် မျက်နှာက အပျော်ရိပ်တွေ မပြယ်ပျောက်ချင်သေးပါ။ ငေးစိုက်ကြည့်နေသော မျက်ဝန်းတွေထဲမှာ အပူအပင်ကင်းစင်သော အရိပ်တွေ ယှက်သန်းနေသည်။

အမြဲတမ်း ပျော်ပျော်နေတတ်သော စက် အသွင်က ဟိုးတုန်းကအတိုင်း နုပျိုလွန်းသည်။ ရိပ် မှာသာ သောကပူတွေနဲ့ မွန်းကြပ်နေခဲ့ရတာ။

တကယ်တော့ စက်လောက် ရိပ် ဘဝကံမကောင်းခဲ့ပါ။

''ရိပ် နင်လမ်းလျှောက်မလို့လား။ တို့နှစ်ယောက် အတူလျှောက်ရအောင်နော်''

ဟိုးအရင်က ဆောင်းရာသီ နှင်းမှုန်တွေထဲမှာ ရိပ်နှင့်စက်တို့ မနက်တိုင်းအပြေးလေ့ကျင့်ခန်းယူကာ ပြိုင်ပြေးခဲ့ကြတာကို ပြန်သတိရမိသည်။

''နင် အခုလို လမ်းလျှောက်နေတာ မြင်တော့ ငါဝမ်းသာတယ်





ရိပ်၊ အရင်ရက်တွေက နင့်ကြည့်ရတာ ငါ စိတ်မချမ်းသာဘူး။ နင့်အဖေအတွက် နင်ခံစားနေရတာ ငါနားလည်ပါတယ် ရိပ်ရယ်''

နှစ်ယောက်အတူ လမ်းလျှောက်ရင်း စက် စကားတွေ ဖောင်ဖွဲ့ပြောသည်။ စက်နှင့်အတူ ယှဉ်တွဲလျှောက်နေရခြင်းက ငယ်စဉ် ကလေးဘဝကို ပြန်သတိရမိပေမယ့် လက်ရှိဘဝအခြေအနေတွေနှင့် မတူတာကို ရိပ် စိတ်က ခံစားသိနေသည်။

''ဘာဖြစ်နေတာလဲ ရိပ်ရဲ့၊ နင့်မျက်နှာကြီးက တည်တည်ကြီးနဲ့ ဘာလဲ ငါလိုက်လာတာကို မနှစ်သက်လို့လား''

''ဒါ ပြည်သူ့ပိုင်လမ်းပဲ၊ နင့်ဘာသာ လျှောက်တာ ငါက ဘာလို့ မကျေနပ်ရမှာလဲ အပိုတွေ ပြောမနေနဲ့ စက်''

စိတ်တိုတို့နှင့် ရိပ် ဘုတောတော့ စက် နှုတ်ခမ်းတွေ ကျေကျေနပ်နပ် ပြုံးရင်း

''အေး နင် အဲဒီလိုပြောတာ နေတာကိုပဲ ငါမြင်ချင်တာ''

''စက် နင်တော်တော် စကားများတာပဲဟာ၊ ပါးစပ်ပိတ်ပြီး လျှောက်ဟာ ဒါမှမဟုတ်ရင် နေခဲ့''

''ဟာ စောစောကတော့ ပြည်သူ့ပိုင်လမ်းဆို ဘယ်လိုဖြစ်တာလဲ''

''စက် လာနောက်ပြောင်မနေစမ်းပါနဲ့၊ ငါ့စိတ်နဲ့ငါ အေးအေးဆေးဆေး လမ်းလျှောက်ပါရစေ''



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဆို ငါဘာမှမပြောဘူး ဟုတ်လား"

စက် ဘာမှမပြောတော့ပါ။ ဒါပေမဲ့ နံဘေးမှာယှဉ်တွဲ လျှောက်ရင်း အကြည့်တွေက ရှေ့တူရူမှာ မရှိဘဲ ရိပ်မျက်နှာကိုပဲ ငေးကြည့်နေပြန်သည်။

ရိပ် ခြေလှမ်းတွေကို ရပ်တန့်ပစ်ရင်း

"နင် ဘာဖြစ်နေတာလဲ စက်"

"မျက်မှောင်လေးကုပ်ကာ ရိပ်မေးတော့ စက် တမင်နှုတ်ခမ်းတွေကို စေ့ပိတ်ပြီး အသံမထွက်ဘဲ မေးဆတ်ပြသည်။

"စက်နော် ငါ တကယ်စိတ်တိုလာပြီ"

"ဘာလဲ ရိပ်ရဲ့ နင်ပဲ စကားသံမထွက်ရဘူးဆိုလို့ ငါ တေမိ လုပ်နေတာနော်၊ အခုလည်း နင်ဖွင့်မေးလို့ ပြန်ဖြေရတာ"

ရိပ် ဒေါသစိတ်နှင့်လက်ကလေးရွယ်ကာ ထုရိုက်မည်ပြင်ပြီးမှ လက်ကို ပြန်ရုပ်သိမ်းသည်။ ပြီးတော့ နှုတ်ခမ်းတွေပြုံးကာ ရယ်ရင်း

"စက် နင်ကတော့ အရင်ကအတိုင်း ပျော်ပျော်ပဲနော်"

"ဟ ငါတို့အသက်အရွယ်တွေက အဘိုးကြီး အဘွားကြီးတွေမှမဟုတ်တာဘဲ၊ ဤသြေကြီးတွေ သိက္ခာကြီးတွေနဲ့ နေရမှာလား။ ရိပ်ရယ် နင်နဲ့ငါ ဟိုးအရင်ကလိုပဲ ရင်းရင်းနှီးနှီး ပြန်ရှိစေချင်တယ်"

စက် အတိတ်ကို တမ်းတမ်းတတလေး ပြောသည်။ ရိပ် ပင့်





သက်မောကို ရှိုက်ရင်း

"လေးနှစ်ဆိုတဲ့ အချိန်ကာလက အခြေအနေတွေကို ပြောင်းလဲနိုင်တယ် စက်၊ ခုပဲကြည့်လေ၊ အရင်က နင်မြင်သိခဲ့တဲ့ အင်ကြင်းနွယ်က ပြောင်းလဲနေပြီ၊ ဒီအတိုင်းပဲ ငါ့ဘဝလည်း ပြောင်းလဲသွားပြီ၊ အရင်ကလို အခြေအနေမဟုတ်တော့ဘူး၊ ငါ့မှာ ဒုက္ခတွေနဲ့မှ ပူလောင်မှုတွေနဲ့"

"နင့်ကိုငါ နားလည်တယ် ရိပ်၊ အဲဒီအတွက် ငါ စိတ်မကောင်းပါဘူး၊ ဒါပေမဲ့ ဒါ နင်တစ်ယောက်တည်း ကြုံဆုံရတဲ့ကိစ္စမှ မဟုတ်ဘဲ၊ လောကဓံဆိုတာ လူသားတိုင်း ရင်ဆိုင်ရမယ့် အရာပဲဟာ"

စက် နှုတ်က သည်လိုလေးနက်တည်ကြည်သော စကားတွေကိုလည်း ဆိုတတ်သေးသည်လား။

"ဟုတ်ပါတယ် ဒါကို ငါလက်ခံနိုင်ခဲ့ပါပြီ စက်၊ ဖေဖေမရှိတော့ ရင်ဆိုင်ရမယ့် ပြဿနာတွေနဲ့ ငါ ကျန်ရစ်ခဲ့တယ်၊ ဒါတွေကို ရင်ဆိုင်ဖို့ လွယ်ကူမယ်လို့ ငါထင်ခဲ့တယ်၊ ဒါပေမဲ့ ငါ့အတွက် မနိုင်ဝန်ကြီးထမ်းပိုးထားသလိုပဲလေ၊ အခုတော့ ငါဆုံးဖြတ်ပြီးပါပြီ၊ အင်ကြင်းနွယ်ကို ငါ တွယ်မက်မနေတော့ပါဘူး"

"ဘာရယ် ရိပ်၊ ဒါဆို နင်ဆိုလိုတာက အင်ကြင်းနွယ်ကို ရောင်းပစ်တော့မှာလားဟင်"

"ဒါပဲ ရှိတာပေါ့စက်ရယ်၊ ငါ ဘယ်သူ့အကူအညီမှ မယူချင်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ အင်ကြင်းနွယ်ကိုရောင်းပြီး ဒေါ်လေးတို့အတွက် ထိုက်သင့်တာ ပေးမယ်''

''နင့်အတွက်ကော ရိပ်''

''ငါ ကိုဘုန်းကို လက်ထပ်ဖို့ ခေါင်းညိတ်ထားခဲ့ပြီးပြီလေ''

''ဟင်''

စက် ခြေလှမ်းတွေ တုံ့ခနဲ ရပ်ကာ ရိပ်မျက်နှာကို ငေးစိုက်ကြည့်သည်။

''ရိပ် နင့်နှလုံးသားမှာ ငါတကယ် မရှိတော့ဘူးလားဟင်''

ငေးစိုက်ကြည့်နေသော စက် မျက်ဝန်းတွေကိုရင်ဆိုင်ဖို့ မဝံ့မရဲ ရိပ် ရှောင်လွှဲရင်း ပင့်သက်ရှိုက်သည်။

''ငါ့ဘဝအတွက် နှလုံးသားနဲ့မဆုံးဖြတ်ချင်ဘူး စက်၊ ကိုဘုန်းကို ငါ လက်ထပ်ဖို့ ရွေးချယ်ပြီးခဲ့ပြီ၊ သူ့ကိုလည်း စကားကျွံခဲ့ပြီးပြီလေ၊ အင်ကြင်းနွယ်ကို ကူညီဖို့အတွက် ကိုဘုန်းကို ငါ အကူအညီတောင်းဖူးတယ်၊ ဒါပေမဲ့ ငါ မျှော်လင့်သလို ဖြစ်မလာဘူး။ အင်း ဒါလည်း ကောင်းပါတယ်''

''ကိုဘုန်းသက်မော်ကို နင်ဘာကြောင့် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာလဲ ရိပ်၊ ဒါကိုတော့ သူငယ်ချင်းတစ်ယောက် အနေနဲ့ ငါ သိပါရစေဟာ''





''ငါ့ဘဝအတွက် ရွေးချယ်သင့်တဲ့ယောကျ်ား၊ အားကိုးရာ အဖြစ် ငါရွေးချယ်လိုက်တာပါ စက်၊ ဒေါ်လေးနဲ့ညီမလေးအတွက် အင်ကြင်းနွယ်ကို ရောင်းပြီး ပေးဆပ်ရမယ့် အကြွေးတွေဆပ်ပြီး အားလုံး ငါပေးလိုက်မှာ''

''အိမ်ကလေးအတွက် နင် ပူပန်နေသလား ရိပ်''

''အင်း ငါ့ညီမလေးကို ငါ သံယောဇဉ်ကြီးတယ် စက်၊ အိမ်ကလေးက ငယ်ရွယ်ပါသေးတယ်၊ သတိုးနဲ့သူ သံယောဇဉ်တွယ်နေတာ လည်း ငါသိတယ်၊ ဒါပေမဲ့ သူတို့နှစ်ယောက် ပညာရေးဆုံးခန်းတိုင်မှ လက်တွဲစေချင်တယ်လေ''

''ဟုတ်ပါတယ်လေ၊ သတိုးကလည်း ဆင်ခြင်တတ်တဲ့ လူငယ် ကလေးပါ''

''ရိပ် သိပါတယ် စက်၊ ညီမလေးက နည်းနည်းတော့ ဆိုးချင် တယ်၊ ထင်ရာလုပ်တတ်တဲ့ ညာဉ်ကလေးရှိတယ်၊ အဲဒါအတွက်ပဲ ရိပ် ပူပန်တာပါ''

''ရိပ်ရယ် နင့်မှာပူပန်စရာတွေ များပြားလိုက်တာ''

စက်စကားကြောင့် ရိပ် ယဲ့ယဲ့ပြုံးသည်။ ပြီးမှ ပင့်သက် ရှိုက်ရင်း မော့ကြည့်၏။

''ဘဝဆိုတာ ဒီလိုပဲလေ စက်၊ ကဲ ငါတို့ပြန်ကြစို့ရအောင်''



www.burmeseclassic.com

www.burmeseclassic.com



စက် ခေါင်းကလေးညိတ်ကာ လာလမ်းအတိုင်း အတူပြန်လှည့်ခဲ့သည်။ မြူတွေရစ်သိုင်းနေသော မြင်ကွင်းလေးပေါ် နေခြည်နုတွေးတွေးက ဝဲပြန့်ကျလာသည်။

ရိပ် သောကတွေကို ပြေပျောက်ပြီး ဟိုးအရင်ကလို ဘဝမျိုး စက် ပြန်လိုချင်သည်။

ဒါကို ရိပ် နားလည်နိုင်မယ်ဆိုခဲ့ရင်တော့..။

■ ■ ■



## အခန်း (၁၉)

"သတိုးတို့အိမ်မှာ ဘုရား အနေကဇာတင်ရင်း သတိုးရဲ့ ဆယ့်ကိုးနှစ်မြောက် မွေးနေ့ပွဲ လုပ်မလို့တဲ့ မမရိပ်ရဲ့၊ ဒီမှာ ဖိတ်စာပေးလိုက်တယ်"

ဖိတ်စာလေးကို ကိုင်ရင်း ရိပ်အခန်းထဲကို အော်ဟစ်ပြေးဝင်လာသူက ပန်းပွင့်အိမ် ဖြစ်သည်။

ကမ်းပေးနေသော ဖိတ်စာလေးကို လှမ်းယူလိုက်တော့ ဒေါ်လေးနှင့်ရိပ် အမည်ကို ရေးထားသည်။

"ထမင်းကျွေးမှာတဲ့ မမရိပ်၊ အဲဒီနေ့ကျရင် မီးနိုးတိတ် သွားစားကြမယ်နော်"

"အိမ်ကလေးနာမည်မှ မပါဘဲ အိမ်ကလေးက လိုက်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



ရိပ် တမင်နောက်ပြောင်ပြီးပြောတော့ ပန်းပွင့်အိမ် မြူးမြူး ကလေး ရယ်မောရင်း

"နာမည်ပါစရာမလိုဘူးလေ၊ အိမ်ကလေးကို သတိုးကော၊ သတိုးမိဘတွေပါ မဖြစ်ဖြစ်အောင်လာခဲ့ဖို့ လူကိုယ်တိုင် ဖိတ်လိုက်တာ မမရိပ်ရဲ့၊ အထူး ဧည့်သည်တော်လေ အဟင်း ဟင်း"

အိမ်ကလေးက ကလေးဆန်စွာ ပြောရင်း သဘောကျစွာ ရယ်နေပြန်သည်။ အိမ်ကလေးကို သတိုးတို့မိဘနှစ်ပါးကလည်း ချစ်ခင်သည်။ သားဖြစ်သူနှင့်သံယောဇဉ် တွယ်နေတာကိုလည်း သိကြသည်။

နောင်အခါ တော်စပ်လာမည့် ယောက္ခမတွေနှင့် အိမ်ကလေး အဆင်ပြေနေတာကိုတော့ ရိပ် ကျေနပ်ပါသည်။

"ဟိုဘက်က မမရိပ်ရဲ့ ကိုဘုန်းတို့ သားအမိကိုလည်း ဖိတ်ထားတယ်တဲ့"

"ဟုတ်လား မမနဲ့ကိုဘုန်း မတွေ့သေးဘူး"

"အဲဒီ လူကြီးနဲ့တော့ အိမ်ကလေး မတွေ့ချင်ပါဘူး၊ အဲဒီနေ့ကျရင် ကိုကိုစက်က အိမ်တို့ကို သူ့ကားနဲ့ ကြိုဖို့လုပ်ပေးမယ်တဲ့"

"အိမ်ကလေးကလည်း ဘာဖြစ်လို့ ကိုဘုန်းကို အကြောင်းမဲ့ မုန်းနေတာလဲ"

"အကြောင်းမဲ့ မုန်းတာမှ မဟုတ်တာ၊ မုန်းစရာကောင်းလို့ မုန်းတာပါ၊ သူ့အမေကြီးလည်း ဘာထူးလဲ၊ အိမ်တော့ လုံးဝကြည့်မရပါဘူး။ ပြောလိုက်ရင် စကားလုံးတွေက မိုးပေါ်ကကို မဆင်းဘူး"





"ဟဲ့ လူကြီးကို ဒီလို မပြောရဘူးလေ"

"မမရိပ် သိအောင်ပြောတာ၊ နောက်တစ်ခု ထပ်ပြောရဦးမယ် ကိုဘုန်းက ကိုကိုစက်လို ဟောဒီ အင်ကြင်းနွယ်ခြံကြီးကို ဝယ်ဖို့ စည်းရုံးနေတယ်တဲ့"

"ဘာရယ် ဘယ်လို"

"ဟုတ်တယ် မမကသာ အဲဒီလူကြီးကို အားကိုးနေတာ၊ သူက မမနဲ့မရသေးဘူး။ အင်ကြင်းနွယ်ကိစ္စမှာ ဝင်ပါနေပြီလေ၊ သူ့အကြံ ဘာလဲဆိုတာ အိမ်ကလေး သိတာပေါ့။ အင်ကြင်းနွယ်ခြံကြီးကို အပြတ် ရောင်းပြီး မမရိပ်တွယ်ရာမဲ့ပြီး သူ့အိမ်ပေါ်ရောက်လာအောင် စီစဉ်တာပါ"

ပန်းပွင့်အိမ်ကတော့ လူငယ်ပီပီ နာကျည်းစိတ်နှင့်ပေါက်ကွဲ ပြောနေသည်။ ဒါပေမဲ့ အမှားတွေဟု ရိပ် မသတ်မှတ်ချင်ပါ။

သည် အစီအစဉ်တွေအားလုံးဟာ ကိုဘုန်းမြင့် ဒေါ်နန်းသက်ထားရဲ့အကြံအစည်တွေဆိုတာ နားလည်ထားပြီးပြီ။

"အိမ်သိပါတယ် မမရိပ်နဲ့သူ ယူပြီးရင် အိမ်တို့သားအမိနဲ့ ပတ်သက်မှာကိုတောင် သူ ကြောက်နေတာ"

"အို မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မမရိပ် ကာကွယ်နေတာပါ၊ အဲဒီ စိတ်ကူးရှိလို့ အင်ကြင်းနွယ် ကို အပြတ်ရောင်းပြီး အမွေကိစ္စတွေ ဖြတ်ခိုင်းမှာ မမရိပ်ကို သူတို့ အရိပ်ခေါ်ပြီး ပုံစံသွင်းမှာ မမရိပ်ရယ် အိမ် တောင်းပန်ပါတယ်၊ အဲဒီ အသိုင်းအဝိုင်းထဲ မဝင်ပါနဲ့နော်၊ အင်ကြင်းနွယ်ကို မမရိပ် ရောင်းချင် ရောင်း၊ စိတ်တိုင်းကျစီစဉ်ပါ၊ ပြီးရင် သင့်တော်မယ့် ခြံတစ်ကွက်ဝယ် ပြီး အိမ်တို့အတူတူနေကြတာပေါ့"

ရိပ် ပခုံးလေးကို ဆုပ်ကိုင်ကာ အိမ်ကလေးဆိုတော့ ရိပ် စိတ်မကောင်းဖြစ်ရသည်။ ဟိုးငယ်စဉ်ကတည်းက ရိပ် အရိပ်လိုချစ်ခဲ့ သော ညီမလေးနှင့်ဒေါ်လေးကို ရိပ် ဥပက္ခာပြုချန်ထားရစ်ခဲ့ရမှာ ရိပ် အတွက် တကယ်တမ်းကျ လွယ်ကူမှာ မဟုတ်တာ သေချာသည်။

"နော် မမရိပ် အိမ်ပြောတာ မကောင်းဘူးလားဟင်"

ရိပ် ချက်ချင်း ဘာဖြေရမည်မသိ။ တကယ်ဆို လက်ရှိဘဝ အခြေအနေက နိမ့်ပါးသွားရသည့် အဖြစ်ကို ရိပ်တွေးမိတိုင်း စိတ် မကောင်းပါ။

ဟိုးအရင်ကဆို အစစ လိုလေသေးမရှိ ကိုယ်ပိုင်ခြံဝင်းနှင့် ကားနှင့် စီးပွားရေးလုပ်ငန်းတွေနှင့် ပူပင်စရာမရှိခဲ့ပါ။

အခုတော့ ပျက်စီးယိုယွင်းနေသော အိမ်နှင့်ခြံကြီးကလွဲလို့ ဘာမှမရှိသောဘဝမှာ ရိပ်တို့ ဘယ်အချိန်ကာလအထိ နေနိုင်မည်လဲ။





အဆံမရှိဘဲ ဟန်ထုတ်နေရသည့် ဘဝကြီးကို ရိပ် ပင်ပန်းလှ ပြီ။ အင်ကြင်းနွယ်ကို တွယ်မက်ပြီး အားလုံး ဒုက္ခရောက်နေသည့် အဖြစ်ထက်စာလျှင်

ကိုယ်ရွေးချယ်ခဲ့သည်က အားလုံးအတွက်ကောင်းမည် ထင် သည်။

"မမရိပ် စဉ်းစားထားတာက အင်ကြင်းနွယ်ကိုရောင်းပြီး ဖေဖေ့ ရဲ့ကျန်တဲ့ အကြွေးဆပ်မယ်၊ ကျန်တာအားလုံး ဒေါ်လေးနဲ့ အိမ်ကလေး ဘဝအတွက်ပေးခဲ့မယ်၊ မမရိပ်အတွက် ဘာမှမလိုဘူး၊ အိမ်ကလေးတို့ သင့်တော်တဲ့ ခြံနဲ့အိမ်ကလေးဝယ်ပြီး နေဖို့ပေါ့"

"အဲဒါအကောင်းဆုံးနည်းလမ်းတဲ့လား မမရိပ်၊ မမရိပ် မချစ် တဲ့သူကို ယူပြီး ညီမလေးတို့ကို စွန့်ခွာသွားမလို့လား၊ အဲဒီလို ရုန်းထွက် စတမ်းဆို အိမ်အတွက် အလွယ်လေးရယ်၊ သတိုးကို ခုချက်ချင်း အိမ့်ကို နှိုးပါလို့ပြောလိုက်တာနဲ့ ဖြစ်တယ် သိလား"

"တော်စမ်း အိမ်ကလေး၊ အဓိပ္ပါယ်မရှိတာ အခုမှ အိမ့်အသက် က နှစ်ဆယ်တောင်ပြည့်သေးတာ မဟုတ်ဘူး"

"အိမ့်အသက် တစ်ဆယ့်ကိုးနှစ်လေ၊ ဒါကလေးမှ မဟုတ်တော့ တာ"

"ညီမလေးရယ် ညီမလေး ငယ်ပါသေးတယ်၊ ပညာရေးဆုံးခန်း



www.burmeseclassic.com

www.burmeseclassic.com



တိုင်မှ ဒီအကြောင်းတွေကို စဉ်းစားပါ''

''မမရိပ်လိုပဲပေါ့၊ အဆင်ပြေမှုတစ်ခုအတွက် ကိုယ်မလုပ်ချင်တာကို လုပ်သင့်ရင်လုပ်ရမယ်၊ အိမ်က ကိုယ်ချစ်တဲ့သူကိုလက်ထပ်မှာလေ၊ မမရိပ်ကသာ''

''အိမ် တော်စမ်း''

ဒေါသနှင့်ရိပ် အော်ဟစ်လိုက်တော့ ပန်းပွင့်အိမ် အသံလေးချက်ချင်းတိတ်ဆိတ်သွားခဲ့သည်။ မျက်ဝန်းလေးတွေဝိုင်းစက်လျက် ရိပ်ကို မယုံနိုင်သလို ကြည့်သည်။ တစ်ကြိမ်တစ်ခါမှ ရိပ် ဒွအော်ငေါက်ဖူးတာမျိုး မရှိဘဲလေ။

''အိမ် မင်းက ဒီအိမ်မှာ အငယ်ဆုံးပါ၊ မမရိပ် ဆုံးဖြတ်ပြီးလုပ်တာကို ဘာမှဝေဖန်နိုင်းပြစရာမလိုဘူး၊ မမရိပ် ထားတဲ့အယောဖင့်ကို နားလည်ရင် အိမ် နောက်ကို ဒါမျိုးဘယ်တော့မှ မပြောပါနဲ့''

ရိပ်အသံမှာ ဒေါသသင့်ကာ တုန်ခါနေခဲ့သည်။ ပန်းပွင့်အိမ်ရိပ်ကို ငေးကြည့်နေရင်းက မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

ပြီးတော့ ချာခနဲ အခန်းထဲက ရှိုက်ငိုပြေးထွက်သွားခဲ့သည်။

ရိပ် ရင်ထဲမှာလည်း လစ်ဟာသွားသလို မှောဟိုက်ကျန်ရစ်ခဲ့သည်။ ရိပ်မှားသွားခဲ့ပြီလား။ ညီမလေးကို နာကျင်အောင်ပြုလိုက်မိပြီလား။





တကယ်ပဲ ရိပ် ဆုံးဖြတ်ချက်တွေ မှားယွင်းအရာမထင် ဖြစ်ခဲ့သည်လား။

ပင့်သက်မောနှင့်ရိပ် ကြမ်းပြင်ပေါ်ပြုတ်ကျနေသော ဖိတ်စာလေးကို ကောက်ယူလိုက်မိသည်။

အိမ်ကလေးရဲ့ ပျော်ရွှင်မှုတွေကို ဖျက်ဆီးလိုက်သလို ဖြစ်ခဲ့ပြီ။ မမရိပ်ကို ခွင့်လွှတ်ပါ ညီမလေးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အိမ်ကလေး ပြောမည်ဆိုလည်း ပြောလောက်သည်။

သတိုးတို့အလှူအတွက်သွားမည့် အစီအစဉ်ကို ကိုဘုန်း ရိပ်ကိုလာပြောတော့ ဒေါ်လေးနှင့်အိမ်ကလေး မကြားတာတော်သေးသည်။

"မြတ်နိုး ကိုယ်တို့သားအမိနဲ့အတူ လိုက်ခဲ့ပါလား။ မာမီကို ကိုယ်ပြောတော့ မြတ်နိုးကို ခေါ်ခဲ့ချင်ခေါ်ခဲ့ပါတဲ့"

"သတိုးတို့အိမ်ကို ရိပ် တစ်ယောက်တည်းသွားမှာ မဟုတ်ဘူး။ ဒေါ်လေးနဲ့ အိမ်ကလေးလည်း လိုက်မှာ"

"ဟို ဆွေတို့တာသာ သွားပါစေ။ မြတ်နိုး ကိုယ့်ကားနဲ့ လိုက်ခဲ့လေ"

"ဟင့်အင်း ကျေးဇူးတင်ပါတယ် ကိုဘုန်း ရိပ်အတွက် မပူပါ





နဲ့ ရိပ် ဒေါ်လေးတို့နဲ့ပဲ လာခဲ့တော့မယ်၊ ဟိုရောက်တော့ ဆုံတာပေါ့"

ရိပ် ပြင်းတော့ ကိုဘုန်း နှုတ်ဆိတ်ကာပြန်သွားခဲ့သည်။ ကိုဘုန်း ကျောပြင်ကိုကြည့်ရင်း ရိပ် စိတ်ထဲမှာ နာနာကျည်းကျည်း ခံစားလိုက်ရတာတော့ အမှန်။

ဒေါ်လေးတို့သားအမိကို ကိုဘုန်းရဲ့ကားပေါ်တင်ခေါ်သွားဖို့အတွက် ဘာကြောင့်ခက်ခဲလွန်းနေရတာလဲ စဉ်းစားမရပါ။ ဖိမ်ခံကားကြီး ပွန်းပဲ့သွားတာဆိုလည်း ထားတော့။

အခုတော့ တွေးရင်း ရိပ် စိတ်မှာ ကိုဘုန်းတို့သားအမိကို အထင်သေးလာမိတာ အမှန်။

အိမ်ကလေး ထင်မြင်ချက်တွေက မလွဲအောင်မှန်ကန်နေပါလား။

"ရိပ် သမီးလေး ရေမိုးချိုးပြင်ဆင်တော့လေ၊ ကိုထွန်းခတို့ မျှော်နေရော့မယ်"

"ဟုတ်ကဲ့ ဒေါ်လေး ညီမလေးကော"

"ဒီကောင်မလေးလည်း ဘာစိတ်ကောက်နေလဲ မသိဘူး၊ အခုထိ အခန်းထဲမှာ ဘာမှမပြင်ဆင်သေးဘူး"

မနေ့ကတည်းက ရိပ်နှင့်ဖြစ်ထားသော ပြဿနာအတွက် အိမ်ကလေး စိတ်ကောက်နေတာဟု ရိပ် သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး ပြင်ဆင်နှင့်ပါ ရိပ်နဲ့အိမ်ကလေး ပြင်ဆင်ပြီး လာခဲ့မှာပေါ့"

"မြန်မြန်လုပ် သမီး၊ မောင်တိုင်းစက်က တော်ကြာလာတော့မှာ"

"ဟုတ်ကဲ့ ဒေါ်လေး"

ရိပ် ဒေါ်လေးကိုပြောပြီး အခန်းထဲဝင်ခဲ့သည်။ မနက်ကတည်းက သတို့ရဲ့မွေးနေ့မှာ ညီမလေး လက်ဆောင်ပေးနိုင်ဖို့ ဝယ်ထားခဲ့သော ပစ္စည်းလေးကို ရိပ် ယူလိုက်သည်။

ရိပ် လက်ထဲမှာ ငွေပိုငွေလျှံမရှိတာမို့ ရှိသည့်လက်စွပ်ကလေးကိုပဲရောင်းချကာ ညီမလေးကိုယ်စား ဝယ်ပေးဖြစ်ခဲ့တာဖြစ်သည်။

တန်ဖိုးမကြီးလှပေမယ့် ရွှေအိုရောင် အိတ်ဆောင်နာရီကလေးသည် သတို့အတွက် ညီမလေးရဲ့တန်ဖိုးရှိသော မွေးနေ့လက်ဆောင်လေးတော့ ဖြစ်မှာသေချာသည်။

"ညီမလေး"

အခန်းထဲက ခုတင်ပေါ်မှာ ငုတ်တုတ်ကလေးထိုင်နေသော အိမ်က ရိပ်ကိုလှည့်မကြည့်ဖြစ်။ ရိပ် ယဲ့ယဲ့ပြုံးရင်း ညီမလေးအနားသို့ လျှောက်ခဲ့သည်။

"မမရိပ်ကို စိတ်ဆိုးနေတုန်းပဲလားကွယ်"





"အိမ် စိတ်မဆိုးပါဘူး ဝမ်းနည်းမိတာပါ"

အသံတိမ်တိမ်ကလေးနှင့်ဆိုရင်း ရိပ်ကို လှည့်ကြည့်သော မျက်ဝန်းလေးတွေထဲမှာ မျက်ရည်စတွေ ရစ်ဝိုင်းနေသည်။

ရိပ်ကိုယ်တိုင် မျက်ရည်တွေဝဲတက်လာကာ အိမ်ကလေး ပခုံးကို ဆုပ်ကိုင်ရင်း အနီးမှာ ဝင်ထိုင်သည်။

"မမရိပ်ကို ခွင့်လွှတ်ပါ ညီမလေးရယ်၊ ရုတ်တရက်ဆိုတော့ မမဒေါသဖြစ်ပြီး အော်မိတာပါ၊ ညီမလေးကို မုန်းလို့မဟုတ်ဘူးဆိုတာ ယုံပါ"

"အိမ် ပြောမိတာလည်း မမရိပ်ကို မလေးစားလို့ မဟုတ်ပါဘူး မမရယ်၊ အိမ့်ကို ခွင့်လွှတ်ပါနော်"

ရိပ်ဘက်လှည့်ကာ ရင်ခွင်ထဲတိုးဝင်ပြီး အိမ်ကလေး မျက်ရည်ကျသည်။ အိမ်ကလေး ခန္ဓာကိုယ်လေးကို ရိပ် ကြင်နာစွာ ပွေ့ဖက်ထားရင်း

"တိတ်ပါတော့ကွယ် မမရိပ် ခွင့်လွှတ်တယ်၊ အိမ်ကလေး မြန်ဆင်တော့လေ၊ သတို့တို့မျှော်နေရောပေါ့"

"မမရိပ်က ကိုဘုန်းတို့နဲ့အတူ သွားမှာလား"

"ဟင့်အင်း အိမ်တို့နဲ့ပဲ လိုက်မှာလို့ ပြောလိုက်တယ်"

"ဟင် တကယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ ညီမလေးရဲ့ ရှေ့ဒီမှာ သတိုးကို ညီမလေးပေးဖို့ မမရိပ် ဝယ်လာတဲ့ မွေးနေ့လက်ဆောင်"

"ဟင်"

အဝါရောင်ဖဲကြိုးလေးနှင့်ချည်နှောင်ထားသော ဘူးလေးကို အိမ်ကလေး တအံ့တသြကြည့်ရင်း

"ဘာ ဘာပစ္စည်းလဲဟင် မမရိပ်"

"ဖွင့်ကြည့်လေ ညီမလေးရဲ့ ကြည့်လို့ရတာပဲဥစ္စာ"

ဖဲပွင့်လေးမှာ ထိုးထားသော ငွေရောင်ပင်အပ်လေးကို ဖြုတ်ကာ အိမ် ယွန်းဘူးလေးကို ဖွင့်ကြည့်သည်။

"ဟင်"

အဖြူရောင်အောက်ခံပေါ်မှာ ရွှေအိုရောင် တောက်ပနေသည့် ကတ္တီပါကြိုးတပ် အိတ်ဆောင်နာရီကလေးကို မြင်တော့ အိမ်ကလေး မျက်ဝန်းတွေ ဝိုင်းစက်သွားရင်း

"မမရယ် ဘာလို့ဝယ်ရတာလဲ၊ တန်ဖိုးက နည်းမှာမဟုတ်ဘူး"

"အိမ်ကလေး သတိုးကိုပေးဖို့လေ၊ ဒီပွဲက သတိုးရဲ့မွေးနေ့နဲ့ ရော ကျင်းပတာဆိုတော့ အိမ်ကလေး အမှတ်တရ တစ်ခုခုပေးသင့်တာ ပေါ့"

"မမရိပ် ဘယ်က ပိုက်ဆံနဲ့ဝယ်တာလဲ ဟင်"





"မမမှာ ရှိတဲ့ ပိုက်ဆံနဲ့ပေါ့ကွယ်"

အိမ်ကလေး မျက်ဝန်းလေးတွေ စူးစိုက်ကာ ရိပ်ကိုကြည့်သည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရ တွေးမိသွားဟန်နှင့် ရိပ် လက်ကလေးကို ဆွဲယူကြည့်သည်။

"ဟင် မမရိပ် လက်စွပ်လေးကို ရောင်းပစ်လိုက်တာပေါ့"

"ဟို အဟင်း မမရိပ် မဝတ်ချင်ပါဘူးကွယ်"

"မမရိပ် ဒါ မမရိပ်မေမေရဲ့ အမှတ်တရပစ္စည်းလေးပါ၊ မမရိပ် မြတ်နိုးတာ အိမ် သိတာပေါ့"

"ဒါတွေ မေ့လိုက်ပါ အိမ်လေးရယ်၊ ဟောဒီ အင်ကြင်းနွယ် ကြီးကိုတောင် ဆုံးရှုံးခံဖို့အတွက် မမရိပ် ဆုံးဖြတ်ပြီးပြီပဲကွယ်"

"မမရိပ် ရယ်"

ပါးပြင်ပေါ်ကို လိမ့်ဆင်းလာသော မျက်ရည်စတွေနှင့်အတူ အိမ်ကလေး မျက်နှာလေးမော့ကြည့်သည်။

ပါးနုနုပေါ်မှ မျက်ရည်စတွေကို ရိပ် ညင်သာစွာ ဖွဖွသုတ် ပေးမိ၏။ တင်းတင်းပွေ့ဖက်တွယ်ထားသော အိမ် ကျောပြင်လေးကို ပွတ်သပ်ရင်း ရိပ် မျက်ဝန်းမှာလည်း မျက်ရည်စတွေ ကျဆင်းလို့။

■ ■ ■

သတိုးတို့ခြံဝင်းထဲမှာ ရပ်ထားသော ကားတွေက ပိတ်ဆို့နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုဘုန်းတို့၏ ကြက်သွေးရောင် ကားကြီးကို မြင်ကတည်းက ဒည့်ခံပွဲထဲမှာ ရောက်နေပြီဟု သိလိုက်သည်။

လွတ်နေသည့် ကားရပ်ဖို့ နေရာလေးမှာ စက်က Mark II ကာ နက်ကြီးကို ထိုးရပ်သည်။

ကားနောက်ခန်းထဲမှ ဆင်းလာကြသော အိမ်ကလေးနှင့် ဒေါ်လေး။ စက်က ကားကိုပတ်လျှောက်ပြီး တံခါးဖွင့်ပေးတော့ ရိပ် ဆင်းလာသည်။

ပန်းနုရောင် လှိုင်းတွန့်ဂါဝန်လေးနှင့် အိမ်ကလေး နှပျိုလှပ နေသလို ခရမ်းရောင်ထက်အောက်ဝတ်စုံနှင့် ရိပ် အလှကလည်း ကျော့ ရှင်းခန့်ညားသည်။

ရည်ရွယ်တိုင်ပင်ထားတာမျိုး မဟုတ်ပါဘဲ စက် ဝတ်ဆင်လာ သည်က ခရမ်းရောင် စပို့ရှပ်လက်တိုနှင့်ဘောင်းဘီနက်မို့ တင့်တယ် လိုက်ဖက်နေသလို ဖြစ်နေသည်။

"ဟော့ အိမ်ကလေး နောက်ကျလိုက်တာဟာ၊ စိတ်မရှည်လို့ ခုပဲ ငါလာခေါ်တော့မလို့"

"မလိုပါဘူး ကိုကိုစက် လာကြိုမှာလို့ နင့်ကို ပြောထားသားပဲ၊ ကဲ ရော့ နင့်အတွက် မွေးနေ့လက်ဆောင်"

"ဟာ မဟုတ်တာ နင်ဘာမှဝယ်မလာနဲ့လို့ ငါမှာထားရက်နဲ့"





"ငါလည်း မဝယ်ပါဘူး၊ မမရိပ်က နင့်အတွက် ပေးဖို့ဆိုပြီး ဝယ်လာပေးတာ"

"အိမ်ကလေးကတော့ တကယ်နောက်ပြီ၊ အလကား သတိုးရ သူ ပေးချင်လွန်းလို့ ဝယ်လာတာ"

ရိပ်က ကြားထဲက လိမ်ညာဖုံးဖိသည်။ အိမ်ကလေးက နောက်မှ ပြောပြမည်ဆိုသည့် သဘောနှင့် သတိုးကို မျက်စိတစ်ဖက်မှိတ်ပြသည်။

"သား ဒေါ်သူဇာတို့ကို အထဲ ဖိတ်ခေါ်ခဲ့လေကွာ"

သတိုးဖခင် ဦးထွန်းခက သတိပေးမှ သတိုး သူတို့တွေကို စားပွဲဝိုင်းလွတ်တစ်ခုထိ တွဲခေါ်လာသည်။

စားပွဲတစ်ခုမှာ နှစ်ယောက်တည်း ထိုင်နေသော ကိုဘုန်းတို့ကို မြင်တွေ့ပေမယ့် ရိပ် တမင် မမြင်ဟန်ဆောင်နေလိုက်သည်။

ဒါကို အားလုံးကလည်း ရိပ်မိဟန်ရှိသည်။

ရိပ်တို့လေးယောက် စားပွဲဝိုင်းတစ်ဝိုင်းတည်းမှာ စုဝေးထိုင် လိုက်ကြတာ မြင်တော့ ကိုဘုန်း မနေနိုင်တော့ဘဲ စားလက်စ ထမင်း ကို လက်စဖြတ်ရပ်ကာ လျှောက်လာသည်။

"မြတ်နိုး"

"ဪ ကိုဘုန်း ရောက်နေပြီကိုး ရိပ်တောင် သတိမထားမိ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကော မာမီပါ မြတ်နိုးတို့ကားပေါ်က ဆင်းလာကတည်းက တွေ့ပါတယ်"

"ဟုတ်လား ရိပ်တို့ကို စက်က လာကြိုတာလေ၊ အပြန်ကျလည်း စက်ပဲ လိုက်ပို့ဖြစ်လိမ့်မယ်"

"မြတ်နိုး မာမီနဲ့အတူ လာထိုင်ပါလား"

ရိပ် ငြင်းရခက်ခက်ဖြစ်နေတုန်း ကံကောင်းချင်တော့ ဒေါ်နန်းသက်ထားတို့ ဝိုင်းမှာ ပွဲစားကြီး ဦးသာကျော်တို့ မိသားစု ဝင်ထိုင်သွားတာမို့ငြင်းလို့ကောင်းသွားခဲ့သည်။

"မထိုင်တော့ဘူး ကိုဘုန်း ဟိုမှာ ကိုဘုန်း မေမေရဲ့မိတ်ဆွေတွေနဲ့ ဝိုင်းပြည့်နေပြီ"

ကိုဘုန်း လှည့်ကြည့်ရင်း ဘာမှဆက်ပြောခွင့် မသာတော့ပါ။ မိခင်ဖြစ်သူကလည်း လက်ယပ်ခေါ်နေတာမို့ ကိုဘုန်း ပြန်လှည့်ထွက်သွားရသည်။

"အိမ် မြန်မြန်စားဟာ ဟိုမှာ သူငယ်ချင်းတွေ နင့်ကို စောင့်နေကြတယ်"

"ဘယ်မှာလဲ သတိုးရဲ့"

"ဟောဟို ခြံထောင့်မှာ ကာရာအိုကေ ဆိုနေကြတာ မမြင်ဘူးလား။ ငါ့မွေးနေ့အတွက် တောင်းဆိုနေကြလို့ စီစဉ်ပေးထားတာ၊ ဒီဘက်





ကတော့ ဖေဖေတို့ လူကြီးတွေဝိုင်းပေါ့ဟာ"

"ဒါဆို ဒီတစ်ပွဲပြီးရင် လာခဲ့မယ်၊ ခဏစောင့် ဟိုဘက်ဝိုင်းရောက်မှ ထပ်စားတာပေါ့"

"ရတယ် ဒီနေ့ နင်အဝစားပြီးရင် သူငယ်ချင်းတွေ ကျေနပ်အောင် သီချင်းတစ်ပုဒ်တော့ ချီးမြှင့်ရမယ်"

သတိုးက အိမ်ကို စောင့်ကာ ရိပ်တို့ တွဝရိုးဆီ ခွင့်တောင်းခေါ်သွားခဲ့သည်။ သတိုးမွေးနေ့ပွဲနှင့် ဘုရားအနေကဇာတင်အလှူ ရောနှော ကျင်းပတာမို့ ပွဲလေးကပိုလို့ စည်ကားနေသည်။

ရိပ်တို့ စားသောက်ပြီးတော့ ဒေါ်လေးက မကောင်းတတ်ဟု ဆိုကာ ကိုဘုန်းတို့ ဝိုင်းမှာသွားပြီး ဒေါ်နန်းသက်ထားနှင့် စကားပြောနေသည်။

ရိပ်တို့ဝိုင်းကို တကြည့်ကြည့်နှင့် ထလာလို့လည်း မရနိုင်ဘဲ မိခင်ဖြစ်သူ မိတ်ဆက်ပေးနေသော မြို့မျက်နှာဖုံးတွေကို ပြန်နှုတ်ဆက်နေရသည့် ကိုဘုန်းအဖြစ်ကို စက်က လှမ်းကြည့်ရင်း

"ရိပ် လူတော့ နေမထိ ထိုင်မသာဖြစ်နေပြီ ဟား ဟား"

"ငါ့လူလို့ မပြောပါနဲ့ ငါတို့ချင်း ဘာမှမသက်ဆိုင်သေးဘူး"

"ဟား ဒီသတင်းက မဂ်လာပဲ၊ ကဲ ထိုင်နေရတာ ကြောင်တောင်တောင်နိုင်တယ်၊ ကိုယ်တို့လမ်းလျှောက်ရအောင် ရိပ်"



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီး စားပွဲမှာ ငုတ်တုတ်ထိုင်နေရတာ ပျင်းလာတာမို့ စက် စကားကို ရိပ် ခေါင်းညိတ်မိသည်။

ညှော်ခံပွဲနှင့်အလှမ်းဝေးသော ခြံထဲမှာ နှစ်ယောက်သား ယှဉ်တွဲလျှောက်ခဲ့ကြသည်။ ကိုဘုန်း မြင်မှာကိုလည်း သိပေမယ့် ရိပ် ဂရုမစိုက်ချင်တော့ပါ။ ရိပ်တို့ မိသားစုကြားမှာ ခွဲခြားဆက်ဆံကတည်းက စိတ်ပျက်နေတာ ဖြစ်သည်။

"အိုး"

"ဟင် ဘာဖြစ်တာလဲ ရိပ်"

"မျက် မျက်လုံးထဲကို ဘာကောင်ဝင်သွားလဲ မသိဘူး"

ရိပ် မျက်လုံးကို လက်ခုံနှင့် ပွတ်သုတ်ပြီးဆိုနေတော့ စက် စိုးရိမ်စွာနှင့် လက်ကိုလှမ်းဆွဲတားရင်း

"အရမ်းမပွတ်နဲ့လေ ရိပ်ရဲ့"

"အား စပ်လိုက်တာ မထွက်သေးဘူး"

"နင့်လက်တွေ ခဏဖယ်ထား ငါထုတ်ပေးပါ့မယ်"

စက် ဘောင်းဘီအိတ်ထဲက မျက်နှာသုတ်ပဝါလေးကို ထုတ်ကာ ရိပ် မျက်ခုံးတွေကို စက် လက်ညှိုး။ လက်မနှင့်ညင်သာဖွဖွဖိထားသည်။

"မျက်လုံးတွေ ဖွင့်ထား၊ ဟုတ်ပြီ အောက်ကိုစိုက်ကြည့်၊ တွေ့ပြီ တွေ့ပြီ ထောင့်မှာ မည်းမည်းလေးကပ်နေတာ၊ ငြိမ်ငြိမ်လေးနေ





နော်"

လက်ကိုင်ပဝါစချွန်လေးနှင့် စက် အသာတို့ကော်သည်။ မျက်ရည်တွေစိမ့်ယိုအောင် ပွတ်သုတ်ထားတာမို့ တော်တော်နှင့်ပါမလာဘဲ ကပ်ငြိနေသည်။

"မရသေးဘူးလား စက်ရဲ့ နာလှပြီဟ"

"ရပြီ ရပြီ ကြည့်စမ်း အကောင်သေးသေးလေးနဲ့ အတော်နာအောင်လုပ်တယ်"

စက်က လက်ကိုင်ပဝါထောင့်မှာ ကပ်ငြိပါလာသော ပိုးကောင်မည်းမည်းလေးကို ရိပ် မြင်အောင်ပြသည်။

"မကြည့်ချင်ပါဘူး စက်ရယ် ဒီမှာ နာနေတုန်းပဲ"

"ကောင်းလိုက်တဲ့ သတ္တိပဲ"

"ဘာသတ္တိလည်း နင်ခံကြည့်ပါလား၊ ဘယ်လောက်ခံရခက်တဲ့ ဝေဒနာလည်းဆိုတာ သိလိမ့်မယ်"

"ဟ စွာလိုက်တာ နင်ဒေါသဖြစ်ရမှာ ပေါဒီသတ္တဝါကောင်ပါ ငါ့ကိုမဟုတ်ဘူးလေ ရိပ်ရဲ့ ဟား ဟား"

"ကြည့်စမ်း သူများနာနေတာကို ရယ်နေသေးတယ် ကဲဟယ်"

ရိပ် လက်လေးမြှောက်တက်ကာ စက် ပခုံးကို ရိုက်ဖို့ကြံသည်။ စက်ကလည်း လက်ကိုလှမ်းအဆွဲမှာ ယိုင်ခနဲဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အို အမေ့"

"ရိပ်"

သူ့ရင်ခွင်ထဲက ရိပ် ခေါင်းမော့ကြည့်တော့ ငုံ့ကြည့်နေသော စက်ထံမှ ဝင်သက်ထွက်သက် နွေးနွေးက နဖူးပြင်ကို လာရိုက်ခတ်သည်။

ရိပ် ရင်ထဲမှာ နွေးခနဲ ရှိန်းမြမြ။

စက် မျက်ဝန်းတွေက သွေးကြောစိမ်းလေးတွေ ဖြာယှက်နေသော ပါးပြင်နုနုကို ငေးစိုက်ကြည့်ရင်း

"ရိပ် ငါ့ရင်ထဲမှာ နင်အမြဲရှိခဲ့တာ ယုံလား"

"အို"

မျက်နှာနုနု ပန်းနုသွေးလွှမ်းကာ ရိပ် ရင်ခွင်ထဲက ရုန်းထွက်သည်။ စက် မျက်နှာကို တစ်ချက်မော့ကြည့်တော့ တည်ငြိမ်ပြာလဲ့သော မျက်ဝန်းမှာ ရောင်စဉ်တွေဖြာလဲ့နေသည်လား။

"မြတ်နိုး"

ခေါ်သံကြောင့် ရိပ် လှည့်ကြည့်တော့ မနှစ်မြို့သည့် မျက်ဝန်းတွေနှင့် ငေးစိုက်ကြည့်နေသော ကိုဘုန်းကို တွေ့ရသည်။

"ဩော် ကိုဘုန်း မယ်သီတာ ပျောက်လို့ရှာနေတဲ့ ရာမ မင်းသားလိုဖြစ်နေပြီလား အဟွန်း"

"လူပုံကြားထဲက ထွက်ပြီး ဒီနေရာရောက်နေတာ မသင့်တော်





ဘူးထင်တယ် မြတ်နိုး။ ကိုတိုင်းစက် ခင်ဗျားလည်း ဆင်ခြင်သင့်တယ်"

"ဘာကို ဆင်ခြင်ရမှာလဲ ကိုဘုန်း"

"မြတ်နိုးက ကျွန်တော်နဲ့မကြာခင် လက်ထပ်မယ့်သူလေ"

"ဟုတ်လား အဲဒါ ခင်ဗျားဘက်က ထင်မြင်သတ်မှတ်ချက်ပဲ ဗျ တကယ်ဆို ရိပ်က ကျွန်တော့်ရဲ့ချစ်သူဖြစ်ခဲ့သူလေ"

"ကိုဘုန်း တော်တော့၊ စက် နင်လည်းတော်ပြီ"

ရိပ် ရှူးခနဲ ဟစ်အော်တားမြစ်တော့ ကိုဘုန်း နှုတ်ပိတ်သွားၿပီး ရိပ်က ပင့်သက်ရှိုက်ရင်း ကိုဘုန်းကိုရင်ဆိုင်၏။

"ကိုဘုန်း သံသယ အမြင်တွေနဲ့ စွပ်စွဲတာ ရိပ် မကြိုက်ဘူး ရိပ်တို့ ရိုးရိုးသားသား လမ်းလျှောက်ကြတာ၊ ရိပ် မျက်လုံးထဲ ပိုးကောင် ဝင်သွားလို့ စက် ကူထုတ်ပေးနေတာ"

"မြတ်နိုး မျက်လုံးတွေရဲနေတာ ဒါကြောင့်လား"

"ဟုတ်တယ် အထင်သေးစွက်စွဲမှုမျိုး ရိပ် မခံနိုင်ဘူး။ စက် နင်လည်း မထွေပ်တိုင်တက်မပြပါနဲ့၊ ရိပ် ဘက်ကဘာမှသိဂ္ဂက်ထားတာ မရှိခဲ့ဘူး၊ နင်နဲ့ငါ ချစ်သူဖြစ်ခဲ့တာ ကိုဘုန်းသိတယ်၊ ကိုဘုန်းနဲ့ရိပ်တို့ ကိစ္စလည်း စက်သိတယ်၊ ဒါပေမဲ့ ခုချိန်မှာ ရိပ်ဘက်က ဘာမှမလွှန့် ကျူးသေးဘူးနော်"

"ဆောရီး မြတ်နိုး ကိုယ် မြတ်နိုးကို လာရှာတာ၊ ပန်းပွင့်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ မာမီ ပြောခိုင်းလို့ပါ"

"အိမ်ကလေး ဘာဖြစ်လို့လဲ"

"သတိုးတို့ အုပ်စုနဲ့အော်ကြီးဟစ်ကျယ် သီချင်းဆိုနေတော့ မသင့်တော်ဘူး။ လူကြီး သူကြီးတွေလည်း ရှိနေသေးတယ်၊ ပြီးတော့ ရိုပ်တို့ ဖေဖေ ဆုံးတာ နှစ်လတောင် မပြည့်သေးဘူး။ အထိန်းအကွပ်မဲ့ ပျော်နေတာ မြတ်နိုး ထိန်းသိမ်းသင့်တယ်"

"နေပါဦး ကိုတုန်း။ အိမ်ကလေးက တကယ့် ရှိုးသား ကလေး ဆန်ပါတယ်၊ ခင်ဗျားတို့ရဲ့ သိက္ခာ ဂုဏ်ပကာသန ပေတံကြီးနဲ့ ဘာလို့ တိုင်းထွာနေရတာလဲ"

စက်က မခံရပ်နိုင်စွာ ဝင်ပြောသည်။ ကိုတုန်း အကြည့်တွေက စက်ထံ စူးစိုက်သွားခဲ့ရင်း

"ပန်းပွင့်အိမ်က မြတ်နိုးရဲ့ညီမလေးပျာ၊ သူလုပ်တာ မြူမှုတာ က မြတ်နိုးရဲ့ သိက္ခာကို ထိခိုက်စေတယ်၊ ဒါဆို ကျွန်တော်တို့ကိုလည်း ထိခိုက်စေတာပဲ"

"ကဲ ကိုတုန်း အဲဒီလို ဖြစ်နေခဲ့ရင် အိမ်ကလေးကို ရိုပ် ထိန်းနိုင်တယ်၊ ကိုတုန်း သွားပါတော့၊ စက် ရိုပ်တို့လည်း ပြန်ရအောင်"

နှစ်ဦးကြားမှာ စကားလုံးတွေ ခါးသီးမလာအောင် ရိုပ် ဝင်ထိန်း သိမ်းလိုက်ရ၏။ သတိုးတို့လူငယ်အုပ်စု ပျော်ပျော်ရွှင်ရွှင် ကာရာအိုကေ





ဆိုနေကြပုံက ကိုဘုန်း ဆိုသလောက် မဆိုးပါ။

ဒါပေမဲ့ ဒါကိုပဲ အရိပ်လိုကြည့်နေသော ကိုဘုန်းတို့ သားအမိ မျက်ဝန်းတွေကို ရိုပ် မခံနိုင်တာမို့ အိမ်ကလေးကိုခေါ်ပြီး ပြန်ဖို့ပြင်သည်။

အိမ်ကလေးက နေပါဦး မမရိပ်ဟု တောင်းဆိုပေမယ့် ရိပ် လက်မခံဘဲ ထွက်စောင့်ခေါ်နေတော့ သတိုးက ကြားကဝင်နှစ်သိမ့် တောင်းပန်သည်။

"မမရိပ်တို့ ပြန်တော့မှာပဲ အိမ်ရယ်၊ လိုက်သွားလိုက်ပါ ကိုကြီး စက် သွားစရာရှိသလားမှ မသိတာ"

သတိုးက စက်နှင့်ထိပ်တိုက် ဖြစ်အောင် ဦးလှည့်ရှောင်လွှဲပေး တာကို စက်နားလည်စွာ ဘာမှဝင်မပြောဘဲ ရေငုံနှုတ်ပိတ်နေလိုက်သည်။

အပြန်လမ်းတစ်လျှောက်လုံး ပန်းပွင့်အိမ် နှုတ်ခမ်းလေးစူကာ မကျေမနပ်ဖြစ်နေတာတော့ အမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ညတုန်းက ပြဿနာက မနက်မိုးလင်းတော့ ကော်ဖီဝိုင်းမှာ အိမ်ကလေးရှိမနေခြင်းဖြင့် မကျေနပ်မှုကို ဖော်ပြသည်။

ရိပ် စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပါ။ တကယ်ဆို အိမ်ကလေးတို့ သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး ဆုံတွေ့ကြသည့် ကိစ္စကို ရိပ် တားမြစ်လိုက်တာက သိပ်တော့ သဘာဝမကျတာ အမှန်။

ပန်းပွင့်အိမ်ဆိုတာက ကလေးသာသာအရွယ်။ ပြီးတော့ သည်ပွဲက သတိုးခရဲ့ပွဲ။ သူစိမ်းတွေလည်း မဟုတ်။

လူကြီးမိဘတွေရှေ့မှာ လူငယ်ဘာဝ ပျော်ပါးကြတာကို ကိုဘုန်းတို့ သားအမိ ပြောစကားလေးတစ်ခုအတွက်နဲ့ ရိပ်က ပါဝါသုံးပြီး ဖျက်သလို ဖြစ်ခဲ့၏။





အခုမှတော့ ညီမလေးကို လွယ်လွယ်ကူကူ ချော့မော့ရမည် မထင်။ တစ်နေ့လုံး စိတ်ကောက်နေတော့မှာ သေချာသည်။ ဒါပေမဲ့ အိမ်ကလေးက ကြာရှည်စွာ စိတ်မဆိုး စိတ်မကောက်တတ်တာကိုလည်း ရိပ် သိပါသည်။

"မမ အိမ်ရှေ့မှာ ကိုဘုန်းသက်မော် ရောက်နေတယ်ရှင့်"

နန်းငွေစကားကြောင့် ရိပ် လက်ကျန်ကော်ဖီကို မော့သောက်ပစ်လိုက်သည်။ ပြီးတော့မှ ဧည့်ခန်းဆီသို့ ထွက်ခဲ့သည်။

ဧည့်ခန်းထိုင်ခုံမှာ ထိုင်နေသော ကိုဘုန်း ရိပ်ကို မြင်တော့ ထရပ်ရင်း အပြုံးနှင့်နှုတ်ဆက်သည်။

"မြတ်နိုး နေကောင်းတယ်နော်"

"မနေ့ညကပဲ ဧည့်ခံပွဲမှာတွေ့ခဲ့သေးတာကို အဆန်းလုပ် မေးနေသေးသလား ကိုဘုန်း"

ဘုန်းသက်မော် မျက်နှာကွက်ခနဲ ပျက်သည်။ မနေ့က သူ အထင်လွဲစွပ်စွဲခဲ့တာတွေ အိမ်ကလေးကို အကြောင်းမဲ့ အပြစ်ရှာပြန်ခေါ်နိုင်ခဲ့တာတွေအတွက် မှားယွင်းမှန်း စိတ်က သိနေသည်မို့

"ကိုယ် တောင်းပန်ရအောင် လာခဲ့တာပါ မြတ်နိုး။ ဟိုဝေညတုန်းက ကိုတိုင်းစက်နဲ့အထင်လွဲမိတာရယ်၊ အိမ်ကလေး အထင်လွဲသွားမှာရယ်ကို တွေးပြီး ညက အိပ်မပျော်ဘူး။ မာမီကလည်း စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



လွန်ပြီး လျှောက်ပြောတာပါ''

"ဟုတ်တယ် ရိပ်လည်း မှားသွားတယ်၊ ခုတော့ ညီမလေး စိတ်ဆိုးသမျှ ခံရတော့မှာပေါ့။ ထားပါလေ၊ နားလည်မှုလွဲခဲ့ကြတာလို့ပဲ ထားလိုက်တော့''

ရန်သူတော် လက်နက်ချလျှင် ကြေအေးရစမြဲမို့ ရိပ် ခွင့်လွှတ် ကျေနပ်ပေးလိုက်သည်။ ဘုန်းသက်မော်က ရိပ်ကို တစ်ချက်လှမ်း ကြည့်ရင်း

"ကိုတိုင်းစက်ကိုလည်း တောင်းပန်ရမယ်၊ အခါမြဲဖြစ်ဖြစ် ခုချိန် မှာ ကိုယ် သူနဲ့ပြဿနာမရှိချင်ဘူး''

ကိုဘုန်း နှုတ်က မမျှော်လင့်သော စကားမို့ ရိပ်တောင် အံ့သြ သွားရသည်။ အမြဲတမ်း စက်ကိုတွေ့လျှင် မကျေမနပ် ဝန်တိုစွာ ကြည့် တတ်သော ကိုဘုန်းက စက်နှင့်ပြဿနာမဖြစ်စေချင်ဆိုတော့

"တခြားတော့ မဟုတ်ပါဘူး၊ အင်ကြင်းနွယ်ကိစ္စပဲ''

"အင်ကြင်းနွယ်ကိစ္စ ဟုတ်လား ကိုဘုန်း''

"ဟုတ်တယ် မြတ်နိုး၊ ကိုယ် အကဲခတ်ရသလောက် ကိုတိုင်း စက်က အင်ကြင်းနွယ်ကို သံယောဇဉ်ရှိတယ်၊ သဘောကျတယ်၊ ဒါ ကြောင့် အင်ကြင်းနွယ်ကို သူဝယ်အောင် စည်းရုံးရမယ်''

"ဟင်''





ရိပ် အံ့သြမိသည်။ ဒီအကြောင်းနှင့်ပတ်သက်ပြီး အိမ်ကလေး ပြောစဉ်က မယုံခဲ့မိ။ အခုတော့ ကိုဘုန်း နှုတ်ကပြောလာနေပြီ။

"မြတ်နိုး စဉ်းစားကြည့်၊ အင်ကြင်းနွယ်ရဲ့ အခြေအနေက အတော်ကို ရုပ်ဆိုးအကျည်းတန်နေတာ၊ ခြံကိုလိုချင်ရင်တောင် ယိုယွင်း နေတဲ့ အိမ်ကြီးကို ကြည့်ပြီး ဘယ်သူမှ မက်မောမှာ မဟုတ်ဘူး၊ ဒီခြံ ကြီးကို အမြန်ဆုံး ရောင်းထွက်အောင်လုပ်ဖို့ဆိုတာ မလွယ်ပါဘူး၊ ဒါကို မြတ်နိုး လက်ခံရလိမ့်မယ်''

ဒါကိုတော့ ရိပ် မငြင်းပါ။ အင်ကြင်းနွယ်ကို ဘိုးဘွားပိုင်အမွေ မို့ ရိပ် တွယ်တာနေပေမယ့် တကယ်တမ်း ရောင်းမယ်ဆိုလျှင် ရောင်းဖို့ ခက်ခဲမှာလည်း သိသည်။

"ဒီတော့ ကိုယ်စဉ်းစားမိတာက အင်ကြင်းနွယ်ကို သံယောဇဉ် ရှိတဲ့ တိုင်းစက်နွယ်ကလည်း ခြံတစ်ခြံလိုချင်တယ်၊ ငွေကြေးလည်း အဆင်ပြေနိုင်တယ်၊ သူ့ဆီရောင်းလိုက်ရင် ထိုက်တန်တယ်ဆိုတာထက် ပိုမှာပါ''

အသေအချာ တွက်ချက်ပြနေသော ဘုန်းသက်မော်ကို ကြည့် ရင်း ရိပ် အတော်ပဲ စိတ်ပျက်သွားမိသည်။

ဘုန်းသက်မော်၏စိတ်ထဲမှာ အရေးကြီးနေတာက ရိပ်နှင့်လက် ထပ်ဖို့ မဟုတ်ဘဲ အင်ကြင်းနွယ်ကြီး ရောင်းချရေးဖြစ်နေသည်။ တကယ်



www.burmeseclassic.com

ဆို အင်ကြင်းနွယ်သည် သူနှင့်ဘာမှမသက်ဆိုင်။

ဒါကို သူ့ဘာသာဆုံးဖြတ်စီစဉ်လုပ်ဆောင်နေတာတော့ မဟုတ်သေးပါ။

"နေပါဦး ကိုဘုန်း။ အင်ကြင်းနွယ်ကိစ္စအတွက် ကိုဘုန်း ဘာလို့ ဒီလောက်အထိ တက်ကြွနေရတာလဲ၊ ပြီးတော့ ဒီကိစ္စက ရိုပ်တို့မိသား သုံးယောက်တိုင်ပင် ညှိနှိုင်းပြီးမှ ဖြစ်မယ့်ကိစ္စပါ"

"ကိုယ်လက်ခံပါတယ် ဒါပေမဲ့ ဒီလိုရှင်းရမှာပဲလေ၊ မြတ်နိုး အတွက် ထိုက်သင့်တဲ့ ဈေးလည်း ရအောင်စီစဉ်တာ၊ မြတ်နိုး ဘက်က လည်း တိုင်းစက်နွယ်ကို ပြေပြေလည်လည် ဆက်ဆံပြီး အင်ကြင်းနွယ် ကို ရောင်းဖို့ ကြိုးသင့်တယ်"

"ဘာရယ်"

"ဟုတ်တယ်လေ အင်ကြင်းနွယ်က တိုင်းစက်နွယ် လိုချင်မှ ဈေးကောင်းရမှာကို မြတ်နိုး သဘောပေါက်ပါတယ်"

"ကိုဘုန်း ရူးနေသလား။ အင်ကြင်းနွယ်ကို ရိုပ် ဘာလို့ တန်ဖိုး ထားသလဲ သိသလား၊ ဒါ ဘိုးဘွားပိုင်အမွေမို့ပဲ သိလား။ ပြီးတော့ ခြံကြီးကို စက် ဝယ်ချင်အောင် ရိုပ် ဘယ်တော့မှ သိမ်းသွင်းမှာ မဟုတ် ဘူး။ ဒါ သေချာတယ်"

"ဟင် ဘာလို့လဲ မြတ်နိုးရဲ့"





"ရှင်းတယ် ကိုဘုန်း စက်ဆိုတာ ရိုပ်ရဲ့မိတ်ဆွေ သူငယ်ချင်း၊ စက် တင်မကပါဘူး ကိုဘုန်းကိုလည်း ရိုပ် တိုက်တွန်းမှာ မဟုတ်ဘူး၊ အင်ကြင်းနွယ်ရဲ့တန်ဖိုးကို ရိုပ်ပဲသိတယ်၊ ရိုပ်ပဲ အလေးထားတယ်၊ ငွေကြေးကြောင့်မဟုတ်ဘူး။ ဘိုးစဉ်ဘောင်ဆက် အမွေဆိုတဲ့ စိတ်ကြောင့် ပဲ၊ ဆုံးရှုံးရမှာလည်း ရိုပ်အရမ်းကြောက်တယ်၊ ဒါပေမဲ့ ရိုပ် စိတ်လျှော့ လိုက်ပါပြီ၊ ဒီခြံကြီးကို ရောင်းတော့မယ်၊ နွားမရှုပိတ် ရောင်းတာမျိုး မဟုတ်ဘဲ ထိုက်သင့်တဲ့ဈေးနဲ့ရောင်းခဲ့မှာပါ"

"အင်း ဒါလည်းကောင်းပါတယ်၊ ငွေကြေးက သိပ်တော့ အရေး မပါပါဘူး၊ မြတ်နိုး ရောင်းပြီးရင် ကိုယ့်အိမ်က ကြိုဆိုနေမှာပါ"

"အဲဒီအတွက် ရိုပ် ထပ်ပြီးစဉ်းစားရလိမ့်မယ် ကိုဘုန်း"

"ဟင် ဘယ်လို မြတ်နိုး"

"မမြင်နိုင်တဲ့ အနာဂတ်ကို ဘယ်သူမှ ကြိုတွက်လို့မရဘူးလေ၊ ရိုပ် ဖြစ်ချင်တာတွေလည်း မဖြစ်ခဲ့ဘူး၊ စိတ်ကူးတွေက လွဲမှားချင် မှား တတ်တာမျိုးမို့ ကိုဘုန်းကို လက်ထပ်ဖို့အတွက် ရိုပ် ပြန်စဉ်းစားရလိမ့် မယ်"

"မြတ်နိုး ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ့်မှာတော့ မာမီနဲ့ အဆင်ပြေအောင် အတော်ညှိနှိုင်းခဲ့ရတာ"

"ဘာတွေ ညှိနှိုင်းခဲ့တာလဲ ကိုဘုန်း။ ကိုဘုန်း မေမေ့ အစီအမံ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တွေကို နာခံခေါင်းညိတ်ခဲ့တာမို့လား၊ ဒီမှာ ပွင့်ပွင့်လင်းလင်း ပြောမယ်၊ ရိပ် ကိုဘုန်းကို လက်ထပ်မှာ ယုံကြည်ကိုးစားရတဲ့ ယောကျ်ားအဖြစ် ယုံလို့ပါ၊ ကိုဘုန်း မိဘရဲ့အရိပ်အောက်မှာတော့ ရိပ် နို့လုံ့မှာ မဟုတ်ဘူး နော်''

''မြတ်နိုး ဒီလိုပြောင်းလဲသွားတာ တိုင်းစက်နွယ်ကြောင့်လား''

''လုံးဝ မသက်ဆိုင်ဘူး ကိုဘုန်း၊ ရိပ် လက်ထပ်ပါ့မယ်လို့ ပြောခဲ့တဲ့ ယောကျ်ားက ကိုဘုန်းတစ်ယောက်ပဲရှိတယ်၊ အဲ့ စက်က တောင်းဆိုဖူးပေမယ့် ရိပ် လက်မခံခဲ့ဘူး။ ဒါ သေချာတယ်''

''ဒါဆို ကိုယ့်အပေါ် မြတ်နိုး ထားတဲ့သဘောက''

''ကိုဘုန်းရဲ့မေမေကို ရိပ် စော်ကားတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ကိုဘုန်းနဲ့ရိပ် နှစ်ဦးတည်ထောင်မယ့် အိမ်ထောင်တစ်ခုကို ကိုဘုန်း ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်ဦးနှောက်နဲ့ ဆုံးဖြတ်နိုင်အောင် ကြိုးစားပါဦး။ အဲဒီအခါကျ ကိုဘုန်းကို ရိပ် လက်ထပ်မယ်''

''ကောင်းပြီ မြတ်နိုး''

ဘုန်းသက်မော် မျက်နှာကြီး နီမြန်းကာ ချာခနဲ ထွက်သွားခဲ့သည်။

ရိပ် ထိုင်ခုံမှာပဲ ငြိမ်သက်စွာ ထိုင်နေမိဆဲ။

မိုးကျလာသော အရိပ်တစ်ခုကိုမြင်မှ ရိပ် မော့ကြည့်တော့





ဒေါ်လေး ဖြစ်နေသည်။

''ဒေါ်လေး အားလုံး ကြားတယ် သမီး၊ သမီး ခုလို ဆုံးဖြတ်လိုက်တာ မှန်ပါတယ်၊ ဒါနဲ့ အင်ကြင်းနွယ်ကို သမီးရောင်းတော့မှာလား''

''ရောင်းမှဖြစ်တော့မယ် ဒေါ်လေး၊ ရိပ်တို့ မိသားစု ဆက်ပြီး ရှင်သန်ဖို့အတွက် တစ်ခုခုကို ဆုံးဖြတ်ရင်ဆိုင်ရမယ်၊ ပြီးရင် ရိပ်တို့ သုံးယောက်အတွက် ရိပ် အလုပ်တစ်ခုလုပ်ရမယ်၊ ရိပ် လုပ်သင့်တာ ဒါပဲလေ''

ပင့်သက်မောတစ်ခု ဒေါ်သူဇာမြိုင် နှုတ်က ထွက်ကျသည်။

ဆေးရောင်မှေးမှိန်နေသော ညွှန်ခန်းနံရံကို မော့ကြည့်တော့ ဓာတ်ပုံပန်းချီကားကြီးထဲက သူမကို ငုံ့ကြည့်ပြုံးပြနေသော ဒေါ်အင်ကြင်းနွယ်။

ဒေါ်သူဇာမြိုင် ဆိုသော သူမရဲ့အဘွား သမီးလေး မြတ်နိုး နှင့်ပန်းပွင့်အိမ်တို့ မမြင်ဘူးလိုက်သော ဒေါ်အင်ကြင်းနွယ်။

သည်ခြံဝင်းသည်အိမ်ကြီးကို တည်ဆောက်ခဲ့သော ဒေါ်အင်ကြင်းနွယ်ရဲ့ ခြံကြီးကို သူမလက်ထက်မှာ ဆုံးရှုံးလိုက်ရမှာတော့

''ကျွန်မကို ခွင့်လွှတ်ပါ ဘွားဘွားရယ်''

ဒေါ်သူဇာမြိုင် နှုတ်က စကားတွေကို ဘယ်ဘဝ ဘယ်ဘုံ ရောက်နေခဲ့ပြီ မသိသော ဘွားဘွား ဒေါ်အင်ကြင်းနွယ် ကြားနိုင်ပါ့မည်



www.burmeseclassic.com

www.burmeseclassic.com



လား။

မျက်ရည်စတို့က ဒေါ်သူဇာမြိုင် ပါးပြင်နှစ်ဖက်ပေါ်မှာ။

■ ■ ■



## အခန်း (၁၈)

ခြံထဲမှာ အိမ့်ကို သတိုးလိုက်ရှာသည်။ ခြံအလုပ်သမားတစ်ဦးက ဈေးတင်းကုပ်ဘက် ထွက်သွားသည်ဟု ညွှန်ပြမှ သူ နွားခြံဘက် လှမ်းခဲ့သည်။

"အိမ် ရောက်နေတယ်ဆိုလို့"

"ဟုတ်တယ် ရင်ထဲက ဒေါသဖြစ်နေတာတွေ ပြောချင်လို့ သတိုးဆီလာခဲ့တာ သိလား"

သတိုး သိပြီးဖြစ်နေတာ အမှန်။ မွေးနေ့ပွဲနေ့က မကျေနပ်ချက်တွေကို အိမ် ပြောတော့မည်ဟု သိနေသည်။ ဘာပဲဖြစ်ဖြစ် ကျေနပ်အောင် ရှင်းပြနိုင်ရမည်။ ... ရှင်ဖွင့်တတ်သော အိမ်ကလေး စကားကိုပဲ သူနားထောင်ပေးရသည်။

"အဲဒီ သားအမိကို အိမ် မုန်းတာထက် ရွံလာပြီ သိလား။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနဲ့ သီချင်းလေးဆိုမိတာကို ပြစ်မှုကြီးတစ်ခုလိုပြောနေတာ၊ သူငယ်ချင်းတွေရှေ့မှာ အိမ် ဘယ်လောက် သိက္ခာကျသလဲ သတိုး စဉ်းစားကြည့်"

သတိုး သက်ပြင်းချရင်း အလိုက်သင့်ခေါင်းညိတ်သည်။ ဒါပေမဲ့ အိမ့်စကားတို့က အဆုံးမသတ်သေးပါ။

"တကယ်ဆို မမရိပ်နဲ့သူ ဘာမှပတ်သက်သေးတာလည်း မဟုတ်ပါဘူး။ နေရာတိုင်းကို ဝင်ချုပ်ချယ်ချင်နေတာလေ၊ မမရိပ်ဆီ မနေ့ကလည်း ရောက်လာတယ်၊ ဒါပေမဲ့ မမရိပ်က အပြတ်ပြောလိုက်တယ်၊ သူက အင်ကြင်းနွယ်ကို ရောင်းခိုင်းနေတာလေ"

"ဟင် မမရိပ်ကို ကူညီမယ်ဆို"

"အလကား မထင်နဲ့၊ သူ့မာမီကြီးက စီမံနေတာ ပွင့်ပွင့်လင်းလင်း ပြောရရင် အိမ်တို့သားအမိ သူ့အိမ်ပေါ်တက်လာမှာကို လက်မခံချင်လို့ အမွေကိစ္စ ရှင်းလင်းအောင် စီစဉ်တာ"

"ဟာကွာ ဒါတော့ မကောင်းပါဘူး"

"မကောင်းတာ အစောကြီးကတည်းက သတိုးမှမသိဘဲ၊ မမရိပ်ကတော့ အခုသိသွားပြီလေ၊ သတိုး အံ့ဩသွားမယ် သိလား၊ ကိုဘုန်းက အင်ကြင်းနွယ်ကို ဈေးကောင်းရအောင် ကိုကိုစက်ကို ရောင်းမယ်တဲ့၊ မမရိပ်ကလည်း ဝယ်ချင်အောင် စည်းရုံးသင့်သတဲ့လေ"





"ဟာ တော်တော်ဆိုးတာပဲ"

"စဉ်းစားကြည့်ပါလား။ မမရိပ်ကို ခုတုံးလုပ်ပြီး ကိုကိုစက်ကို စည်းရုံးခိုင်းတာ ဘယ်လိုသဘောဖြစ်သွားမလဲ၊ အဲဒီနေ့က မမရိပ် အပြတ်ပြောပစ်လိုက်လို့ မျက်နှာကြီး နီပြီး ပြန်သွားတယ်"

ပန်းပွင့်အိမ်ကတော့ ရင်ထဲက မကျေနပ်ချက်တွေကိုလည်း ဖွင့်ဟရင်း ကိုဘုန်းနှင့်မမရိပ်တို့ ဖြစ်ပျက်ပြောဆိုခဲ့သမျှကို မိခင်ဆီက ကြားမြီး ဖောက်သည်ချနေတော့သည်။

"ဒီအတိုင်းဆို ကိုကြီးစက် အခြေအနေက ဘယ်လိုလဲ မသိဘူး"

"ကိုကိုစက်ကို အိမ်လည်း အားမရပါဘူး။ အိမ် သာဆိုရချိန်မှာ အခါကောင်းပဲ၊ မမရိပ် ကိုယ့်ဘက်ပါလာအောင် ပြန်စည်းရုံးရမှာပေါ့"

"ကိုကြီးစက်ကို ပွဲလန့်တုန်း ဖျာခင်းတတ်တဲ့ လူစားမျိုးလို့ နင်ထင်နေလို့လား အိမ်ရဲ့"

"ဒီသဘောမဟုတ်ပါဘူး။ ဒါပေမဲ့ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးတဲ့"

"အံမယ် နင်က ဆရာကြီးပေါ့"

"ဆရာကြီးပဲလေ၊ အိမ်တို့ကတော့ ဟန်မဆောင်ဘူး။ မကောက်ကျစ်ဘူး။ ကိုယ်လိုချင်တာကိုတော့ ရအောင်ယူမှာပဲ"

www.burmeseclassic.com



"ဒုက္ခပဲ ကြိမ်ဝါးတာကြီးက လန့်စရာကောင်းလိုက်တာ"

"လာနောက်မနေနဲ့သတိုး ကိုကိုစက်လိုတော့ နင် သတ္တိ မနည်းနဲ့နော်"

"စိတ်ချ ကိုဘုန်းလိုပဲ သတ္တိရှိပြမယ်"

"တော်စမ်းပါ အဲဒီ နာမည်ဆို မကြားချင်ဘူး"

"မကြားချင်ဘူး မလုပ်နဲ့၊ ကိုဘုန်းနဲ့မမရိပ်က ယတိပြတ်တာမှ မဟုတ်ဘဲ၊ သူတို့ချင်း ညားသွားမှ နင် အစ်ကိုတော်နေရမယ် အိမ်"

"လုံးဝ ဆောရီးပဲ၊ အဲဒီ အခြေအနေဖြစ်လာခဲ့ရင် အိမ် ဒီမှာ မနေတော့ဘူး။ အိမ်က ထွက်ပြေးမှာ"

"ဘာရယ် ဘယ်ကိုပြေးမှာလဲ"

"အဲဒါ နင်စဉ်းစားပေါ့ သတိုးရဲ့၊ ငါက နင့်နောက်ကို နိုးရာလိုက်ခဲ့မှာ"

"ဗုဒ္ဓေါ"

သတိုး ထိတ်လန့်သလို ရေရွတ်သည်။ အိမ်က မျက်မှောင်လေးကုပ်ကြည့်ရင်း

"ဘာဖြစ်တာလဲ နင်က ဘာဘုရားတ တာလဲ"

"ဟို ဘာမှမဟုတ်ပါဘူး။ နင် ထင်ရာလျှောက်မလုပ်နဲ့နော် အိမ်၊ ငါတို့ရည်ရွယ်ချက်တွေ ရှိသေးတယ်၊ အဲဒါတွေ ပြည့်ဝဖို့လိုတယ်"





"ရည်ရွယ်ချက်တွေ စိမ်ကိန်းတွေဆိုတာ မသေချာဘူး။ မမြင်နိုင်ဘူးလေ၊ အဲဒါတွေ ဖြစ်လာမှ နင်က ငါ့ကိုလက်ထပ်မှာလား သတိုး"

"ဟာ ဒီသဘောမျိုး မဟုတ်ပါဘူး"

"ဒါဆို နင်ကတိပေး"

"ဘာကတိပေးရမှာလဲ အိမ်ရဲ့"

"စောစောက မမရိပ် အခြေအနေ ပြောင်းလဲသွားရင် နင့်ဆီ ငါအပြေးလာခဲ့မှာ နင် ငါ့ကိုအဝေးကြီးခေါ်သွား သတိုး"

သတိုး မဖြေရဲဘဲ ငြိမ်သက်နေသည်။ မျက်ဝန်းတွေက အိမ်ရဲ့မျက်ဝန်းတွေထဲ အကဲခတ်ကြည့်နေသည်၊ သည်ကောင်မလေးက လွယ်တာမဟုတ်။

ပြောသလို လုပ်ခဲ့ရင် အခက်။

"ဖြေလေ သတိုး"

"အဲဒီလို ဖြစ်လာရင် ငါနင့်ဘက်မှာ ရှိမှာပါ"

"အဲဒါတွေကြောင့် နင့်ကိုငါ ချစ်တာ သိလား သတိုး"

"အား လား လား"

ဗိုက်ကြောကို ဖျစ်ခနဲ လိမ်ဆွဲပြီး နှာခေါင်းလေးရှုံ့ မျက်လုံးလေးတွေ ပြူးပြီးပြောသည့် ကောင်မလေးကို သတိုး မြတ်နိုးစွာကြည့်မိသည်။

၆



www.burmeseclassic.com

www.burmeseclassic.com



တကာယ်ကို ချစ်စရာကောင်းတဲ့ သူငယ်ချင်းမလေးကို ပထမ နှစ်မှာပဲ တရားဝင်ချစ်သူ အဖြစ် သူပိုင်ဆိုင်ခွင့်ရခဲ့သည်။

ဒါပေမဲ့ ထင်ရာလုပ်တတ်သည့် ကောင်မလေး။

မှန်တယ်ထင်ရင် ဘာမဆိုလုပ်ရဲသော ကောင်မလေးကိုတော့ သူ ကြောက်ပါသည်။

မချစ်လို့ မဟုတ်။ အိမ်နှင့်သူ့ အနာဂတ်အတွက် သူ့ဘက်က ရည်မှန်းချက်တွေကြောင့်ပါ။

ဒါတွေ မပြည့်ဝခင် တစ်ခုခုဖြစ်လာခဲ့ရင်တော့

အဲဒါ တကာယ့် ပြဿနာ။

■ ■ ■



## အခန်း (၁၉)

"ရော့ ရိပ် ဒါ နှင့်လက်စွပ် မဟုတ်လား"

"ဟင်"

စက် ကမ်းပေးသော လက်စွပ်ကို ကြည့်ကာ ရိပ် မယုံနိုင် အောင် အံ့ဩရသည်။ သတိုးအတွက် အိမ်ကလေး မွေးနေ့လက်ဆောင် ပေးဖို့ သည်လက်စွပ်လေးကို ရိပ်ကိုယ်တိုင် ဆိုင်မှာရောင်းခဲ့တာ။

"နင် ဘယ်က ဘယ်လိုပြန်ရလာတာလဲ စက်"

"နင်ရောင်းခဲ့တဲ့ဆိုင်က ငါ့မိတ်ဆွေရဲ့ ဆိုင်လေ၊ လက်စွပ်လေး ကို မြင်တော့ ငါသိတာပေါ့၊ ဒါ နင့်အမေ ပေးတဲ့လက်စွပ်၊ နင့်ဖေဖေက နင် ဆယ်တန်းအောင်တဲ့နေ့မှာ နင့်အတွက်ပေးခဲ့တာ၊ နင့် မေမေဝတ်တဲ့ လက်စွပ်လေးဆိုတာ ငါ မှတ်မိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို ငါရောင်းပြီးပြီ"

"ငါ ပြန်ဝယ်လာတာပါ ရိပ်၊ ဒီလက်စွပ်လေးကို နင် မြတ်နိုး တန်ဖိုးထားတာ ငါသိတာပေါ့"

"ဟင့်အင်း ငါ ဘာကိုမှ မတွယ်မက်တော့ဘူး စက်"

"မဟုတ်ကာ မမရိပ် ပြန်ယူလိုက်ပါ၊ နောက်မှ ကိုကိုစက် ကို ပိုက်ဆံပြန်ပေးလို့ရတာပဲ"

ဘယ်အချိန် ညေ့ခန်းထဲရောက်နေသည် မသိသော အိမ်က လေး ရောက်လာကာ ဝင်ပြောတော့ ရိပ် ပြင်းရခက်ခက်။

"ဟုတ်ပါတယ် ရိပ် ဘာမှတန်ဖိုး မရှိပါဘူးဟာ၊ နင်နဲ့ငါ ကြားက သူငယ်ချင်းမိတ်ဆွေဆိုတဲ့ အရာလောက်တောင် ဒီငွေက တန်ဖိုး မရှိဘူး၊ ဒါပေမဲ့ နင့်မေမေရဲ့ အမွေပစ္စည်းလေးက နင့်အတွက် တန်ဖိုး ရှိမှာပါ"

ရိပ် မျက်ရည်ဝဲလာသည်။ တကယ်ဆို ရောင်းတုန်းက ရောင်း ချင်ခဲ့တာ မဟုတ်။ ညီမလေးအတွက် မျက်စိမှိတ် ဆုံးဖြတ်ခဲ့တာ ဖြစ် သည်။

"ယူပါ ရိပ်ရယ်"

အိမ်ကလေးက သွက်လက်စွာ လှမ်းယူပြီး ရိပ် ဘယ်ဘက် လက်ကို ဆွဲကာ လက်သူကြွယ်မှာ ပြန်စွပ်ပေးသည်။





"ငါ ငွေကြေးအဆင်ပြေရင် နင်စိုက်ထားတဲ့ ငွေပြန်ပေးပါ့မယ် စက်၊ နင့်ကိုစော်ကားတယ် မထင်ပါနဲ့၊ မေမေ့ အမွေပစ္စည်းကို ငါ့ငွေနဲ့ ပြန်ယူထားချင်လို့ပါ"

"နင့်ဆန္ဒအတိုင်းပဲ ရိပ်၊ ဒါပေမဲ့ ခေါင်းထဲမှာ ထည့်မထား စမ်းပါနဲ့ ဟာ"

"ငါ့မှာ မထည့်လို့ မဖြစ်တဲ့ အခြေအနေတွေ ရောက်နေပြီ စက်ရယ်၊ ဟောဒီခြံနဲ့ အိမ်ကြီးကို ငါရောင်းဖို့ စီစဉ်ပြီးပြီ"

ရိပ် တွေတွေငေးငေးလေး ပြောတော့ စက် ငြိမ်သက် တိတ် ဆိတ်စွာနဲ့ပဲ စိုက်ကြည့်နေတာကို အိမ် မကျေမနပ် မချင့်မရဲဖြစ်မိသည်။

ကိုကိုစက် ဘာကြောင့် နှုတ်ဆိတ်လွန်းနေတာလဲ၊ ဒီငွေကြေး လောက်တော့ မဝယ်နိုင်စရာ မရှိပါ။ တစ်ခုခုတော့ ပြောသင့်သည်။ ခုတော့ တိတ်ဆိတ်လွန်းနေပုံက အသည်းယားစရာကောင်းလိုက်တာ။

သည်အခိုက်မှာပဲ ခြံထဲကို မောင်းဝင်လာသော အဖြူရောင် ပါရာဒို ကားကြီးကို အားလုံးမြင်လိုက်ကြသည်။

"ဘယ်သူ့မှားလဲ"

"မသိဘူး ကိုယ်ဝင်လာတော့ ခြံတံခါး ပြန်မပိတ်ခဲ့မိဘူး"

ရိပ်ပြောတာကို စက်ကလည်း မဖြေနိုင်ဘဲ ဝင်ပြောသည်။ ပါရာဒိုကားကြီးက ဆင်ဝင်အောက်မှာ ထိုးရပ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မင်သက်စွာငေးကြည့်နေဆဲမှာ နဖူးပြောင်ပြောင်နှင့်ပုဂ္ဂိုလ်ကြီး ကားတံခါးဖွင့်ဆင်းလာသည်။

"ဒါ အင်ကြင်းနွယ်ခြံ ဟုတ်ပါတယ်နော်"

"ဟုတ် ဟုတ်ပါတယ်ရှင်"

"ကျွန်တော်က ဦးမြတ်ထင်ကျော်ရဲ့ မိတ်ဆွေတစ်ယောက်ပါ၊ ဦးမြတ်ထင်ကျော် မဆုံးခင်နှစ်ပတ်လောက်က စင်ကာပူကို ကျွန်တော် ထွက်သွားရတယ်၊ မနေ့ကပြန်ရောက်လာတော့မှ ဦးမြတ်ထင်ကျော် ဆုံးတော သိရတယ်ဗျာ"

"ဖေဖေ ဆုံးတာ နှစ်လကျော်ပါပြီရှင်"

"ဟုတ်ပါတယ် ဒါကြောင့် ကျန်ရစ်ခဲ့တဲ့သူတွေနဲ့ တွေ့ချင်လို့ လာခဲ့တာပါ၊ သူ့သမီး မြတ်နိုးရိပ်ထင်နဲ့ တွေ့ပါရစေ"

ရိပ် ရင်ထဲ ထိတ်ခနဲ ဖြစ်ရသည်။ ဖေဖေ ဘာပြဿနာတွေ ရှုပ်ခဲ့ပြန်သည်လဲ၊ နောက်ထပ် အကြွေးရှင်ပဲလား။ လက်ထဲမှာ ကိုင်ထားသော အတက်ချိုကော့စ်ထဲက စာချုပ်တွေ ထုတ်ပြတောင်းဆိုခဲ့လျှင်တော့

စိုးရိမ်ပူပန်စိတ်တွေနှင့် ရိပ် မင်သက်ကြောင်တွေနေတုန်းမှာ စက်က ကြားထဲမှ ဝင်ဖြေသည်။

"ထိုင်ပါဦး ခင်ဗျာ၊ အထဲကိုဝင်ပါ၊ မြတ်နိုးရိပ်ထင်က သူပါ"

"ဟုတ် ဟုတ်ကဲ့ ဝင်ပါရှင် ထိုင်ပါဦး"





ဧည့်ခန်းထဲအထိ ဖိတ်ခေါ်ရတော့သည်။ ပုဂ္ဂိုလ်ကြီးက ခေါင်းညိတ်ပြုံးရင်း ဧည့်ခန်းထိုင်ခုံမှာ ဝင်ထိုင်သည်။

"ညီမလေး ဧည့်သည်အတွက် တစ်ခုခုလုပ်ပါကွယ်"

"ဟုတ်ကဲ့ မမရိပ်"

မမရိပ် စေခိုင်းလို့ အိမ်ခန်းထဲ ဝင်ခဲ့ရပေမယ့် ဘာတွေဖြစ်ကုန် ညည်းလဲ သိချင်လှသည်။

"ဟာ မနန်းငွေ ဧည့်သည် တစ်ယောက်စားသောက်ဖို့ တစ်ခုခု စီစဉ်ခဲ့စမ်းပါ မြန်မြန်"

မနန်းငွေကို ပြောပြီး အိမ် လိုက်ကာစကြားက ချောင်းနား ထောင်နေမိသည်။

ဧည့်သည်လူကြီးက သူ့နဖူးပြောင်ပြောင်ကို လက်နှင့်တစ်ချက် သပ်တင်ရင်း

"ကိုမြတ် မရှိတော့ပေမယ့် ဆပ်စရာ အကြွေးကိုတော့ ရှင်း လင်းရမှာမို့ ကျွန်တော် လာခဲ့တာပါဗျာ"

"..."

ရိပ် ဘာမှမဆိုနိုင်။ လက်ရှိအကြွေး သိန်းနှစ်ဆယ်တောင် ခေါင်းချင်သေးဘဲ နောက်ထပ် အကြွေးတဲ့။ ဒေါ်လေးရှိရင် ခေါင်းတွေ မူးဝေလဲကျသွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောရရင် စာချုပ်စာတမ်း မှတ်တမ်းတွေတော့ အထင်အရှား မရှိပါဘူး။ ဒါပေမဲ့ ကိုမြတ်နဲ့ ကျွန်တော် နားလည်မှုနဲ့ပေးဆပ်ရမယ့် အကြွေးက သိန်းတစ်ရာပါ"

"ရှင် ဖေ ဖေဖေက အန်ကယ်ဆီက ငွေသိန်းတစ်ရာတောင် ယူခဲ့တယ် ဟုတ် ဟုတ်လား"

"ဟုတ် ဟာ သူယူတာ မဟုတ်ဘူးလေ၊ ကျွန်တော့်ကို ကိုမြတ် ကူညီခဲ့တာပါ၊ ကျွန်တော့်စီးပွားရေးတွေ ကျဆင်းပြီး ဒုက္ခရောက်နေတုန်းက ကိုမြတ် ကူညီခဲ့တာ၊ အခု အဲ့ဒီ အကြွေးကို ကျွန်တော်က ပေးဆပ်ရမှာပါ၊ ကိုမြတ် မရှိတော့ပေမယ့် ကျွန်ရစ်ခဲ့သူကို အကြွေးဆပ်ရင်း ကျေးဇူးတင်စကားပါ ပြောချင်လို့ပါဗျာ"

"ဖေ ဖေက အန်ကယ်ကို ကူညီခဲ့တာ ဟုတ်လား"

"ဟုတ်တယ် သမီး၊ ဟောဒီမှာ သမီးတို့ဘဏ်မှာ ထုတ်ယူကြပါ၊ ငွေသိန်းတစ်ရာတိတိ ဘဏ်စာရင်းမှာ အန်ကယ် လွှဲပေးထားပါတယ်"

ရိပ် အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသား။ စက်ကို လှည့်ကြည့်တော့ စက် မျက်နှာမှာလည်း အံ့ဩရိပ်တွေ ထင်လို့။

ခန်းဆီးကြား ချောင်းနားထောင်ရင်း ရင်ထိတ်နေမိတဲ့ အိမ်ကလေး မျက်လုံးကြီးပြူးပြီး တရွေ့ရွေ့ ထွက်လာသည်။





"ကိုမြတ်က အန်ကယ် ကျေးဇူးရှင်ပါ၊ အဲဒီတုန်းက သူ မကူညီရင် အန်ကယ် ကုမ္ပဏီပျက်ပြီ၊ သူ ကူညီခဲ့လို့ အန်ကယ် ဘဝ ပြန်ရှင်သန်ခဲ့တာ၊ ကိုမြတ် ငွေတွေကို သမီးတို့လက်ထဲ အန်ကယ် ထည့်ပေးရမှ စိတ်ချမ်းသာမှာမို့ စင်ကာပူက အရောက်လာခဲ့တာပါကွယ်"

"ရိပ် ရိပ် ဝမ်းသာလိုက်တာ ကျေးဇူးတင်လိုက်တာ အန်ကယ်ရယ်"

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျလာသည်အထိ ရိပ် အံ့ဩဝမ်းသာလွန်းလို့ တုန်ယင်နေသည်။

ကိုစက်က ရိပ်ကို ပြုံးကြည့်ရင်း နှစ်သိမ့်မျက်ဝန်းတွေနဲ့။

ဖေဖေ့အပေါ် စိတ်ဆိုးနာကျည်းခဲ့ဖူးတဲ့ ရိပ်၊ ဒီတစ်ခါတော့ ဖေဖေ့ရဲ့စေတနာကြောင့် ကယ်ရာမဲ့ဘဝထဲက ကင်းလွတ်ပြီထင်ရဲ့။

စေတနာဖြူစင်မှု၏ တုံ့ပြန်မှုသည် ရောင်ပြန်ဟပ်တတ်သည် ဟုဆိုလျှင် . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကိုဘုန်း မယုံနိုင်သလို အံ့သြငေးမောလို့ ကျောက်ရုပ်ကြီးလို ကြည့်နေသည်။ ရိပ် အံ့သြဝမ်းသာစွာ ရှင်းပြနေတာ နားထောင်ရင်း ယုံတမ်းပုံပြင် တစ်ပုဒ် နားထောင်နေရသလို။

"ရိပ်တောင် အံ့သြလွန်းလို့ မယုံနိုင်ဘူး ဖြစ်နေတယ်၊ ဦးတင်ထွန်းဆိုတဲ့ လူကြီးရဲ့ စိတ်ထားဖြူစင်မှုကြောင့်လို့လည်း ပြောလို့ရတယ်၊ အခု ရိပ်ကျန်တဲ့ အကြွေးတွေ ဆပ်ပြီးပြီ၊ အင်ကြင်းနွယ်ကိုလည်း မရောင်းတော့ဘူး ကိုဘုန်း၊ အထိုက်အသင့်တော့ ပြန်ပြုပြင်မယ်၊ ပြီးရင် ရိပ် တစ်ခုခုတော့ လုပ်မှဖြစ်မယ်"

"ဟို ကိုယ်တို့လက်ထပ်ဖို့ကိစ္စအတွက်"

"အဲဒီအတွက် ရက်ကိုအကန့်အသတ်မဲ့ ရွှေ့ထားမှဖြစ်လိမ့်မယ်





ကိုဘုန်း၊ ရိပ်မှာ လုပ်စရာတွေ ရှိနေတယ်လေ၊ ရိပ် စီးပွားရေးလုပ်ငန်း တစ်ခုတော့ လုပ်မှဖြစ်မယ်"

"မဟုတ်သေးဘူးလေ မြတ်နိုးရဲ့၊ အင်ကြင်းနွယ်ကို ဒေါ်လေးသူဇာတို့ သားအမိလက်ထဲအပ်၊ မြတ်နိုး လက်ထဲမှာ ရှိတဲ့ငွေကို ဘဏ်ထဲထည့်ချင်ထည့်၊ ဒါမှမဟုတ် ကိုယ့်လုပ်ငန်းထဲထည့်၊ မြတ်နိုး ဘာမှ လုပ်စရာ မလိုပါဘူးကွာ"

"ဟင့်အင်း လုပ်စရာတွေ အများကြီးရှိလာပြီ ကိုဘုန်း၊ အရင်ဆုံး အင်ကြင်းနွယ်ကို အမြန်ဆုံးပြုပြင်ရမယ်၊ ပြီးရင် ရိပ်တို့ မိသားစုသုံးယောက်အတွက် ခိုင်မာတဲ့စီးပွားရေးတစ်ခု တည်ထောင်ရမယ်"

ကိုဘုန်း မျက်နှာရှုံ့မဲ့သွားကာကို ရိပ် စူးစိုက်ကြည့်ရင်း

"ဘာလဲ ကိုဘုန်း မစောင့်နိုင်လို့လား ဒါဆိုရင်လည်း"

"ဟာ မဟုတ်ပါဘူး မြတ်နိုးရယ်၊ မြတ်နိုးရဲ့သံယောဇဉ်ကို ကိုယ် နားလည်ပါတယ်၊ မြတ်နိုးက ဒေါ်လေးတို့သားအမိအပေါ် သံယောဇဉ် သိပ်ကြီးတယ်လေ"

"ဟုတ်တယ် အင်ကြင်းနွယ်မှာ ဘယ်တုန်းကရောက်ရောက် အတူရှိနေတာ ဒေါ်လေးတို့ပဲလေ၊ ခုချိန်မှာ ရိပ်မှာ ကြိုးစားစရာတွေ အများကြီးရှိတယ်"

"မာမီကို ကိုယ်ဘယ်လိုရှင်းပြရမှန်းတောင် မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်း ပြောပြလိုက်ပေါ့ ကိုဘုန်းရယ်၊ ကိုဘုန်း မာမီဆီက ရိပ်အတွက် အကြိုကောင်းတွေဘာတွေ ရချင်ရနိုင်မှာပေါ့"

ရိပ် ရှိသဲ့သဲ့နှိပ်ကွပ်မှန်း ကိုဘုန်း သိတော့ မျက်နှာမည်းခန့်ဖြစ်၏။ ထိုအခိုက်မှာပဲ ခြံထဲကိုမောင်းဝင်လာသော စက် ကားကိုမြင်တော့ ကိုဘုန်း မျက်နှာမည်းမည်းက မှုန်ကုပ်သွား၏။

"တော်သေးတာပေါ့ ဒီကောင် အဝ်ကြွင်းနွယ်ကို ရမသွားတာ"

"အဟင်း စက်ကို ရိပ် ယုံကြည်တယ် ကိုဘုန်း။ စက်က ရိပ်အတွက် အကောင်းဆုံး မိတ်ဆွေပါ၊ အရင်က ရိပ် နှုတ်က အကူအညီတစ်ခုပဲ တောင်းခဲ့ကြည့် ရိပ်ကို စက်ကူညီမှာပါ"

ကိုဘုန်း မျက်နှာက ထပ်ပြီးဖိကြိတ်ခံလိုက်ရသည့် ခရမ်းချဉ်သီး ပျော့ကြီးလို ရှုံ့တွနေသည်။

ရိပ် တကယ်လိုအပ် အားကိုးစွာ အကူအညီတောင်းခဲ့စဉ်က သူ မသိကျိုးကျွံပြုမူခဲ့မိသည်။ မာမီရဲ့စကားအတိုင်း နာခံခဲ့သည်။

အခုတော့

"ဟော ကိုဘုန်းပါ ရောက်နေတာလား"

"ဟုတ် ဟုတ်တယ် ကိုတိုင်းစက်"

"ရိပ် သတင်းကြားပြီးရောပေါ့၊ တကယ် အံ့ဩဝမ်းသာစရာပါပဲဗျာ၊ အင်း ကံကြမ္မာဆိုတာ မမြင်နိုင်ဘူးဆိုတာ အမှန်ပဲ"





စက်က သံဝေဂတရား ရသလိုဆိုတော့ ကိုဘုန်း အလိုက်သင့် ခေါင်းညိတ်ရင်း

"ဟုတ်တယ် ဒီစကားကို ကျွန်တော် လက်ခံတယ်၊ အခု မြတ်နိုးကို ဆုံးရှုံးရမှာကြောက်လို့ အမြန်လက်ထပ်ဖို့ ပြောနေရတာပေါ့ ကိုတိုင်းစက် ကူပြောပေးပါဦးဗျာ"

စက် ကိုတယ်တုန်းကမှ မယုံကြည်ခဲ့သော ကိုဘုန်းက စက်ကို တောင် ရှေ့နေငှားနေတာမို့ ရိပ် ပြုံးရင်း

"ရိပ်နဲ့ကိုဘုန်းတို့ကိစ္စအတွက် ဘယ်သူ့ကိုမှ အကူအညီတောင်းနေစရာ မလိုပါဘူး ကိုဘုန်း၊ အရေးကြီးတာ ကိုဘုန်းပဲလေ၊ အားကိုးထိုက်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ပြီဆိုရင် ရိပ် လက်ခံဖို့ အသင့်ပဲ"

စက် ရှေ့မှာဒဲ့တိုး အပြောခံလိုက်ရတာမို့ ကိုဘုန်း မျက်နှာကြီး ထူပူအရှက်ကွဲနေရသည်။

"ကောင်းပါပြီ မြတ်နိုး၊ မြတ်နိုးကို ကိုယ်ပိုင်ဆိုင်နိုင်အောင် ကြိုးစားပြမယ် အဲဒါ ကိုယ့်ဆုံးဖြတ်ချက်ပဲ"

စက်ကိုတောင် နှုတ်ဆက်ဖို့ မေ့သွားတာလား၊ တမင်မေ့ချင်ယောင်ဆောင်သွားတာလား မသိ

ကိုဘုန်း ခြံတံခါးဆီသို့ သုတ်ခြေတင် ခြေလှမ်းတွေနှင့် လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားခဲ့လေသည်။

"ကိုဘုန်း အတော်ခံစားသွားရရှာမှာပဲ ရိပ်"

"စက် စာနာနေတာပေါ့"

"အင်း စာနာမိတာ အမှန်ပါ၊ ဒါပေမဲ့ အရင်ဆုံး စာနာသနားသင့်တာ ကိုယ့်ကိုကိုယ်ဆိုတာလည်း စက်ဆိုတဲ့ကောင် သိနေတယ်လေ"

"စက်ရယ် နင်နဲ့ငါ့ကြားက မိတ်ဆွေသံယောဇဉ်တွေက ပိုပြီး ခိုင်ကျည်ပါတယ်ဟာ"

"ငါမျှော်လင့်တာ အဲဒီထက်ပိုတယ် ရိပ်၊ ဒါပေမဲ့ အချစ်ကို အမှ သိမ်းပိုက်မရတာ ငါလက်ခံပါတယ်၊ နင့်နှလုံးသားက ခံစားချက်ကို ပဲ ငါအလိုရှိတာယ်၊ ကိုဘုန်းနဲ့နင် လက်မထပ်သ၍ ငါ မျှော်လင့်ခွင့်ရှိတာယ်"

"ကိုဘုန်းကို ငါလက်ထပ်ဖြစ်ခဲ့ရင်ကော"

"ငါ နင်တို့မင်္ဂလာပွဲကို အရောက်လာပြီး အားပေးမှာပါ၊ အချစ်ဆိုတာ ပိုင်ဆိုင်မှု ဆုံးရှုံးမှုနဲ့ မသက်ဆိုင်ဘူးဆိုတာ ငါ လက်ခံထားတယ် ရိပ်၊ ငါ့နှလုံးသားထဲမှာ နင့်ကို ဟိုးအရင်ကတည်းက ချစ်ခဲ့တယ်၊ ရှေ့ခြား မြေခြားမှာလည်း မပြောင်းလဲဘူး၊ ခုလည်း ဒီအတိုင်းပဲ ဘယ်တော့မှ မပြောင်းလဲဘူး ရိပ်"

ဒါ စက်ရင်ထဲက သစ္စာစကားတဲ့လား။

ရိပ် ရင်ထဲကို ချိုသာစွာ စိမ့်ဝင်သွားခဲ့တာတော့ သေချာသည်။





စက်ရယ် နင့်ကိုပဲ ငါ့ရင်ထဲက ချစ်ခဲ့တယ်။ နှလုံးသားမှာ နေရာပေးခဲ့တယ်။

ဒါပေမဲ့ ဘဝအတွက်တော့

အချစ်ဆိုတာထက် အရေးပါတဲ့ အရာတွေ ရှိနေတယ်လို့ ငါ ယုံကြည်ထားသ၍

ငါ့ကို ခွင့်လွှတ်ပါ စက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

လက်ထဲမှာ ငွေကြေးပြည့်စုံတော့လည်း အစစအရာရာ တကယ်ပဲ အဆင်ပြေပါသည်။ နှစ်ပတ်ဆိုသော ကာလလေးအတွင်းမှာပင် ရိုပ်တို့၏ အင်ကြင်းနွယ်က သစ်လွင်ခန့်ညားသွားခဲ့သည်။

စက်က အားလုံးကို စီမံပေးရုံမျှမက နေ့တိုင်း အလုပ်သမားတွေနှင့်အတူရှိကာ ခြံကိစ္စ၊ အိမ်ကိုပြုပြင်သည့် အလုပ်သမားတွေနှင့်လည်း စကားတပြောပြော ကျွမ်းဝင်စွာနေသည်။

အင်ကြင်းနွယ်သည် လှပသစ်လွင်ပြီး ခန့်ညားစွာ ပုံဖော်လာခဲ့သည်ကတော့ အမှန်။ ခြံဝင်းထဲမှာလည်း သစ်ပင်ပန်းပင်တို့က ဝေဆာပွင့်ဖူးလာခဲ့သည်။

ဒေါ်လေးကော အိမ်ကလေးပါ အင်ကြင်းနွယ်ကို တစိမ့်စိမ့်





ကြည့်ကာ အားရဝမ်းသာမဆုံးဖြစ်ခဲ့ကြသည်။

"နောက်နှစ်ရက်လောက်ဆို အင်ကြင်းနွယ်က တကယ် ကြည့်ကောင်းပြီး သစ်လွင်သွားခဲ့မှာ သေချာတယ် ရိုပ်၊ ရိုပ် စိတ်ချမ်းသာတယ် မဟုတ်လား"

"ရိုပ် တကယ် စိတ်ချမ်းမြေ့နေတယ် စက်၊ ဒါပေမဲ့ ရိုပ်မှာ လုပ်စရာတွေ ရှိသေးတယ်၊ ရိုပ် ဖေဖေရဲ့မွေးမြူရေးခြံကို အောင်မြင်အောင် ပြန်ပြီး ကြိုးစားချင်တယ်"

"ရိုပ် တကယ် ဆန္ဒရှိရင် လုပ်လေ၊ ငါ အားလုံးကူညီနိုင်ပါတယ်၊ မွေးမြူရေးခြံ တည်ထောင်မယ်ဆိုရင် ကူညီပေးမယ်"

"ဒါပေမဲ့ ရိုပ်လက်ထဲက ငွေကြေးနဲ့ အဆင်ပြေပါ့မလား"

"ဒါဆို ရိုပ်နဲ့ကိုယ် ပါတနာတွေအဖြစ် နှစ်ယောက် ကြိုးစားကြမလား၊ ကိုယ့်မှာ အစီအစဉ်တွေရှိတယ်"

"နင့် အစီအစဉ်တွေက ဘာတွေလဲ စက်"

"ငါ ရည်ရွယ်တာ ဒီမြို့မှာ နို့ချက်စက်ရုံတစ်ခု တည်မယ် ရိုပ်၊ ငါတို့ခြံထဲက နွားနို့တွေက အနီးဝန်းကျင်က ခြံတွေက နွားနို့တွေကော ငါတို့ဝယ်လို့ အဆင်ပြေတယ်၊ နို့ချက်စက်ရုံ ငါတည်ဖို့ စဉ်းစားထားတယ်"

"ဟင် ဒါဆို ရင်းနှီးရမယ့်ငွေတွေက အများကြီးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ အားလုံးပြည့်စုံတယ် ရိပ်၊ နင်ဆန္ဒရှိရင် ငါ့လုပ်ငန်းထဲကို ရှယ်ယာဝင်ကြည့်လေ၊ အောင်မြင်မယ်လို့ ငါယုံကြည်တယ်"

ရဲရဲတွာဆိုနေသော စက် စကားတွေကို ရိပ် အကြွင်းမဲ့ ယုံကြည်သည်။

"ငါ စိတ်ဝင်စားတယ် စက်၊ နင့်လုပ်ငန်းထဲမှာ ငါပါမယ်၊ ငွေကြေးပိုင်းတင်မကဘူး၊ ငါ တတ်စွမ်းသမျှ လုပ်အားပါ ပါဝင်ချင်တယ်"

"ဒါဆို ဒီတစ်လအတွင်း ငါ စီစဉ်မယ် ရိပ်၊ စက်ရုံဆောက်မယ့် မြေနေရာက အစ ငါစီစဉ်ပြီးပြီ၊ မြို့မြောက်ပိုင်းမှာ ငါစက်ရုံတည်ဖို့ အစီအစဉ်အပြင် နို့စားနွားမတွေ ငါ မွေးမြူဖို့စီစဉ်ထားတယ်"

"နင့်စိတ်ကူးတွေကြားရတာနဲ့ ငါ တက်ကြွနေပြီ စက်၊ ငါတို့ ကြိုးစားကြည့်ရအောင်"

စက်ကို ယုံကြည်မှုနှင့် ရိပ် ဆုံးဖြတ်ချက်ချလိုက်မိသည်။ ထို အခိုက်မှာပင် ခြံထဲကို ယှဉ်တွဲဝင်လာသူတွေက အိမ်ကလေးနှင့် သတိုး တို့နှစ်ဦးဖြစ်သည်။

"ကြည့်စမ်း သတိုး၊ ဒီလိုကျတော့လည်း အင်ကြင်းနွယ်က တကယ်ကို ခန့်ညားလိုက်တာနော်"

"ဟုတ်တယ် ကျွန်တော်တို့ ငယ်ငယ်က မြင်ခဲ့ဖူးတဲ့ အင်ကြင်း နွယ် ခြံကြီးကို ပြန်မြင်လိုက်ရတဲ့ အတိုင်းပဲ"





သတိုးက ပြောင်းလဲသွားသော ခြံကြီးရဲ့မြင်ကွင်းကို တစိမ့်စိမ့် လှည့်ပတ်ကြည့်ရှုရင်း ဝမ်းသာအားရဆိုသည်။

"ကိုကိုစက် ဒီခြံကြီး ဘယ်တော့ ဖွင့်ဆင်ပြီးမလဲဟင်"

"အလွန်ဆုံး နှစ်ရက်ပေါ့ အိမ်ကလေးရဲ့၊ ဘာဖြစ်လို့လဲဟင်"

"နှစ်ရက် ဒါဆို အိမ် တွေးထားတဲ့ အစီအစဉ် ဖြစ်ပြီ သိလား"

အိမ်ကလေး ဝမ်းသာအားရဆိုတော့ အားလုံး နားမလည်နိုင်စွာ ငေးကြည့်မိကြသည်။

"နောက်သုံးရက်မြောက်နေ့က ဘာနေ့လဲ သိလား"

"ကြာသပတေးနေ့လေ အိမ်ရဲ့"

"ဒါတော့ နင်ပြောမှာလား သတိုးရဲ့"

"ဘာလဲ မသိဘူးလေ အိမ်က ဘာမေးတာလဲ"

"အဲဒီနေ့က မမရိပ်ရဲ့ အသက်နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့ ဟဲ့ မှတ်ထား သတိုး"

"အ"

သတိုး လက်မောင်းကို ဆွဲလိမ်ရင်း အိမ်ကလေးဆီမှ ရိပ်လည်း အမှတ်ရမိတော့သည်။

"အိမ်ကလေး စဉ်းစားထားတာ အဲဒီနေ့ကျရင် အင်ကြင်းနွယ် ခြံကြီးမှာ မမရိပ်ရဲ့မွေးနေ့ပွဲ လုပ်သင့်တယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒါတော့ ကျွန်တော် သဘောတူတယ်"

"ငါလည်း လက်ခံတယ် ရိပ်၊ နင့်အသက် နှစ်ဆယ့်လေးနှစ်တောင်ရှိပြီဆိုတော့ အပျိုကြီးစာရင်းဝင်ပြီပေါ့"

"တော်စမ်းပါ နင်ကော ဘာထူးလဲ စက်၊ နင်က ငါ့ထက် တစ်လနဲ့ငါးရက်ကြီးတယ်လေ"

ရိပ် အတိအကျဆိုသည်။ စက် ရင်ထဲမှာ ကြည်ကြည်နူးနူး ခံစားမိတာတော့ အမှန်။ သူနှင့်ပတ်သက်ပြီး ရိပ် မှတ်မှတ်ရရရှိနေဆဲပါလား။

"ဘယ်လိုလဲ မမရိပ်၊ သူများ ကျွေးတာချည်း စားနေတာတော့ မကောင်းဘူးထင်တယ်၊ ဒီတစ်ခါ အိမ်တို့ကျွေးမှဖြစ်မယ်"

"အိမ်ကလေး မွေးနေ့မှ ကျွေးတာပေါ့"

"ဟာ အိမ်မွေးနေ့က ရောက်သွားပြီ နောက်ထပ် ဆယ်လကျော် လောက်စောင့်ရဦးမယ်၊ မမရိပ် ပွဲတော့ လုပ်ပါ"

"ဟုတ်သားပဲ မမရိပ်ရဲ့ လူအများကြီး မဟုတ်ရင်တောင် ရင်းနှီးတဲ့လူလောက်တော့ ဖိတ်ပေါ့"

သတိုးက အကြံပေးသည်။ စက်ကလည်း ခေါင်းညိတ် ထောက်ခံနေသည်။ ရိပ် ငြင်းဖို့မလွယ်တော့မှန်း သိသည်။

အားလုံးကျေနပ်အောင် ရိပ် ခေါင်းညိတ်ကတိပေးလိုက်တော့





စက်က

"ရိပ် မွေးနေ့မတိုင်ခင် ဟောဒီခြံကြီး ခမ်းနားသွားအောင် ကိုယ် တာဝန်ယူတယ်"

"ဟေး"

အိမ်ကလေး မြူးတူးစွာ အော်ဟစ်ရင်း သတိုးလက်ကို ဆွဲကာ ခုန်ပေါက်နေတော့ သတိုး မျက်နှာ ရှက်ရိပ်ကြောင့် နီမြန်းလျက် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

### အခန်း (၂၂)

ပေးထားသည့် ကတိအတိုင်း ရိပ် မွေးနေ့ပွဲလေးကို ကျင်းပဖြစ်ခဲ့သည်။

ညနေခြောက်နာရီကျော် မှောင်ရိပ်သမ်းလုမှာ အင်ကြင်းနွယ်တစ်ခြံလုံး ရောင်စုံမီးပွင့်တွေနှင့် လှပဖြာလဲ့နေသည်။

စက် ကိုယ်တိုင် စီစဉ်ထားသော ညှော်ခံပွဲလေးက စည်ကားနေသည်။ ညှော်ပရိသတ် ငါးဆယ်လောက်ကို ဘူဖေးစနစ်နှင့် ညှော်ခံကျွေးမွေးခြင်းဖြစ်သည်။

ခြောက်နာရီလောက်က စတင်သော ညှော်ခံပွဲလေးက ခုနစ်နာရီမထိုးခင် ညှော်ပရိသတ် ရှင်းသွားခဲ့သည်။

အားလုံးက ပြန်ကြပြီ။ ရင်းနှီးကျွမ်းဝင်သော မိသားစုအချို့သာ





ကျန်ရစ်ခဲ့ကြသည်။

အဖြူရောင် ဇာဝတ်စုံလေးနှင့် လှပကျော့ရှင်းသော ရိပ်ကို စိတ်မချနိုင်သည့် ကိုဘုန်းက သူ့မာမီကို ပို့ပေးပြီး ပြန်ရောက်လာသည်။

ခြံထဲမှာ တခြားလူတွေမရှိတော့။ သတိုးတို့မိသားစု သုံးယောက်တိုင်းစက်နွယ်နှင့် ဘုန်းသက်မော်သာ ရှိသည်။

"မြတ်နိုးရဲ့မွေးနေ့အတွက် ကိုယ့်ရဲ့လက်ဆောင်"

ဘုန်းသက်မော်က အားလုံးကြားအောင်ပြောရင်း ဘောင်းဘီအိတ်ထဲက ကတ္တီပါယွန်းဘူးလေးကို ထုတ်ပေးသည်။

ရိပ်က အားလုံးရှေ့မှောက်မှာပဲ ကတ္တီပါဘူးလေးကို ဖွင့်ကြည့်တော့

အနီရောင်ကျောက်ပွင့်လေးကို ရွှေဖြင့် ကွပ်ထားသော လော့ကတ်သီးလေးဖြစ်နေသည်။

"ကျေးဇူးတင်ပါတယ် ကိုဘုန်း"

ဘုန်းသက်မော် မျက်နှာက ကျေနပ်ကြည်နူးခြင်းတို့ ဖြာဝေလျက် ရိပ်ကို ငေးကြည့်နေတုန်းမှာ အိမ်ကလေးက ရိပ်အနားရောက်သွားသည်။

"မမရိပ်အတွက် သတိုးပေးတဲ့ လက်ဆောင်လေးကို အိမ်ဖွင့်ပြမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေး သတိုးလက်ထဲက ဘူးအဖြူရောင်လေးကို ညင်သာစွာဖွင့်သိုက်သည်။ အိမ့်လက်ထဲမှာပါလာသည်က

"သိပ်လှတဲ့ ပလက်တီနမ် ဆွဲကြိုးလေးပါရှင်"

အိမ်က မြူးမြူးလေး ကြေညာသည်။ အားလုံး လက်ခုပ်သြဘာပေးလိုက်ကြရင်း ကြည်နူးရိပ်တွေ မပြယ်ခင်

အိမ်ကလေး လက်ကာပြပြီး စက် လက်မောင်းကိုပြေးတွဲ၏။

"ကိုကိုစက်ရဲ့ လက်ဆောင်ကိုလည်း အိမ်ပဲ ဖွင့်ပါရစေ"

စက်က ခေါင်းညိတ်ပြုံးရင်း ကုတ်အင်္ကျီ အညိုရောင်ထဲက နှိုက်ပေးသော ကတ္တီပါအနီရောင်ဘူးလေးကို ဖွင့်လိုက်သည်။

အိမ်ကလေး လက်ထဲမှာ မြင်လိုက်ရသည်က အသည်းပုံသဏ္ဍာန်ကွပ်ထားသော စိန်ပွင့်လော့ကတ်သီးလေးဖြစ်နေ၏။

အားလုံး လက်ခုပ်တီး သြဘာပေးလိုက်ကြတော့ ကိုဘုန်းမျက်နှာ ညိုခနဲ ဖြစ်သွားသည်။

"သတိုးနဲ့ ကိုကိုစက်က တကယ်ပဲ စိတ်ကူးတူတယ်၊ မမရိပ်အတွက် ပလက်တီနမ်ဆွဲကြိုးနဲ့ လိုက်ဖက်တဲ့ ဟောဒီ ကိုကိုစက်ရဲ့ စိန်လော့ကတ်သီးလေးကို အိမ်ကလေး ဆွဲပေးမယ်"

အိမ်ကလေးက သတိုးရဲ့ဆွဲကြိုးလေးမှာ စက်ရဲ့ စိန်ပွင့်လော့ကတ်သီးလေးကို ချိတ်ဆွဲပြီး ကိုယ်တိုင် ရိပ် လည်မှာဆင်မြန်းပေးသည်။





ကိုဘုန်း မျက်နှာကြီးက ညိုညစ်မည်းနက်လျက် အိမ်ကလေးကို စူးစူးရဲရဲ မျက်ဝန်းတွေနှင့် စိုက်ကြည့်နေသည်။

"ကဲ ထူးခြားတဲ့ အစီအစဉ်တစ်ခုအနေနဲ့ မွေးနေ့ရှင် မမရိပ်နဲ့အခု ရှိနေတဲ့ ပရိသတ်ထဲက တစ်ယောက် ရွေးချယ်ပြီး စုံတွဲသီချင်းတစ်ပုဒ် ဖျော်ဖြေဖို့ပါပဲ၊ ဒီမှာရှိတဲ့ အန်ကယ် ဦးထွန်းခ၊ သတိုးနဲ့ ကိုကိုစက်အဲ ကိုဘုန်းပါမှာလား"

ရိပ်နှင့်အတူ သီချင်းဆိုဖို့ ကံထူးရှင် ရွေးချယ်ပွဲဆိုတော့ ကိုဘုန်းစိတ်မပါပေမယ့် ဆတ်ခနဲ ခေါင်းညိတ်သည်။

"အိုကေ မဲလိပ်လေးလိပ်ရှိတယ်၊ ဘယ်သူ အရင်နှိုက်မလဲ"

"ကိုယ် အရင်နှိုက်မယ်"

အရင်ဆုံး အသံထွက်လာသူက ကိုဘုန်းဖြစ်သည်။ အိမ်ကလေးက မဲလိပ်လေးလိပ်ထည့်ထားသော ဖလားခွက်လေးကို ကိုဘုန်းရှေ့ချပေးသည်။

ကိုဘုန်း ဖလားထဲ လက်နှိုက်ကာ မဲလိပ်ကို နှိုက်ယူသည်။ ပြီးတော့ ကသောကမျော ဖွင့်ကြည့်သည်။ ဗလာမဲ။

"ဒုတိယ အန်ကယ် ဦးထွန်းခ"

အပျော်ကစားကြသည့်ပွဲမို့ ဦးထွန်းခ ပြုံးပြုံးကြီးနှင့် မဲလိပ်ကို နှိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လည်း ဗလာမဲပါပဲ ကဲ နှစ်လိပ်ထဲက တစ်လိပ်က တော့ ကံထူးရှင်ပဲ သတိုး အရင်နှိုက်မလား"

"နှိုက်မယ်"

"ဟုတ်ပြီ ဒါဆို နှိုက်၊ နင်ကံထူးချင်ထူး မထူးရင်တော့ ကိုကို စက် ဖြစ်ပြီပေါ့"

အိမ်ကလေးဆိုတော့ ကိုဘုန်း တံတွေးကို မြိုချလိုက်တာ စက် မြင်သည်။

သတိုးက မဲလိပ်တစ်ခုကို လှမ်းနှိုက်သည်။ ပြီးတော့ နဖူးမှာ မဲလိပ်အပ်ကာဆုတောင်းသလို လုပ်သည်။

"ဖွင့်စမ်းပါ သတိုးရဲ့ ငါသိချင်လှပြီ"

သတိုး မဲလိပ်ကို ဖွင့်လိုက်သည်။ ပြီးတော့ ဝမ်းသာအားရ ဟစ်အော်သည်။

"ဟေး"

"ဟင် သတိုး နင်ပေါက်ပြီပေါ့"

"ဟင့်အင်း ငါ့မဲက ဗလာမဲကြီး ဒီမှာ ဟီး"

သတိုး စပ်ဖြီးဖြီးနှင့် မဲလိပ်ကိုပြတော့ ဗလာမဲ။ အိမ်ကလေး ဝမ်းသာအားရနှင့် စက်ကို ပြေးဖက်သည်။

"ကိုကိုစက်နဲ့မမရိပ် စုံတွဲသီချင်းဆိုပါ"





"ဖြောင်း ဖြောင်း ဖြောင်း"

အားလုံး လက်ခုပ်တီးသြဘာပေးလိုက်ကြသည်။ ရိပ် မျက်နှာ လေး နီမြန်းနေသလို စက်ကတော့ ပြုံးတုံ့တုံ့။

ကိုဘုန်းကတော့ ဟန်မဆောင်နိုင်စွာ အံကြိတ်လက်သီးကို တင်းတင်းဆုပ်ထားသည်။ ရင်ထဲမှာ မကျေနပ်ဖြစ်နေမိသည့်က ပန်းပွင့် အိမ်ဆိုတဲ့ ကောင်မလေး။

ဒါ ဒီကောင်မလေး ကြံစည်ထားသော ကိစ္စပဲဖြစ်ရမည်။ စက် ဆိုတဲ့ကောင် ကံထူးသူဖြစ်တာ မရိုးသားပါ။

ဒါပေမဲ့

ဒီဆတ်စလူးမလေးနှင့် စကားများလျှင် သူပဲ အလွန်ဖြစ်မည်။ ရင်ထဲက ဒေါသကို မြိုသိပ်ထားရင်း သူ့မျက်နှာနီမြန်းနေမှာ သေချာ၏။

သတိုးရဲ့ခြံအလုပ်သမား နှစ်ယောက်က တီပီနှင့် ကာရာအိုကေ စက်ကို သယ်မချလာသည်။ သတိုးဆိုသည့်ကောင်က ဖောက်စ်ကြီးတွေ သယ်လို့။ ပန်းပွင့်အိမ် မျက်နှာက မြူးနေတာ ဆွဲတိုးပစ်ချင်စရာ ကောင်းသည်။

"ကဲ မမရိပ်နဲ့ကိုကိုစက် ဖျော်ဖြေမယ့် သီချင်းက ငယ်ကျွမ်းခွေ တဲ့"

လက်ခုပ်သံတွေ ထွက်လာပြန်သည်။ ကိုဘုန်း တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း အံကြီးကြိတ်လို့ ငြိမ်သက်နေမိဆဲ။

ဘောက်စ်ထဲက သီချင်းသံက လွင့်လွင့်မျောမျော။

ရိပ်နှင့်စက်တို့က အတွဲညီညီ စည်းချက်ညီစွာ။

"ငယ်သူငယ်ချင်းရေ x x အခုတော့ x x ငယ်ကျွမ်းဆွေ"

"ငယ်သူငယ်ချင်းရေ x x အခုတော့ x x ငယ်ကျွမ်းဆွေ"

"ခုလိုပြန်လည် ဆုံတွေ့ရတာ x x ဝမ်းသာမဆုံးနိုင်ပေ"

ရှက်သွေးတို့ဖြာလဲ့နေသော ရိပ်မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာ သီချင်းကို ဖီလင်အပြည့်ဆိုနေသော စက်ကို ကိုဘုန်း အမှန်ကြိတ်ပစ်ချင်မိမတတ်။

"မီးပုံးလှလှလေးတွေ x x ကိုယ်စီထွန်း x x ထွန်းညှိကာ အလှအပတွေစုံကာညီ"

တွဲတက်ညီညီဆိုနေသော သီချင်းသံ မြန်မြန်ဆုံးပါစေတော့ဟု ကိုဘုန်း စိတ်ထဲက ဆုတောင်းနေမိသည်။

သီချင်းသံအဆုံးသတ်မှာပဲ ဝဲလွင့်ကျလာသော မိုးစက်ပွင့်တွေကြောင့် တီဗီနှင့်စက်တွေကို အိမ်ထဲ အမြန်သွင်းကြရသည်။

အားလုံးဝရန်းသုန်းကားနှင့် ဧည့်ခန်းထဲ ပြေးဝင်ကြသည်။

အစီးမရသော မိုးက ချက်ချင်းသည်းလာသည်။ ဆောင်းနှင်းစက်တို့နှင့်အပြိုင်ကျဲသော မိုးမို့ အေးစိမ့်လာသည်က ချက်ချင်း။





"ကိုယ် ပြန်မှဖြစ်မယ် မြတ်နိုး"

"ဟင် မိုးတွေ ဒီလောက်ရွာနေတာကို"

"အိမ်မှာ မာမီတစ်ယောက်တည်းမို့ ပြန်မှဖြစ်မယ် မြတ်နိုးရဲ့"

"ဒါဆို ထီးယူသွားလေ၊ နေဦး မနန်းငွေကို ရှာခိုင်းလိုက်မယ်"

"ရှာမနေနဲ့တော့ မြတ်နိုး ရတယ်၊ သိပ်ဝေးတာမှ မဟုတ်တာ၊ ကိုယ် ဒီအတိုင်း ပြန်လို့ရပါတယ်"

ပြောပြောဆိုဆို ကိုဘုန်း မိုးရေထဲကို ပြေးထွက်သွားတာ ရိပ် တားချိန်တောင် မရလိုက်။

"သွားပါစေ မမရိပ်ရဲ့ ရင်ထဲက အပူတွေက ဆောင်းမိုးလောက်တော့ ပျင်းတယ် အဟင်း ဟင်း"

အိမ်ကလေး တမင်ကြားအောင် ပြောတာ ဖြစ်ပေမယ့် မိုးသံလေသံတွေကြောင့် ကိုဘုန်း ကြားမည်မထင်။

အငြိုးကြီးသော မိုးက တော်တော်နှင့်မသဲတော့ချေ။

■ ■ ■

"ဒုက္ခပဲ ဒီမိုးက စဲမှစဲပါတော့မလား မသိဘူး"

တစိမ့်စိမ့် ရွာနေသော မိုးက နာရီဝက်ကျော်သည်အထိ မစဲတော့။ သတိုးမိခင် ဒေါ်မြမြတိုး ရေရွတ်သည်။

အားလုံး ဧည့်ခန်းထဲမှာ စကားကောင်းရင်း မိုးစဲတာ စောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



ရတာ တစ်နာရီနီးပါးရှိပြီ။

"ရှစ်နာရီတောင်ထိုးတော့မယ်၊ မိုးမစဲရင်လည်း ဒီည ဒီမှာပဲ အိပ်လိုက်ကြပါလား"

"အားနာစရာ မသူဇာရယ်"

"အားနာစရာ မလိုပါဘူး မမြရဲ့၊ မိုးက အတော်ပြင်းတယ်၊ လေနဲ့မိုး အပြိုင်ကြဲနေတာ၊ မတော် လမ်းမပေါ် သစ်ကိုင်းသစ်ပင်တွေ လဲကျနေရင် အပြန်ခက်မယ်၊ မနက်မှပဲ ပြန်ကြပါ"

ဒေါ်လေး သူဇာက ဆိုနေတော့ ကြောက်တတ်သော ဒေါ်မြမြတိုး မျက်နက်ဝန်းလေးတွေ ဝိုင်းစက်ပြီး ခင်ပွန်းဖြစ်သူ ဦးထွန်းခကို ကြည့်၏။

"ကဲ မထူးပါဘူး မြရယ်၊ ဒီတစ်ညတော့ ကိုယ်တို့ အင်ကြင်းနွယ်မှာပဲ တစ်ည ညှိသည်လုပ်လိုက်ကြပါစို့"

ဦးထွန်းခတို့ မိသားစုက အင်ကြင်းနွယ်မှာပဲ အိပ်တော့မည် ဆုံးဖြတ်တော့ စက် တစ်ယောက်တည်း ထရပ်သည်။

"ဟင် ကိုကိုစက်က ဘယ်လဲ"

"ကိုယ် ဟိုတယ်ကိုပြန်မှာပေါ့ အိမ်ရဲ့"

"အို မဟုတ်တာကွယ် မောင်စက်လည်း ဒီည ဒီမှာပဲ တည်းပါ"

"ဟုတ်သားပဲ မောင်စက်ရဲ့ အန်ကယ်တို့လည်း နေကြမှာပဲ





ဟာ"

အားလုံးက ဝိုင်းတားနေပေမယ့် စက် ကားသော့ကို ကိုင်ရင်း ရပ်နေဆဲမို့ ရိပ် မနေသာတော့ပါ။

"စက် နင်ပြန်လို့ ဘယ်ဖြစ်မှာလဲ၊ နင့်ဟိုတယ်က အလှမ်းဝေးတယ်"

"ဝါကားပါတာပဲ ရိပ်ရဲ့၊ ထိန်းမောင်းသွားမှာပေါ့"

"တော်တော့ အပိုတွေ မပြောနဲ့ဟာ၊ နင်လည်း ဒီမှာပဲ ဒီည အိပ်လိုက်၊ မနန်းငွေ အိပ်ရာတွေ စီစဉ်ပေးလိမ့်မယ်၊ အင်ကြင်းနွယ်မှာ အခန်းပိုတွေ အများကြီးပါ"

ရိပ် ကိုယ်တိုင်ကလည်း တားမြစ်နေတာမို့ စက် ထိုင်ခုံမှာ ပြန်ဝင်ထိုင်လိုက်သည်။

"ကဲ မနန်းငွေရေ ညှိသည်တွေအတွက် အိပ်ရာမပြင်ခင် မကြည်မြကို ကော်ဖီပူပူလေး တစ်ခွက်ဆီလောက် သောက်ရအောင် စီစဉ်ခိုင်းပါဦး"

ပျင်းရိစရာကောင်းသော အိမ်ကြီးမှာ ညအိပ်ညှိသည်တွေ ရောက်နေပြီဆိုတော့ ဒေါ်လေးသူဇာ ပျော်နေပုံရသည်။

မိုးအေးအေးမှာ ကော်ဖီတစ်ခွက်ဆီ အရသာခံသောက်ရင်း အားလုံး စကားဝိုင်းဖွဲ့ကြတာ ဟိုရောက်၊ ဒီရောက်။



www.burmeseclassic.com

www.burmeseclassic.com



"ဧည့်ခန်းနံရံထဲက ပုံတူပန်းချီကားက ဘယ်သူ့ပုံလဲ မသူဇာ"

ဦးထွန်းခက ပန်းချီကားကိုကြည့်ကာ မမျိုသိပ်နိုင်ဘဲမေးမိ၏။

"အဲဒါ ကျွန်မရဲ့အဘွားလေ၊ ဒေါ်အင်ကြင်းနွယ်ဆိုတာပေါ့"

"ဪော် အသေအချာကြည့်ရင် သမီးမြတ်နိုးနဲ့ခပ်ဆင်ဆင်နော်"

"ဟုတ်တယ် သမီးလေး မြတ်နိုးက ကျွန်မအဘွားနဲ့ အတော်ဆင်တယ်၊ ဟောဒီ အင်ကြင်းနွယ် ခြံကြီးကို စတည်ခဲ့တာ အဘွားပဲ၊ အဘိုးက အဘွားကိုမေတ္တာသက်ဝင်ပြီး ဒီအိမ်ကြီးကိုဝယ်၊ အင်ကြင်းနွယ်လို့ အမည်ပေးပြီး လက်ထပ်ခွင့်တောင်းခဲ့တာပေါ့"

"အဟင်း အင်ကြင်းနွယ်ဟာလည်း ရာဇဝင်နဲ့ကိုး"

အားလုံးက အင်ကြင်းနွယ်ကို စိတ်ဝင်စားနေပြီဆိုတော့ ထုံးစံအတိုင်း ဒေါ်လေးက စကားဆက်ပါတော့သည်။

ရိပ်တို့က ဖန်တစ်ရာတေအောင် ကြားဖူးနေသော ပုံပြင်ဆန်ဆန် ကိစ္စမို့ သိပ်စိတ်မဝင်စားတော့ပါ။

"ကဲ မိုးအေးအေးမှာ ကော်ဖီသောက်ရင်း အင်ကြင်းနွယ်ရဲ့ ပုံပြင်ဆန်လှတဲ့ စိန်လည်ဆွဲကြီးအကြောင်း ကျွန်မ ပြောပြချင်တယ်"

"လုပ်စမ်းပါဦး မသူဇာ၊ ကျွန်မတော့ စိတ်ဝင်စားတယ်"

ဒေါ်လေးနှင့် ဒေါ်မြမြတိုးတို့ လေပေးဖြောင့်နေကြသည်။ အား





လုံးက စိတ်ပါဝင်စားစွာ ဒေါ်လေး စကားမှာနားစွင့်လျက်။

စက် ကိုယ်တိုင် ကြားဖူးပြီးသော အင်ကြင်းနွယ်၏ပုံပြင်တစ်ပုဒ်မှာ နားစွင့်နစ်မျောလို့ နေလေသည်။

"ကျွန်မ အဘိုးက အဘွားကို သိပ်မြတ်နိုးတယ်၊ ဟောဒီ ခြံနဲ့အိမ်ကြီးကို အဘွားစိတ်တိုင်းကျ ပုံစံနဲ့ဆောက်ပေးပြီး လက်ထပ်ယူခဲ့တာလေ၊ အိမ်ထောင်သက် ဆယ်နှစ်ကျော်တဲ့အထိ မျိုးဆက်သားသမီးရတာနာ မရခဲ့ကြဘူး၊ အဲ အသက်ကြီးမှ ကံပေါ်တယ် ပြောရမလားဘဲ၊ အိမ်ထောင်သက် ဆယ်နှစ်ကျော်မှ အဘွားမှာ အဖေ့ကို ကိုယ်ဝန်လွယ်ခဲ့ရတယ်လေ၊ အဘိုးက သူ့အတွက် တစ်ဦးတည်းသော သားယောက်ျားလေး မွေးဖွားပေးတဲ့ အဘွား အင်ကြင်းနွယ်ကို အဲဒီခေတ်က တန်ဖိုးနဲ့တောင် ဆယ်သိန်းအဖိုးထိုက်တဲ့ စိန်ဘယက်ကြီး လက်ဆောင်ပေးခဲ့တယ် မမြရဲ့"

"ဆယ်သိန်း ဟုတ်လား၊ ခုခေတ်ဈေးနဲ့ဆို မနည်းဘူးနော်"

"သေချာတာပေါ့ မြရဲ့၊ ဈေးပေါင်းပစ္စည်းအနွယ်ဝင်ဆိုတော့ တန်ဖိုးဖြတ်မရအောင်ပဲပေါ့"

"အဲဒီ စိန်ဘယက်ကြီးက ဘယ်သူ့ဆီရောက်နေသလဲ"

"အဲဒီကိစ္စက တကယ့်ကို ပုံပြင်ဆန်တဲ့ ဇာတ်လမ်းဖြစ်သွားခဲ့တယ် မမြရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်လိုလဲ"

"ဘာလို့လဲဆိုတော့ အဖေ ငါးနှစ်သားမှာပဲ အဘိုးနဲ့အဘွားတို့ ရှေ့ဆင့်နောက်ဆင့် တိမ်းပါးခဲ့ကြလို့ပဲ၊ အဘိုးဆုံးပြီး တစ်နှစ်ကျော်မှာ ကျွန်မတို့အဘွား ဒေါ်အင်ကြင်းနွယ် မမျှော်လင့်ဘဲ ကားမှောက်ပြီး တိမ်းပါးခဲ့တာဆိုတော့ လူမမယ် အဖေခမျာ အဲဒီ အဘွားရဲ့စိန်ဘယက် ကြီးကို အမွေမရလိုက်ဘူး"

"ဟင်"

"ဟုတ်တယ် ရှေ့နေရှေ့ရပ် အမွေထိန်းတွေမှာ အဲဒီပစ္စည်းက လုံးဝကို မပါခဲ့ဘူး"

"ဒါဆို ဘယ်ရောက်သွားတာလဲ ဟင်"

"အဘိုးပေးခဲ့တဲ့ လက်ဆောင်၊ တန်ဖိုးကလည်း မဖြတ်နိုင်တော့ အဘွားအသေအချာ သိမ်းဆည်းထားခဲ့မှာလို့ထင်ပြီး အဖေက သူ့တစ်သက်လုံး တစ်အိမ်လုံးအနှံ့ရှာခဲ့တယ်၊ ဒါပေမဲ့ မတွေ့ခဲ့ပါဘူး"

"ဟယ် နှမြောစရာနော်"

"နောက်ဆုံးမှာ အဖေက သူနဲ့မထိုက်လို့ မရတာလို့ စိတ်ဒုန်းဒုန်းချပြီး စွန့်လွှတ်ခဲ့တယ်"

ဒေါ်လေး သူဇာ စကားဆုံးတော့ နားထောင်နေသူအားလုံး ပဟေဠိဆန်သော ပုစ္ဆာတစ်ခုကို အဖြေရှာသလို တွေဝေသွားခဲ့ကြသည်။





"ဒီအိမ်ကြီးအနှံ့ ဒေါ်လေးတို့ မရှာဘူးလား"

အားမလို အားမရ ဝင်မေးသူက သတိုး၏။ အိမ်ကလေးတော မျက်စောင်းခဲရင်း

"မရှာဘဲ နေမလား သတိုးရဲ့၊ မေမေတို့ကော အန်ကယ်ဦးမြတ်ထင်ကျော်တို့ကော ရှာခဲ့တာ အိမ်ထဲမကဘူး ခြံဝင်းအနှံ့ပဲ မဆိုင်တို့ အိမ်ကိုလည်း ရှာခဲ့ဖူးတာပဲ လုံးဝကို မတွေ့ရတာ"

"ဒါဆို စဉ်းစားစရာက ဒေါ်လေးတို့အဘွား ဒေါ်အင်ကြင်းနွယ်က တစ်ယောက်ယောက်ကို ပေးလိုက်သလား၊ ဥပမာ သူ့ခင်ပွန်းအတွက် ဘုရားပုထိုး တစ်ခုခုမှာ လှူဒါန်းလိုက်တာမျိုးပေါ့"

"မပြောတတ်ပါဘူး သတိုးရယ်၊ အင်ကြင်းနွယ်နဲ့ အဲဒီ စိန်ဘယက်ကြီးကိစ္စက ခုချိန်ထိ အဖြေမရှိတဲ့ ပုစ္ဆာလိုပေါ့ကွယ်"

သတိုး နှုတ်ဆိတ်သွားသည်။ အားလုံး မျက်ဝန်းတွေက နံရံထက်က ပုံတူပန်းချီကားထဲမှာ ဒေါ်အင်ကြင်းနွယ် ပုံရိပ်ကိုငေးကြည့်နေကြသည်။

"ကဲ ညဉ့်နက်နေပြီ ဒေါ်လေး ပုံပြင်လည်းပြီးပြီ၊ ညေ့သည်တွေ အိပ်ပါစေဦး"

"ပုံပြင်မဟုတ်ပါဘူး သမီးရဲ့၊ အင်ကြင်းနွယ်ရဲ့ ပဟေဠိပုစ္ဆာကို ဒေါ်လေး ပြောပြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ ထားလိုက်ပါတော့ ကဲ အားလုံးအနားယူကြပါဦး မိုးကတော့ အခုထိ ရွာကောင်းတုန်းပဲ"

ရိုပ်က စကားဝိုင်းကို ဖြတ်ကာ အားလုံးအတွက် အိပ်ရာတွေ ပြင်ဆင်ထားသော အခန်းတွေကို လိုက်ပို့ပေးသည်။

"သတိုး နင်ဒီည မေမေ့ရဲ့အဘွားဆီက အိပ်မက်တောင်းဟာ"

"ဟာ အိမ်ကတော့ ပေါက်ကရ"

"ခစ် ခစ် ခစ်"

သတိုးတို့မိသားစု အခန်းထဲ မဝင်ခင် အိမ်ကလေးက နောက်ဖြစ်အောင် နောက်လိုက်သေးသည်။

သတိုးတို့နှင့်ကပ်လျက် အခန်းမှာ စက်အတွက် အခန်းကို စီစဉ်ပေးထားလိုက်သည်။

"စက် ဒီအိမ်က နင့်အတွက် မစိမ်းပါဘူး၊ ညအိပ်ညနေ အပြင်ထွက်ချင်ရင် ကိုယ့်ဘာသာ သွားတော့နော်"

"ရတယ် ရိုပ် ကဲ ဂွတ်နိုက်ပါ"

နှုတ်ဆက်ပြီး တစိမ့်စိမ့် ရွာနေဆဲ မိုးသံလေသံတွေက ခပ်အုပ်အုပ် ကြားနေရသည်။

စက် အင်ကြင်းနွယ်မှာရှိနေသည့် ညကလေးဆိုသော အသိနှင့် ရိုပ် စိတ်တွေ နပျိုကျေနပ်နေမိတာတော့ အမှန်။





ဘဝမှာ နှလုံးသားသည် ဦးနှောက်လောက် အရေးမပါဟု သတ်မှတ်ယုံကြည်မိသော ရိုပ်

ဒီညတော့ စက်နှင့်ဆက်နွယ်ခဲ့ဖူးသော အတိတ်တစ္ဆေ၏ ခြောက်လှန့်မှုအောက်မှာ ငြိမ့်ငြိမ့်လေးစီးမျောရင်း ..။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

တစိမ့်စိမ့်တွေးရင်း တနင့်နင့် နာကျင်ရသည်။

မြတ်နိုး၏ညှော်ခံပွဲညက သူ ခံလိုက်ရသည့်အဖြစ်ကို ကိုဘုန်းမမေ့နိုင်ပါ။ တိုင်းစက်နွယ်နှင့်သူ့ကို ပြိုင်ဘက်တွေ အသွင်ဖြစ်အောင် ဟိုချာတိတ်မက ကြံစည်သည်။ ပြီးတော့ သူပဲ နောက်ကောက်ချခံရအောင် စီမံသည့် အစီအစဉ်က ပိရိလွန်းသည်။

ထိုထက် ပိုမိုဆိုးရွားသည့်သတင်းက ထိုညက မြတ်နိုးတို့၏ အင်ကြင်းနွယ်မှာ သတိုးတို့မိသားစုကော တိုင်းစက်နွယ်ပါ အိပ်ဖြစ်ကြသည်တဲ့။

တွေးမိလျှင် ဓာကယ်ကို ခံပြင်းစရာကောင်းသည့်ကိစ္စ။

မြတ်နိုးရိပ်ထင်ဆိုသော မိန်းမကို သူပိုင်ဆိုင်ဖို့အတွက် လက်





တစ်ကမ်းအလိုမှာ ဘယ်လိုမှ မထင်မှတ်တာတွေဖြစ်ကုန်သည်။

အင်ကြင်းနွယ်ခြံကြီးမှာ အားလုံး ဒုက္ခတွေနှင့်ဝိုင်းပတ်နေခဲ့ချိန်မှာ မြတ်နိုးကို သူပိုင်ဆိုင်နိုင်ဖို့ပဲ ရှိတော့သည်။

ဒါပေမဲ့ ပြောင်းလဲမှုတွေက ယုံနိုင်စရာမရှိခဲ့။

အင်ကြင်းနွယ်ကို တိုင်းစက်နွယ် ဆိုသောယောကျ်ား ပြန်ရောက်လာသည်။ ထိုသူက မြတ်နိုးရဲ့ ငယ်ရည်းစားတဲ့။

ထိုသူနှင့်ယှဉ်လိုက်တိုင်း သူ့ဘက်က အရှုံးတွေချည်းဖြစ်ခဲ့သည်။ မြတ်နိုးကို ဆုံးရှုံးရမှာကြောက်၍ မာမီကို သူပြောတော့

"သားရယ် မင်းကောင်မလေးမှာ ရွေးစရာမရှိပါဘူး။ အထည်ကြီးပျက်ဘဝရောက်နေပြီ၊ အချိန်မရွေး သားကောက်ယူရုံပဲ၊ ဒါပေမဲ့ သူနဲ့နွယ်ပြီး ပါလာမယ့် ဟိုသားအမိကိုပါ မာမီ့ အိမ်ပေါ်ခေါ်တင်ကျွေးရမှာတော့ မဖြစ်နိုင်ဘူး။ သူတို့ အမွေကိစ္စတွေ ယတိပြတ်ရှင်းခိုင်းရမယ်၊ အင်ကြင်းနွယ်ခြံကြီးက အိုမင်းပျက်ဆီးနေပါပြီ၊ မြတ်နိုးရိပ်ထင်ကို ဝ့်သားစည်းရုံးသိမ်းသွင်းပြီး ရောင်းခိုင်းလိုက်၊ ဟို သားအမိနဲ့ သံယောဇဉ်ပြတ်ပြီးမှ မာမီ့အိမ်ပေါ်ခေါ်တင်ခဲ့"

မာမီ စကားအတိုင်း သူ နာခံဖြေရှင်းကြည့်တော့ မြတ်နိုးလက်မခံနိုင်တာ ရိပ်မိခဲ့သည်။ ဒါပေမဲ့ ရွေးချယ်စရာလမ်းမရှိတာမို့ မြတ်နိုး ခေါင်းညိတ်ပြီးကာမှ



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးတို့ကို ကယ်တင်မည့် ပုဂ္ဂိုလ်က ပေါ်လာသည်။ သူမ အဖေရဲ့ မိတ်ဆွေက ပေးစရာရှိသော အကြွေး သိန်းတစ်ရာကို လာပေး သည်တဲ့။

အင်ကြင်းနွယ်ကြီးကို သစ်သစ်လွင်လွင် ခန့်ညားသွားအောင် ပြင်ဆင်လိုက်တော့ မြင်တွေ့ရသည့် သူ့ရင်ထဲမှာ တနုံ့နုံ့။

မြတ်နိုး ကိုယ်တိုင်ကလည်း နောက်ဆုတ်သွားကာ သူ့အပေါ် ပြောင်းလဲသွားသည်က ချက်ချင်း။

ဒါတွေကို ခံစားရတိုင်း သူ့ရင်ထဲမှာ နာကျင်မိတာ တိုင်းစက် နွယ်ဆိုတဲ့ ကောင်ကိုဖြစ်သည်။

သူနှင့်ယှဉ်လျှင် မြတ်နိုးက ဒီကောင့်ကို အရေးပေးသည်။ ဟို ချာတိတ်မလေးကလည်း တကိုတည်းကိုလို့ တစက်တည်း စက်ကာ ပလဲနံသင့်နေသည်။

သူ့အတွက် အနီးကပ်ဆုံးရန်သူကို ဆန်းစစ်ကြည့်တော့ တိုင်း စက်နွယ်က လွဲ၍ တခြားသူမဟုတ်ပါ။

တိုင်းစက်နွယ်သာ မရှိလျှင် ကိစ္စအားလုံးတော့ ငြိမ်းချမ်းသွား မှာ သေချာ၏။

အမြေမှန် တစ်ခုကို ရှာတွေ့ပြီးချိန်မှာတော့ ဘုန်းသက်မော် ကျေနပ်စွာ ပြုံးသည်။





သူ့အပြုံးတွေက သိုဝှက်နက်ရှိုင်းစွာ။

မင်းနဲ့ငါ တွေ့ကြသေးတာပေါ့ တိုင်းစက်နွယ်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

သူ့ကိုတွေ့ချင်သည့် ဧည့်သည်ရောက်နေသည်ဆို၍ ဟိုတယ် ဧည့်ခန်းကို သူရောက်တော့ အံ့ဩသွားမိသည်။

ဧည့်ခန်းထဲမှာ တွေ့လိုက်ရသည်က ကိုဘုန်း ဖြစ်နေသည်။

"ဟာ ကိုဘုန်း ဘယ်က ဘယ်လိုရောက်လာတာလဲ"

"ခင်ဗျားဆီကို တမင်လာခဲ့တာပါ ကိုတိုင်းစက်"

"ကိစ္စရှိလို့လား ကိုဘုန်း"

"ရှိတယ် ဆိုပါတော့၊ အချိန်ရမယ်ဆိုရင် ခင်ဗျား ကျွန်တော်နဲ့ ခဏလောက် လိုက်ခဲ့ပါလား"

စက် အံ့ဩသွားမိသည်၊ ဘုန်းသက်မော် မျက်နှာက တည်ငြိမ် နေပေမယ့် အရောင်လက်ဖြာနေသော မျက်ဝန်းတွေက ရှိသားမှုမရှိသလို





ခံစားမိသည်။

"ကောင်းပြီလေ လိုက်တာပေါ့"

"ဒါဆို ကျွန်တော် ဟိုတယ်ရှေ့ကပဲ စောင့်မယ် ကိုတိုင်းစက်"

ကားသော့ကို ဆုပ်ကိုင်မိကာ ဟိုတယ်ဧည့်ခန်းထဲက ထွက်သွားသည့် ကိုဘုန်းကို စက်ငေးကြည့်မိသည်။ အနက်ရောင်ဘောင်းဘီနှင့် အပြာနုရောင် ရှပ်လက်တိုကို ဝတ်ဆင်ကာ တစ်လှမ်းချင်းလျှောက်သွားပုံက တည့်တည်ငြိမ်ငြိမ်။

အခန်းထဲ ပြန်ဝင်ကာ စက် ဂျင်းဘောင်းဘီ အပြာရောင်ကို ထဲဝတ်သည်။ ပြီးတော့ အနက်ရောင် စပို့ရှပ်ကို ကောက်စွပ်ပြီး ကားသော့ကိုယူကာ ထွက်ခဲ့သည်။

"အေးအေးဆေးဆေး စကားပြောလို့ကောင်းမယ့် တစ်နေရာ သွားကြစို့ဗျာ"

Land Cruiser ကားကြီးအနီးမှာ ရပ်စောင့်နေသော ကိုဘုန်း ဆိုတော့ သူ ခေါင်းညိတ်ပြရင်း ပါကင်မှာထိုးရပ်ထားသော သူ့ ကား နက်ကြီးဆီ လျှောက်ခဲ့သည်။

ရှေ့မှ ကိုဘုန်း ကားလေး ဦးတည်ရာသို့ သူ့ကားနှင့်မောင်း၍ လိုက်ခဲ့သည်။ မြို့စွန်က လူသူရှင်းလင်းတိတ်ဆိတ်သော တောင်အနီး က သစ်ပင်ကြီးအောက်မှာ ကိုဘုန်း ကားကိုရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောစရာ စကားကြောင့် သည်နေရာကို ဒီလူခေါ်ဆောင်လာရတာလဲ မသိ။ စက် ကားတံခါးဖွင့်ဆင်းပြီး သစ်ပင်အောက်မှာ ရပ်နေသော ကိုဘုန်းဆီ လှမ်းခဲ့သည်။

"ကဲ ကိုဘုန်း ခင်ဗျား ပြောချင်တာဘာလဲ "

သူ့ကိုကျောခိုင်းရပ်နေရာမှ ကိုဘုန်း လှည့်ကြည့်သည်။ ပြီးတော့ အိတ်ထဲမှ ငါးသုံးလုံး စီးကရက်ဘူးကို ထုတ်ကာ တစ်လိပ်ထုတ်ယူသည်။ စီးကရက်ဘူးကို စက် ထံကမ်းပေးတော့

"ကျေးဇူးပဲ ကျွန်တော် ဆေးလိပ်မသောက်တတ်ဘူး ကိုဘုန်း"

ဘုန်းသက်မော် မျက်ခုံးပင့်ကာ ပြုံးသည်။ ပြီးမှ ကမ်းပေးနေသော လက်ကိုပြန်ရုပ်သိမ်းကာ ဘောင်းဘီအိတ်ထဲ စီးကရက်ဘူးကို ပြန်ထည့်သည်။

ဓာတ်ငွေ့မီးခြစ်ကလေးနှင့် စီးကရက်မီးညှိနေသော ဘုန်းသက်မော်ကို စက် အေးဆေးစွာပဲ စိုက်ကြည့်နေလိုက်ပါသည်။

ကိုဘုန်းက စီးကရက်ကို တစ်ချက်ဖွာရှိုက်ရင်း

"လှိုင်ကော်ကို ခင်ဗျားရောက်လာပြီး မြတ်နိုးတို့မိသားစုဆီ ဝင်ထွက်နေတော့ ကျွန်တော် စိတ်အနှောင့်အယှက် ဖြစ်မိတာ အမှန်ပဲ ကိုတိုင်းစက်၊ ခင်ဗျားလည်းသိပါတယ် မြတ်နိုးက ကျွန်တော်နဲ့လက်ထပ်မယ့် မိန်းကလေးလေ၊ ကျွန်တော့်ရဲ့ဖနီးလောင်းကို ကာကွယ်ရမယ့် ဝတ္တရား ကျွန်တော့်မှာရှိတယ်"





"ခင်ဗျား ပြောနေတာ ရိပ်အကြောင်းလား၊ အင်ကြင်းနွယ်က ရိပ်က ကျွန်တော့်ရဲ့ငယ်သူငယ်ချင်း၊ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်တာ ကျွန်တော် အသိဆုံးဗျ၊ ဘယ်အရာကိုမဆို သူ့အသိစိတ်နဲ့ ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ မိန်းကလေးဆိုတာ သံသယမရှိနဲ့ ကိုဘုန်း၊ ခင်ဗျားနဲ့မဆုံခင် နှစ်ပေါင်းများစွာကတည်းက ရိပ်နဲ့ကျွန်တော် ကျွမ်းဝင်လာတာပါ"

စက် စကားကြောင့် ကိုဘုန်း မျက်နှာကြီး အလိုမကျစွာ နီမြန်းလာတာ အထင်အရှား။ လက်ထဲက သောက်လက်စ စီးကရက်ကို လမ်းမဘက် တောက်ထုတ်လွှင့်ပစ်ပြီး ကိုဘုန်း ယဲ့ယဲ့ပြုံးသည်။

"ကျွန်တော် စကားဆုံးအောင် နားထောင်ဦး တိုင်းစက်နွယ်၊ ခင်ဗျားဘာသာ အရင်က ဘယ်လောက်ပဲ မြတ်နိုးနဲ့ ခင်ခင်မင်မင် နေခဲ့ချိန်မှာတော့ ဆင်ခြင်သင့်တယ် ထင်တယ်၊ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ မိန်းကလေးအိမ်ကို ဝင်ထွက်နေတာ အကြောင်းတစ်ခုတော့ရှိမှာ ကျွန်တော် တွက်မိတယ်"

ကိုဘုန်းစကားတွေ၏ ဆိုလိုရင်းကို စက် နားမလည်နိုင်စွာ မျက်မှောင်ကုပ် နားထောင်နေဆဲ။

"တစ်ချိန်က မြတ်နိုးနဲ့ချစ်သူဖြစ်ခဲ့ဖူးတယ်ဆိုတဲ့ ခင်ဗျား ဒီကို ဒုတိယအကြိမ် ပြန်ရောက်လာမှ ကျွန်တော် စုံစမ်းကြည့်တော့ အဖြေက



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတယ်၊ ခင်ဗျားရဲ့တပည့် ဖြိုးဝေက သတင်းစုံလင်စွာ ပေးနိုင်ပါတယ်"

ဖြိုးဝေဆိုသော အမည်နာမကြောင့် စက် အံ့သြသွားမိသည်။ စက် မျက်နှာကို ငေးစိုက်ကြည့်ရင်း မထိတရိပြုံးနေသော ကိုဘုန်းက တော့ ငြိမ်သက်နေဆဲ။

"ကျွန်တော့်တပည့် ဖြိုးဝေ ဟုတ်ပါပြီ၊ ဒီကောင်က ခင်ဗျားကို ဘာများ စိတ်မချမ်းသာစရာ သတင်းတွေပေးခဲ့သလဲ ကိုဘုန်း"

"ဖြိုးဝေက ဝန်ခံတယ်၊ မြတ်နိုး အဖေ ဦးမြတ်ထင်ကျော်ကို ခင်ဗျားက မှောင်ခိုကုန်ကူးဖို့ စည်းရုံးတယ်၊ ဦးမြတ်ထင်ကျော် နားယောင်ပြီး ရှိသမျှငွေကြေးတွေ ပုံအပ်ပြီး လက်ခံတယ်၊ ခင်ဗျားရဲ့ လူယုံတွေနဲ့ စည်းရုံးတော့လည်း မြတ်နိုး အဖေ နားယောင်ခဲ့တာပေါ့ဗျာ၊ ပထမတစ်ခေါက်မှာ အမြတ်ငွေ ရှင်းပေးပြီး ခင်ဗျား ယုံကြည်မှုရှိအောင် လုပ်ပြတယ်၊ ဒုတိယတစ်ခေါက်မှာတော့ ခင်ဗျားတပည့် ဖြိုးဝေ အဖမ်းခံရသလို သတင်းလွှင့်ပြီး အားလုံးကို အပိုင်သိမ်းလိုက်တယ်၊ အကြွေးတွေလည်ပင်းနစ်ပြီး မြတ်နိုး အဖေလည်း မူးမူးရူးရူးနဲ့ ကားမောင်းတော့ ကားအက်ဆီးဒင့်ဖြစ်ပြီး သေရတာပဲ"

ကိုဘုန်း စကားတွေကြောင့် စက် မျက်ဝန်းတွေက ငေးစိုက် တည်ငြိမ်နေဆဲ။





"ခင်ဗျားအကြံပိုင်တယ် ကိုတိုင်းစက်၊ ခုချိန်မှာ ဒုက္ခရောက်နေတဲ့ မြတ်နိုးကို ကယ်တင်ရှင်လုပ်ပြီး အုပ်စီးဖို့ခင်ဗျား ကြံစည်နေတာ မဟုတ်လား"

"သိပ် နားထောင်လို့ကောင်းတဲ့ ဇာတ်လမ်းပါပဲ"

စက် လှောင်ရိပ်သမ်းကာ မှတ်ချက်ပြုတော့ ကိုဘုန်း အိတ်ထဲက စာတစ်စောင်ကို ဆွဲထုတ်ကာ လှမ်းပေးသည်။

"ဒီမှာ ခင်ဗျားရဲ့ယုတ်မာချက်တွေကို အဖြူအမည်း သဲသဲကွဲကွဲ ဖွင့်ချထားတဲ့ ဖြိုးဝေရဲ့ဝန်ခံချက်၊ ကျုပ်လက်ထဲမှာ မူရင်းဝန်ခံချက် စာရှိတယ်၊ ဒါက မိတ္တူပဲ၊ ဒီအကြောင်းတွေ မြတ်နိုးသိခဲ့ရင် အတော် ချောက်ချားသွားမှာပဲဗျ"

ကမ်းပေးလာသော စာကို စက် လှမ်းဆွဲယူကြည့်လိုက်သည်။

မိတ္တူကူးထားသော ဖြိုးဝေ၏ဝန်ခံချက်စာက အစစ်အမှန်ဖြစ် နေသည်။

"ဖြိုးဝေ ဘယ်မှာလဲ ကိုဘုန်း။ ကျုပ် ဒီကောင်နဲ့တွေ့ချင်တယ်"

"ဘာလဲ ခင်ဗျားရဲ့အမှန်တွေကို ဖော်ထုတ်လိုက်လို့ အနာပေါ် တုတ်ကျဖြစ်သွားပြီလား ကိုတိုင်းစက် အဟွန်း ဟွန်း"

မထိတရိ လှောင်ရယ်သံက ကျက်သရေတစ်စက်မရှိ။ စက် လက်ထဲက စာကိုလုံးချေလွှင့်ပစ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့အကြံအစည်ကတော့ ပြောင်မြောက်ပါတယ်၊ ဒါပေမဲ့ အမှန်တရားတွေ မဟုတ်တော့ ခက်တယ်ဗျ"

တိုင်းစက်နွယ် နှုတ်က တည်ငြိမ်စွာရေရွတ်ရင်း လက်သီးကို တင်းတင်းဆုပ်ထား၏။ အကြောင်းသိတွေဆိုလျှင် ဒီအခြေအနေမှာ စက်ကို ရှောင်တိမ်းဖို့သတိရှိကြမှာသေချာသည်။

ဘုန်းသက်မော်ကတော့ ဘာမှမသိ။ ဖြိုင်ဘက်ရှေ့မှောက်မှာ ဝှံဝှံစားစား ရပ်ပြီးပြုံးတုံ့တုံ့ ကြည့်နေသည်။

"မြတ်နိုးရိပ်ထင်ရဲ့အဖေကို ဂုဏ်သိက္ခာကျအောင် ခင်ဗျား လုပ်တယ်၊ ဖြိုးဝေနဲ့ပူးပေါင်းပြီး ဉာဏ်နီဉာဏ်နက်တွေ ထုတ်တတ်တဲ့ ခင်ဗျားရဲ့အရည်အချင်းအတွက်ပေါ့ဗျာ"

စက် လက်သီးက ကိုဘုန်းမေးရိုးဆီသို့ တည့်မတ်စွာတိုးဝင်သွားခဲ့သည်။ မထင်မှတ်သော တိုက်ကွက်မို့ ကိုဘုန်း မရှောင်နိုင်ဘဲ ခြေလှမ်းတွေ သုံးလေးလှမ်း နောက်ဆုတ်ယိမ်းယိုင်သွား၏။

"ဖြိုးဝေဆိုတဲ့ကောင်က လောင်းကစားသမား၊ လူလိမ် လူကောက်၊ ကျုပ်အဖေရဲ့ လူယုံတော်ဖြစ်ခဲ့ပေမယ့် စာရိတ္တမကောင်းလို့ အလုပ်က ထုတ်ခဲ့တာဗျ။ ဒီကောင့်ကိုရှာပြီး မဟုတ်တဲ့ ဖာတ်တွေ ဖန်တီးနိုင်တဲ့ ခင်ဗျားအရည်အချင်းအတွက်"

"ခွပ်"





သည့်တစ်ခါလည်း ကိုဘုန်း မရှောင်တိမ်းနိုင်ပါ။ ကိုယ်ခံပညာ တတ်ထားသော စက်ကို ရင်ဆိုင်ဖို့အတွက် ကိုဘုန်း ဘယ်လိုမှ မစွမ်းသာတာ သေချာသွားပြီ။

"ခင်ဗျားနဲ့ ကျုပ်ယှဉ်ဖို့ မကြာခင် ဒီပြဿနာကို မြတ်နိုးသိသွားရင် ရင်ဆိုင်ရှင်းဖို့ပဲ စဉ်းစားပါ တိုင်းစက်နွယ်"

ဖင်ထိုင်လျက် လဲကျနေရာမှ အားယူထရင်း နှုတ်ခမ်းက သွေးစတွေကို ပွတ်သုတ်ရင်း ကိုဘုန်း ဆိုသည်။

"ဟာကွာ ခင်ဗျား တောက်"

ဒေါသစိတ်တွေ ဆူဝေနေသော စက်လက်တွေက ကိုဘုန်း၏ အကျႌရင်ဘတ်ကို ဆောင့်ဆွဲထိုးဖို့ ပြင်ပြီးမှ သတိနှင့်ချုပ်ထိန်းရင်း

"ခင်ဗျားလို အောက်တန်းကျတဲ့ယောက်ျားတစ်ယောက်နဲ့ ကျုပ် ရင်ဆိုင်ရတာ သိက္ခာကျတယ် တောက်"

ရင်ဘတ်ကို ဆောင့်တွန်းပစ်ရင်း စက် ဆိုတော့ ကိုဘုန်း နောက်ကိုယိုင်လဲရင်း ကားတံခါးမှာကျောမှီရပ်သွားသည်။

လက်သီးချက်နှစ်ချက်နဲ့တင် မျက်နှာကြီး ဖူးယောင်၊ နှုတ်ခမ်း ကွဲသွားသော ကိုဘုန်းကတော့ တိုင်းစက်နွယ်ကို စူးစူးရဲရဲ စိုက်ကြည့် နေသည်။

သူ ခံလိုက်ရတာက အရေပြားပေါ်က ဒဏ်ရာပါနော်။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းစက်နွယ်အတွက်တော့ ဒီမြို့က လွင့်ထွက်သွားအောင် ပြင်းထန်လွန်းသည့် ထိုးနက်ချက်ကို ရင်ဆိုင်ရမှာလေ။

"တောက်"

စက် နာကျည်းခံပြင်းစွာ တက်ခေါက်ရင်း ကားတံခါးဖွင့် တတ်ကာ မောင်းထွက်သွားခဲ့သည်။

ကိုတုန်း တိုင်းစက်နွယ်၏ ကားလေးကို ငေးကြည့်ရင်း ကျေနပ်စွာ ပြုံးရင်း အံတစ်ချက်အကြိတ်

"အ"

မျက်နှာပေါ်က ဒဏ်ရာ၏နာကျင်မှုကြောင့် မြတ်နိုးရဲ့အနီးက တင်မကပါ ကမ္ဘာလောကကြီးထဲက အဝေးဆုံးအထိ မောင်းထုတ်ပစ်ချင်မိသည်။

သူ ရှုံးနိမ့်ခဲ့သမျှ ဒီတစ်ခါတော့ ခင်ဗျားအလှည့်ပေါ့ တိုင်းစက်နွယ်ရာ။

စိတ်မကောင်းပါဘူး။

■ ■ ■



အခန်း (၂၅)

"အိမ်တော့ လုံးဝ မယုံဘူး။ သတိုး စဉ်းစားကြည့် ကိုကိုစက်က ဒီလိုမျိုးယုတ်မာတဲ့ စိတ်ရှိနိုင်ပါ့မလား"

ပန်းပွင့်အိမ်ကတော့ ခါးခါးသီးသီး ငြင်းသည်။ သတိုးကိုယ်တိုင်လည်း ဘယ်လိုမှ ယုံလို့မရတာ အမှန်။

"မမရိပ်ကကော ကိုတုန်းပြောတာကို ယုံကြည်သလား အိမ်"

"မမရိပ်ကတော့ ယုံသွားတာပေါ့၊ ကိုတုန်းက ခိုင်လုံတဲ့ သက်သေ အထောက်အထားတွေနဲ့ ရှင်းတာကိုး၊ ဖြိုးဝေဆိုတဲ့လူက ကိုကိုစက် အဖေရဲ့ မွေးမြူရေးခြံမှာ မှန်နေရှာလေ၊ နောက်ပိုင်းမှာ ကိုကိုစက် အဖေက အလုပ်ထုတ်ပစ်လိုက်တော့ မမရိပ် အဖေဆီရောက်လာတယ်၊ ဒါက ရိုးရိုးသားသားလို့ ထင်ခံတာ၊ ကိုကိုစက်တို့ဘက်က တမင်ဖြိုးဝေကို



www.burmeseclassic.com

www.burmeseclassic.com



ဘိုလို့လွှတ်တဲ့ သဘောတဲ့၊ အဲဒီနောက်ပိုင်းမှာ မမရိပ် အဖေ စီးပွားရေး တွေကျပြီး အကြွေးပတ်လည်ဝိုင်းတဲ့ အခြေအထိ ရောက်ခဲ့တာကိုး''

''ဖြိုးဝေဆိုတဲ့ကောင်က အခု ဘယ်မှာလဲ အိမ်''

''မသိဘူး၊ ဒါပေမဲ့ သူက ဝန်ခံချက်တွေနဲ့ စာရေးပြီး အားလုံး ဖွင့်ထုတ်သွားတော့ မမရိပ် အရမ်းယုံသွားတယ်''

''ဟား ပြဿနာ၊ တကယ်မလွယ်တာဘဲ အိမ်ရယ်''

''မလွယ်တာတော့ တကယ့်ကို မလွယ်တော့တာ၊ အိမ် ကိုကို စက်ရဲ့ ဟိုတယ်ကိုလည်းရောက်ခဲ့တယ်၊ ကိုကိုစက်နဲ့မတွေ့ရဘူး''

''ဟင် ကိုကြီးစက်က ဘယ်သွားလို့လဲ''

''အခုပဲ ကိုဘုန်းတို့သားအမိ မမရိပ်ဆီ ရောက်လာကြတယ်၊ ကိုဘုန်း အမေကိုယ်တိုင် မမရိပ်ကိုသူ့သားနဲ့လက်ထပ်ဖို့ လာစေ့စပ် တောင်းဆိုတာတဲ့''

''ဟင်''

''အိမ် အတော့်ကို စိတ်ဆင်းရဲသွားပြီ သတိုး၊ ကိုဘုန်း အမေ ကိုယ်တိုင်က လက်ထပ်ခွင့်တောင်းနေတာဆိုတော့ မမရိပ် မငြင်းနိုင်ဘူး လေ''

''မမရိပ် လက်ခံလိုက်ပြီလား''

''လက်ခံရုံတင်မကဘူး သတိုး၊ လက်ထပ်ပြီးရင် မမရိပ်တို့နဲ့





အတူ အိမ်တို့သားအမိပါ ကိုဘုန်းတို့အိမ်ကို လိုက်နေရမယ်၊ အင်ကြင်း နွယ်ကို လူငှားတင်ထားမယ်တဲ့၊ မမရိပ်ကလည်း ကိုကိုစက်နဲ့ ရှယ်ယာ ဝင်ပြီး အလုပ်လုပ်မယ့်ကိစ္စတွေ ဖျက်ပြီး ကိုဘုန်းတို့စီးပွားရေးထဲ ရှိသမျှ ငွေထည့်ဝင်ပြီး အလုပ်လုပ်မယ်တဲ့''

''ဟာ ကိုဘုန်းက တစ်ချက်ခုတ် သုံးလေးချက်ပြတ်အောင် ကြံစည်လိုက်တာပဲ အိမ်''

''အဲဒါတွေကြောင့် အိမ် စိတ်ညစ်တာပေါ့၊ အခု မမရိပ် အစီ အစဉ်ကို အိမ် လုံးဝလက်မခံဘူး၊ မေမေကတော့ လက်ရှိပြဿနာတွေ ရှုပ်ထွေးနေတော့ ဘာမှမငြင်းဆိုနိုင်ဘူးလေ၊ မေမေ အားကိုးတဲ့ ကိုကိုစက် ကိုယ်တိုင်က ပြဿနာရဲ့တရားခံဖြစ်နေတာကိုး''

''အင်း ဒေါ်လေး ခံစားချက်ကို သတိုး နားလည်ပါတယ်''

''အိမ့် ခံစားချက်ကိုကော နားလည်ရဲ့လား သတိုး၊ အိမ်တော့ သူတို့ အိမ်ပေါ် လုံးဝလိုက်မနေနိုင်ဘူး၊ မမရိပ်နဲ့ကိုဘုန်းကိုလည်း သဘော မတူပါဘူး၊ အိမ် ထွက်ပြေးမယ်''

''ဟာ မဟုတ်တာ''

''မဟုတ်တာ မလုပ်နဲ့လေ၊ ဟိုးအရင်ကတည်းက သတိုးကို အိမ် ပြောခဲ့သားပဲ၊ ဒါတွေဖြစ်လာရင် သတိုး အိမ့်ဘက်ကရှိပါလို့''

သတိုး ဘာပြောရမည် မသိတော့။ အိမ်ရဲ့ စိတ်ကို သူ အသိ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါပဲ။ ဒါဆိုလျှင် ဒါပဲလုပ်မည့်သူ။

အခုလည်း သူ့ဆီရောက်လာခဲ့တာဟာ

"သတိုး အိမ့်ကို အားလုံးနဲ့အဝေးဆုံးကို ခေါ်သွားပါ"

သတိုး တွေဝေသွားရသည်။ နောက်တစ်လဆိုရင် ကျောင်းတွေ ပြန်ဖွင့်တော့မည်။ သူနှင့်အိမ်ကလေး အနာဂတ်က အဝေးကြီးရှိသေးသည်။

"သတိုး နင် ဘာဖြစ်နေတာလဲ"

"ဟို ငါစဉ်းစားနေတာပါ အိမ်၊ တို့တွေ အသေအချာ စဉ်းစား သင့်တယ်"

"ဘာကို စဉ်းစားမှာလဲ သတိုး"

အိမ်ကလေး စိတ်မရှည်နိုင်သလို ဆောင့်ဆောင့်အောင့်အောင့် မေးသည်။

သတိုး ပင့်သက်ရှိုက်ရင်း စကားလုံးကို ရွေးချယ်စဉ်းစားရ သည်။ သူ့စကားကို အိမ် အဓိပ္ပါယ်ကောက် လွဲသွားလျှင် ပြဿနာ။

"ဟိုလေ နင်နဲ့ငါတို့က အခုမှ ပညာရေးတစ်ပိုင်းတစ်စပဲ ရှိ သေးတယ်၊ ခုချိန်မှာ တို့ယူလိုက်ရင် တို့စိတ်ကူးထားတာတွေ တလွဲဖြစ် ကုန်မှာ"

"ဘာလဲ နင် ငါ့ကိုခေါ်မသွားနိုင်ဘူးလို့ ပြောနေတာလား"





"ဟာ မဟုတ်ပါဘူး အိမ်ရယ်၊ နင့်ကိုငါ ဘယ်လောက်ချစ်တယ် ဆိုတာ နင်အသိဆုံးပါ"

"ဒါဆို ပြီးပြီပေါ့၊ ငါအခု ဒုက္ခရောက်နေတယ်၊ ဒါကို နင် ကြည့်ရက်သလား၊ ငါတို့အနာဂတ်အဆုံးက နင်နဲ့ငါ တစ်နေ့ယှက်ထပ် ကြမှာလေ၊ အခု ငါတို့ စောစောစီးစီး လက်ထပ်ဖြစ်ကြရင် ပြီးတာပေါ့"

"ဒီလိုလုပ်လိုက်လို့ မမရိပ်တို့ မင်္ဂလာပွဲပျက်မှာမှ မဟုတ်တာ"

"အဲဒါ ငါမသိဘူး မမရိပ်က သူ့ဆုံးဖြတ်ထားတာကို သူလုပ် တယ်၊ သူလုပ်တာ အကောင်းဆုံးပဲ၊ အဲဒါ ငါလက်မခံဘူး သတိုး"

"ကဲ ကဲ ထားပါဦးတော့ အခုမမရိပ်တို့ ကိစ္စ တကယ်ဖြစ်လာ မှာလား၊ မဖြစ်ဘူးလား မသေချာသေးဘူး"

"သေချာသလောက် ရှိတယ် သတိုး"

"ခဏလောက်စောင့်ကြည့်ပါဦး ကိုကြီးစကိန့် မမရိပ် တွေ့ကြ ရင် တစ်ခုခုပြောင်းလဲနိုင်ပါတယ်"

အိမ်ကလေး တွေတွေလေး ဖြစ်သွားသည်။ ဒါကိုအခွင့်ကောင်း ယူကာ သတိုး မနားတမ်းဆက်ပြောသည်။

"မမရိပ်တို့ ပြောင်းလဲသွားရင် ပြီးပြီပေါ့၊ ငါတို့စောင့်ကြည့်ပြီး ဆုံးဖြတ်လို့ ရတာပဲ အိမ်ရယ်၊ စိတ်ကို အေးအေးထားပါ"

"အေး နင်ပြောတာ ငါလက်ခံတယ် သတိုး၊ အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com

ခဏစောင့်ကြည့်မယ်၊ မမရိပ်ဘက်က မပြောင်းလဲခဲ့ရင်တော့ နင်ငါ့ကို ခေါ်သွားမယ်လို့ ကတိပေးနော် သတိုး''

''အေး အေး ပေးပါတယ်ဟာ''

သတိုး ခေါင်းညိတ်လိုက်ရသည်။ ခုချိန်မှာ အခြေအနေကို စောင့်ကြည့်ပြီး လုပ်တာ အကောင်းဆုံး။

စိတ်ထဲမှာ ဆုတောင်းမိသည်က ကိုကြီးစက်နှင့် မမရိပ်တို့ အဆင်ပြေဖို့ပဲ ဖြစ်သည်။

နို့မို့ဆိုလျှင်တော့ ဘာတွေဖြစ်လာမည်ဆိုတာ သတိုး တွေးမိရုံနှင့် ရင်မောရသည်။

အိမ်ရှယ် နှင့် ဘာကယ်မလွယ်ပါလား။

■ ■ ■



## အခန်း (၂၆)

''ဘာတဲ့လဲ နန်းငွေ''

''ဟို ဟို မမကြီးက မတွေ့ချင်ဘူးတဲ့''

နန်းငွေ မဝံ့မရဲလေး ဖြေသည်။ ညှော်ခန်းထိုင်ခုံမှာတောင် မထိုင်နိုင်ဘဲ မတ်တပ်ရပ်လျက် စောင့်နေသည့် စက် အံကိုတင်းခနဲ ကြိတ်မိသည်။

ရိပ်ကို နာကျည်းတာကြောင့် မဟုတ်။ ဒီပြဿနာကို ဖန်တီးလာသည့် ဘုန်းသက်မော်ကိုပဲ အမှုန့်ကြိတ်ပစ်လိုက်ချင်၏။

''နန်းငွေ ရိပ် ဘယ်မှာလဲ''

''ဟို ဟို စာ စာကြည့်ခန်း''

နန်းငွေ စကားမဆုံးခင် စက် ခြေလှမ်းတွေက အပေါ်ထပ်က


www.burmeseclassic.com

www.burmeseclassic.com

စာကြည့်ခန်းဆီသို့ လှမ်းတက်သွား၏။ နန်းငွေ လှမ်းတားမလို့ လက်မြှင့်တော့ ခန်းဆီးအကွယ်က ထွက်လာသော ဒေါ်လေးသူဇာက လက်ကာပြီး တားသည်။

စက် ခြေလှမ်းတွေက စာကြည့်ခန်းရှေ့ရောက်တော့ အခန်း တံခါးကို တွန်းကြည့်သည်။ တံခါးက ပိတ်မထားတာမို့ ပွင့်သွားသည်။

စာကြည့်ခန်း စားပွဲကုလားထိုင်မှာ တံခါးဝကို ကျောပေးထိုင်နေသော ရိပ်က

"သူ မပြန်သေးဘူးလား နန်းငွေ၊ ငါမတွေ့ချင်ဘူးလို့ နင် အပြတ်မပြောဘူးလား"

"နင် မတွေ့ချင်ပေမယ့် ငါတွေ့အောင် ရောက်လာတယ် ရိပ်"

"ဟင်"

ရိပ် ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်ကာ လှည့်ကြည့်သည်။ အခန်းထဲကို တစ်လှမ်းချင်းလျှောက်လာသော စက် မျက်နှာက တည်ငြိမ်နေသည်။

"စက် နင် နင်ဘာလုပ်တာလဲ ခုချက်ချင်း အခန်းထဲက ထွက်ပါ"

"ငါ ရှင်းသင့်တာရှင်းပြီးတာနဲ့ သွားမှာပါ၊ စိတ်ချ ရိပ် နင်ငါ့ကို မမြင်ချင်အောင် ဖြစ်နေရင် ငါ အင်ကြင်းနွယ်နဲ့အဝေးဆုံးထိ သွားမှာပါ"





ရိပ် ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ သံယောဇဉ်နှင့် စက် အပေါ် နှလုံးသားက ပြန်လည်တိမ်းညွတ်လာချိန်ကျမှ သိလိုက်ရသော အဖြစ်တွေက ရင်ကိုနာကျင်စေသည်။

"ရိပ် ဘုန်းသက်မော်ဆိုတဲ့ကောင်ရဲ့ စကားတွေကို နင် ယုံချင်ယုံ၊ ငါ မဖြေရှင်းချင်ဘူး။ ယောက်ျားမဆန်တဲ့ ကောင်နဲ့ ယှဉ်ပြိုင်ချင်တဲ့ စိတ် ငါ့မှာလုံးဝမရှိဘူး"

"ဘာမှထပ်မပြောနဲ့တော့ စက်၊ အားလုံးက သက်သေ အထောက်အထားတွေနဲ့ပါ၊ ဖြိုးဝေဆိုတာ နင့်အဖေရဲ့လူယုံ မန်နေဂျာဆိုတာ ငါကောင်းကောင်းသိတယ်"

"အေး ဖြိုးဝေဆိုတဲ့ကောင်ရဲ့ စာရိတ္တကို မကြိုက်လို့ ငါ့အဖေ အလုပ်က ထုတ်ပစ်ခဲ့တယ်၊ စာနာတတ်တဲ့ နင့်အဖေက ခေါ်ရှောက်ပြီး အလုပ်ပေးတယ်၊ နင့်အဖေကို သူလူလည်လုပ် အနိုင်ယူတာရှိချင် ရှိမယ် ငါမသိဘူး။ ထားပါတော့ အဲဒီလို လူတစ်ယောက်ရဲ့ ဖြေရှင်းချက်တွေကို နင်ယုံတယ်၊ ငါဘာမှမရှင်းတော့ဘူး ရိပ် ငါ အခုလာတာ"

ပြောလက်စ စကားကိုရပ်ကာ စက် လက်ထဲမှာ တင်းတင်းဆုပ်ကိုင်ထားသော ကတ္တီပါ အိတ်ကလေးကို ရိပ် ရှေ့စားပွဲပေါ်ပစ်တင်သည်။

"အဲဒီပစ္စည်းကို နင်ယူကြည့်လိုက် ရိပ်"

ရိပ်က တစ်ချက်ပဲ ကြည့်ပြီး ငြိမ်သက်နေသည်။ စက် တစ်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ချင်းလျှောက်သွားပြီး ကတ္တီပါရှုအိတ်လေးကို ကိုယ်တိုင်ဖွင့်သည်။ စားပွဲပေါ်ကို အိတ်ဖွင့်ကာ မှောက်ချပစ်လိုက်တော့

"ဒေါက် ဂလောက်"

အသံနှင့်အတူ တဖိတ်ဖိတ်တောက်နေသော စိန်ဘယက်ကြီးက စားပွဲပေါ်မှာ

"ဟင် ဒါ ဒါ"

"အဲဒါ နင့်အဖေရဲ့အဘွား ဒေါ်အင်ကြင်းနွယ်ရဲ့ စိန် ဘယက်ကြီးပဲပေါ့ ရိုဝ်"

"ဟင်"

ရိုဝ် မျက်ဝန်းတွေ မယုံနိုင်စွာ စားပွဲပေါ်က စိန်ဘယက်ကြီးကို ကြည့်နေသည်။ လက်မ လက်သည်းခွံမျှကြီးမားသော စိန်ပွင့်ကြီးအနီးမှာ အနီရောင် ကျောက်ပွင့်တွေ ခြံရံလျက် ရွှေကနုတ်ပန်းလက်ရာ ရွှေစင် အတိနှင့် ပြုလုပ်ထားသော စိန်ဘယက်ကြီးက ဝင်းလက်တောက်ပြောင် နေ၏။

မထိရဲ မကိုင်ရဲဘဲ စိန်ဘယက်ကြီးကို ငေးကြည့်လိုက် စက် မျက်နှာကိုမော့ကြည့်လိုက်နှင့် ရိုဝ် မင်သက်လျက်။

"နင်တို့ အင်ကြင်းနွယ်မျိုးစဉ်မျိုးဆက်ရဲ့ အမိုးထိုက် ရတနာ ကြီးပါ ရိုဝ်၊ နင်တို့အားလုံး အမြဲတမ်း ရှာဖွေခဲ့ပြီး မတွေ့တဲ့ အခုံး





အရှုံးပေး လက်လျှော့ခဲ့တဲ့ ပုံပြင်ဆန်ဆန် ရတနာကြီးလေ"

"စက် ဒါ ဒါကို နင်ဘယ်လိုရခဲ့တာလဲ ဟင်"

"နင့်ရဲ့မွေးနေ့ညက နင်တို့အင်ကြင်းနွယ်မှာ ငါအိပ်ခဲ့ရတယ် လေ၊ ဒေါ်လေးမြိုင်ပြောတဲ့ စကားတွေ နားထောင်ရင်း ငါ ငယ်ငယ် ကတည်းက ကြားဖူးတဲ့ ဒီစိန်ဘယက်ကြီးအကြောင်း တစ်ညလုံး ငါ့ ခေါင်းထဲရောက်နေခဲ့တယ်၊ ငါလည်း ဧည့်ခန်းနံရံက ဒေါ်အင်ကြင်းနွယ် ရဲ့ပန်းချီကားကို တွေ့မိတော့ စိတ်ထဲမှာ အတွေးတစ်ခုဝင်လာတယ်၊ ဒေါ်အင်ကြင်းနွယ်က တန်ဖိုးကြီးတဲ့ သူမြတ်နိုးတဲ့ ဒီရတနာကြီးကို သူ့ရဲ့ ပုံတူပန်းချီကားထဲမှာ သိမ်းထားနိုင်မလား စဉ်းစားမိတော့ ငါ အခန်းထဲ က ထွက်ပြီး ဧည့်ခန်းထဲက ပန်းချီကားကို ဖြုတ်ကြည့်ရင်း တွေ့ခဲ့တာပဲ"

"ဟင် ပန်းချီကားထဲက တွေ့တာ၊ ငါတို့ လုံးဝ မစဉ်းစားမိဘူး စက်ရယ်"

"ငါ နင်တို့ကို ချက်ချင်းပေးမလို့ပါပဲ၊ ဒါပေမဲ့ အိမ်မှာ တခြား သူစိမ်းတွေလည်းရှိတယ်၊ စိန်ပွင့်ကြီးနဲ့ရတနာတွေက အစစ်အမှန် ဟုတ် မဟုတ်လည်း သိချင်တယ်၊ ဒါကြောင့် ယုံကြည်ရတဲ့ ကျောက်ကုန်သည်ကို ပြကြည့်တော့ အစစ်အမှန်ပဲတဲ့၊ တန်ဖိုးဖြတ်ရခက်လောက်အောင် အဖိုး ထိုက် ရတနာဆိုတာ သိရတယ် ရိုဝ်"

စက် စကားတွေကို နားထောင်ရင်း ရိုဝ် အိပ်မက်မက်နေသလို



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရသည်။ တကယ်ကို ယုံနိုင်စရာမရှိပါလား။ အင်ကြင်းနွယ်၏ မျိုးစဉ်ဆက်ရှာဖွေခဲ့သော သည်ရတနာကြီးက စက် ကြောင့်ပြန်ရခဲ့ပြီပေါ့။

"ရိပ် နင်တို့မိသားစုအတွက် ဒီရတနာကြီးက ထိုက်တန်လို့ ပြန်ရတာဆိုတာ မမေ့နဲ့ အင်ကြင်းနွယ်ကို နင်တို့ဆက်ပြီး စောင့်ရှောက်ကြပါ၊ နင်တို့တာဝ လွတ်လပ်မှုအတွက် ဒီရတနာကြီးက ပြီးပြည့်စုံအောင် ဆောင်ကျဉ်းပေးလိမ့်မယ်"

စက် စကားကြောင့် ရိပ်မော့ကြည့်တော့ စက် မျက်ဝန်းတွေ လေးနက်တည်ငြိမ်စွာ

"ငါ သွားတော့မယ် ရိပ်"

ရိပ် ငေးကြည့်နေဆဲမှာ စက် အခန်းထဲက တစ်လှမ်းချင်းထွက်ခွာသွားခဲ့သည်။ စက် နှုတ်က ဘာစကားမှထွက်မလာပေမယ့် စက် မျက်ဝန်းတွေ စက်ရဲ့လုပ်ရပ်တွေက သက်သေပါပဲ။

ရိပ်နှင့်အင်ကြင်းနွယ်ကို စက် တကယ်ပဲ သံယောဇဉ်ကြီးမားခဲ့သူတစ်ယောက်ပါလား။

ဒါပေမဲ့

အားလုံးလွန်ခဲ့ပြီ စက်ရယ်။

ကိုဘုန်းကို လက်ထပ်ပါ့မယ်လို့ မနေ့ကဘဲ ငါ ကတိပေးခဲ့ပြီးပြီ။ အင်ကြင်းနွယ်ကို မချစ်မနှစ်သက် မနှောင်တွယ်တဲ့ သူကိုမှ ငါ



ရွေးချယ်ခဲ့မိတယ်။

အဲဒီအတွက် ငါ့ကိုခွင့်လွှတ်ပါ စက်ရယ်။

ဘဝရဲ့ လက်တွဲဖော်ကို ငါ့နှလုံးသားက ငြင်းဆန်ပြီး ဦးနှောက်အသိနဲ့ ငါဆုံးဖြတ်ခဲ့တာ မှားခဲ့ပြီလား။

တကယ်ဆို နင့်ရဲ့ကြီးမားတဲ့ မေတ္တာတွေနဲ့ မထိုက်တန်ခဲ့သူက ငါပါပဲ စက်ရယ်။

ငါ့ နှလုံးသားမှာတော့ တိုင်းစက်နွယ် ဆိုတဲ့ယောကျ်ားတစ်ယောက်ပဲ စိုးမိုးသိမ်းပိုက်သွားခဲ့ပြီဆိုတာ ..။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဘယ် ဘယ်လို မြတ်နိုး စိန်ဘယက်ကြီးကို ပြန်တွေ့ခဲ့ပြီ ဟုတ်လား"

"ဟုတ်တယ် ကိုဘုန်း"

ဘုန်းသက်မော် မယုံနိုင်သလို မင်သက်အံ့သြနေသည်။

ရိပ် ပြောပြသမျှ နားထောင်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေရတာကလည်း အမှန်။ သိန်းပေါင်းရာချီအဖိုးထိုက်သော သည်ရတနာကြီးကို ပြန်ရှာဖွေပေးခဲ့သူက တိုင်းစက်နွယ်ဆိုတော့

"အဲဒီ စိန်ဘယက်က တကယ်အစစ်အမှန် ဟုတ်ရဲ့လား မြတ်နိုး ဒီကောင့်ကို မယုံနဲ့ အစစ်အမှန်နဲ့ လဲလှယ်ထားရင်"

"လုံးဝ မဖြစ်နိုင်ဘူး ကိုဘုန်း။ တကယ်ဆို စက် ဒီပစ္စည်းကို





ပြန်မပေးရင်တောင် ရိပ်တို့ မသိနိုင်ဘူး။ ဒါပေမဲ့ စက်က ရိပ်တို့ လက်ထဲ အရောက်ထည့်ပေးခဲ့တာလေ"

"ဟုတ်တယ် မောင်ဘုန်း၊ မင်းသံသယတွေ မဟုတ်သေးဘူး။ မောင်တိုင်းစက်က ဒေါ်လေးတို့အပေါ် တကယ်ကို ကောင်းတဲ့သူပါ"

ဒေါ်လေးသူဇာကော ရိပ်ကပါ သူ့ရှေ့မှောက်မှာ တိုင်းစက်နွယ်ကို ချီးမွမ်းထောပနာပြုနေတော့ ဘုန်းသက်မော် မျက်နှာထူထူပူပူ ဖြစ်ရသည်။

သူ ပြုခဲ့သော အပြုအမူအတွက်လည်း လိပ်ပြာမလုံချင်။

"ကျွန်တော်က စုံရိမ်ပြီး ပြောမိတာပါ၊ ဒေါ်လေးသူဇာ အင်းလေ ဒီလို အမွေရတနာပစ္စည်းဆိုတာ ထိုက်လို့ရတာမျိုးပါ၊ ဒီကောင် မပေးချင်လို့ ယူထားရင်တောင် တစ်နည်းနည်းနဲ့ မြတ်နိုးတို့လက်ထဲ ရောက်လာမှာပဲ"

ကိုဘုန်း စကားတွေထဲမှာ ကိုဘုန်းရဲ့ စိတ်ထားတွေကို ရိပ် မြင်နေရတာက အထင်အရှား။ စက်နှင့်ပတ်သက်လျှင် ကိုဘုန်း အမြဲ တမ်း နိုင်ကွပ်တာတော့ ရိပ် သိပါသည်။

"ကိုယ့်အထင်တော့ ဒီကောင် အဖေလက်ထက်က မြတ်နိုးတို့ အဖေပေါ်မှာ ကျူးလွန်ခဲ့တဲ့ အကြွေးရှိလို့ လိပ်ပြာမလုံဖြစ်ပြီး မျက်နှာရ မျက်နှာရပြန်ပေးတာ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်း ရှင့်စကားတွေက ယောက်ျားမပီသလိုက်တာ"

ရိပ် ဘယ်လိုမှ သည်းမခံနိုင်တာမို့ လွှတ်ခနဲ ပြောပစ်မိသည်။ ကိုဘုန်း မျက်နှာကြီးနီမြန်းသွားရင်း

"မြတ်နိုး ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ်က ထင်မြင်ချက်ကို ပြောတာ၊ မြတ်နိုး အဖေတောင် ဒီကောင်ရဲ့မိသားစု နှိပ်စက်လို့ ဒုက္ခရောက်ခဲ့တာလေ"

"အဲဒီကိစ္စအတွက် ရိပ် သံသယဖြစ်နေတာ ဖြိုးဝေကိုပဲ၊ ကိုဘုန်း လက်ထဲကို ဖြိုးဝေက ဘာလို့ ဒီစာထည့်ပေးတာလဲ"

ဘုန်းသက်မော် မျက်စိမျက်နှာပျက်သွားသည်။ ရိပ်က စူးစူးရဲရဲ စိုက်ကြည့်နေတော့ မျက်နှာချင်းမဆိုင်ရဲဘဲ ရှောင်တိမ်းရင်း အိတ်ထဲကို လက်တွေ ယောင်ယမ်းနှိုက်သည်။

ပါလာသည်က ငါးသုံးလုံးစီးကရက်ဘူးတစ်ဘူး။

"ကျေးဇူးပြုပြီး ရိပ်ရှေ့မှာ စီးကရက် မသောက်ပါနဲ့ ကိုဘုန်း"

"ဆော ဆောရီး ကိုယ်မေ့သွားလို့"

ကိုဘုန်း ထုတ်ပြီးသည့် စီးကရက်ကို ဘူးထဲပြန်ထည့်သည်။ တုန်ယင်နေသော လက်တွေကြောင့် အဆင်မပြေ။

"ဟာ သွားစမ်းကွာ"

ထည့်မရသော စီးကရက်ကို စားပွဲပေါ်က ခွက်ထဲချေပစ်သည်။





ပြီးမှ ရိပ်ကို ပြုံးရိပ်သမ်းမော့ကြည့်ရင်း

"ဖြိုးစေဆိုတဲ့ကောင်ကို မထင်မှတ်တဲ့ ကိုယ် သိခဲ့ရတာ၊ ထိုင်းစက်နှယ်တို့အကြောင်းသိတော့ မေးမြန်းရင်း ဒီအကြောင်းတွေသိရတာ ကိုယ်က ဖြိုးဝေကို မြတ်နိုးရှေ့မှောက်ခေါ်မလို့ သူက ဖားကန့်ဘက်သွားတော့မှာတဲ့၊ ဒါနဲ့သူ သိထားတာတွေ ဝန်ခံခိုင်းတာ"

"အဲဒီအတွက် သူ့ကို ကိုဘုန်း ငွေဘယ်လောက်ပေးလိုက်ရသလဲဟင်"

"ဟင်"

ကိုဘုန်း မျက်နှာပျက်သွားကာ ချက်ချင်း မဖြေနိုင်။ ပြီးမှ ခေါင်းကိုခါရမ်းရင်း

"ဟင့်အင်း သူက မြတ်နိုးတို့ကိုသနားလို့ ဝန်ခံတာတဲ့၊ ပိုက်ဆံမတောင်းပါဘူး စေတနာနဲ့ပြောသွားတာ"

"စေတနာ ဟုတ်လား၊ ရယ်စရာတော့ အကောင်းသား။ ဘယ်ကျားက ဥပုသ်စောင့်တတ်သလဲ ကိုဘုန်း။ သူတောင် ထောင်ထဲရောက်မယ့် ဝန်ခံချက်တွေကို စာရွက်မှာရေးပြဝန်ခံသွားတာ စဉ်းစားစရာနော်"

ချက်ကျကျ တုံ့ပြန်နေသော ရိပ် စကားတွေကြောင့် ကိုဘုန်း ချွေးတွေစို့တက်လာသည်။ မလှပတော့သည့် အခြေအနေကို သိမ်းကြောင်းလှဲမှ ဖြစ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါတွေ ထားလိုက်ပါကွာ တိုင်းစက်နွယ်ကလည်း မဖြေရှင်းနိုင်ခဲ့ဘူးလေ၊ အခု ကိုယ်သတိပေးချင်တာက တိုင်းစက်နွယ်ကို မြတ်နိုးတို့ မယုံကြည်ဖို့ပဲ၊ သူ အင်ကြင်းနွယ်ကို ဝင်ထွက်နေတာ မသင့်ဘူး"

"ကိုဘုန်း ဘာလို့ စက်ကို မုန်းနေတာလဲ"

"မုန်းတာ မဟုတ်ပါဘူး မြတ်နိုးရဲ့ ဘာပဲဖြစ်ဖြစ် မြတ်နိုးကို ဆုံးရှုံးရမှာ ကြောက်တယ်၊ သူနဲ့မြတ်နိုးက ပတ်သက်ဖူးသူတွေကိုး"

"အခု သူ ဒီမြို့မှာ မရှိတော့ဘူး ကိုဘုန်း"

"ဟုတ်လား အမေရိကား ပြန်သွားပြီလား"

"မသိဘူး ဒီပစ္စည်း ပြန်ပေးပြီးကတည်းက ရိုပ်ကို နှုတ်ဆက်သွားတယ်"

ကိုဘုန်း ကျေနပ်သွားတာ အမှန်။ တစ်ရန်ကင်းသွားတာ စိတ်ချမ်းသာစရာ။ ဒါပေမဲ့ မယုံရဲပါ။

အခြေအနေတွေက ပြောင်းလဲတတ်တာ ပဥ္စလက်ဆန်လွန်းသည်။ ခုပဲကြည့် ဒုက္ခတွေ ပင်လယ်ဝေကာ သူ့လက်ထဲ ရောက်လုလု မြတ်နိုးကို မာမီ နှောင့်ယှက်တာကြောင့် ဝေးခဲ့ရသည်။

အချိန်ပိုင်းလေးမှာ မြတ်နိုးတို့ဘဝ တိုးတက်ချမ်းသာပြီး ပြန်ပြည့်စုံလာတာ ယုံစရာမရှိ။

ဒီတစ်ခါတော့ သူ ထပ်ဆုံးရှုံးမခံနိုင်ပါ။





"မြတ်နိုး မာမီက မြတ်နိုးနဲ့ကိုယ်တို့ စေ့စပ်ပွဲကို စီစဉ်နေတယ် အဲဒါ"

"ရိုပ်ဘက်က လုပ်စရာကိစ္စလေးတွေ မပြတ်သေးလို့ပါ"

"ဟိုလေ လာမယ့် ဆန်းဒေးကျရင် အင်ကြင်းနွယ်ခြံထဲမှာ မြတ်နိုး စီးပုံပွဲကျင်းပမယ်ဆို မာမီက အဲဒီပွဲမှာ မြတ်နိုးနဲ့ကိုယ့်ကိစ္စကို လူကြီးဧည့်ပရိသတ်တွေ ရှေ့မှောက်မှာ အသိပေးကြေညာထားချင်တယ်တဲ့"

ရိုပ် ပင့်သက်မောကို ရှိုက်ရင်း ငြင်းရခက်ခက် ဖြစ်ရတော့သည်။

တစ်ခါတုန်းကတော့ သူ့သားနှင့်နီးစပ်ဖို့အတွက် ဟိုရွှေ့ဒီရွှေ့နှင့် ကြံစည်ခလောက်ဆန်ခဲ့သူ ဒေါ်နန်းသက်ထား။

အခုတော့ ရိုပ်တို့မင်္ဂလာရက်ကို လူသိရှင်ကြား ကြေညာချင်သည်တဲ့။

"နော် မြတ်နိုး အဲဒါတော့ လက်ခံပါနော်"

"ကောင်းပြီလေ"

ငြင်းဆိုဖို့ မရှိသော အခွင့်အခါမှာ ရိုပ်လက်ခံရတော့သည်။

ကိုဘုန်း မျက်နှာဝင်းလက်သွားပေမယ့် နားစွင့်နေသော ဒေါ်လေး မျက်နှာက ညိုမှောင်သွားတာ အထင်အရှား။



www.burmeseclassic.com

www.burmeseclassic.com

"နှမ်းငွေ နှမ်းငွေ ဆေးယူခဲ့စမ်းပါဟယ်၊ အမလေး ငါ့ ခေါင်း တွေမူးလိုက်တာ"

ဒေါ်လေး ဝေဒနာတိုးကာ နှမ်းငွေကို အော်ခေါ်နေသည်။

ရိပ် ပင့်သက်ရှိုက်ရင်း ရင်ထဲမှာ မောသွားသည်။ ဒေါ်လေးနှင့် အိမ်ကလေးတို့ကတော့ အစီအစဉ်ကို သဘောမတူမှာ သေချာ၏။

ခက်တာက ရိပ်နှုတ်က စကားတွေ ကျွံလွန်ခဲ့တော့လည်း

စက်ရယ် နှင့်အချစ်ကို ဥပက္ခာပြုခဲ့မိတဲ့ ငါ့အတွက် ကံကြမ္မာ က ဒဏ်ခတ်လိုက်တာလား။

■ ■ ■



## အခန်း (၂၈)

"မမရိပ် မတရားဘူး မတရားဘူး အဟင့် ဟင့်"

မျက်ရည်တွေ ပါးပြင်ပေါ် လိမ့်ဆင်းကျလာရင်း အိမ်ကလေး ခါးခါးသီးသီး ရေရွတ်သည်။

"မမ မတရားဘူး ဟုတ်လား။ အိမ်ကလေး မမ ဘာမှ မတရားတာ မလုပ်ခဲ့ဘူး"

"မမရိပ် ကိုယ်ထင်တာ ကိုယ်လုပ်တာ မတရားဘူး၊ ကိုဘုန်း ကို လက်ထပ်မယ်၊ ပြီးတော့ အိမ်ကလေးတို့ကို တစ်ပါးသူအိမ်ပေါ်ခေါ် တင်မယ်၊ မမရိပ် လုပ်ချင်တာ လုပ်နေတာ တရားသလား"

အိမ်ကလေး မျက်ရည်စတွေနှင့် ဗလုံးဗထွေးဆိုသည်။ စကား လုံးတွေက ရိပ် ရင်ထဲအထိ စူးနစ်နာကျင်စေ၏။


www.burmeseclassic.com

www.burmeseclassic.com

"မမရိပ် ဆုံးဖြတ်ခဲ့တာ အားလုံးအတွက်ပါ ညီမလေးရယ်၊ ညီမလေးနဲ့ဒေါ်လေးကို ဒီအိမ်ကြီးပေါ်မှာလည်း ပစ်မထားရက်ဘူး၊ မမရိပ်တို့ရဲ့ ဆုံးရှုံးသွားတဲ့ စီးပွားရေးကို ပြန်ဦးမော့လာအောင် ကြိုးစားချင်တယ်၊ အဲဒါ အားလုံးအတွက် ပြောရရင် ညီမလေးအတွက် အဓိကပဲ"

"တော်ပါတော့ မမရိပ်၊ အိမ်ကလေး တို့အပေါ် ကူညီခဲ့တဲ့ စေတနာထားခဲ့တာ ကိုကိုစက်ကိုကျတော့ သူတစ်ပါးကုန်းတိုက်စကား တစ်ခွန်းတည်းနဲ့ မမရိပ် ဥပက္ခာပြုတယ်၊ အဲဒီ ကိုဘုန်းတို့ မိသားစုက မမရိပ်အပေါ် ဘယ်လောက်ကောင်းခဲ့သလဲ၊ အိမ်တို့နှိပ်စက်ပါးနေတော့ ဘာတစ်ခုကူညီခဲ့သလဲ ဟင်"

"အိမ်ကလေး မမရိပ် ဆုံးဖြတ်တာတွေကို မင်းဘာကြောင့် ဝေဖန်နေရတာလဲ"

"မမရိပ်မှားနေတာတွေကို အိမ် ထောက်ပြနေတာ"

"မဟုတ်သေးဘူး ညီမလေး မင်းသိပ်ငယ်ရွယ်သေးတယ်၊ ဖြစ်ချင်တာတစ်ခုပဲ မင်းသိနေတယ်"

"ဟုတ်ပါတယ် အိမ်ကလေးက ဘာမှအသုံးမကျတဲ့သူ ဒီအိမ်ကြီးမှာ ဘာမှနားမလည်တဲ့ ကလေး၊ တော်ပြီ မမရိပ် မမရိပ်တို့ကိစ္စကို အိမ်ကလေး အသိအမှတ်မပြုဘူး"

"မင်းပြောချင်တာတွေ လျှောက်မပြောနဲ့လေး မမရိပ် လုပ်သင့်





တာကို လုပ်ခဲ့တာ၊ ပေးထားပြီးတဲ့ ကတိကိုတည်လိုက်တာ၊ ဒီအခြေအနေ ဒီဘဝကို ပြန်ရောက်မှ လက်ထပ်မယ်လို့ ရွေးချယ်ပြီးသား ကိုဘုန်းကို မမရိပ် ခေါင်းခါလိုက်ရင် ဘာဖြစ်မလဲ၊ ပတ်ဝန်းကျင်က ပြောကြလိမ့်မယ် ညီမလေး။ အပိုင်ဖမ်းဖို့ကြိုးစားပြီးမှ ရှောင်သွားတာလို့"

"ဘာဖြစ်လဲ မမရိပ် ဘယ်သူ ဂရုစိုက်ရမှာလဲ"

"ညီမလေးကို ဂရုစိုက်ရမှာပေါ့၊ မမကြောင့် အင်ကြင်းနွယ်နာမည်ပျက်ရင် ညီမလေးမှာပါ ထိခိုက်တယ်၊ ပတ်ဝန်းကျင်က စကားတွေက ညီမလေးအနာဂတ်ကို ထိခိုက်လိမ့်မယ်၊ ဒါတွေကို ညီမလေး မသိပါဘူး"

အိမ်ကလေး ခေါင်းကိုခါရမ်းသည်။ မမရိပ် ပြောသော သိက္ခာတရားတွေ အစဉ်အလာဟွေကို အိမ် နားမလည်ပါ။

တကယ်ဆို သူတို့သားအမိကတော့ ကိုယ့်အပေါ်ကောင်းခဲ့သလား။

ယုတ်မာစွာ ကိုကိုစက်ကိုတောင် အဝေးရောက်အောင် ယုတ်မာကြံစည်ခဲ့တဲ့သူ။

"အိမ်ကလေး ဘာမှမသိဘူး မမရိပ်"

"ညီမလေး ဘာမှမသိရင် မမရိပ် လုပ်တာစောင့်ကြည့်ပါ။ လာမယ့် ဆန်းဒေး ခြံထဲမှာ မီးပုံပွဲကျင်းပရင် ကိုဘုန်း အမေကျ မင်္ဂလာ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ ကြေညာမယ်တဲ့"

"ဟင်"

"သူ့ဘက်က မိသားဖသားပီပီ တောင်းဆိုလာတာ မမရိပ်အတွက် ဂုဏ်ရှိပါတယ် ညီမလေးရယ်"

"ဟင့်အင်း အိမ်တော့ သဘောမတူဘူး။ အသိအမှတ် မပြုဘူး မမရိပ်"

"သမီး အိမ်ကလေး ပါးစပ်ပိတ်တော့၊ ကိုယ့်အစ်မကို ဒီလို ပြောဆိုရသလား ရိုင်းစိုင်းလိုက်တာ"

ညီအစ်မနှစ်ယောက် ငြင်းခုန်သံတွေကြောင့် အခန်းထဲက ထွက်လာသော ဒေါ်သူဇာမြိုင်က သမီးဖြစ်သူကို မာန်မဲသည်။

"မေမေလည်း အတူတူပဲ အိမ်ကလေး စကားဆို အလေးမထားကြဘူး။ ရပါတယ် အိမ်ကလေး အားလုံးကို သံယောဇဉ်ဖြတ်ပြမယ်"

စကားအဆုံးမှာ အိမ်ကလေး ရှိုက်သံတွေနှင့် အခန်းထဲက ပြေးထွက်သွား၏။ ရိပ် ထွက်လိုက်သွားဖို့ကြံတော့ ဒေါ်လေးက လက်ကကားသည်။

"နေပါစေ သမီး သူစိတ်ဆိုးရင် ချော့လို့မရဘူးလေ၊ နောက်တော့လည်း စိတ်ပြေသွားမှာပါ"





"ရိပ် တကယ် စိတ်မကောင်းဘူး ဒေါ်လေး"

"ဒေါ်လေးလည်း စိတ်မကောင်းဘူး သမီး၊ ဒီမိသားစုဘဝ အေးချမ်းတော့မယ် ထင်ထားတာ"

တကယ်ဆို ဒေါ်လေးခမျာလည်း မတော်တောလို့ ရေငုံနှုတ်ပိတ် နေရပေမယ့် ကိုဘုန်းတို့သားအမိကို အလိုမရှိတာ ရိပ်သိပါသည်။

ဒါပေမဲ့ ဒါတွေကို ရိပ် ဘယ်လို ဖြေရှင်းပြရမည်လဲ။

ကိုဘုန်းကို ရိပ် လက်ထပ်တာ မှားချင်မှားယွင်းလိမ့်မည်။ ဒါပေမဲ့ ဒေါ်လေးတို့သားအမိအပေါ်မှာတော့ ရိပ်ဘက်က သံယောဇဉ်ကြီးခဲ့တာ ဒေါ်လေးသိပါသည်။

ညီမလေး ပန်းပွင့်အိမ်လည်း သိလိမ့်မည်။

ကိုဘုန်းနှင့်ရိပ် လက်ထပ်ပြီးခဲ့လျှင် အင်ကြင်းနွယ်နှင့်ပတ်သက်သမျှ အမွေဥစ္စာ အားလုံးကို ဒေါ်လေးတို့သားအမိအတွက်မဲ့ ရိပ်လွှဲပေးခဲ့မှာပါ။

ရိပ် ဘဝကတော့

မချစ်မနှစ်သက်သောသူ ရင်ခွင်ကိုခိုလှုံဖို့ ရွေးချယ်ပြီးမှတော့ ရင်ဆိုင်ရမည့် သောကတွေအတွက်

ရိပ် ခံနိုင်ရတော့မည်ပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဒါက ဘာသဘောလဲ သား၊ မင်းမိန်းမက မင်းနဲ့မရသေးဘူး ရှိသမျှ အမွေတွေကို ဟိုသားအမိအတွက် လွှဲပေးမယ်ဆိုတာ"

"ဟို မြတ်နိုးက သားကိုလက်ထပ်ဖြစ်ရင် သူ့ရဲ့အမွေတွေ အကုန်လွှဲပေးခွင့်ပြုဖို့ တောင်းဆိုတယ် မာမီ"

"အမိပွါယ်မရှိတာ အင်ကြင်းနွယ်ရဲ့ အမွေက မြတ်နိုးရိပ်ထင် နဲ့ ဒေါ်သူဇာမြိုင် တစ်ဝက်ဆီပိုင်ဆိုင်မှာလေ"

"ဟုတ်ပါတယ် ဒါပေမဲ့ မြတ်နိုးက သူ့အမွေတွေကို မမက်မော ဘူးတဲ့"

"ဟဲ့ မမက်မောလို့ ရမလား၊ ဟိုတစ်လောက ပြန်တွေ့တဲ့ စိန်ဘယက်ကြီးတန်ဖိုးက နည်းတာမှမဟုတ်တာ"





ဒေါ်နန်းသက်ထား ဒါကိုတော့ မက်မောပါသည်။ ရှေ့လက်ရာ ဒီစိန်ဘယက်ကြီးကို မြင်ကတည်းက တပ်မက်ခဲ့သည်။ ဒါကြောင့်လည်း သားနှင့် မြတ်နိုးရိပ်ထင်တို့ မင်္ဂလာကိစ္စကို အမြန်စီစဉ်ချင်ခဲ့တာဖြစ်သည်။

"မာမီရယ် ခုချိန်မှာ မြတ်နိုး တောင်းဆိုတာ ခေါင်းညိတ်မှ သူလည်း မင်္ဂလာကိစ္စကို လက်ခံမှာပေါ့၊ ဒါပေမဲ့ အမွေကို တကယ်လွှဲ တဲ့အခါ သားကလက်ခံရမလား၊ စဉ်းစားကြည့် ထိုက်သင့်တာပဲ ပေးမှာ ပေါ့၊ ကျွန်တော့်ဇနီးပိုင်ဆိုင်မှုက ကျွန်တော့်ပိုင်ဆိုင်မှုပဲလေ"

ကိုတုန်းက သူ့အတွေးကို ထုတ်ပြောသည်။ ဒေါ်နန်းသက်ထား မျက်ဝန်းတွေ ဖြာလဲ့ကျေနပ်သွား၏။

"အင်း ဒီလိုဆိုရင် မဆိုးပါဘူး၊ ဒါပေမဲ့ ပြတ်ပြတ်သားသား အစောကြီးကတည်းက ရှိရင်ကောင်းမယ်"

"မာမီ မလုပ်ပါနဲ့တော့ အရင်က မာမီ ဒီလိုအချိန်ဆွဲလို့ ဟိုကောင် တိုင်းစက်နွယ် ပေါ်လာပြီး ပြဿနာတွေရှုပ်ကုန်တာ"

"အင်း ဒီကောင်မလေးတွေ ကံကောင်းတာတော့ အမှန်ပဲ ဘာမှမရှိတဲ့ဘဝကနေ ချက်ချင်းပြန်ပြီး ပြည့်စုံသွားတာက ယုံနိုင်စရာ မရှိဘူး"

ဒေါ်နန်းသက်ထား ရေရွတ်သည်။ မြတ်နိုးတို့၏ ကံကြွမ္မာ ကောင်းမွန်လှတာက အံ့ဩစရာဟု ကိုဘုန်းလည်း တွေးခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လောက် ကံကောင်းသည့်မိန်းကလေးကို သူလက်လွှတ်ဆုံးရှုံးရတော့မလို ။ ကံကောင်းလို့။

မြတ်နိုးကလည်း မခေပါ။

သူမနှင့်လက်ထပ်လျှင် ပိုင်ဆိုင်သမျှ ဒေါ်လေးသားအမိကို လွှဲပေးရမည်ဟု တောင်းဆိုသည်။

သူ ငြင်းလျှင် မင်္ဂလာပွဲပျက်မည်ဆိုတော့ အလိမ္မာနှင့်ခေါင်းညိတ်ပြခဲ့ရသည်။ ဒါပေမဲ့ လက်ခံစရာ အကြောင်းမှမရှိဘဲ။

ဘုန်းသက်မော် ဆိုသည့်ကောင်ကို အရူးမှတ်လို့ မြတ်နိုးရိပ်ထင်ရယ်။

မင်းကိုလည်း ပိုင်ဆိုင်ရမယ်။ မင်းရဲ့အမွေတွေလည်း ငါ့လက်ထဲရောက်ရမယ်။

သားရွှေအိုးထမ်းလာမည့် အရေးဆိုတော့ မာမီလည်း မငြင်းနိုင်ပါ။ လာမယ့် ဆန်းဒေးကျင်းပမည့် အင်ကြင်းနွယ် ခြံထဲက မီးပုံပွဲကို ရောက်လာကြမှာ မြို့မျက်နှာဖုံး ဂုဏ်သရေရှိလူကြီးတွေပါသည်။

ပြီးတော့ ထိုပွဲမှာ မြတ်နိုးနှင့်သူတို့ရဲ့ မင်္ဂလာနေ့ရက်ကို ကြေညာမည်။

ဒါဆိုလျှင် ပွဲကပြီးသွားပြီ။

မြတ်နိုးရိပ်ထင်က လှသိရှင်ကြား ကြေညာထားသော အစီ





အစဉ်ကို ဘယ်တော့မှ ဖျက်မှာမဟုတ်။

ကတိကိုတည်သော မိန်းမတစ်ယောက်ဆိုတာ ကိုဘုန်းအသိသည်။

သည်တစ်ခါ ကံကောင်းသူက ဘုန်းသက်မော် ကလွဲလျှင် ဘယ်သူမှဖြစ်လာနိုင်စရာ မရှိတော့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

အပြင်ဘက်မှာ အမှောင်ရိပ်က ကြီးစိုးနေပြီ။

မြူနှင်းရနံ့တွေက ရှူရှိုက်မိသည့်လေထဲမှာ ပါလာတတ်တာမို့ ရင်ထဲအထိ စိမ့်ဝင်အေးမြစေသည်။

စက် ကားလေးကို ညင်သာစွာ မောင်းရင်း ဦးတည်နေမိတာ သတိုးတို့ ခြံဘက်ဆီသို့ဖြစ်သည်။

ကားဒက်ရှ်ဘုတ်ပေါ်မှာတော့ အင်ကြင်းနွယ်ရဲ့ မီးပုံပွဲ ဖိတ်စာလေးရှိနေသည်။

နေ့လယ်က သူ့ဆီအရောက်ပို့ပေးလိုက်သော ဒေါ်လေးမြိုင်။

မောင်စက် ရောက်ဖြစ်အောင်လာခဲ့ပါဟု ဒေါ်လေးမြိုင်ရဲ့ လက်ရေးစာလေးတောင် ပါသေးသည်။ ဒါပေမဲ့





သူသွားဖို့ မရည်ရွယ်တော့ပါ။ ရိပ်ကိုယ်တိုင်က ဖိတ်ခဲ့တာမှ မဟုတ်တာ။ ပြီးတော့ ဒီပွဲမှာ ရိပ်နှင့်ကိုဘုန်းတို့ မင်္ဂလာရက်ကို ကြေညာမည်ဆိုတာ သတိုးပြောထားသည်။

"အိမ် အတော်ဒေါသဖြစ်နေတယ် ကိုကြီးစက်၊ ဒီပွဲကို သူ လက်မခံဘူးတဲ့ ကျွန်တော် စိတ်ညစ်တယ်ဗျာ"

သတိုးဆိုခဲ့သော စကားကို ပြန်ကြားယောင်ရင်း ကားကို ခြံရှေ့မှာ ရပ်လိုက်သည်။ ဒီတစ်ညတော့ ဟိုတယ်ကို မပြန်ချင်တော့ပါ။

သတိုးတို့ခြံထဲမှာပဲ အလုပ်သမားတွေနှင့်အိပ်တော့မည်။ မနက်ဖြန် မနက်ဆို သူ ဒီမြို့မှာ ရှိတော့မှာမှ မဟုတ်တာ။

လှိုင်ကော်မြေကို ကျောခိုင်းကာ ရန်ကုန်ကိုသွားဖို့ သူ အားလုံးစီစဉ်ပြီးခဲ့ပြီ။ ဟိုတယ်မှာလည်း ကျသင့်ငွေတွေ ရှင်းခဲ့ပြီ။ မနက်အခန်းပြန်အပ်ကာ အသင့်ပြန်ထားသော အဝတ်အစားအိတ်ယူသွားရုံသာ။

သတိုးတို့မွေးမြူရေးခြံက သူ အမြဲတမ်း ဝင်ထွက်နေကျမို့ ခြံစောင့်ကြီးက သူ့ကားကိုမြင်သည်နှင့်

"ဟေး မောင်တိုင်းစက် ဘယ်သူ့ဆီလာတာလဲ"

"ဒီခြံပဲလာတာ ဒီည ဒီမှာ အိပ်မလို့ ဖထီးရဲ့"

"သိပြီ သိပြီ မောင်တိုင်းစက်နဲ့သတိုး ချိန်းထားတာလား"

"သတိုး ဟုတ်လား ဖထီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကောင်လေး နွားတင်းကုပ်ဘေးက ငါ့အခန်းထဲမှာ ရှိတယ်ကွ"

စက် အံ့ဩသွားမိသည်။ သူနှင့်သတိုး ချိန်းဆိုမထားပါ။ သူထင်မထားမိတာက သတိုးတို့ မိသားစု အင်ကြင်းနွယ်ရဲ့ မီးပုံပွဲရောက်နေပြီဟု။

"ကဲ မောင်တိုင်းစက် ကားထားခဲ့လေ၊ ကျုပ် ကြည့်ထားပါ့မယ်"

"ဟုတ်ကဲ့ ဖထီး"

ကားကို ခြံထဲမှာရပ်ထားခဲ့ကာ နွားတင်းကုပ်ဘက် ထွက်ခဲ့သည်။ နွားတင်းကုပ် နံဘေးက ဖထီးရဲ့အခန်းက မီးရောင်လင်းနေသည်။

သတိုး မီးပုံပွဲ မသွားဘဲ ဒီခြံထဲ ဘာလာလုပ်နေတာလဲ မသိ။ ခနိုးမိုး ထရံကာ ဦးဖထီး အခန်းနားသို့ စက် တိုးကပ်ခဲ့သည်။

အခန်းတံခါးထဲမှာ ချောင်းကြည့်တော့ ကွပ်ပျစ်လေးပေါ်မှာ ကျောပိုးအိတ် တစ်လုံး။ စားပွဲမှာ ဝီစကီလေးထောင့်ပုလင်းနှင့် အမြည်းက အာလူးကြော်ထုပ်တွေ။

သတိုး ဘာစိတ်ကူးပေါက်ကာ ရောက်နေတာလဲ။

သူ အခန်းတံခါးတွန်းဖွင့်ဝင်တော့ သတိုး အရက်ခွက်ကို မျက်စိမှိတ်မော့သောက်နေရာမှ မော့ကြည့်သည်။





"ဟာ ကိုကြီးစက်"

သောက်လက်စ ဖန်ခွက်ကို ပြန်ချရင်း စားပွဲပေါ်က မုလင်းကို ငုက်ဖို့ သတိုးကောက်ယူသည်။ ဒါပေမဲ့ မဖြစ်နိုင်တော့တာမို့ မျက်နှာချိုသွေးရင်း

"ဟို အဲ ကိုကြီးစက် ဘယ်က ဘယ်လိုရောက်လာတာလဲ"

"ဖထီးကတော့ မင်းနဲ့ငါ ချိန်းထားတယ် ထင်နေတာကွ၊ ငါတောင်အံ့ဩသွားတယ်၊ ဘာလဲ မင်းက ဒီမှာတစ်ယောက်တည်း ငြိမ့်နေတာပေါ့"

"ဟုတ်ကဲ အဲ ကိုကြီးစက် သောက်ဦးမလား"

"တော်ပါပြီကွာ နေပါစေ"

စက် သတိုးနံဘေးမှာ ဝင်ထိုင်လိုက်သည်။

"ကိုကြီးစက် မီးပုံပွဲမသွားသေးဘူးလား နောက်ကျနေပြီ"

"သွားမလားလို့ မင်းကကော ဘာလို့မသွားသေးတာလဲ"

သတိုး မဖြေသေးဘဲ ဖန်ခွက်ထဲကို အရက်ထပ်ငှဲ့သည်။ လက်ချောင်းတွေက တုန်ယင်နေတာ စက် သတိထားမိသည်။

"မင်း နေမကောင်းဘူးလားကွ"

"လူက ကောင်းပါတယ် ကိုကြီးစက်"

"လူက ကောင်းတယ် စိတ်က မကောင်းဘူး။ ဒီလိုပြား ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com

ခင်းနဲ့အိမ်ကလေး ရန်ဖြစ်ထားကြတာလား''

''မဖြစ်ပါဘူး ကိုကြီးစက်ရာ ဗိုး''

စကားအဆုံး ပင့်သက်ရှိုက်ကာ အရက်ခွက်ကို မော့သောက်သည်။ မျက်နှာက ရှုံ့မဲ့လျက် ရေတောင် မရောပါ။

စက် ရေခွက်နှင့် အာလူးကြော် တစ်ဖတ်ကို ကောက်ယူကာ သတိုးကို အလိုက်သင့်လှမ်းပေးလိုက်၏။

''ကန်တော့နော် ကိုကြီးစက်''

''ရပါတယ်ကွာ''

ဒီချာတိတ် မမူးသေးပေမယ့် ဖြူဝင်းသော မျက်နှာက ရဲရဲနီနေသည်။

''အပြင်မှာအေးတယ်နော်၊ မီးပုံပွဲမှာတော့ နွေးနေမှာပဲဗျ''

လူကသာ အရက်ဝိုင်းမှာရှိနေသည်။ သတိုးစိတ်က မီးပုံပွဲကို ရောက်နေတာ ထင်ရှားသည်။ စက် ပုလင်းကိုကောက်ယူပြီး ခွက်ထဲ ထပ်ဖြည့်ပေးလိုက်သည်။

''ကဲ ချလိုက်ဦး အချမ်းပြေပေါ့''

သတိုး ဖန်ခွက်ကို လှမ်းယူကာ မငြင်းဘဲ တစ်ကျိုက်တည်း မော့သောက်သည်။ စက် တောင်မျက်လုံးပြူးသွား၏။

ဒီချာတိတ် ဘာဖြစ်နေတာလဲ။ တစ်ခုခုတော့ တစ်ခုခုပါပဲ။





ဖန်ခွက်ထဲ အရက်ထပ်ဖြည့်ပေးရင်း စက် မျက်ဝန်းတွေက ကွပ်ပျစ်ပေါ်မှ ခရီးဆောင်အိတ်ကို တစ်လှည့် သတိုးကိုတစ်လှည့် အကဲခတ်ကြည့်သည်။

''မင်း ခရီးသွားမလို့လား သတိုး''

သတိုး ချက်ချင်း မဖြေသေးဘဲ ခေါင်းကို လေးလေးပင်ပင် ညိတ်သည်။ ပြီးတော့ ခွက်ကိုကောက်ယူသောက်ပြန်သည်။

''ဒီအချိန်ကြီးမှာ ဘယ်နဲ့သွားမှာလဲကွ၊ ခြေလျင်လျှောက်မှာလား''

သတိုး မျက်နှာကြီး ရဲရဲနီနေပြီး ကြိုးကြိုးစားစားနှင့် ကုလားထိုင်မှ ထရန် ကြိုးစားသည်။ ဒါပေမဲ့

ဟန်ချက်မညီဖြစ်ကာ ကုလားထိုင်ပေါ်သို့ ဖရိုဖရဲ လဲပြိုကျ၏။

သတိုး အိတ်ထဲက စာခေါက်ကလေးပြုတ်ကျသွားတာကို စက် မြင်လိုက်ပေမယ့် မသိကျိုးကျွံပြုနေလိုက်၏။

''ကိုကြီးစက် မီးပုံပွဲ သွားတော့လေ အေ့''

သူ့ကိုနှင်ထုတ်နေမှန်း စက် သိသည်။ မသိဟန်ဆောင်ကာ ဖန်ခွက်ထဲကို အရက်ထပ်ငှဲ့နေတော့ ခေါင်းမထောင်နိုင်သည့် သတိုး ပြူးပြူးမျက်လုံးဖွင့်ကြည့်ရင်း

''ကျွန်တော့်ကို အရမ်း မူးအောင်လုပ်နေတာလား ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဇက်''

"မဟုတ်တာကွာ မင်းဘာသာ သောက်နေတာပဲ''

"ဟုတ်တယ် ကျွန်တော် မူးတယ် မူးချင်တယ်ဗျာ အေ့''

သတိုးခွက်ကို မနားတမ်းမော့ချ၏။ သည့်တစ်ခါတော့ အရက်တွေက ပါးစပ်ထဲက လျှံကျကာ လည်ပင်းတစ်လျှောက် စီးကျသွားခဲ့သည်။

"မူးချင်ရင်သောက် ဒါပေမဲ့ မင်း ခံစားချက်တော့ ကိုယ့်ကို ပြော''

ဇက် ချော့မော့မေးသည်။ သတိုး ခေါင်းကိုထောင်ရင်း သူ့ကို ကြည့်သည်။ ပြီးတော့ အာလေးလျှာလေးသံနှင့်

"ဟိုတစ်ခါတုန်းက ကျွန်တော်အခက်အခဲရှိရင် ကိုကြီးဇက် ကူညီမယ်လို့ ပြောခဲ့တယ်နော်''

"ဟုတ်တယ်လေ ကိုယ် ပြောခဲ့ဖူးတယ်''

"ဒါ ဒါဆို ကိုကြီးဇက် ခုကူညီပါ၊ ကျွန်တော့်ကို ငွေငါးသောင်းလောက် ချေးပါလား အေ့ ဟို ကျွန်တော် အရေးကြီးလို့ အေ့''

ခေါင်းကိုမနည်းထူမတ်ဖို့ ကြိုးစားနေသူက ငွေချေးနေသည်ဆိုတော့ ဇက် နားမလည်တော့

"ကျွန်တော် ပြန်ဆပ်မှာပါဗျာ''

"အေး အေးပါကွာ''





ဇက် အလိုက်သင့် ပြောရင်း သတိုးရင်ထဲက ပြဿနာတွေကို သိနိုင်ဖို့ ဘယ်လိုမေးရမည်လဲ။ အဲဖြေရှာနေမိသည်။

ပြီးမှ သတိုး ကျသွားသော စာခေါက်လေးကို မြင်တွေ့ သတိရကာ အသာကောက်ယူလိုက်၏။

သတိုး မမြင်အောင် တစ်ဖက်ကို အသာလှည့်ပြီး ဇက် စာလေးကို ဖွင့်ဖတ်ကြည့်လိုက်မိတော့ ••။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ခြံဝင်းထဲမှာ ရောင်စုံမီးပွင့်တွေနှင့် မီးပုံပွဲလေးက စတင်ဖို့ အသင့်ဖြစ်နေပြီ။

"ဒေါ်လေး ညီမလေးရော"

"အခန်းထဲမှာ ပြင်ဆင်နေတယ်လေ သမီးရဲ့"

"ဒါဆို ဒေါ်လေး ညီမလေးကိုခေါ်ပြီး လာခဲ့နော်၊ ဧည့်သည်တွေ လာနေကြလို့ ရိပ် ဆီးကြိုနှုတ်ဆက်မှဖြစ်မယ်"

"အေး အေး သွား သမီး၊ ဩော် တစ်ခုပြောရဦးမယ် မောင်စိုင်းစက်ကို ဒေါ်လေး ဖိတ်ထားတယ်"

"ဟင်"

"သမီး စိတ်ဆိုးရင် ဒေါ်လေးကိုပဲ ဆိုးပါ၊ ဒေါ်လေး မောင်စက်





ကို ဒီပွဲမှာ ရှိစေချင်တယ်"

ရိပ် ပင့်သက်ရှိုက်မိ၏။ တကယ်ဆို ဒီညနေကတည်းက စက်ကိုပဲ ရိပ် သတိရနေခဲ့တာပါ။ ဒီပွဲမှာ တကယ်ရှိနေသင့်တာ စက်။

ဒါပေမဲ့

မင်္ဂလာပွဲရက်ကို ကြေညာခဲ့လျှင် စက်ကိုခေါ်ပြီး နှိပ်စက်သလို ဖြစ်မှာစိုး၍ ရိပ် မဖိတ်ဖြစ်ခဲ့။ အခုတော့ ဒေါ်လေး ဖိတ်ထားသည်တဲ့။

"အင်း ကောင်းပါတယ်၊ ဒေါ်လေး စက် လာတော့ ပိုပြီး ပြည့်စုံသွားတာပေါ့"

ဒေါ်လေးကိုပြောပြီး ရိပ် ခြံထဲဆင်းခဲ့သည်။

အစားအသောက်တွေကို ဘူဖေးစနစ်နှင့် နှစ်သက်ရာ ယူစားသောက်နိုင်အောင် စီစဉ်ထားတာမို့ ခြံထဲမှာ စားပွဲဝိုင်းရှည်ကြီးက ပတ်လည်ရှိ၏။ ထိုစားပွဲရှည်ကြီးပေါ်မှာတော့ ဟင်းလျာတွေ အငွေ့တထောင်းထောင်းအပြည့်ရှိသည်။

နောက်ထပ် ချက်ပြုတ်ကြော်လှော်နေသော သူတွေကလည်း နှင်းအေးအေးမှာ ချွေးတရွှဲရွှဲ။

ခြံဝင်းအလယ်မှာတော့ ထင်းမီးဖိုကြီးက အရှိန်ရနေပြီ။ မီးဖိုကြီးနံဘေးက စားပွဲတွေမှာ ဧည့်သည်တချို့ရောက်နေသည်။

ရိပ် အားလုံးကို လိုက်ပြီးနှုတ်ဆက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင် လူတွေစုံလင်လာတော့မည်။ ဒေါ်လေးနှင့်အိမ်ကလေးက ထွက်မလာသေး။

"ခြော် ဦးလေးထွန်းတို့ပါလား သတိုးရောဟင်"

"ဒီကောင် နောက်ကျမယ်တဲ့ သူငယ်ချင်းတွေနဲ့အတူ လာမယ်လို့ ပြောပြီးထွက်သွားတယ်ကွဲ့"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ထိုင်ကြပါနော်"

ရိုဝ် ညေ့်ခံနေရာချထားပေးရင်း ခြံဝကို လှမ်းကြည့်တော့ ဝင်လာသည့် လူကြီးက ရိုဝ်မြင်ဖူးသလိုလို

"မင်္ဂလာညပါ သမီး"

"ဟင် အန် အန်ကယ်"

ရိုဝ် မှတ်မိသွားတာမို့ ဝမ်းသာသွားမိတာ အမှန်။ နဖူးပြောင်ပြောင်နှင့် ပုဂ္ဂိုလ်ကြီးသည် တစ်ခါက ရိုဝ်တို့အိမ်ကို ရောက်ခဲ့ဖူးသူ။

"အန်ကယ်ကို မှတ်မိပါတယ်နော် သမီး"

"မှတ်မိပါတယ် အန်ကယ်၊ ဖေဖေ့ရဲ့မိတ်ဆွေကြီးလေ၊ ဖေဖေ ထုတ်ချေးခဲ့တဲ့ ငွေသိန်းတစ်ရာကို အန်ကယ်လာပေးခဲ့တာလေ"

"အဟင်း မှတ်မိတဲ့အတွက် ဝမ်းသာပါတယ် သမီး"

"မမှတ်မိဘဲ ရှိပါ့မလားရှင် အန်ကယ်က သမီးတို့ရဲ့ကျေးဇူးရှင်ပဲ၊ အဲဒီအချိန်က ဘမီး အရမ်းဒုက္ခရောက်နေတာ၊ အန်ကယ် ပြန်လာပေးတဲ့ ငွေကြောင့် သမီးဘဝ ပြန်အစတည်နိုင်ခဲ့တာ"





"အင်း အဲဒီငွေက အန်ကယ်ပေးတဲ့ငွေ မဟုတ်ဘူး သမီးရဲ့"

"ရှင် ဘယ်လို"

"အန်ကယ် ရှင်းပြချင်လို့ လာခဲ့တာပါ၊ အမှန်အတိုင်း ပြောရရင် သမီး ဖေဖေကို အန်ကယ် မြင်တောင် မမြင်ဘူးပါဘူး"

"ဘယ်လို"

"သမီး ဒုက္ခရောက်နေတဲ့ သိတဲ့သူက အန်ကယ်ကို တစ်ဖက်လှည့်နဲ့ အဲဒီငွေတွေပေးခိုင်းလို့ လာပေးခဲ့ရတာပါ"

"အဲဒီသူက ဘယ် ဘယ်သူလဲဟင်"

"သူက မောင်တိုင်းစက်နွယ် ပါ"

ရိုဝ် မျက်ဝန်းတွေ ဝိုင်းစက်သွားခဲ့သည်။ ရိုဝ်တို့လက်ထဲကို ငွေသိန်းတစ်ရာတောင် ပေးခဲ့သူက စက် တဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ကိုကြီးစက်ဆီက ပိုက်ဆံကို ကျွန်တော် ပြန်ဆပ်မှာပါ ဗျာ အော့ ကျွန်တော် အရေးကြီးလို့နေလို့ ကူညီပါ"

ခေါင်းငိုက်စိုက်ဖြစ်နေရင်း တတွတ်တွတ်တောင်းပန်နေသော သတိုးကို ကြည့်ကာ စက် ပြုံးသည်။ ပြီးမှ

"သတိုး မင်းပွင့်ပွင့်လင်းလင်း ပြောကွာ၊ မင်း အိမ်ကလေးကို ခိုးဖို့ စီစဉ်ထားတာလားကွ"

"ဟင် ကိုကြီးစက် သိတယ်"

"သိတာပေါ့ကွာ အကြားအမြင်ကြောင့်တော့ မဟုတ်ဘူး။ ဟောဒီ မင်းအိတ်ထဲက ထွက်ကျတဲ့စာလေးကြောင့်ပဲ"

သတိုး ချက်ချင်း အမူးပြေသွားသလို မော့ကြည့်သည်။ စက်





လက်ထဲမှ စာခေါက်လေးကိုမြင်တော့ သူ့အိတ်ထဲ ယောင်ယမ်းစမ်းသည်။

"မင်း မိဘတွေဆီ မင်းအိမ့်ကို ခိုးသွားပြီဆိုတဲ့အကြောင်း အသိပေးထားတဲ့ စာလေကွာ"

"ဟား ဟုတ်တယ် ကိုကြီးစက် ကျွန်တော် ခိုးမှဖြစ်တော့မယ်လေ၊ အိမ်က ကျွန်တော့်ကို ဖွတ်ခိုးခိုင်းနေပြီ"

"ဘာရယ် အိမ်က ခိုးခိုင်းတယ်"

"ဟုတ်တယ် ကိုကြီးစက် ဒီည မီးပုံပွဲမှာ မမရိပ်က ကိုတုန်နဲ့ သူ့မင်္ဂလာရက်ကို ကြေညာမှာတဲ့၊ အဲဒါကို အိမ် သဘောမကျဘူး။ ဒါကြောင့် အင်ကြင်းနွယ်နဲ့ အဝေးဆုံးခေါ်သွားပါတဲ့"

"မဟုတ်တာကွာ မင်းတို့ငယ်ပါသေးတယ်၊ ပညာရေးဆုံးခန်းတိုင်မှ လုပ်ကြပါ"

"ကျွန်တော် ကိုကြီးစက်ပြောသလို အိမ်ကိုရှင်းပြပါတယ်၊ ဒါပေမဲ့ အိမ့်အကြောင်း ကိုကြီးစက် အသိပဲ"

သတိုး စကားကို သူလက်ခံပါသည်။

အိမ်ကလေးရဲ့စိတ်က ထင်ရာလုပ်တတ်သူ။ ဆုံးဖြတ်ပြီး နောက်မဆုတ်တဲ့ လုပ်တတ်သူဖြစ်သည်။

အခုကိစ္စမှာ အိမ် တောင်းဆိုချက်ကြောင့် သတိုး လိုက်လျော



www.burmeseclassic.com

www.burmeseclassic.com



ရတာကလွဲလို့ တခြားမဖြစ်နိုင်။

"ဖေဖေက ကျွန်တော့်ကိုပြောထားတယ်၊ ပညာရေးမဆုံးခင် အိမ်ထောင်မပြုနဲ့တဲ့၊ ပြည့်စုံတဲ့အချိန်ကျရင် သူကိုယ်တိုင် ကျွန်တော့် စိတ်ကြိုက် တောင်းရမ်းပေးမယ်တဲ့၊ အိမ်နဲ့ကျွန်တော့်ကိုစွလည်း သိပါ တယ်၊ အိမ်ကိုလည်း ချစ်ကြတယ်၊ ဒါပေမဲ့ ခုလိုဖြစ်သွားတာတော့ ခွင့်လွှတ်မှာ မဟုတ်ဘူး ကိုကြီးစက်"

"ဒါပေါ့ကွာ မင်းတို့အနာဂတ်အတွက်ပဲဟာ"

"အိမ်က နားမဝင်ဘူး အခု ကျွန်တော် ငြင်းရင် သူ့ဘာသာ တစ်ယောက်တည်း ထွက်သွားမယ်တဲ့ အစ်ကိုရာ"

သတိုး စိတ်ပျက်စွာပြောရင်း ပုလင်းထဲက ထပ်ငှဲပြီး သောက် ပြန်၏။ ဒီချာတိတ် အတော်ပူလောင်နေပုံရသည်။

ပုလင်းတစ်ဝက်ကျိုးလုသည်အထိ ပင်တိုင်ဖြိုနေတာ ယုံနိုင်စရာ တောင် မရှိ။

"အေ့ အိမ့်ကို ကျွန်တော် ချစ်တယ်၊ သူတစ်ခုခုဖြစ်ရင် ကျွန် တော် ရင်ကျိုးမှာ ကိုကြီးစက်ရဲ့"

ရင်ထဲက ဝေဒနာတွေကို သတိုး မှုးမှုးနှင့်ဖွင့်ထုတ်နေပြန်သည်။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ ကျွန်တော့်ကို ငွေငါးသောင်း လောက် ချေးပါ၊ အိမ့်ကို ကျွန်တော် မန္တလေးခေါ်သွားမယ်၊ ဟိုရောက်





ရင် ကိုကြီးစက်ပေးတဲ့ ငွေလေးနဲ့ရှင်သန်မှာ အေ့"

"အဲဒီငွေက မင်းတို့တစ်ဘဝလုံး ပြည့်စုံမှာလား"

"ဟင့်အင်း အဲဒါတွေ မတွေးချင်လို့ ကျွန်တော် သောက်နေတာ ကိုကြီးစက် ရောက်လာတာနဲ့ လွန်တော့မယ် အေ့"

"ကဲ ငါးငွေငါးသောင်းပေးလိုက်ပါ့မယ်ကွာ၊ ရော့ ဒီတစ်ခွက် တော့ မင်းထပ်ချလိုက်၊ ပြီးရင် ကားနဲ့မင်းသွားချင်တဲ့နေရာကို ပို့ပေး မယ်";

"အိမ်နဲ့ကျွန်တော် ချိန်းထားတာ သစ်တောလမ်းဆုံနားမှာဗျ"

"အေးပါ ငါလိုက်ပို့မယ်၊ ပိုက်ဆံလည်းပေးလိုက်မယ်၊ ချလိုက်"

ပုလင်းထဲက အရက်တွေကို အတော်များများ ငှဲ့ကာ သတိုး လက်ထဲခွက်ကို စက် ထည့်ပေးသည်။

သတိုး ကျေနပ်သွားကာ ခွက်ကိုမော့သောက်၏။

ကုန်အောင်ပင်မသောက်နိုင် ခွက်ပါလွှတ်ကျပြီး လူက စားပွဲ ပေါ် ဦးစိုက်ကျသွားခဲ့သည်။

"အိမ် အိမ် ငါ လာပြီ"

နှုတ်က ရေရွယောင်ကတမ်း ပြောနေပြန်သည်။ စက် ပြုံးလိုက် ရင်း နေရာက ထရပ်လိုက်သည်။

ပြီးတော့ သတိုးကို မချီကာ ကွပ်ပျစ်ပေါ်က အိပ်ရာပေါ်တင်



www.burmeseclassic.com

www.burmeseclassic.com

ပေးသည်။ ပြီးတော့မှ အခန်းထဲက ထွက်ခဲ့သည်။

ခြံဝမှာ မီးဖိုပြီးလုံ့နေသော ဦးဖထီးဆီ လျှောက်ခဲ့၏။

"ဟာ မောင်တိုင်းစက် ဘာလိုချင်လို့လဲ"

"ဘာမှ မလိုဘူး ဦးဖထီး အခန်းထဲမှာ သတိုးတော့ မှောက်ကျန်ခဲ့ပြီ"

"ဟင် ဟုတ်လား"

"ဟုတ်တယ် ဒီကောင် အချစ်ကော အရက်ပါမူးနေတာ ဦးဖထီး ခြင်ထောင်ထောင်ပြီး သိပ်လိုက်ပါ"

"မောင်တိုင်းစက်က ဘယ်လဲ"

"ကျွန်တော် အပြင်သွားစရာရှိတယ်၊ မစိုးရိမ်ပါနဲ့ ကိစ္စရှိလို့"

"အေး အေး"

ဦးဖထီးကို နှုတ်ဆက်ပြီး သူကားပေါ်တက်လိုက်သည်။

သစ်တောလမ်းဆုံဘက်သို့ ကားကိုဦးတည်မောင်းခဲ့သည်။ အိမ်ကလေးကတော့ ရောက်ဦးမည်မဟုတ်။

သူ့ကိုလာစောင့်နေသူက သတိုးမဟုတ်ပါဘဲ သူ ဖြစ်နေတာ သိလျှင် အံ့ဩသွားမည်လား မသိ။

တော်တော်ခက်တဲ့ ကောင်မလေး။

တစ်ခါတလေမှာ ထင်ရာစိုင်းတတ်တာက စိတ်ပျက်ဖို့ကောင်း





သည်။ သတိုးနှင့်စက်သာ မတွေ့ခဲ့လျှင် ဘာတွေဖြစ်ကုန်မည်လဲ မတွေးရဲပါ။

အခုတော့ စက်ရဲ့ကားလေးက သစ်တောလမ်းဆုံဘက်သို့ ဦးတည်နေ၏။ နှင်းမြူတွေနှင့် ဝေဝါးသောညမှာ သစ်တောလမ်းလေးက တိတ်ဆိတ်နေသည်။

အင်ကြင်းနွယ်ခြံကြီးထဲမှာ အားလုံးပျော်နေကြမည်လား။

အတွေးနှင့်ပင့်သက်တစ်ခုက စက်နှုတ်ခမ်းက လွင့်ကျသွားခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

အိမ် မမြင်ချင်သော မျက်နှာတွေကို စားပွဲဝိုင်းတစ်ခုမှာ မြင်ရသည်။ အဖြူရောင်ကုတ်နှင့် အဖြူရောင်ဘောင်းဘီကို အောက်ခံရှပ်ပြာခံပြီး ဝတ်ဆင်ထားသော ကိုဘုန်း အသွင်က ထင်းနေသည်။

နံဘေးမှာက သိုးမွှေးအင်္ကျီဖြူနှင့်ဒေါ်နန်းသက်ထား မျက်နှာကလည်း အပြုံးရိပ်တွေ ဝေဖြာလို့။

မမရိပ်နှင့်သူ့သားကို မင်္ဂလာသတင်းကို ကြေညာဖို့ ဒေါ်နန်းသက်ထား ပျော်ရွှင်နေတာလား။

တစိမ့်စိမ့်တွေးရင်း အိမ် ရင်ထဲမှာ နာကျင်လာ၏။

လက်မှ နာရီကိုငုံ့ကြည့်တော့ ရှစ်နာရီမထိုးသေး။ သတိုးကို စောင့်နိုင်းထားတာ ကိုးနာရီ။





တစ်နာရီဆိုသောအချိန်ကို အိမ် စိတ်ပျက်စွာနဲ့ပဲ ဖြတ်သန်းရဦးမှာပေါ့။ ပြီးလျှင်တော့

"အိမ် ညီမလေး ဘာမှမစားရသေးဘူးမို့လား"

အနားကိုရောက်လာပြီး မေးသော မမရိပ်ကို အိမ်ခေါင်းကလေးခါရမ်းပြရင်း

"အိမ် ဘာမှမစားချင်ဘူး မမရိပ်"

"ဘာမှမစားဘဲ ဘယ်ဖြစ်မှာလဲ ညီမလေးရဲ့၊ တစ်ခုခုတော့ စားလိုက်နော်၊ ညီမလေးက လိမ္မာပါတယ်"

အိမ့်လက်ကို အတင်းဆွဲချော့မော့ခေါ်တာမို့ လိုက်ခဲ့ရသည်။ စားပွဲဝိုင်းလွတ်တစ်ခုမှာ ထိုင်နိုင်းပြီး

"မမရိပ် သွားယူခဲ့မယ်နော် ညီမလေး"

အိမ် စိတ်ကောက်နေတာသိလို့ မမရိပ် ချော့မော့နေတာသိတော့ စိတ်ထဲမှာဝမ်းနည်းလာမိသည်။

မကြာခင် မမရိပ်နှင့်မေမေတို့ အဖေးဆုံးကို အိမ် ထွက်သွားမှာကိုသာသိလျှင် ဘယ်လိုနေမည်မသိ။

အိမ့်ကို ခွင့်လွှတ်ပါ မမရိပ်ဟုပဲ ရင်ထဲက ဆိုမိသည်။

တကယ်တမ်းကျ အင်ကြင်းနွယ်နှင့်မမရိပ်ရယ် မေမေရယ် ဆိုတာ အိမ့်ဘဝ၊ အိမ့်သံယောဇဉ်ကြိုးတွေပါ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ညီမလေး စားလိုက်နော်"

မမရိပ် ထည့်ယူလာပေးသော ဟင်းတွေနှင့် ပန်းကန်ကို အိမ် စားနေလိုက်တော့ မမရိပ်က အနားမှာ

"ခဏနေရင် အုံ့ဩစရာကောင်းတဲ့သတင်းတွေကို ပရိသတ် ရှေ့မှာ ကြေညာမှာ ညီမလေး နားထောင်ရတော့မယ်"

အုံ့ဩစရာကောင်းတဲ့ သတင်းတဲ့လား။ မမရိပ်နဲ့ကိုဘုန်းတို့ မင်္ဂလာသတင်းက အိမ့်အတွက် သတင်းထူးမဟုတ်သလို ကြားချင်တဲ့ သတင်းမှ မဟုတ်တာ။

အိမ် နှုတ်ဆိတ်ပြီး ခေါင်းငုံ့စားနေတုန်း အနားကိုရောက် လာတာက ကိုဘုန်း။

"မြတ်နိုး မာမီက ခဏလောက်လာပါဦးတဲ့"

"ကဲ ညီမလေး ဒီမှာပဲခဏနေဦးနော်"

မမရိပ် နှုတ်ဆက်ပြီး ကိုဘုန်းနောက် လိုက်သွား၏။ ရွှေအို ရောင်ဝတ်စုံလေးနှင့် မမရိပ်သည် သည်နေ့ကျမှ အိမ့်မျက်ဝန်းထဲမှာ လှပနေသည်။

ကျောလယ်အထိ ရှည်သောဆံနွယ်ကြီးတွေကို ကျောက်ပွင့် ဆံညှပ်ကလေးနှင့် စုနှောင်သိမ်းထားသော မမရိပ်နှင့်ယှဉ်တွဲသင့်သူက ကိုကိုစက်ပဲ ဖြစ်သင့်သည်ဟု အိမ် တွက်ထားခဲ့တာ။ အခုတော့





ဝဲတက်လာသည့် မျက်ရည်တွေကို ပွတ်သုတ်ရင်း နာရီကိုမော့ ငုံ့ကြည့်မိသည်။

ရှစ်နာရီ နှစ်ဆယ်ကျော်ပြီ။

သစ်တောလမ်းအထိသွားရမည့်ခရီးနှင့်တွက်ဆကာ အိမ် စားပွဲ ပေါ်က ပန်းကန်ကို လုံချည်ပေါ် အသာတွန်းချလိုက်သည်။

"အို"

ပန်းနုရောင်လုံချည်လေးမှာ ပေကျံသွားတော့ အိမ် ထရပ် သည်။ မမရိပ်က အနီးရောက်လာရင်း

"ဟင်းတွေ ဖိတ်ကုန်တာလား ညီမလေး၊ သွား အဝတ်အစား တွေ လဲလိုက်နော်"

အိမ် ခေါင်းလေးညိတ်ကာ အိမ်ထဲဝင်ခဲ့သည်။

အိမ်ခန်းထဲရောက်တော့ အနက်ရောင်ဘောင်းဘီရှည်ကို လဲ ဝတ်သည်။ ပန်းနုရောင်အင်္ကျီကို မချွတ်တော့ဘဲ အပေါ်က ဂျင်းဂျာ ကင် ခါးတိုအနက်ရောင်လေး ထပ်ဝတ်သည်။

ပြီးတော့ အိမ်နောက်ဖေးသို့ ခပ်သုတ်သုတ်ထွက်ခဲ့သည်။

ခြံအနောက်ဘက်မှာ အိမ် နေ့လယ်ကတည်းက ခြုံထဲမှာ ထိုးထားသော စက်ဘီးလေးကအသင့်။

ပိတ်ထားတတ်သော ခြံနောက်ဘက်တံခါးဖွင့်ကာ စက်ဘီး



www.burmeseclassic.com

www.burmeseclassic.com



ကလေးနှင့်ထွက်ခဲ့တော့သည်။

အမှောင်ရိပ်တွေထဲမှာ စမ်းတဝါးဝါးနှင့်ရင်း အေးစိမ့်စိမ့်နှင်းရန့်တွေက အိမ့်မျက်နှာလေးကို လာရိုက်ခတ်နေ၏။

သစ်တောလမ်းကလေးက မှောင်နေဆဲ။

အိမ် စက်ဘီးလေးကိုနင်းပြီး အသာဝေ့ဝဲကြည့်သည်။ လရောင်မရှိသောညမို့ အမှောင်သာကြီးစိုးနေ၏။

တိတ်ဆိတ်မှုက ကြောက်စရာကောင်း အိမ် ခုမှသိတော့သည်။ သတိုးသာ ရောက်မလာရင် အခက်။

အို ရောက်လာမှာပါဟု ကိုယ့်ကိုကိုယ် အားပေးရင်း သစ်တောလမ်းဆုံလေးမှာ အိမ်စက်ဘီးလေးထိုးရပ်တော့

"အို"

ရှုးရှုတိုးဝင်လာသော မီးရောင်နှစ်ခုက ကားမီးရောင်တွေဟု အိမ် သိ၏။ မျက်နှာကို လက်တွေနှင့်ကွယ်ရင်း အိမ် ရှေ့တူရူသို့ ကြည့်သည်။

ဖွင့်ထားသော ကားမီးရောင်အောက်မှာ အိမ့်ဆီလျှောက်လာတာ သတိုးတော့ မဟုတ်နိုင်။

"အိမ်ကလေး"

အသံကြားမှ အိမ် အံ့သြစွာ ရေရွတ်မိသည်။





"ကိုကိုစက်"

"ဟုတ်တယ် မင်းကိုလာစောင့်နေတာ"

"အိမ် သတိုးနဲ့ချိန်းထားတာ"

"ခိုးရာလိုက်ဖို့ မဟုတ်လား မိုက်လိုက်တာ ကလေးရာ"

"ဟင့်အင်း အိမ် မမိုက်ပါဘူး မမရိပ်ကသာ မိုက်မဲစွာ ဆုံးဖြတ်သွားတာပါ ကိုကိုစက်ရယ်"

"အဲဒါတွေ ထားလိုက်တော့ အိမ် သတိုးရောက်လာမှာ မဟုတ်တော့ဘူးကွ"

"ရှင် ဘာ ဖြာလို့လဲ ကိုကိုစက်"

တအံ့တသြမျက်ဝန်းလေးတွေနှင့် အိမ်မေးသည်။ စက် ပင့်သက်ရှိုက်ရင်း တည်တည်ငြိမ်ငြိမ်ပဲ ပြော၏။

"သတိုးက အိမ်လေးလိုမှ မဟုတ်ဘဲ၊ သူ့မှာရည်ရွယ်ချက်ရှိတယ်၊ ပညာရေးကို ကြိုးစားနေတာလေ၊ သူ့ပညာရေးမဆုံးသေးဘဲ သူ အိမ်ထောင်မပြုနိုင်ဘူးတဲ့"

"ဟင့်အင်း မဟုတ်နိုင်တာ"

"ရော့ ခက်ပါလား ကိုကို့စကားဆုံးအောင် နားထောင်ဦး မင်းတို့ကိစ္စ သူလာပြောမှတယ်၊ ပြီးတော့ ကိုကို့ကို အကူအညီတောင်းတယ်၊ အိမ်ကလေးကို သူ မိုးဖို့ကတိပေးပြီးမှ ဖြစ်သင့်တာကို သူ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်လိုက်တယ်တဲ့"

"ဟင်"

"ကိုကို့ကို အကျိုးအကြောင်း သွားပြောပေးပါတဲ့ အိမ်ကလေးကို အင်ကြင်းနွယ်ပြန်ပို့ပေးပါတဲ့"

"ဟင့်အင်း မပြန်ဘူး အိမ် အပြီးထွက်ခဲ့တာ"

"မဟုတ်တာ မပြန်ဘဲ အိမ် ဘယ်သွားမှာလဲ"

"သွားချင်ရာသွားမယ်၊ သေတိုး မခေါ်လည်း အိမ် သွားမှာပဲ၊ ဘာဖြစ်လဲ ဖြစ်ချင်တာ ဖြစ်"

"အိမ် မင်း အဲဒီလောက်အထိ အရှုံးပေးရသလား၊ ပြီးတော့ ကိုယ့်ကို လက်မထပ်ချင်လို့ ရှောင်တဲ့ယောကျ်ားတစ်ယောက်ကြောင့် ထင်ရာစိုင်းမှာလား ကဲ ပြော"

အိမ့်အကြောင်း သိသောသူ တမင်မခံချင်အောင် ဆွပေးလိုက်တော့

ဝဲနေသည့် မျက်ရည်စတွေကြားက အိမ် ခေါင်းမော့ရင်ဆိုင်ရင်း

"နားစမ်းပါ သတိုးကြောင့် အိမ် ရှုံးနိမ့်ရမှာလား"

"ဘာလဲ ဒါဆို ကိုဘုန်းကြောင့်လား"

"ဝေးသေးတယ် ဒီလို ယောကျ်ားကြောင့် ဖြစ်ရမလား"

"ကြိုက်တယ် အဲဒီလိုမျိုး ဖြစ်သင့်တာ၊ ရိပ်ကို ဒီကောင်ယူ





သွားတာနဲ့ အိမ်က ဘာလို့ အင်ကြင်းနွယ်ကို စွန့်ပြေးရမှာလဲ၊ အိမ် ပြန်ပါ ကိုကို လိုက်ပို့မယ်"

အိမ်ကလေး တွေဝေသွား၏။ စက်က ထပ်ပြောသည်။

"အိမ်ကလေး ဘဝကို အိမ့် ဘာသာကြိုးစားပါ၊ လိုတဲ့ အကူအညီရှိရင် ပြောပေါ့၊ ကိုကိုရှိတယ် ရိပ် မရှိပေမယ့် ကိုကို ရှိတယ်ကွာ"

"ကိုကိုစက်ရယ် မမရိပ်ကို မနာကျည်းဘူးလားဟင်"

အိမ့်စကားကြောင့် တိုင်းစက်နွယ် ပြုံးသည်။ အပြုံးတို့က အားစက်နေခဲ့သလား အိမ် မသိပါ။

"မနာကျည်းပါဘူးကွာ၊ လောကကြီးမှာ ဖြစ်ချင်တိုင်း မဖြစ်တတ်ပါဘူး၊ ရိပ်အတွက် ကိုကို ကျေနပ်ပါတယ်၊ ကဲ သွားစို့ ကိုကို မြို့ရှေ့အထိ ပို့မယ်"

"မရဘူး မီးပုံပွဲအထိ ပို့ပေး"

"ဟာ မဖြစ်ဘူးလေ"

"ကိုဘုန်းကို ရင်မဆိုင်ရဲတာလား ကိုကိုစက်ရဲ့ အင်ကြင်းနွယ်က ကိုကိုစက်ကို အမြဲတံခါးဖွင့်ထားတာပဲဟာ"

ခက်တဲ့ ကလေးမ။ သူ့စကားနဲ့သူ့ကို ပြန်စိန်ခေါ်နေ၏။ သူ ခေါင်းညိတ်ပြတော့မှ ကျေနပ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသား ကားဆီလျှောက်ခဲ့ကြတော့ ညဏ်အအေးဓာတ်က ပိုလို့ စိမ့်ကဲလို့လာသည်။

စက် ကားလေးကို အင်ကြင်းနွယ်သို့ ဦးတည်လိုက်သည်။

နှစ်ယောက်စလုံး စကားသံတိတ်ဆိတ်နေပေမယ့် ရင်ထဲမှာ တော့ အတွေးကိုယ်စီနှင့်သာ။

သတိုးအတွက် အိမ်ကလေး တကယ်ခံစားသွားရသလား။ စိတ် တော့မကောင်းပါ။ နောက်မှ ရှင်းပြရတော့မည်။

အိမ်ကလေးရယ် မင်းအပေါ်မှာ သတိုးက ရဲရင့်စွာကောင်းခဲ့ တဲ့ ချစ်သူပါ။

ကိုယ့်မှာသာ ..။

■ ■ ■



## အခန်း (၃၄)

"ဟော ရိုဝ် ဖိတ်ထားတဲ့ ဧည့်သည်တွေလာနေပြီ"

မြတ်နိုးရိပ်ထင် စကားကြောင့် ကိုဘုန်း စားပွဲဝိုင်းမှ သမင်လည် ပြန်လှည့်ကြည့်သည်။

"ဟင်"

ကိုဘုန်း မျက်နှာသွေးစုပ်ဖြူလျော်သွားခဲ့သည်။ မီးပုံပွဲကျင်းပ ရာ စားပွဲဝိုင်းဆီ လှမ်းလာသူနှစ်ယောက် အနက် တစ်ယောက်သော သူက ဖြိုးဝေ ဖြစ်နေသည်။

"ဖြိုး ဝေ"

"ဟုတ်တယ် ပြဿနာ တစ်ခုရှင်းဖို့ ရောက်လာတာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုဘုန်း မျက်စိမျက်နှာပျက်နှင့် ဖြိုးဝေထံ လျှောက်သွားတော့ ရိပ်ပါနောက်က အရိပ်လိုပါသွားခဲ့၏။

"ဖြိုးဝေ မင်း ဘာ ဘာလာလုပ်တာလဲ"

"အမှန်တရား တစ်ခုလာရှင်းတာပါ ကိုဘုန်းသက်မော်၊ ခင်ဗျား ကျွန်တော့်ကို စာရေးပြီး မဟုတ်မဟပ် ဇာတ်လမ်းဆင်ခိုင်းတုန်းက မြတ်နိုးရိပ်ထင် အနားကပ်နေတဲ့ တိုင်းစက်နွယ်ကိုပြပြီး ခြိမ်းခြောက်ရုံ သက်သက်ဆို ခုတော့ အားလုံးကို ပေါက်ကရဇာတ်တွေ ဖန်တီးတာတော့ မကောင်းဘူး"

"ဟာ မင်း မင်းကွာ"

"ကဲ ကိုဘုန်း အဖြေက ရှင်းသွားပါပြီ၊ ရှင်ဘာပြောင်းဦးမလဲ"

ကိုဘုန်း မျက်နှာကြီး ညိုမည်းလျက်။ ဘာစကားမှ မဆိုနိုင်။ ဖြိုးဝေနှင့်ပါလာသော လူကြီးက

"တိုင်းစက်နွယ်က တကယ်ဝတ်တဲ့ သူ၊ ကောင်းတဲ့သူပါ မြတ်နိုးရိပ်ထင်တို့ကို ထောက်ပံ့ငွေတွေပေးကူညီခဲ့တာ၊ ဒါကို ခင်ဗျားက မဟုတ်မဟတ် ကြံစည်ရက်တယ်"

"ဘာ ဘာတွေဖြစ်နေတာလဲ သား"

ဒေါ်နန်းသက်ထား အနားကိုရောက်လာကာ မေးတော့လည်း ကိုဘုန်း မဖြေနိုင်။ ရိပ်က





"အန်တီ့သားရဲ့ ကလိန်ကကျစ် ဇာတ်ရုပ်ကို ဖော်ထုတ်လိုက်တာပါ"

"ဟင်"

"ဟုတ်တယ် ဒီလောက် ယောကျ်ား မပီသအောက်တန်းကျတဲ့ သူကို ရိပ် လက်မထပ်နိုင်ဘူး"

"ဟင်"

ဒေါ်နန်းသက်ထား မျက်နှာကြီးနီမြန်းထူပူလျက် အသားတွေ တုန်လာသည်။ ဘုန်းသက်မော်က မိခင်လက်ကို ဆွဲတွဲရင်း

"မာမီ ပြန် ပြန်ကြစို့"

"တောက် ငါ့ကို အရှက်ခွဲတဲ့ မိန်းမ ဟင်း"

ဒေါ်နန်းသက်ထား ရေရွတ်ရင်း ကိုဘုန်း ဆွဲခေါ်ရာ ပါသွားခဲ့ရသည်။ ထိုအခိုက်မှာပဲ ဒေါ်လေး အနားရောက်လာကာ

"မြတ်နိုး သ သမီးလေး မရှိတော့ဘူး"

"ဟင် ညီမလေး ဘယ်သွားလို့လဲ စောစောကပဲ အဝတ်အစား သွားလဲတယ်လေ"

"မဟုတ်ဘူး ဒီမှာ"

ဒေါ်လေးရဲ့လက် တုန်တုန်ယင်ယင်ထဲက စာလေးကို ရိပ် ယူကြည့်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



<u>မေမေနဲ့မမရိပ်</u>

အိမ်ထွက်သွားပါပြီ။ အင်ကြင်းနွယ်နဲ့အဝေးဆုံးကို သွားပါပြီ။ လိုက်မရှာကြပါနဲ့တော့။

<u>အိမ်ကလေး</u>

"ဟင်"

ရိပ် ခေါင်းစမ်းနှီးကြီးကာ ထူပူသွားရ၏။ ချက်ချင်းခေါင်းထဲ ဝင်လာသည်က သတိုး။

"သတိုး သတိုးလည်း မရှိဘူး။ ဒီပွဲကို သူမလာတာ ဒါကြောင့် ကိုး"

"သတိုးခနဲ့ပါသွားတာလို့ သမီး ဆိုလိုတာလား"

"ဒါပဲဖြစ်မှာပေါ့ ဒေါ်လေး နေဦး ဒေါ်လေး ဧည့်သည်တွေကို ဧည့်ခံထားပါ၊ ရိပ် လိုက်သွားကြည့်မယ်"

ဒေါ်လေး ဘာမှပြန်မပြောနိုင်ခင်မှာပဲ ရိပ် ခြံဝဆီသို့ဦးတည် လိုက်မိသည်။

သည်အနိက်မှာပဲ ခြံကို ထိုးရပ်လာသည့် Mark II ကားနက် ကြီး။

"ဟင်"

ကားပေါ်မှ ဆင်းလာသည်က စက်နှင့်အိမ်ကလေး။





"မမရိပ်"

"ညီမလေး"

အိမ်ကလေး သူမ ရင်ခွင်ထဲ ပြေးဝင်ကာ ဖက်တွယ်ရင်း စက်ကို လှည့်ကြည့်ကာ

"ကိုကိုစက်က အိမ့်ကိုပြန်ပို့ပေးတာ"

"သ သတိုးကောဟင်"

"သတိုး အကြောင်းဘာမှမပြောပါနဲ့တော့"

အိမ်ကလေး နှုတ်ခမ်းလေးတင်းကာ ဆိုတော့ ရိပ် နားမလည်။ စက်က အခြေအနေကို ထိန်းရင်း

"ရိပ်တို့ မီးပုံပွဲမှာ မင်္ဂလာသတင်းနားထောင်ဖို့ ကိုယ် လာခဲ့တာ ရိပ်ရဲ့"

"ဒါဆိုရင်တော့ မောင်တိုင်းစက် ဆန္ဒပြည့်မှာ မဟုတ်ဘူးကွ"

"ဟင် ဦးလှသိန်း"

စက် အံ့ဩစွာရေရွတ်၏။ ဦးလှသိန်းနှင့် ဖြိုးဝေတို့ပါ ရောက်နေကြသည်ကို။

"ဖြိုးဝေ မင်း မင်း"

"ဟာ မလုပ်နဲ့ မောင်တိုင်းစက် ဖြိုးဝေမှာအပြစ်မရှိဘူး"

"ဟုတ်တယ် စက်၊ ကိုဘုန်းကိစ္စကို သူ ဒီပွဲမှာလာရှင်းတာပါ။



www.burmeseclassic.com

www.burmeseclassic.com

ခုပဲ ကိုဘုန်းတို့သားအမိ ပြန်သွားကြပြီ”

ဖြိုးဝေကို မြင်ကာ လက်သီးတပြင်ပြင်နှင့် ဒေါသထွက်နေသော စက် ငြိမ်သွား၏။ ဘာတွေဖြစ်ကုန်ပြီလဲ မသိ။

အိမ်ကလေးလည်း မျက်လုံးလေးဝိုင်းကာ

“ဘာ ဘာတွေဖြစ်နေတာလဲ မမရိပ်”

ရိပ်က အားလုံးကို ရှင်းပြသည်။

သည်တော့မှ အိမ်ကလေးမျက်နှာဝင်းပကြည်လင်သွားရင်း

“ဒါဆို ဒီပွဲမှာ ပရိသတ်ကို တစ်ခုခုတော့ ကြေညာသင့်တယ်၊ မမရိပ်နဲ့ကိုကိုစက်တို့ မင်္ဂလာပွဲအကြို ကြေညာရမယ်”

“ဟဲ့ ဟဲ့ ညီမလေး အိမ်ကလေး”

အိမ်ကလေးကတော့ ရိပ် တားတာကို ဥပက္ခာပြုလို့ စည်းခံပွဲထဲ ပြေးဝင်သွား၏။ ပြီးတော့ အားလုံးကြားလောက်သော အသံရှုရှုလေးနှင့်

“ကြွရောက်လာတဲ့ ဂုဏ်သရေရှိ စည်းပရိသတ်များရှင့်၊ ဒီမိုးပုံပွဲမှာ ကြေညာမယ့်အထူးသတင်းတစ်ရပ်က မကြာခင်ကာလမှာ မမရိပ်နဲ့ ကိုကိုစက်တို့ရဲ့ မင်္ဂလာပွဲသတင်းပါပဲ၊ အဲဒီ မင်္ဂလာပွဲကို အားလုံးကြွ ရောက်ပါလို့ အိမ် ဖိတ်ကြားချင်ပါတယ်ရှင့်”

လက်ခုပ်ဩဘာသံတွေက အင်ကြင်းနွယ်ခြံကြီးထဲမှာ ဝေစီသွား





သည်။ ရိပ် မျက်နှာလေး ပန်းသွေးရောင်လွှမ်းလို့။

စက် မျက်နှာက ရွှင်မြူးရိပ်တွေနှင့် ရိပ်ကိုငေးကြည့်နေ၏။

အိမ်ကလေးက သူတို့အနီးလျှောက်လာကာ ရိပ်လက်ကို ဆွဲ၊ စက် လက်ကိုဆွဲကာ ချိတ်ဆွဲပေး၏။

“ဖြောင်း ဖြောင်း ဖြောင်း”

အားပေးလက်ခုပ်သံတွေ ဆူညံသွားပြန်သည်။

ရှက်သွေးကြွယ်နေသော ရိပ် မျက်နှာလေးကို ကြည့်ကာ စက် ရင်ထဲမှာ ရင်ခုန်သံတွေ စီးမျောနေ၏။

အပြုံးရိပ်တွေဝေနေသော အိမ်ကလေးအတွက်တော့

ပြီးမှပဲ တောင်းပန်ကာ သတိုးခအကြောင်း ပြောပြရတော့မည်။ ခုချိန်မှာတော့ စက်ရင်ထဲက ရင်ခုန်သံတွေ အသစ်တစ်ဖန် ပြန်နိုးထလာခြင်းနှင့်အတူ

ရိပ် လက်ဖဝါးလေးကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်မိ၏။

ရင်ခုန်သံတွေက လက်ဖဝါးမှတဆင့် နှလုံးသားထိတိုင် စီးဆင်းသွားခဲ့သည်ဆိုလျှင်ပေါ့ ။

ပရိသတ်အတွက်

အမြဲတမ်း

သို့မြူး



www.burmeseclassic.com